# မေတ္တသုတ္တန်တရားတော်

သဲကုန်းအရှင်ဥာဏိဿရ

J

စစ်ကိုင်းတောင်ရိုး-သဒ္ဓမ္မသိတဂူချောင်ဆရာတော်

# သက်နုန်းအရှင်ဉာဏိဿရ၏

"သီတဂူ—တရားဓမ္မစာအုပ်များ"


| | | | |
|---|---|---|---|
| ၁။ | ဒါရုက္ခန္ဓောပမာသုတ္တန် | အမှတ်စဉ် | [၁] |
| ၂။ | အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန် | ။ | [၂] |
| ၃။ | အာနာပါနသတိပဋ္ဌာန် | ။ | [၃] |
| ၄။ | ဝေဒနာနုပဿနာသတိပဋ္ဌာန် | ။ | [၄] |
| ၅။ | သက္ကပဉှသုတ္တန် | ။ | [၅] |
| ၆။ | ဝိဇယသုတ္တန် | ။ | [၆] |
| ၇။ | ဖေဏပိဏ္ဍူပမသုတ္တန် | ။ | [၇] |
| ၈။ | စူဠဝေဒလ္လသုတ္တန် | ။ | [၈] |
| ၉။ | မေတ္တာသုတ္တန် | ။ | [၉] |
| ၁၀။ | ဗောဇ္ဈင်္ဂသုတ္တန် | ။ | [၁၀] |
| ၁၁။ | နိယာမငါးပါးနှင့် အနတ္တတရားတော် | ။ | [၁၁] |
| ၁၂။ | သိင်္ဂါလသုတ္တန် | ။ | [၁၂] |
| ၁၃။ | ဘဝတန်ဖိုးတရားတော် | ။ | [၁၃] |
| ၁၄။ | မုနိသုတ္တန် | ။ | [၁၄] |
| ၁၅။ | ဟင်းလေးအိုးကြီးတရားတော် | ။ | [၁၅] |
| ၁၆။ | နမောတဿဝဏ္ဏနာ | ။ | [၁၆] |
| ၁၇။ | အရဟံပုတီးစိပ်နည်း | ။ | [၁၇] |

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [၁၀၁၅]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၀၅၈၄]

*

ပထမ အကြိမ်-ပုံနှိပ်ထုတ်ဝေခြင်း

*

၁၉၈၂-ခု၊ ဩဂုတ်လ

*

အုပ်ရေ - ၂၅၀၀

*

မျက်နှာဖုံးရိုက် - မျိုးညွန့်ပုံနှိပ်တိုက်

*

တန်ဖိုး - ၈ ကျပ်

*

ဒေါ်တီ [၀၀၆၈]၊ သီရိစာပေဖြန့်ချိရေး၊ အမှတ် ၃၈၊ ၈၇ လမ် ကန်တော်ကလေး၊ ရန်ကုန်မြို့ကထုတ်ဝေ၍၊ ဒေါ်တီ [၀၁၂၆၁ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေ ရန်ကုန်မြို့က ပုံနှိပ်သည်။

# နိဒါန်း

## "တောက်ခေါက်သံများကြားမှ လူသားများ"

ယနေ့ခေတ်သည် သိပ္ပံပညာထွန်းကားနေသောခေတ်၊ စက်မှု လက်မှု ရုပ်ဝတ္ထုပစ္စည်းများ တိုးတက်ထွန်းကားနေသောခေတ် ဖြစ်သည်၊ ထိုကဲ့သို့ တိုးတက်ထွန်းကားလာသည်နှင့်အမျှ လူသားတို့၏ အဇ္ဈတ္တသန္တာန်၌ရှိသော လောဘ, ဒေါသ, မောဟ, မာနတို့သည်လည်း တိုးတက်ကြီးမားလာကြသည်။

သိပ္ပံပညာစွမ်းအားနှင့် လောဘ, ဒေါသ, မောဟ, မာန စွမ်းအား (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာစွမ်းအားနှင့် နာမ်ပိုင်းဆိုင်ရာ စွမ်းအားတို့ အားပြိုင်လာကြသည်၊ တိုးတက်နေသော ရုပ်ပိုင်း ဆိုင်ရာတို့က လူသားတို့၏ လိုအင်ဆန္ဒကိုပြည့်ဝအောင် မဖြည့်စွမ်း နိုင်ကြပေ။

ထိုအခါ ကမ္ဘာကြီးတွင် အံကြိတ်သံဗျား၊ တောက်ခေါက် သံများ ဆူညံ၍ ခြိမ်းခြောက်သံများ လွှမ်းမိုးလာကြသောအခါ **ဆန္ဒရှင်လူသားတို့သည်** သောကပရိဒေဝဗျာပါဒယဇ်ပလ္လင်တွင် **အစတေး**ခံနေကြရပေတော့သည်။

ယနေ့ ကမ္ဘာလောကကြီးသည် လူသားတို့၏ သွေးများ ချွေးများဖြင့် စွန်းထင်းလျက် မျက်ရည်များဖြင့် ညစ်နွမ်းနေပေပြီ၊ ထိုကဲ့သို့ ညစ်နွမ်းလျက်ရှိနေသော ကမ္ဘာလောကကြီးကို ဖြူစင်သန့်ရှင်း၍ သာယာကြည်လင်သော ကမ္ဘာလောကကြီး ဖြစ်လာအောင် မှုလုပ်ရန် တာဝန်ဝတ္တရားနည်းလမ်းများကို ကျင့်သုံးရန်အတွက် များစွာအားနည်းကျဆင်းလျက်ရှိပါသည်။

## စစ်မှန်သော ငြိမ်းချမ်းရေးဝါဒ

ထိုနည်းလမ်းကား အခြားမဟုတ်၊ အရင်းအနှီးစိုက်ထုတ်စရာ မလိုသော မေတ္တာတရားပွားများကျင့်သုံးရမည့် နည်းလမ်းပင် ဖြစ်ပါ၏။ မေတ္တာ တ ရား ကျင့် သုံး မှု နည်း ပါး လာ သည့် နှင့် အမျှ ! ထိုမေတ္တာ၏ အဓိကဆန့်ကျင်ဘက်ဖြစ်သော ဒေါသ တရားသည်လည်း လွှမ်းမိုးကြီးစိုး၍လာသည်။

ထို့ကြောင့် ကမ္ဘာလောကကြီးသည် ငြိမ်းချမ်းသာယာသော ့ဿမြေသို့ ဦးမတည်တော့ပဲ ကြောက်မက်ဖွယ်ရာ စစ်တလင်း နယ်မြေဆီသို့ တရွေ့ရွေ့ဦးတည်နေရပေတော့သည်။

သာယာစိုပြည်သော၊ ငြိမ်းချမ်းသော၊ အေးမြစည်ပင်သော လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်အောင် ကျင့်သုံးရမည့် မေတ္တာ ဝါဒကို ဗုဒ္ဓဟောမြွက်ခဲ့သည်၊ ဒေါသကိုဖြေဖျောက်ရာနည်းလမ်း အဖြစ်ဖြင့်လည်း ဗုဒ္ဓနည်းပေးလမ်းညွှန်ပြသညွှန်ကြားခဲ့ပါသည်။

## မေတ္တာဂုဏ်ရည် (၅) မျိုး

မေတ္တာစိတ်သည် ပုဂ္ဂိုလ်သတ္တဝါဌာနအားဖြင့် အပိုင်းအခြား အကန့်အသတ်မရှိ၊ ဒေါသစိတ်သည် အကန့်အသတ်နှင့်ပိုင်းခြား

သတ်မှတ်ချက်ရှိသည်၊ ထို့ကြောင့် မေတ္တာစိတ်၏နယ်ပယ်သည် ကျယ်ဝန်း၍ ဒေါသစိတ်၏နယ်ပယ်သည် ကျဉ်းမြောင်းလှပါ သည်။

မေတ္တာစိတ်နှင့်ပတ်သက်၍ ကေသမုတ္တိသုတ္တန်တွင် မေတ္တာ စိတ်ဟူသည်-

၁။ ကျယ်ကျယ်ပြန့်ပြန့်ထားရှိအပ်သောစိတ်

၂။ အထက်တန်းကျသောစိတ်

၃။ ပိုင်းခြားကန့်သတ်ချက်မရှိသောစိတ်

၄။ ဒေါသကင်းသောစိတ်[ဝါ]ရန်လိုမှုကင်းသောစိတ်

၅။ ဖျက်ဆီးလိုခြင်းကင်းသောစိတ်

ဟူ၍ ဂုဏ်ရည် [၅] မျိုးဖြင့် ပြပါသည်။

ထိုငါးမျိုးတွင် အဝေရေန-ဒေါသကင်းသောစိတ်ဟုဆိုရာ၌ [ဝါ] ရန်လိုမှုကင်းသောစိတ်ဟုဆိုရာ၌ ရန်သူသည် အတွင်းရန် နှင့် အပြင်ရန်ဟူ၍ နှစ်မျိုးရှိပါသည်၊ အပြင်ရန်သူမှာ ငါးမျိုးရှိ ပြီး အတွင်းရန်သူမှာ တစ်မျိုးရှိသည်၊ ထိုအတွင်းရန်သူကား ဒေါသတရားပင် ဖြစ်ပါ၏။

မေတ္တာစိတ်ဖြင့် ထုံမွမ်းထားသော မိမိတို့၏ စိတ်နှလုံးကို ဒေါသတရားဝင်ရောက်လွှမ်းမိုးမလာစေရန်သတိဖြင့်စောင့်ထိန်း ကြရပေမည်၊ထို့ကြောင့် အဝေရေန-ပုဒ်အရ ဒေါသကင်းသော စိတ်ဟု ခြုံငုံ၍ဆိုရပေမည်။

## မေတ္တာဆိုတာ ဘာလဲ

မေတ္တာ၏ ပင် ကိုယ် သ ဘော လ က္ခ ဏာ ကို အဋ္ဌသာလိနီ အဋ္ဌကထာ ဗြဟ္မဝိဟာရကထာ၌ အောက်ပါအတိုင်းဖော်ပြထားသည်ကို တွေ့ရပြန်ပါသည်။

၁။ နှစ်သက်ဖွယ်ရာ၊ မြတ်နိုးစရာ၊ ကျေနပ်စမ်းမြောက်စရာ အကြောင်းအရာများကို အာရုံယူ တွေးတောပြီး မေတ္တာစိတ်ဖြစ်ပေါ်လာသည်။

၂။ အကျိုးစီးပွားတွေ ဖြစ်စေါ်လာအောင် ဆောင်ရွက်ပေးလိုသော စိတ်တွေ ဖြစ်ပေါ်လာခြင်း သဘောသည် မေတ္တာ၊

၃။ အကျိုးစီးပွားကို ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် ကောင်းကောင်းမွန်မွန် ဆောင်ရွက်ပေးသည်အထိ ဖြစ်ပေါ်လာခြင်းသဘောသည် မေတ္တာ၊

၄။ ငြိမ်းချမ်းသည့် သဘော၊ အေးချမ်းသာယာသည့် သဘောဆောင်ခြင်းသည် မေတ္တာ-

ဟူ၍ မေတ္တာသဘောကို ပြဆိုထားပါသည်။

## မေတ္တာကို ဘယ်လိုရှာမလဲ

မေတ္တာစိတ်ဖြစ်ပေါ်လာအောင် အားထုတ်ရာ၌ အနီးကပ်ဆုံးအကြောင်းမှာ ပုဂ္ဂိုလ်သတ္တဝါများအပေါ် မနာပဘာဝ- နှစ်သက်စရာ အချက်အလက်များရှာဖွေနိုင်မှ မေတ္တာစိတ်ဖြစ်ပေါ်လာပေမည်၊ အမနာပဘာဝကို ရှာလျှင်မူ ဒေါသဝင်လာတတ်ပေသည်။

ကိလေသာမကင်းကြသူတွေဖြစ်၍ အမှားအယွင်း ချွတ်ယွင်းချက်များ ရှိသည့်ကြားမှ အပြစ်တင်စရာများကြားမှ ကျေးဇူးတရားကိုရှာ၍ မေတ္တာစိတ်များ ဖြစ်ပေါ်လာအောင် ရယူကြရပေမည်။

အေးမြကြည်လင်သန့်ရှင်းသောရေကို သောက်လိုသုံးလိုသူတို့သည် ရေမှော်ရေညှိ အမှိုက် အမှုံ အမှား များ ကို ဖယ် ရှား ၍ ရေကြည်ကိုရအောင်ယူသကဲ့သို့ ပုဂ္ဂိုလ် သ တ္တ ဝါ များ အ ပေါ် မကျေနပ်ချက်များ ချွတ်ယွင်းချက်များ အမှားအယွင်းစသည်တို့ကို ဖယ်ရှား၍ မေတ္တာစိတ်များဖြစ်ပွားအောင် အားထုတ်ကြရပေမည်။

ပွံ့သကူသက်နှီးရှာသော မထေရ်ကြီးတပါးသည် အမှိုက်ပုံမှ အဝတ်စများရှာ၍ ကောင်းသောအပိုင်းကိုယူကာ သင်္ကန်းအဖြစ် ချုပ်လုပ်ဝတ်ရုံလွှမ်းခြုံခြင်းဖြင့် ဥတုဘေးဒဏ်မှ ကာကွယ်နိုင်ခဲ့သလို....

ပုဂ္ဂိုလ်သတ္တဝါ နယ်ပယ်ဌာနများအပေါ် မကောင်းသော အပြစ်အနာအဆာများ ပယ်ရှားမေ့ပျောက်၍ ကောင်းသော ဆောင်ရွက်ချက် ပြုမူချက်များကိုအောက်မေ့တသ သတိရခြင်း ဖြင့် မေတ္တာစိတ်များတိုးပွားလာအောင် အား ထုတ် လျှက် ကြိုးစားကြရပေမည်။

## မေတ္တာသံဝေ

ထိုကဲ့သို့ မေတ္တာစိတ်များ ဖြစ်ပေါ်လာအောင် အားထုတ်ပွားများခြင်းသည် လွန်စွာအကျိုးကြီးမားသည့် ဘာဝနာလုပ်

န်းတခု ဖြစ်ကြောင်း၊ လက်ဖြောက်တချက်တီး ကာလလေး အတွင်းမျှနှင့်ပင် မေတ္တာပွားသူကို ဗုဒ္ဓရှင်တော်က....

၁။ ဈာန်မဆိတ်သူ

၂။ မြတ်စွာဘုရားသာသနာတော်အတိုင်း ပြုကျင့်နေသူ

၃။ မြတ်စွာဘုရား၏ဩဝါဒကို နားထောင်သူ-

ဟု အင်္ဂုတ္တရသင်္ဃာတသုတ္တန်၌ ဖော်ထုတ်ချီးကျူးခဲ့ပါသည်။

မေတ္တာသုတ္တန်သည် ဘုရားဟောပါဠိတော် သုတ္တန်ဖြစ်ပြီး ပရိတ်ကြီး (၁၁)သုတ်တွင် ပါသောမေတ္တာသုတ်သည် ပါဠိတော် မေတ္တာသုတ္တန်ကိုမှီငြမ်း၍ နောက် နောက် ဆ ရာ ဆ ရာ များ က ဂါထာများအဖြစ်ဖွဲ့ဆိုထားသော မေတ္တာသုတ် ဖြစ်ပါသည်။

ယခု....သဲကုန်းအရှင်ဉာဏိဿရသည် ပါ ဠိ တော် လာ မေ တ္တာ သုတ္တန်နှင့် ပရိတ်ကြီး(၁၁)သုတ်တွင်ပါရှိသော မေတ္တာသုတ္တန်တို့ကို ပါဠိတော်အဋ္ဌကထာဋီကာလာ အခြားသုတ္တန်များဖြင့် ရောမွှေကာ ပီပီပြင်ပြင် ဖော်ကျူးထားပါသည်။

အရှင်ဉာဏိဿရသည် မေတ္တာတရား အပြည့်အဝထားရှိသော မြန်မာနိုင်ငံတွင် ပွဲပေါင်း(၇၀)ကျော် (၈၀)နီးပါးမျှ မေတ္တာတရားများ ဟောကြားခဲ့သလို၊ အာရှ (၆)နိုင်ငံခရီးသွားစဉ်ကလည်း မေတ္တာတရားများဟောကြားခဲ့သည်၊ ယခု ဥရောပခရီးစဉ်တွင်လည်း မေတ္တာတရားများဟောကြားပေးလိမ့်ဦးမည်။

## မှာပါရစေ-မှတ်တမ်းတင်ပါရစေ

အရှင်ဉာဏိဿရသည် အဟောအပြောကောင်းသည့် ပုဂ္ဂိုလ်ပီပီ မေတ္တာနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ အကျိုး

တရားများကို ဝေဝေဆာဆာ ပျော့ကွက်ဟာကွက်မရှိရလေအောင် ဖော်ကျူးထားသဖြင့် ဟောကြားချက်မှ ဖြစ်ပေါ်လာသော ဤမေတ္တာသုတ္တန်စာအုပ်သည် လူတိုင်းဖတ်သင့် မှတ်သင့် ဆောင်ထားသင့်သော စာအုပ်ကောင်းတအုပ်ပင် ဖြစ်ပါတော့သည်။

ဤစာအုပ်တွင် ချွတ်ယွင်းချက်များပါရှိခဲ့လျှင် သည်းခံ၍ ခွင့်လွှတ်စေလိုပါသည်၊ ဤစာအုပ်ကို ဖတ်ရှုနေခြင်းဖြင့် တရားပွဲမှာ မိမိကိုယ်တိုင်တက်ရောက်နာကြားနေရသလို တရားတိတ်ခွေကိုဖွင့်၍နာကြားနေရသလို ဓမ္မရသကို အပြည့်အဝခံစားကြရပါမည်။

ဤစာအုပ်နှင့်တကွ ထွက်ပြီးထွက်ဆဲထွက်လတ္တံ့ စာအုပ်များ ဖြစ်မြောက်ရေးအတွက် အားပေးကူညီကြသော ပုဂ္ဂိုလ်များနှင့်တကွ....

၁။ မေတ္တာသုတ္တန် စာမူကြမ်းပြုစုပေးသော စစ်ကိုင်း တောင်ရိုး မြစကြာချောင် ဆရာတော် အရှင်လက္ခဏအားလည်းကောင်း....

၂။ ဓမ္မပူဇာဝတ္ထုလှူသူများဖြင့် တာဝန်ယူထောက်ပံ့သော ဦးကျော်ကျော်ဝင်း၊ (ဗဟိုတရားရုံးရှေ့နေကြီး-ဖန္တလေး)၊ ဒေါ်ခင်ချို [မန္တလေးတက္ကသိုလ်၊ ရတနာဘုမ္မိနယ်မြေ၊ မြန်မာစာဌာနတာဝန်ခံ] မိသားစုတို့အားလည်းကောင်း....

၃။ တရားတိတ်ခွေများဖြင့် ထောက်ပံ့ ကူညီသော ဦးသာကျော်- ဓမ္မတေးဝိဇ္ဇာ မိသားစုအသံသွင်း ဌာန၊ အမှတ် ၁၈၉- မောင်တော်လေး လမ်း၊ ရန်ကုန်မြို့အားလည်းကောင်း....

၄။ သယ်ယူပို့ဆောင်ရေးနှင့် အဖက်ဖက်မှ တာဝန်ယူ ကူညီထောက်ပံ့သော မောင်တာ၊ အမှတ် ၁၂- (က) သော်တာလမ်း၊ တောင်လုံးပြန်ရပ်ကွက် ပုဇွန်တောင်၊ ရန်ကုန်မြို့အားလည်းကောင်း....

အရှင်ဉာဏိဿရကိုယ်စား အထူး ကျေးဇူးဥပကာရတင်ရှိပါ ကြောင်း။

အရှင်သစ္စာဝံသ (ဓမ္မစရိယ) B.*Sc*
မိုးညှင်းစံကျောင်း၊ အရှေ့ပိန္နဲကုန်းတိုက်၊
ကန်တော်ကလေး၊ ရန်ကုန်မြို့၊
[၃၀-၇-၈၂]

❋

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမနဲ့ဘုရားရှိခိုး | ၁၇ |
| ၂။ | မေတ္တာသုတ္တန်တရားတော် | ၂၀ |
| | [ ပထမပိုင်း ] | |
| ၃။ | မေတ္တာသုတ်ဟာ ဂါထာမန္တရားလား | ၂၁ |
| ၄။ | မေတ္တာသုတ္တန်ဖြစ်ပေါ်လာခြင်းအကြောင်း | ၂၂ |
| ၅။ | ရာဂအားကြီးယင် အသုဘကမ္မဋ္ဌာန်းစီးဖြန်း | ၂၅ |
| ၆။ | ဒေါသအားကြီးယင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း | ၂၇ |
| ၇။ | မောဟအားကြီးယင် မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်း | ၂၈ |
| ၈။ | သဒ္ဓါအားကြီးယင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်း | ၂၉ |
| ၉။ | ဝိတက်အားကြီးယင် အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်း | ၂၉ |
| ၁၀။ | ပညာအားကြီးယင် ဓာတ်ကမ္မဋ္ဌာန်းစီးဖြန်း | ၃၀ |
| ၁၁။ | သဒ္ဓါလွန်တော့ဆွံ့တယ် | ၃၂ |
| ၁၂။ | ပညာလွန်တော့ကန့်တယ် | ၃၃ |
| ၁၃။ | စရိုက်(၆)ပါးနဲ့ ကမ္မဋ္ဌာန်း(၆)မျိုး | ၃၆ |
| ၁၄။ | ရဟန်းငါးရာကမ္မဋ္ဌာန်းယူ၍ဇေတဝန်မှထွက်ခွာ ကြခြင်း | ၃၈ |
| ၁၅။ | သီလတန်ခိုးကြောင့် ရုက္ခစိုးများဖယ်ရှားပေးကြ ခြင်း | ၄၁ |
| ၁၆။ | ရုက္ခစိုးဆိုတာက | ၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဘုမ္မစိုးနဲ့အာကာသစိုးဆိုတာက | ၄၃ |
| ၁၈။ | ရဟန်းငါးရာတို့တောတွင်းဝါဆိုတော်မူကြခြင်း | ၄၅ |
| ၁၉။ | ဘုံဗိမာန်ပျောက်လို့ ရုက္ခစိုးတွေစိတ်ညစ်ကြခြင်း | ၄၇ |
| ၂၀။ | ရဟန်းတော်များကို ရုက္ခစိုးများခြောက်လှန့်ကြပြီ | ၄၈ |
| ၂၁။ | ရဟန်းတော်များသတိ-သမာဓိပျက်ကာ တုန်လှုပ် ချောက်ချားလာကြခြင်း | ၅၁ |
| ၂၂။ | ရဟန်းတော်များထိတ်လန့်မှုနဲ့အတူ ရောဂါဘယ ဖြစ်လာကြခြင်း | ၅၂ |
| ၂၃။ | ရုက္ခစိုးဘေးကြောင့် ရဟန်းငါးရာထွက်ပြေးကြပြီ | ၅၄ |
| ၂၄။ | တောရအားထုတ်ချင်တဲ့ကိုယ်တော်ကြီးနှစ်ပါး | ၅၅ |
| ၂၅။ | ဖြစ်ကြောင်းကုန်စင် ဘုရားရှင်အားလျှောက်တင် ကြပြီ | ၅၈ |
| ၂၆။ | ရဟန်းတော်ငါးရာတို့အား ဗုဒ္ဓပြန်လည်စေလွှတ် ခြင်း | ၅၉ |
| ၂၇။ | မေတ္တာသုတ္တန်ဟူ၍ စတင်ဖြစ်ပေါ်လာခြင်း | ၆၀ |
| ၂၈။ | မဟာကရုဏာရှင်ဗုဒ္ဓ၏တိုက်တွန်းစကား | ၆၂ |
| ၂၉။ | အတ္ထကုသလနဲ့ အနတ္ထကုသလ | ၆၃ |
| ၃၀။ | ပဓာနိယင်္ဂတရား (၅)ပါးနဲ့ဖြည့်စုံယင် | ၆၇ |
| ၃၁။ | ယုံကြည်ချက်ရှိရမယ်(၁) | ၆၈ |
| ၃၂။ | ကျန်းမာရေးနဲ့လဲ ပြည့်စုံရမယ်(၂) | ၆၉ |
| ၃၃။ | ရိုးသားဖြောင့်မတ်မှုရှိရမယ်(၃) | ၇၁ |
| ၃၄။ | ဉာဏ်ပညာလဲရှိရမယ်(၄) | ၇၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | ဝီရိယနဲ့လဲပဲ ပြည့်စုံရမယ်(၅) | ၇၃ |
| ၃၆။ | ကလေးနဲ့လူကြီးရိုးသားဖြောင့်မတ်မှုကွာခြားချက် | ၇၅ |
| ၃၇။ | ဥဇုနဲ့ သုဟုဇုခြားနားမှု | ၇၇ |
| ၃၈။ | သုဝစနဲ့ ဒုဗ္ဗစသဘာဝ | ၇၈ |
| ၃၉။ | ရှင်မဟာကဿပရဲ့တပည့် ၂ ယောက် | ၈၀ |
| ၄၀။ | တကယ်လုပ်ရသူက မကျေနပ်နိုင် | ၈၂ |
| ၄၁။ | ရေသာခိုအချောင်လိုက်ဆုံးမတာလဲမကြိုက် | ၈၄ |
| ၄၂။ | လူမိုက်ကို ဆုံးမမိတော့ | ၈၈ |
| ၄၃။ | ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့ရမယ် | ၈၉ |
| ၄၄။ | အတိမာန-မာနထောင်လွှားမှုမပြုကြနဲ့ | ၉၂ |
| ၄၅။ | ရောင့်ရဲ—ကျေနပ်နိုင်ဖို့လိုတယ် | ၉၃ |
| ၄၆။ | သန္တုဿကရဲ့ လိုရင်းအချက် (၃) မျိုး | ၉၄ |
| ၄၇။ | ကျွေးမွေးစောင့်ရှောက်နိုင်လွယ်ရမယ် | ၉၆ |
| ၄၈။ | သုဘရပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားရမယ် | ၉၆ |
| ၄၉။ | အလုပ်ကိစ္စနည်းပါးအောင် လုပ်ရမယ် | ၉၇ |
| ၅၀။ | ပမာနကိစ္စကို အမိကထား | ၉၈ |
| ၅၁။ | တဒ (၄) ချက် လုံခြုံအောင်ထား | ၉၉ |
| ၅၂။ | ကျောမှာတံဆိပ် ဖျာရာနှိပ်သို | ၁၀၃ |
| ၅၃။ | ဗုဒ္ဓပြောတဲ့ အိပ်စက်အနားယူချိန် | ၁၀၅ |
| ၅၄။ | ပေါ့ပေါ့ပါးပါးဖြစ်အောင်နေတတ်ဖို့လိုတယ် | ၁၀၇ |
| ၅၅။ | ပရိက္ခရာအိတ်ကြီးတွေနဲ့ ခရီးသည်တွေ | ၁၀၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၆။ | အမြင်မတော် ဆင်တော်နဲ့ ခလောက် | ၁၁၀ |
| ၅၇။ | ကိုယ်, နှုတ်, စိတ်, အမူအရာယဉ်ကျေးပါ | ၁၁၁ |
| ၅၈။ | မိသားစုသဖွယ် မငြိတွယ်လေနဲ့ | ၁၁၃ |
| ၅၉။ | နှုတ်မဆက်တာ စိတ်မဆိုးနဲ့ အမြစ်မတင်နဲ့ | ၁၁၃ |
| ၆၀။ | သူတို့လိုတဲ့ သံဃံ သရဏ ဂစ္ဆာမိ | ၁၁၄ |
| ၆၁။ | မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရန် ကျင့်ဝတ် [၁၄] ပါး | ၁၁၆ |
| ၆၂။ | လူမိုက်ကဲ့ရဲ့တာ ကြောက်စရာမလို | ၁၁၉ |
| ၆၃။ | ပညာရှိတို့ ချီးမွမ်းထိုက်အောင်နေ | ၁၂၀ |
| ၆၄။ | ခြေရာကောက်ပြီး ဘုရင်ရှာတဲ့ လက္ခဏာဆရာ | ၁၂၂ |
| ၆၅။ | အလုံးစုံသိမ်းကျုံးပြီး မေတ္တာပွားများနည်း | ၁၂၅ |
| ၆၆။ | ဣရိယာပထဝိဟာရနဲ့ ဗုဒ္ဓနေပြခြင်း | ၁၃၀ |
| ၆၇။ | ဒိဗ္ဗဝိဟာရနဲ့ ဗုဒ္ဓနေပြခြင်း | ၁၃၁ |
| ၆၈။ | ဗြဟ္မဝိဟာရနဲ့ ဗုဒ္ဓနေပြခြင်း | ၁၃၂ |
| ၆၉။ | ဝိဟာရ(၄)ပါးနဲ့ ဗုဒ္ဓနေပြရခြင်းအကြောင်း | ၁၃၄ |

## [ ဒုတိယပိုင်း ]

| | | |
|---|---|---|
| ၇၀။ | သဗ္ဗသင်္ဂါဟိကမေတ္တာဘာဝနာပွားနည်း | ၁၃၇ |
| ၇၁။ | မေတ္တာစိတ်ဆိုတာ ဘာလဲ | ၁၃၈ |
| ၇၂။ | မေတ္တာပို့တော့ ဘယ်ရောက်သွား | ၁၃၉ |
| ၇၃။ | မေတ္တာကို ဘယ်သူ့ဆီပို့ရမလဲ | ၁၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၄။ | ဈာန်ဆိတ်သုဉ်းခြင်းမရှိတဲ့ ပုဂ္ဂိုလ်မျိုးဆိုတာ | ၁၄၃ |
| ၇၅။ | မေတ္တာပွားခြင်းဖြင့် နိဝရဏတရားတွေပယ် ဖျက်ရာရောက် | ၁၄၅ |
| ၇၆။ | နိဝရဏတရားနဲ့ အာဝရဏတရားအတူတူပါပဲ | ၁၄၆ |
| ၇၇။ | မေတ္တာဈာန်လို့ ဘာကြောင့်ခေါ်ဆိုရ | ၁၄၇ |
| ၇၈။ | ဩဝါဒနဲ့ အနုသာသန ကွဲပြားခြားနားပုံ | ၁၄၈ |
| ၇၉။ | အရိတ္တဇ္ဈာန-ဩဝါဒ-အနုသာသနပုဂ္ဂိုလ် | ၁၅၀ |
| ၈၀။ | ဗြဟ္မဝိဟာရီအမည်ရတဲ့ ပုဂ္ဂိုလ် | ၁၅၁ |
| ၈၁။ | တန်ခိုးအာဏာရရှိရေးအတွက် ကျင့်သုံးနေတဲ့ အခါ ဗုဒ္ဓနေပြခြင်း | ၁၅၂ |
| ၈၂။ | ရည်ရွယ်ချက်အဖြည့်နဲ့ နေထိုင်နည်း | ၁၅၄ |
| ၈၃။ | ဗုဒ္ဓပေးတဲ့ နေနည်းထိုင်နည်း(၄)မျိုး | ၁၅၅ |
| ၈၄။ | လောကလူ့ဘောင်ကြီးမှာ နေတတ်ထိုင်တတ်ဖို့ လိုတယ် | ၁၅၇ |
| ၈၅။ | တိုင်းပြည်ကပေးတဲ့ဆန် အဟောသိကံ မဖြစ်စေနဲ့ | ၁၅၉ |
| ၈၆။ | ပရိဘောဂ သုံးဆောင်နည်း (၄) မျိုး | ၁၆၀ |
| ၈၇။ | အရိယာပုဂ္ဂိုလ်များ သုံးဆောင်နည်း | ၁၆၁ |
| ၈၈။ | ပရိဘောဂ သုံးဆောင်နည်း (၅)မျိုး | ၁၆၂ |
| ၈၉။ | မေတ္တာသမာဓိယာမိဆိုရုံနဲ့မပြီး | ၁၆၅ |
| ၉၀။ | အမျိုးအစားတူ သတ္တဝါများပေါင်းစုပြခြင်း | ၁၆၈ |
| ၉၁။ | ကိလေသာကင်းတဲ့ပုဂ္ဂိုလ် မကင်းတဲ့ပုဂ္ဂိုလ် | ၁၇၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၂။ | ကိလေသာကင်းယင် ထိတ်လန့်မှုမရှိ | ၁၇၁ |
| ၉၃။ | မြင်ဖူး,မမြင်ဖူး၊ မြင်အပ်,မမြင်အပ်၊ နှစ်ရပ်သော သတ္တဝါများပါ | ၁၇၈ |
| ၉၄။ | ရပ်ဝေး,ရပ်နီး သတ္တဝါများပါ | ၁၈၀ |
| ၉၅။ | ပဋိသန္ဓေ (၄) မျိုး | ၁၈၁ |
| ၉၆။ | နောင်တဖန် ဘဝသစ်မဖြစ်တော့သောပုဂ္ဂိုလ် | ၁၈၃ |
| ၉၇။ | တိကဘာဝနာပွားနည်း | ၁၈၆ |
| ၉၈။ | ဒုက ဘာဝနာပွားနည်း | ၁၈၇ |
| ၉၉။ | မေတ္တာသုတ္တန်၌လာသော ဘာဝနာပွားနည်း (၃) မျိုး | ၁၈၉ |
| ၁၀၀။ | (၉) ပါး သီလဆောက်တည်တာက | ၁၉၀ |
| ၁၀၁။ | သူတပါးကို အတွင်းတမျိုး-အပြင်တမျိုး မကောက်ကျစ်ပါနဲ့ | ၁၉၁ |
| ၁၀၂။ | မိမိကိုယ်ကို အထင်ကြီး သူတပါးကို အထင်သေးမနှိမ့်ချပါနဲ့ | ၁၉၂ |
| ၁၀၃။ | ကိုယ်,နှုတ်,စိတ်တို့ဖြင့် ပုတ်ခတ်ညှဉ်းဆဲမှု မပြုပါနဲ့ | ၁၉၃ |
| ၁၀၄။ | လိမ်လည်လှည့်ဖြားခြင်းတို့မှလဲ ကင်းကြပါ | ၁၉၅ |
| ၁၀၅။ | သူတပါးဆင်းရဲစေလိုတဲ့ဆန္ဒတွေ ကင်းကြပါ | ၁၉၆ |
| ၁၀၆။ | ပုဂ္ဂိုလ်, ဒေသဌာန, မရွေးချယ်, မခွဲခြားပဲ | ၁၉၈ |
| ၁၀၇။ | အပိုင်းအခြားမထားပဲ မေတ္တာပွားပါ | ၁၉၉ |
| ၁၀၈။ | (၃၁) ဘုံ-အကုန်ပျံ့နှံ့သွားရအောင် | ၂၀၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၉။ | မေတ္တာသဘာဝ မကျဉ်းမြောင်းစေရပါ | ၂၀၃ |
| ၁၁၀။ | မေတ္တာသုတ္တန်မှာ ပုဂ္ဂိုလ်ဌာနသတ်မှတ်ချက်မထား | ၂၀၄ |
| ၁၁၁။ | အတွင်းရန်နဲ့ အပြင်ရန်လဲ ကင်းကြပါ | ၂၀၅ |
| ၁၁၂။ | ဣရိယာပထ (၄) ပါး စုံစုံလင်လင် | ၂၀၆ |
| ၁၁၃။ | ထိနမိဒ္ဓရှင်း ငိုက်မျဉ်းမှုကင်းတဲ့အခါ | ၂၀၈ |
| ၁၁၄။ | ဗြဟ္မဝိဟာရ အမည်ရအောင် | ၂၀၉ |
| ၁၁၅။ | ဝိပဿနာစခန်းတက်လှမ်းဖို့ရန် သမာဓိအခြေခံ | ၂၁၀ |
| ၁၁၆။ | ကာမတဏှာပယ်လိုခြင်းနဲ့ ဒိဋ္ဌိကင်းအောင် | ၂၁၂ |
| ၁၁၇။ | ရဟန်းတော်ငါးရာတို့အား ဝိပဿနာကမ္မဋ္ဌာန်းဗုဒ္ဓဟောကြားခြင်း | ၂၁၃ |
| ၁၁၈။ | ရဟန်းတော်ငါးရာ ကမ္မဋ္ဌာန်း (၂) မျိုးယူ၍တောတွင်းပြန်ကြ | ၂၁၄ |
| ၁၁၉။ | မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကြပြီ | ၂၁၆ |
| ၁၂၀။ | ရုက္ခစိုးနတ်တို့၏ ကိုးကွယ်ဆည်းကပ်မှုရရှိလာကြပြီ | ၂၁၇ |
| ၁၂၁။ | နတ်တို့စောင့်ရှောက်မှုရအောင်ကန်တော့ပွဲပေးနေရမလား | ၂၁၈ |
| ၁၂၂။ | ရဟန်းတော်ငါးရာ ရဟန္တာဖြစ်သွားကြပြီး | ၂၂၀ |
| ၁၂၃။ | မေတ္တာခိုမှ လုံတယ် | ၂၂၀ |
| ၁၂၄။ | သီလနဲ့မေတ္တာပြည့်စုံပါမှ | ၂၂၂ |
| ၁၂၅။ | မေတ္တာအကျိုး ၁၁ မျိုးရှိတယ် | ၂၂၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၆။ | ကောင်းမွန်သော အိပ်ရခြင်း‚နိုးခြင်း‚ မြင်မက်ခြင်း | ၂၂၄ |
| ၁၂၇။ | လူရောနတ်ပါ ချစ်ခင်နှစ်သက်ခြင်း | ၂၂၆ |
| ၁၂၈။ | ကြည်ကြည်လင်လင်ရွှင်ရွှင်ပျပျဖြစ်ရခြင်း | ၂၂၈ |
| ၁၂၉။ | မတွေမဝေသေရခြင်း | ၂၂၉ |
| ၁၃၀။ | နတ်ပြည်‚ဗြဟ္မာ့ပြည်တိုင်အောင် ရောက်ခြင်း | ၂၃၀ |
| ၁၃၁။ | မေတ္တာရှင်သံကိစ္စသာမဏောနှဲ့ သင်္ဂေးမလေးဥတ္တရာ | ၂၃၁ |
| ၁၃၂။ | နတ်အပေါင်းချစ်ခင်ကြည်ညိုရသော ဝိသာခမထေရ် | ၂၃၂ |
| ၁၃၃။ | မေတ္တာရဲ့တန်ခိုးအာနိသင် | ၂၃၄ |
| ၁၃၄။ | မေတ္တာသုတ် | ၂၃၆ |
| ၁၃၅။ | မေတ္တာဘာဝနာလင်္ကာများ | ၂၃၉ |
| ၁၃၆။ | တရားသိမ်းနိဂုံးဆုတောင်း | ၂၄၂ |

## ''ပဏာမ နဲ့ ဘုရားရှိခိုး''

၁၃၄၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့ည၊ ရန်ကုန်မြို့ အရှေ့ပိုင်း၊ ဘုရားဖြူကျောင်းတိုက်အတွင်း၊ ဆင်ယင်ကျင်းပတဲ့ "ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာတော်ပြန်ပွဲကြီး" သဘင် ဆင်ယင် ကျင်းပရာ၌၊ ထို ဝိနည်း စာ တော် ပြန် ပွဲ ကြီး ဝယ် အောင်မြင်တော်မူသော ဝိနည်းအောင်၊ ဝိနည်းတံခွန် ထူတော်မူကြသော အရှင်မြတ်တို့အားပူဇော်သောအနေအားဖြင့် ဆင်ယင်ကျင်းပအပ်သည့် ဓမ္မသဘင်ဝယ် ဟောကြားအပ်သော၊ ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌပါဠိတော်နှင့် ထိုခုဒ္ဒကနိကာယ်သုတ္တနိပါတ် ပါဠိတော်၌လာသော "မေတ္တသုတ္တန်တရားတော်။"

ထို မေတ္တသုတ္တန်တရားတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသောအခါက သံဃာတော်ငါးရာတို့အား ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီကနေ့ည မေတ္တသုတ္တန်တရားတော်ကို နာကြားကြမယ့် ဓမ္မဂါရဝ သူတော်စင်ပရိသတ် အပေါင်းတို့သည် တရားပိုင်ရှင်ဖြစ်တဲ့ သဗ္ဗညုမြတ်စွာဘုရားရှင်ကို လက်အုပ်ချီမိုး၍ ရှိခိုးကြရအောင်၊ အားလုံးပဲ လက်အုပ်ချီ၊ ဘုရားရှင်ကိုယ်တော်မြတ်ကို အာရုံရအောင် ယူကြပါ။

## "ကရုဏာ ပညာ ထောမနာ"

## ဘုရားရှိခိုး

ကရုဏာ သီတလ ဟဒယံ၊
ပညာပဇ္ဇောတ ဝိဟတမောဟတမံ။
သ နရာမရလောကဂရုံ၊
ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
ဧတေန သစ္စဝဇ္ဇေန၊
သုခိဘာ ဟောန္တု ပါဏိနော။

ကရုဏာသီတလဟဒယံ၊ မဟာကရုဏာတော်မြတ် အတွင်း ခေတ်ဖြင့် လှပ်လှပ်ဖွေးလှ အေးမြစည်ပင် ကြည်လင်သော ရွှေစိတ်နှလုံးတော်လည်း ရှိတော်မူပေထသော။ ပညာပဇ္ဇောတ ဝိဟတမောဟတမံ၊ အရဟတ္တမဂ်ပညာ တည်းဟူသောဆီမီးရောင် ဖြင့် အဝိဇ္ဇာတည်းဟူသောအမိုက်မှောင်ကို ပယ်ဖျောက်တော်မူ ပြီးထသော။

သ နရာမရလောကဂရုံ၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ညွတ်ရိုးဦးခိုက် အလေးအမြတ်ပြုထိုက်သော ဆရာတဆူ ဖြစ် တော်မူပေထသော။ ဂတိဝိမုတ္တံ၊ ဒေဝမနုဿ နိရယနှင့် ပေတ တိရစ္ဆာန် လားရန်အရှိ ငါးတန်သော ဂတိမှလည်း အထူး သဖြင့် ကင်းလွတ်တော်မူပြီးထသော။ သုဂတံ၊ စကားခြောက် ခွန်း လူ၌သွန်းလည်း နှစ်ခွန်းကိုသာ ကျိုးရှိရာကို ကောင်းစွာ မသွေ ဆိုတော်မူတတ်ပေထသော။

ဗုဒ္ဓ၊ သစ္စာလေးပါး မြတ်တရားကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ဘုရားတပည့်တော်သည်။ သာဒရံ၊လေးမြတ်ကြည်ညို ရိုသေခြင်းရှိသည်ဖြစ်၍။ တိဟိ၊ လက်အုပ်အဥ္ဇလီ နှုတ်သံချီလျက် ရှင်ကြည်မနေ့ာသုံးပါးသောပဏာမတို့ဖြင့်။ ဝန္ဒေ-ဝန္ဒာမိ၊အများသူငါ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွှတ်ကျိုး လက်စုံမိုးကာ ရှိခိုးပါ၏မြတ်စွာဘုရား။

မေတနသစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သောဥဏာမသစ္စာစကားကို ပြောဆိုရလေသောကြောင့်။ ပါဏိနော၊များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဗ္ဘယာ စ၊ ဘေးရန် ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။အသောကာ စ၊မညှိုးမှိန်တန်ခိုးရှိန်လျက် စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငိုကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဟောန္တု၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သောမေတ္တာစေတ်အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

## “မေတ္တသုတ္တန် တရားတော်”

[ ပထမပိုင်း ]

မေတ္တာသုတ္တန်ဆိုတာ သုတ္တန်တခုလုံးရဲ့ ကောက်နုတ်ချက်ကို ဖော်ပြရယင် “မေတ္တာဘာဝနာ ပွားများနည်း” ကို ဖော်ပြတဲ့ သုတ္တန်ပါပဲ။ မေတ္တာဘာဝနာပွားများခြင်းနဲ့ပတ်သက်လို့ ငါးရာ့နှစ်ဆယ့်ရှစ်သွယ် မေတ္တာပွားနည်း၊ ယခု ဤသုတ္တန်မှာလာတဲ့ မေတ္တာပွားနည်း၊ အခြားအခြား သုတ္တန်များမှာလာတဲ့ မေတ္တာ ပွားနည်းရယ်လို့ မေတ္တာပွားနည်းတွေ တော်တော်စုံစုံပဲရှိတယ်။

ထိုကဲ့သို့ သုတ္တန်စုံ နည်းမျိုးစုံ ရှိရာတွင် ဟောဒီ ခုဒ္ဒကပါဌ ပါဠိတော်နဲ့ သုတ္တနိပါတ်ပါဠိတော်ထဲမှာ သင်္ဂါယနာတင် စာရင်းသွင်းထားတဲ့ သုတ္တန်ကတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ နှုတ်ထဲ နေ့စဉ်ရွတ်ပြီးတော့ နေကြတဲ့ ပရိတ်တဆယ့်တသုတ်ထဲမှာပါတဲ့ မေတ္တာသုတ်ပါပဲ။

### “ရွတ်ဖတ်သရဇ္ဈာယ်မှု အများဆုံးပြုနေကြတဲ့ မေတ္တာသုတ်”

ဤမေတ္တာသုတ္တန်ကို ဗုဒ္ဓဘာသာတိုင်းပြည်တိုင်း တိုင်းပြည်တိုင်းမှာ ဘယ်အခမ်းအနားမှာပဲဖြစ်ဖြစ် မေတ္တာသုတ်ကို အမျိုးသားရော, အမျိုးသမီးရော, ဆရာတော်သံဃာတော်များရော ရွတ်ဖတ်တော်မူကြတယ်၊ ပွားများတော်မူကြတယ်၊ သရဇ္ဈာယ်

တော်မူကြတယ်။ ခရီးသွားယင်းလဲ ရွတ်ကြတယ်၊ လေယာဉ်ပျံ မီးရထား သင်္ဘော ဘယ်နေရာမဆို ရွတ်၊ ဈေးရောင်းယင်းလဲ ရွတ်၊ ခရီးသွားယင်းလဲ ရွတ်၊ မင်္ဂလာဆောင်၊ အသုဘ၊ ဘယ်နေရာ မဆို ရွတ်၊ အကုန် ရွတ်ပဲ။

အဲဒီလိုအခမ်းအနားတိုင်း နေရာတကာ ပွဲဘိုင်းဝင်နေတဲ့ ဒီ မေတ္တာသုတ္တန်ဟာ အချို့ချို့အခမ်းအနားတွေကျတော့ ဘယ်လို ဖြစ်တုန်းဆိုယင် ဘေးဒုက္ခအကြီးအကျယ် ဆိုက်ရောက်တဲ့အခါ ပေါ့၊ ရောဂဗျသန=အနာနှိပ်စက်တဲ့ ရောဂါဘေးဆိုက်တဲ့အခါ၊ ဉာတိဗျသန ဆွေမျိုးများ သေကျေပျက်စီးတဲ့အခါ၊ ဒီပြင် အခြား ဂဠာ့ မှင်စာ၊ သရဲ၊ စုန်းကဝေ၊ ဘာညာစသည် ဖမ်းစား နှိပ်စက်တဲ့အခါ၊ ထိုကဲ့သို့ ဘေးဒုက္ခပေါင်းစုံကြုံတဲ့အခါမှာလဲပဲ ဒီသုတ္တန်ကို ရွတ်ဖတ်တော်မူကြတယ်။

## "မေတ္တာသုတ်ဟာ ဂါထာမန္တရားလား"

ဤသုတ္တန်ရွတ်ဖတ်ပွားများပြီး အခမ်းအနားတိုင်း ရွတ်ပြီး နေကြတော့ အိမ်သစ်တက်လဲပဲရွတ်၊ ကျောင်းဆောက်လဲပဲရွတ်၊ ဘုရားစေတီတည်လဲပဲရွတ်၊ အခမ်းအနားဖွင့်ယင်လဲပဲရွတ်ဆိုတော့ ဒီလောကတောင် နေရာတိုင်းမှာ ရွတ်နေတဲ့ ဤသုတ္တန်ဟာ မြောက်ပိုင်းဗုဒ္ဓဘာသာတွေ အသုံးချနေတဲ့ မန္တရားသဘော မျိုးများ သက်ရောက်နေသလားဆိုပြီး ပြဿနာတရပ် အမေးရှိ တယ်။

ဒါကြောင့် ဤလိုသုတ္တန်တွေကို ရွတ်ဖတ်သရဇ္ဈာယ်နေခြင်း ဖြင့် "ပရိတ်"ဆိုပြီးတော့ စကားသုံးထားတဲ့ အတွက်ကြောင့် စာအုပ်ငယ်ငယ်ထဲရောက်ပြီး ဟိုနေရာ ဒီနေရာ ရောက်နေတဲ့

၁၂၄၈၉

အတွက်ကြောင့် ကလေးငယ်ငယ်တွေလက်ထဲရောက်၊ အမျိုးသား အမျိုးသမီးတွေလက်ထဲရောက် နေရာတကာရောက်နေတော့။ ရွတ်တာကလဲ အခမ်းအနားမှန်သမျှ အကုန်ရွတ်တော့ မန္တရား သဘောမျိုး ခပ်ဆင်ဆင်ဖြစ်သွားတယ်။

## "မေတ္တာဘာဝနာနဲ့ ဂါထာမန္တရား ခွဲခြားသိ"

သုတ္တန်သားကို အသေအချာကြည့်မယ်ဆိုလို့ရှိယင် မန္တရားနဲ့ လုံးဝမဆိုင်တဲ့ ဘာဝနာကို ဖော်ပြတဲ့သုတ္တန်ပါ၊ သမထဘာဝနာ ဝိပဿနာဘာဝနာရယ်လို့ ဘာဝနာနှစ်မျိုးရှိရာတွင် သမထ ဘာ ဝ နာ အ ရာ မှာ ဖြင့် အပ္ပနာစျာန်သို့ဆိုက်ရောက်ပြီးတော့ ဗြဟ္မာ့ပြည်အထိ တက်နိုင်တဲ့ သမထဘာဝနာပါ။

ထို သမထဘာဝနာထဲမှာ အပ္ပနာစျာန်အထိ ဆိုက်ရောက်တဲ့ သမထဘာဝနာထဲမှာ အကောင်းဆုံးဖြစ်တဲ့ သမထဘာဝနာ တရပ်အနေနဲ့ ပါဝင်တဲ့သုတ္တန်ကို မန္တရားနဲ့ ဘာဝနာ ခွဲခြား နားလည်နိုင်စေခြင်းအကျိုးငှာ ဒီကနေ့ဘုန်းကြီး ဒီမေတ္တာသုတ္တန် ကို ဟောပါတယ်။

## "မေတ္တာသုတ္တန် ဖြစ်ပေါ်လာခြင်း အကြောင်း"

မေတ္တာဘာဝနာကို ပွားများကြမယ့် ပုဂ္ဂိုလ်များအတွက် ထိုပုဂ္ဂိုလ်များမှာရှိသင့်တဲ့ အင်္ဂါရပ်များနဲ့ မေတ္တာဘာဝနာကို ဦးတည်ညွှန်ကြားတော်မူတဲ့ မေတ္တာသုတ္တန်ကို ဟောကြ,နာကြ ရမယ်၊ ဤမေတ္တာသုတ္တန်တရားကို သင်္ဂါယနာတင်ပါဠိတော်ထဲ မှာတော့၊ ဂါထာပါဠိတော်တွေပဲ စီပြီးတော့ သင်္ဂါယနာတင် ထားတာ ဆယ်ဂါထာ ရှိပါတယ်။ ဂါထာပါဠိတော်တွေကို

သင်္ဂါယနာတင်ထားတာ ပါဠိတော်စာရင်းမှာ ဆယ်ဂါထာ ရှိတယ်။

ထို သုတ္တန်ရဲ့ဖြစ်ပေါ်လာပုံ နိဒါန်းကျတော့ ပါဠိတော်မှာ မရှိပဲနဲ့ အဋ္ဌကထာဆရာကပဲ ဖော်ပြပါတယ်၊ အဋ္ဌကထာ ဆရာတော် ပြပုံက ပါဠိတော်သားနဲ့ တထပ်တည်းပဲ၊ဒါကြောင့် ပါဠိတော်မှာမပါတဲ့ နိဒါန်းအဋ္ဌကထာသွားစကားကို ဘုန်းကြီး တို့ ဆိုကြည့်ကြမယ် ဆိုလို့ရှိယင်....

**"ဇေတဝန်ကျောင်းမှာ ဗုဒ္ဓသီတင်းသုံးနေစဉ်အခါ"**

> "ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ ဝဿူ ပနာယိကာယ ဥပကဋ္ဌာယ။"

နောက်က စကားနှစ်လုံး အပို စွက်ထားတယ်။

"ဝဿူပနာယိကာယ ဥပကဋ္ဌာယ၊"

ဝါဆိုမယ့် အချိန်ကာလ နီးကပ်သည်ရှိသော်....

ဝဿူပနာယိကာယ၊ ဝါကပ်ဆိုရန် အချိန်ကာလဝါကပ်အံ့ သောနေ့သည်။ ဥပကဋ္ဌာယ၊ နီးကပ်တော်မူလာခဲ့သည်ရှိသော်။ နီးကပ်တဲ့ အချိန်အခါကာလ ဆိုက်ရောက်လာသည်ရှိသော်။

ဧကံ သမယံ၊အခါတပါး၌။ဘဂဝါ၊ဘုန်းတော်ခြောက်ပါး သခင် သဗ္ဗညုဘုရားရှင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့အနီး၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သဌေး၏။ အာရာမေ၊ အရာမ် ဖြစ်ပေထသော (ဝါ) နှလုံးမွေ့လျော်ဖွယ်ရာကောင်းပေထ သော။ ဇေတဝနေ၊ ဇေတဝန်ရှောင်မောင်း သဌေးကျောင်း၌။

ဝိဟာရတိ၊ ဣရိယာပထ မျှတရှင်ပြုံးစွာ သီတင်းသုံးနေတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

တခုသောကာလ ဝါဆိုတော်မူခါနီး ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိနေပြည်တော် ဇေတဝန်ကျောင်းမှာ နေပျော်တော်မူတဲ့အချိန်။ ဘာ ဖြစ် တုန်းဆိုယင်....

"ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းရယူရန် ရဟန်းငါးရာ ရောက်ရှိလာကြခြင်း"

"တေန ခေါ ပန သမယေန နာနာဝေရဇ္ဇကာဘိက္ခူ ဘဂဝန္တံ ဥပသင်္ကမိံသု။"

တေန ခေါ ပန သမယေန၊ ထိုကဲ့သို့ ဘုရားရှင် ကိုယ်တော်မြတ် ဇေတဝန်ရောင်မောင်း သဒ္ဒေးကျောင်း၌ နေပျော်တော်မူတဲ့အချိန်မှာ။ နာနာဝေရဇ္ဇကာ၊ အထူးထူးသောတိုင်းပြည်တို့မှ ဆိုက်ရောက်လာကြကုန်သော။ ဘိက္ခူ၊ ရဟန်းတော်ငါးရာတို့သည်။ ဘဂဝန္တံ၊ ဘုရားရှင် ကိုယ်တော်မြတ်ထံ။ ဥပသင်္ကမိံသု၊ ချဉ်းကပ်တော်မူကြကုန်၏။

အထူးထူးသော တိုင်းပြည်အရပ်ရပ်အနယ်နယ်မှ ကြွရောက်လာကြတဲ့ သံဃာတော်ငါးရာခန့်တို့သည် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ် ကိန်းအောင်းတော်မူတဲ့ ဇေတဝန်ကျောင်းသို့ ချဉ်းကပ်၍။

"ယေန ဘဂဝါ တေနုပသင်္ကမိ ဉပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု။"

ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုဘုရားရှင်ရှိရာသို့။ ဉပသင်္ကမိံသု၊ ချဉ်းကပ်တော်မူကြကုန်၏။ ဉပသင်္ကမိတွာ၊ ချဉ်းကပ်တော်မူကြကုန်ပြီး၍။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကို။ အဘိဝါဒေတွာ၊ ပဉ္စပတိဋ္ဌိတ နည်းအားဖြင့် ကျကျနနရှိခိုးကြကုန်၍ (ဝါ) သုခီ ဟောတုဆိုတဲ့ မင်္ဂလာစကား မိန့်ကြားစေကြကုန်ပြီး၍ (ဝါ) ကစ္စိခမနီယံ, ကစ္စိယာပနီယံ အစရှိတဲ့ ပဋိသန္ထာရစကား မိန့်ကြားစေကုန်ပြီး၍။ ဧကမန္တံ၊ အပြစ်ခြောက်ပါး ကင်းဇင်ပြီး ကောင်းမြတ်တဲ့နေရာ၌။ နိသီဒိံသု၊ ထိုင်ကြလေကုန်ပြီ။

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ရှိတဲ့ သာဝတ္ထိပြည် မှန် ဇေတဝန်ကျောင်း သံဃာတော်ငါးရာ ဝင်ရောက်တော်မူကြပြီးတော့၊ ဘုရားထံမှောက် လာရောက်ကြပြီးလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကို လက်အုပ်ချီမိုး ရှိခိုး၍ သင့်တင့်သော နေရာမှာ ထိုင်ကြပါတယ်။

**"ရာဂအားကြီးယင် အသုဘကမ္မဋ္ဌာန်း စီးဖြန်း"**

"တေန ခေါ ပန သမယေန ဘဂဝါ နာနာဝေရဇ္ဇကာနံ ဘိက္ခူနံ ရာဂစရိတာနံ ကေစ္စာနံ ဘိက္ခူနံ အသုဘကမ္မဋ္ဌာနံ ကထေသိ။"

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကလဲပဲ။

နာနာဝေရဇ္ဇကာနံ၊ အထူးထူးသော တိုင်းပြည်မှ ကြွရောက်တော် မူလာကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့တွင်။ ဧကစ္စာနံ၊ အချို့ကုန်သော။ ရာဂစရိတာနံ၊ ရာဂစရိုက် ရှိကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ သဝိညာဏက အဝိညာဏက အသုဘကမ္မဋ္ဌာနံ၊ သဝိညာဏက အသုဘကမ္မဋ္ဌာန်း အဝိညာဏက အသုဘ ကမ္မဋ္ဌာန်းဆိုတာတွေကို။ ကထေသိ၊ ဟောတော်မူခဲ့ပါ၏။

ဝါဆိုခါနီး သံဃာတော်တွေ ဘုရားထံမှောက် လာရောက်တဲ့အချိန်၊ လာရောက်တဲ့ ရဟန်းတော်တွေက ဘယ်အကျိုးငှာ လာကြတာတုန်းဆိုယင်၊ ကမ္မဋ္ဌာန်းတရား သင်ကြားမယ်ဆိုပြီး တော့ အထူးထူးသောအရပ်ဌာနမှ ကိုယ်တော်အရှင်မြတ်တွေ ရောက်ရှိလာကြပါတယ်၊ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က ရာဂစရိုက်ထူပြောတဲ့ သံဃာတော်တို့အား....

သဝိညာဏက အဝိညာဏကအသုဘကမ္မဋ္ဌာနံ၊ အသက်ထင်ရှားရှိနေတဲ့ ခန္ဓာကိုယ်ကြီးကို အသုဘ ထင် အောင် ရှုရတဲ့ သဝိညာဏကအသုဘကမ္မဋ္ဌာန်း, အသက်မဲ့ခန္ဓာကိုယ် အသုဘဖြစ်ပုံကို မိမိ၏ခန္ဓာထဲရောက်အောင် တင်ပြီးတော့ ရှုရပါတယ်ဆိုတဲ့ အဝိညာဏကအသုဘကမ္မဋ္ဌာန်းကို။ ကထေသိ၊ ဟောတော်မူခဲ့ပါပြီ။

တိုင်းပြည်အသီးသီးက ကြွရောက်လာကြတဲ့ ရဟန်းတော်တို့တွင် ရာဂစရိုက် ထူပြောတဲ့ရဟန်းပုဂ္ဂိုလ်တို့အား ဘုရားရှင်ကိုယ်တော်မြတ်က အသုဘကမ္မဋ္ဌာန်းကို ဟောတယ်၊ ဘုန်းကြီးတို့ပရိသတ်များ မှတ်လိုက်ပေတော့....

(၁) သဝိညာဏကအသုဘ

(၂) အဝိညာဏကအသုဘ။ အသုဘက နှစ်မျိုး။

သဝိညာဏက၊ အသက်ရှိတဲ့ ခန္ဓာကိုယ်မှာ ရှိနေတာကိုရှုရတဲ့ အသုဘ ကမ္မဋ္ဌာန်းဆိုတာ ဒွတ္တိံသ ကမ္မဋ္ဌာန်းကို ညွှန်းပါတယ်။

အဝိညာဏက၊ အသက်မဲ့တဲ့ ခန္ဓာကိုယ်မှာ ရှိနေတာကိုရှုရတဲ့ အသုဘကမ္မဋ္ဌာန်းဆိုတာက ဥဒ္ဓုမာတက, ဝိနီလက အစရှိတဲ့ ဆယ်မျိုးသောအသုဘကမ္မဋ္ဌာန်း။ ထို အ သု ဘ က မ္မ ဋ္ဌာန်း ကို ညွှန်းပါတယ်။

သဝိညာဏကအသုဘ, အဝိညာဏကအသုဘ၊ သက်ရှိသက်မဲ့ အသုဘပေါ့။ ရာဂစရိုက်ထူပြောတဲ့ ပုဂ္ဂိုလ်များအား သက်ရှိ သက်မဲ့တို့အား အသုဘ ထင်အောင်ရှုဆိုတဲ့ အသုဘ ကမ္မဋ္ဌာန်းကို ပေးတယ်။

"ရာဂထူယင် ဘာကမ္မဋ္ဌာန်းတဲ့...."

"အသုဘကမ္မဋ္ဌာန်းပါဘုရား။"

နောက်တခါ....

## "ဒေါသအားကြီးယင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း"

"ဒေါသစရိတာနံ မေတ္တာဒိကမ္မဋ္ဌာနံ ကထေသိ။"

ဒေါသစရိတာနံ၊ ဒေါသစရိုက် ထူပြော၍နေကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ မေတ္တာဒိကမ္မဋ္ဌာနံ။ မေတ္တာ စသော ကမ္မဋ္ဌာန်းကို။ ကထေသိ၊ ဟောတော်မူခဲ့ပါ၏။

ဒေါသစရိုက် ထူပြောတဲ့ ပုဂ္ဂိုလ်တွေကျတော့ မေတ္တာကမ္မဋ္ဌာန်း၊ ကရုဏာကမ္မဋ္ဌာန်း၊ မုဒိတာကမ္မဋ္ဌာန်း၊ ဥပေက္ခာကမ္မဋ္ဌာန်းဆိုတဲ့ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူခဲ့တယ်။ ဒေါသစရိုက်ထူယင် မေတ္တာအစရှိတဲ့ ကမ္မဋ္ဌာန်း၊ ရာဂစရိုက်ရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ အသုဘကမ္မဋ္ဌာန်း၊ ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ မေတ္တာကမ္မဋ္ဌာန်း....။

"မောဟအားကြီးယင် မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်း"

'မောဟစရိတာနံ မရဏဿတိကမ္မဋ္ဌာနံ ကထေသိ။"

မောဟစရိတာနံ၊ မောဟစရိုက်ထူပြောတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ မရဏဿတိကမ္မဋ္ဌာနံ၊ မရဏဿတိ ကမ္မဋ္ဌာန်းကို။ ကထေသိ၊ ဟောတော်မူ၏။

မောဟထူတဲ့ ပုဂ္ဂိုလ်တွေကျတော့ မရဏဿတိ၊ သေခြင်းတရား ကြပ်ကြပ်နှလုံးသွင်း၊ မောဟအားကြီးတော့ မိမိရဲ့ သေရေးရှင်ရေး တယ်မေ့သကိုးဗျာ။

"မှန်ပါ ဘုရား။"

အဲဒီလို မိမိရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကို မေ့၊ သေရေးရှင်ရေးကို အကုန်မေ့ပြီးတော့ ပျော်ချင်တိုင်းပျော်၊ မော်ချင်တိုင်းမော်နေကြတဲ့ ပုဂ္ဂိုလ်တွေကျတော့ သေခြင်းတရား ဟောပေးရတယ်။

"မှန်ပါ ဘုရား။"

"မောဟအားကြီးယင် မရဏာနုဿတိ၊ ဟုတ်လား။"

"မှန်ပါ ဘုရား။"

**"သဒ္ဓါအားကြီးယင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်း"**

"သဒ္ဓါစရိတာနံ ဗုဒ္ဓါနုဿတာဒိကမ္မဋ္ဌာနံ ကထေသိ။"

သဒ္ဓါစရိတာနံ၊ သဒ္ဓါစရိုက် ထူပြောကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ဗုဒ္ဓါနုဿတာဒိကမ္မဋ္ဌာနံ၊ဗုဒ္ဓါနုဿတိအစရှိတဲ့ကမ္မဋ္ဌာန်းကို။ ကထေသိ၊ ဟောတော်မူ၏။

သဒ္ဓါထူပြောတဲ့ပုဂ္ဂိုလ်များ....၊ သဒ္ဓါစရိုက်ထူပြောတဲ့ပုဂ္ဂိုလ်များကျတော့ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိဆိုတဲ့ အဲဒီအနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရမယ်။ တိုတိုက သဒ္ဓါအားကောင်းတဲ့ပုဂ္ဂိုလ်များ ဗုဒ္ဓါနုဿတိ ပွား။

"မှန်ပါ ဘုရား။"

"သဒ္ဓါအားကောင်းယင် ဘာကမ္မဋ္ဌာန်း...."

"ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပါ ဘုရား။"

**"ဝိတက်အားကြီးယင် အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်း"**

"ဝိတက္ကစရိတာနံ အာနာပါနဿတိကမ္မဋ္ဌာနံ ကထေသိ။"

ဝိတက္ကစရိတာနံ၊ဝိတက်စရိုက်ထူပြောကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ အာနာပါနဿတိ ကမ္မဋ္ဌာနံ၊ အာနာပါနဿတိဆိုတဲ့ ကမ္မဋ္ဌာန်းကို။ ကထေသိ၊ ဟောကြားတော်မူခဲ့ပါ၏။

ဝိတက်-တောင်ကြံ, မြောက်ကြံ၊ အာရုံရှိသမျှကြံချင်တိုင်းကြံ၊ အကြံများတဲ့ဝိတက်သမားအတွက် အာနာပါနကမ္မဋ္ဌာန်း ဟောတယ်။

"ဝိတက်စရိုက်က ဘာကမ္မဋ္ဌာန်းတဲ့...."

"အာနာပါနကမ္မဋ္ဌာန်းပါ ဘုရား။"

**"ပညာအားကြီးယင် ခေတ်ကမ္မဋ္ဌာန်း စီးဖြန်း"**

'ဗုဒ္ဓိစရိတာနံ စတုဓာတုဝဝတ္ထာနံ ကထေသိ။"

ဗုဒ္ဓိစရိတာနံ၊ ဗုဒ္ဓိစရိုက်ခေါ် ဆိုရတဲ့ ပညာစရိုက်အားကြီးတဲ့ ပုဂ္ဂိုလ်တို့အား။ စတုဓာတုဝဝတ္ထာနံ၊ ဓာတ်ကြီးလေးပါးကို ခွဲခြားဝေဖန်ခြင်းဆိုတဲ့ ဓာတ်ကမ္မဋ္ဌာန်းကို။ ကထေသိ၊ ဟောတော်မူ၏။

ပညာစရိုက်အားကြီးတဲ့ပုဂ္ဂိုလ်များကျတော့ဓာတ်ကမ္မဋ္ဌာန်း ပေးရမယ်။

"ဓာတ်ကမ္မဋ္ဌာန်းက ဘယ်စရိုက်နဲ့တော်သလဲ။"

"ပညာစရိုက်နဲ့ တော်ပါတယ် ဘုရား။"

"စရိုက်ခြောက်ပါး...."

"မှန်ပါ ဘုရား။"

"ရာဂအားကြီးတဲ့ ပုဂ္ဂိုလ်က...."

"အသုဘကမ္မဋ္ဌာန်းပါ ဘုရား။"

"ဒေါသအားကြီးသူက...."

"မေတ္တာကမ္မဋ္ဌာန်းပါ ဘုရား။"

"မောဟအားကြီးသူက...."

"မရဏာဿတိကမ္မဋ္ဌာန်းပါ ဘုရား။"

"သဒ္ဓါအားကြီးတဲ့သူက...."

"ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပါ ဘုရား။"

"ဝိတက်အားကြီးသူက...."

"အာနာပါနကမ္မဋ္ဌာန်းပါဘုရား။"

"ဗုဒ္ဓိလို့ခေါ်တဲ့ပညာအားကြီးတဲ့သူက...."

"ခေတ်ကမ္ဘဋ္ဌာန်းပါဘုရား။"

အေး.... စရိုက်ခြောက်ပါး၊ သူ့ကမ္မဋ္ဌာန်းနဲ့သူ တွဲအောင် ပေးမှ သဘာဝက မ်တာကိုးဗျနော်။

"မှန်ပါဘုရား။"

**"အနာနဲ့ဆေး တွဲအောင်ပေး ပျောက်ရေးမခက်ပါ"**

ဘုန်းကြီးတို့ပရိသတ်ရေ့ ရောဂါအပြား ကိုးဆယ့်ခြောက် ပါး လျှာပွတ်ဆေးလေးတလုံးနဲ့ အကုန်သိမ်းကျုံးကုလို့တော့ တယ်လွယ်မယ်မထင်ဘူးဗျနော်။

"မှန်ပါဘုရား။"

ဒါပေမယ့် မြန်မာနိုင်ငံက ဆေးပုလင်း, လျက်ဆားကအစ ကိုးဆယ့်ခြောက်ပါး အကုန်ညွန်းတယ်၊ အဲ....ကမ္မဋ္ဌာန်းလဲပဲ တခါတခါ အဲဒီလိုဖြစ်ဖြစ်နေပုံရတယ်။ တချို့တချို့ကမ္မဋ္ဌာန်း ကလဲ အခုနက မော်လမြိုင်ဦးမျှားလျက်ဆားလိုကျနေတာပဲ။ ဘယ်စရိုက်လာခဲ့လာခဲ့ ဒါပဲနင်းပေးတော့ တော်တဲ့ပုဂ္ဂိုလ်များ ကျတော့လဲ တော်သွား။ မတော်တဲ့ပုဂ္ဂိုလ်များကျတော့ စိတ် များတောင် ပျံ့လွင့်သွား၊ ဝိက္ခေပပုဂ္ဂိုလ်များတောင် ရှိဖူးတယ် နော်။

"မှန်ပါဘုရား။"

အဲ....ဒါကြောင့်မို့ စရိုက်ခြောက်ပါး ကမ္မဋ္ဌာန်းခြောက် မျိုး၊ အနာနဲ့ဆေး တွဲအောင်ပေးမှ ကောင်းမယ်၊ သဒ္ဓါသိပ် ထက်သန်နေတဲ့ပုဂ္ဂိုလ်ကို အသုဘကမ္မဋ္ဌာန်းသွားပေးလိုက်ယင် အဲဒါ စိတ်နောက်သွားတတ်တယ်။

"သဒ္ဓါက စိတ်ကို အမြဲတမ်း ကြည်စေတယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"အသုဘက စိတ်ကို နောက်စေတတ်တယ်၊ ဒီလိုလာတာ။"

"မှန်ပါဘုရား။"

ပညာဆိုတဲ့ဥစ္စာက ဘုန်းကြီးတို့ပရိသတ်များ နက်နက်နဲနဲ စဉ်းစားတတ်တဲ့ပုဂ္ဂိုလ်က အဲဒါ ပညာစရိုက်။ သူ့အတွက်ကျ တော့ ဘာနဲ့တော်တုန်း ဆိုလို့ရှိယင် ဓာတ်နဲ့ တော်တယ်၊ ခန္ဓာကိုယ်တခုလုံးကို ဓာတ်ခွဲကြည့်ဖို့၊ ပညာသမားနဲ့တော်တယ် ဗျာ။

အဲဒီ ပညာသမားကို ဘုန်းကြီးတို့ပရိသတ်များ အခုနက အသုဘတို့ ဗုဒ္ဓါနုဿတိတို့ ပေးထား။ ပညာသမား ဗုဒ္ဓါနုဿတိ ပေးယင် တခါတခါ အခက်အခဲတွေ့တယ်။ ဗုဒ္ဓါနုဿတိဆိုတာ ဘုန်းကြီးတို့ပရိသတ်များ အဲဒါ ဘုရားရဲ့ဂုဏ်တော်တွေကို နှလုံး သွင်းရတာ။

## "သဒ္ဓါလွန်တော့ ဆွံ့တယ်"

ဘုန်းကြီးတို့ပရိသတ်ရော ပညာသမားက ခုနက သဒ္ဓါနဲ့ ယှဉ်ကြည့်။

"သဒ္ဓါလွန်ယင် ဘာဖြစ်တယ်လို့ မှတ်မိဖူးလဲ။"

"တဏှာ ဖြစ်ပါတယ်ဘုရား။"

"ဘုန်းကြီးတို့စာထဲကတော့ သဒ္ဓါလွန်ယင် မုဓပသန္နပြော ပါတယ်၊ သဒ္ဓါလွန်တော့ မုဓပသန္န အလွဲကြည်ညိုတတ်တယ် ဆိုစမ်းပါ တို့ပရိသတ်ရ...."

"ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဓပသန္နော ဟောတိ။"

"ဗလဝသဒ္ဓေါ၊ သဒ္ဓါတရား အားကောင်းပြီးတော့။ မန္ဒပညော၊ ပညာနည်းကြပြီဆိုယင်။ မုဓပသန္နော၊ အချည်းနှီး အရာဌာနကြည်ညိုတတ်သည်။ ဟောတိ၊ ဖြစ်၏" တဲ့။

ဒါ ဝိသုဒ္ဓိမဂ်စကား။ သဒ္ဓါအားကောင်းတဲ့လူက အချည်းနှီးဘာမှ အကျိုးမရှိတဲ့နေရာ ကြည်ညိုနေတာ။ အဲဒါကမှ ခြုံမိ ငုံမိတဲ့ စကားနော်။

"မှန်ပါဘုရား။"

"အဝတ္ထုသ္မိံ ပသီဒတိ။"

အဝတ္ထုသ္မိံ၊မယုံကြည်သင့်မယုံကြည်ထိုက်တဲ့ နေရာဌာနမှာ။ ပသီဒတိ၊ ကြည်ညိုတော့၏။

သဒ္ဓါအားကြီးတဲ့ ပုဂ္ဂိုလ်က မကြည်ညိုသင့်တဲ့ နေရာဌာန သွားပြီး ကြည်ညိုတတ်တယ်၊ မကိုးကွယ်သင့်တဲ့ နေရာဌာနမှာ သွားပြီးတော့ ကိုးတတ်တယ်၊ ကွယ်တတ်တယ်၊ အားကိုး တတ်တယ်၊ သဒ္ဓါက ဒီလိုလာတယ်၊ အတွေးအခေါ် ဘာမှလဲ အသုံးမချချင်ဘူး။ သဒ္ဓါသမားရဲ့သဘောက။ ပညာသမားရဲ့ သဘောကလဲ အကုန်လုံး ဆန်းစစ်ချင်တယ်။ ဆန့်ကျင်မနေ ဘူးလား။

"ဆန့်ကျင်နေပါဘုရား။"

**"ပညာလွန်တော့ ကွန့်တယ်"**

ဒါကြောင့်....

"ဗလဝပ္ပညော ဟိ မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ။"

ဗလ ဝပ္ပ ညော၊ ပညာတွေ အားကောင်းပြီး တော့။ မန္ဒသဒ္ဓေါ၊ သဒ္ဓါတရား နောက်ကမလိုက်နိုင်ယင်။ ကေရာဋိက- ပက္ခံ၊ ကောက်ကျစ်ယုတ်မာတဲ့ဘာဝသို့။ ဘဇတိ၊ ရောက်လေ တော့၏။

ပညာတွေကလွန် သဒ္ဓါ နောက်ကမလိုက်နိုင်၊ အဲဒီပုဂ္ဂိုလ် ဟာ ယုတ်မာတဲ့သဘောတွေ ဝင်တတ်တယ်။

"ကုသလံနာမ စိတ္တုပ္ပါဒမတ္တေနေဝ ဟောတီတိ၊ ဒါနာ ဒီနိ အကရောန္တော နိရယေ ဥပပဇ္ဇတေ။"

ကုသလံနာမ၊ ကုသိုလ်တရားဆိုတာ။ စိတ္တုပ္ပါဒမတ္တေနေဝ၊ စိတ်ထဲဖြစ်ရုံမျှသာလျှင်။ ဟောတိ၊ ကိစ္စပြီး၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆိုပြီးတော့။ ဒါနာဒီနိ၊ဒါနစသည်တို့ကို။ အက ရောန္တော၊ မလုပ်တော့ပါပဲနဲ့။ နိရယေ ဥပပဇ္ဇတေ၊ ငရဲသို့သွား လေတော့၏။

ပညာအားကြီးတဲ့လူ နေရာတကာ ဝေဖန်ချက်တွေကများ။ ဝေဖန်ချက်တွေ သိပ်များလာ။ သဒ္ဓါက နောက်က မလိုက် သဖြင့်၊ အဲဒီပုဂ္ဂိုလ်ဟာ ဘာတွေဖြစ်ကုန်တုန်းဆိုယင်....

"ကုသလံနာမ စိတ္တုပ္ပါဒမတ္တေနေဝ" ကုသိုလ်ဆိုတာ စိတ် ကလေးတလုံးတည်းပဲ, ဒါကြောင့် စိတ်ထဲဖြစ်ယင် ပြီးတယ်တဲ့။

"ဒါနာဒီနိ အကရောန္တော"လှူခြင်း တန်းခြင်း, သီလတောင်း ခြင်း, အားထုတ်ခြင်း, ဘာဝနာလုပ်ငန်းတွေကို ဘာကိုမျှမလုပ် တော့ပါပဲနဲ့ ပညာနဲ့ဆန်းစစ်ပြီးတော့ သူက လာလိုက်တာ....

"စိတ်ထဲဖြစ် ပြီးရော, သဒ္ဓါ နောက်ကမလိုက်ပဲနဲ့၊ ဟုတ် လား။"

"မှန်ပါဘုရား။"

"ဒါကြောင့်မို့ ပညာလွန်ယင် ကန့်တယ်လို့ ဆိုတယ်။ သဒ္ဓါလွန်ယင် ဆွံ့တယ်လို့ ဆိုတယ်။ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"သဒ္ဓါလွန် ဘာကြောင့်ဆွံ့တုန်းဆိုတော့ အလွဲယုံကြည်လို့။ ပညာလွန်တော့ ကန့်တယ် ဘာဖြစ်လို့လဲ၊ ဝေဖန်မှုတွေ များလို့၊ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"အဲဒါကြောင့် သဒ္ဓါသမား အလွဲမယုံကြည်ရလေအောင် ဗုဒ္ဓါနုဿတိပေးလိုက်၊ သဒ္ဓါသမား အလွဲမယုံကြည်ရလေအောင် ဘာပေးရမလဲ။"

"ဗုဒ္ဓါနုဿတိပါဘုရား။"

"ဗုဒ္ဓါနုဿတိနဲ့ စိမ်ထားလိုက်တော့....ဆွံ့ခြင်း တွန့်ခြင်း မရှိတော့ဘူး။"

"မှန်ပါဘုရား။"

"ဗုဒ္ဓါနုဿတိပေးတော့ ဘယ်အလွဲယုံတော့မလဲ၊ ဗုဒ္ဓါနုဿတိက အမှန်ဆုံး အနုဿတိနော်။"

"မှန်ပါဘုရား။"

### "ဝေဖန်ရေးသမားကြီး ဦးပညာ"

အေး....ပညာသမား ဝေဖန်မှုတွေအားကြီးတဲ့ပုဂ္ဂိုလ်ကလဲပဲ သိပ်ပြီးတော့ ဝေဖန်၊ လူ့ပြည် ဝေဖန်၊ နတ်ပြည် ဝေဖန်၊ ငရဲပြည်လဲ ဝေဖန်၊ ကုသိုလ်အကုသိုလ် ရှောက်ဝေဖန်။

"မင်း, ဝေဖန်ဆန်းစစ်တဲ့ပညာ တယ်ကျက်စားချင်တဲ့လူ၊ ခန္ဓာထဲက ဓာတ်တွေကို ဝေဖန်ကြည့်စမ်း, ပေးထားလိုက်၊ မကောင်းဘူးလား။"

"ကောင်းပါဘုရား။"

"ဝေဖန်မှု စိစစ်မှုများတဲ့လူ ဟောဒီ ဓာတုမနသိကာရလို့ ခေါ်တဲ့ ဓာတ်လေးပါးနဲ့ပြီးတော့ 'မင်း, ဝေဖန်ကြည့်စမ်း' ဆိုတော့မှ သူ့ရဲ့ဉာဏ်ဟာ အဲဒီတော့မှ ကျက်စားလို့ အား ကောင်းသွားတယ်။"

"မှန်ပါဘုရား။"

"ထိုအချိန်လဲကျရော ဓာတ်ကိုခွဲပြီးတော့ ပညစနဲ့စိစစ်ယင်း စိစစ်ယင်းနဲ့ တဖြည်းဖြည်း နောက် သဒ္ဓါ လိုက်လာတယ်၊ ဟုတ်လား။"

"မှန်ပါဘုရား။"

"ဒါကြောင့် အနာနဲ့ဆေး တည့်အောင်ပေးရမယ်။"

## "စရိုက်(၆)ပါး နဲ့ ကမ္မဋ္ဌာန်း(၆)မျိုး"

ရာဂကို အသုဘနဲ့ နှိမ်ထား။ ဒေါသကို မေတ္တာနဲ့ နှိမ်ထား။ မောဟအားကြီးပြီးတော့ မေ့လျော့တတ်တဲ့ပုဂ္ဂိုလ်ကို သေခြင်းတရားနဲ့ နှိမ်ထား။ ဟုတ်ပလား။

"မှန်ပါဘုရား"

သဒ္ဓါသမားကို ဗုဒ္ဓါနုဿတိနဲ့ စိမ်ထား။ ပညာသမားကို ဓာတ်ကမ္မဋ္ဌာန်းနဲ့ စိမ်ထား။ တောင်ကြားမြောက်ကြား အလံတိုင် ထိပ်က အလံလေတိုက်တဲ့အခါ တဖြတ်ဖြတ်လွင့်နေသလို လွင့်

နေတဲ့ ဝိတက်သမားကိုတော့ အာနာပါနဿတိ ကမ္မဋ္ဌာန်းနဲ့ ဖုဋ္ဌ-ဌာနထိရာအရပ်မှာ သတိကြိုးနဲ့ ဒီစိတ်ကို ချည်ထားလိုက်၊ ဟုတ်ပလား။

"မှန်ပါဘုရား"

"ဝိတက်သမား ငြိမ်ရောမဟုတ်လား။"

"မှန်ပါ၊ ငြိမ်သွားမှာပါဘုရား။"

"အဲ....ငြိမ်သွားမှာပါဆိုတော့ သူဟာ မသေချာသေးဘူး၊ ငြိမ်ကို ငြိမ်သွားတယ်။ ဟုတ်လား။ ကိုင်း....စရိုက်ခြောက်ပါး မဟုတ်လား။"

"မှန်ပါဘုရား။"

"စရိုက်ခြောက်ပါးကို ဦးတည်တဲ့ကမ္မဋ္ဌာန်းကလဲ ခြောက်မျိုး။ အနာနဲ့ဆေး, တဲ့အောင်ပေး, ပျောက်ရေးမခက်ပါ, နော်။"

"မှန်ပါဘုရား။"

"အနာနဲ့ဆေး မတဲ့ယင်တော့ တို့ပရိသတ် ပျောက်ဖို့ခက်လိမ့်မယ်။"

"မှန်ပါ ဘုရား။"

## "ဗိန္ဒောဆရာကြီး ဦးမန်ကျည်းသီး"

အဲ....ဆေးဆရာတယောက် ဆေးကုသလို ဆိုတော့ တယ်မကောင်းဘူး၊ ဆေးဆရာတယောက်က မန်ကျည်းသီးနဲ့ဆားပဲ လုံးထားတယ်။ ဘာရောဂါပဲလာလာ မန်ကျည်းသီးနဲ့ဆားပဲ ဖိဖိတိုက်တာ၊ အညောင်းမိ ဝမ်းချုပ် စမြင်းခံနေတဲ့လူ တိုက်

လိုက်တော့ သူ့ဥစ္စာ ဟုတ်သား။ စမြင်းတွေ ကျပြီးလဲသွားရော လူကို ပေါ့ရှင်း လေတွေဘာတွေကျ။အဲ....မျက်လုံးတွေ နားထွေကို ကြည်ပြီးတော့၊ သွက်သွက်လက်လက်, အပြောင်းအညာ ပြေလို့။

"အဲ....ဝမ်းလျှောနေတဲ့လူ သွားတိုက်မိတော့ သေရောတဲ့။ တို့ပရိသတ်ရေ နော်။"

"မှန်ပါ ဘုရား။"

"အေး-ဒါကြောင့်မို့လို့ ဗိန္ဒောဆရာတယောက် ဘာရောဂါ ပဲလာလာ မန်ကျည်းသီးနဲ့ ဆား တိုက် ဆိုတာလိုပဲ စရိုက်က ခြောက်မျိုးရှိနေတာ၊ ဘာစရိုက်ပဲလာခဲ့လာခဲ့ ဒီကမ္မဋ္ဌာန်း ဒီတမျိုးထဲချည့် ဖိအားထုတ် ဆိုလို့ရှိယင်၊ ခုနက ဆေးဆရာ နမူနာအတိုင်း ဖြစ်မျှားဖြစ်မလား မသိဘူး၊ တို့ပရိသတ်၊ သတိ ထားရမယ်နော်။"

"မှန်ပါ ဘုရား။"

**"ရဟန်းငါးရာ ကမ္မဋ္ဌာန်းယူ၍ ဇေတဝန်မှ ထွက်ခွာကြခြင်း"**

ယခု ဇေတဝန်ရွှေကျောင်းက ဘုရား မြတ် စွာ သည် အထူးထူးသောဒေသ တိုင်းပြည်များမှ ကြွရောက်လာတော်မူကြတဲ့ သံဃာတော်အရှင်မြတ်တို့အား စရိုက်ခြောက်ပါးနဲ့လျော်ညီစွာ ကမ္မဋ္ဌာန်းခြောက်မျိုးကို ဟော ပြီး တော့ နေ တုန်း သံဃာတော်ငါးရာ ကျောင်းတိုက်ထဲ ကမ္မဋ္ဌာန်းနည်းယူမလို့ ရောက်လာပြီး....

"သံဃာတော်ငါးရာဟာ ဝါဆိုခါနီးအချိန် ကမ္မဋ္ဌာန်း တောင်းဖို့ရန် ဘုရားထံမှောက် ရောက်ပြီဗျနော် ဟုတ်လား။"

"မှန်ပါ ဘုရား။"

ဒီတော့....ရောက်လာကြတဲ့ ကိုယ်တော်တွေကို ဘာကမ္မဋ္ဌာန်း ပေးလိုက်တယ်ရယ်လို့တော့ အဋ္ဌကထာက အတိအကျဆိုးဖြတ် ချက်တော့ မပါဘူး။ ထိုကိုယ်တော်ငါးရာ ဘုရားထံက ကမ္မဋ္ဌာန်း ယူတယ်။ ကမ္မဋ္ဌာန်းယူပြီးတော့ ကိုယ်တော်ငါးရာ ဇေတဝန်က ထွက်။

ဂေါစရဂါမ-ဆွမ်းခံရွာလဲပဲ ကောင်းရမယ်၊ ရေလဲပဲ ကောင်း ရမယ်၊ စိမ့်စမ်းလဲ ကောင်းရမယ်၊ ဝိဝေကလဲ ဖြစ်ရမယ်။

"ဂမနာဂမနသမ္ပန္န"သွားလမ်းလာလမ်းနဲ့လဲ ပြည့်စုံရမယ်။

"ဘောဇနသပ္ပါယ" ဆွမ်း၏မျှတခြင်း ဟုတ်လား။

"မှန်ပါ ဘုရား။"

"ဥတုသပ္ပါယ"ရာသီဥတု၏ မျှတခြင်း။

"ပုဂ္ဂလသပ္ပါယ"သူတို့ငါးရာအချင်းချင်း ညီညွတ်ပြီးတော့ မျှတခြင်း။

### "ရဟန်းငါးရာ တောထွက်သွားကြခြင်း"

အဲဒီလို သပ္ပါယညီညွတ်တဲ့နေရာ ရွေးလိုက်တော့ ဟိမဝန္တာ တောင်ငင်က တောတန်းကြီးတခုကို သဘောကျတယ်။ စိမ်းစို ညိုနေတဲ့ တောအုပ်ကြီး။ တောင်ကြားကြီးထဲကို သံဃာတော် ငါးရာဝင်ပြီးတော့ သွားကြတယ်။

ကျောက်ဖျာကြီးတွေ ကျောက်ဖျာကြီးတွေကလဲ တောကြီး ထဲ ခင်း၍ခင်း၍ အလိုလိုဖြစ်ပြီးတော့ နေတယ်၊ ဘုန်းကြီးတို့

ပရိသတ်ရေ ထိုတောစပ်နားမှာ ရွာကြီးတခုကလဲပဲ အိမ်ခြေ တစ်ထောင်ခန့်ပမာဏရှိတဲ့ ရွာကြီး။ ချမ်းချမ်းသာသာ စိုက်ရေး ပျိုးရေး ရောင်းရေးဝယ်ရေးနဲ့ ပြည့်စုံနေတယ်။

ဆွမ်းအာဟာရအတွက် မခက်ခဲမဆင်းရဲတဲ့ ရွာကြီးဆိုတော့ ဒီရွာကို "ဂေါစရဂါမ"ဆွမ်းခံဖို့ အမှီပြုပြီး ကမ္မဋ္ဌာန်းအလုပ် အားထုတ်မယ်လို့ ကိုယ်တော်အရှင်မြတ် ငါးရာတို့သည် ထို ဟိမဝန္တာတောစပ်က တောအုပ်ထဲဝင်၍၊ ကမ္မဋ္ဌာန်းတရား ပွားများကြိုးကုတ် အားထုတ်တော်မူကြပါတယ်။

ကိုယ်တော်အရှင်မြတ်ငါးရာ တောအုပ်ထဲဝင်၍ ကမ္မဋ္ဌာန်း အလုပ် အားထုတ်နေတဲ့အချိန်၊ အိမ်ခြေတစ်ထောင်ပမာဏ ထိုရွာက "ကိုယ်တော်ရှင်မြတ်ငါးရာတို့အတွက် အရှင်ဘုရားတို့ရဲ့ ဆွမ်းရေး၊ ကွမ်းရေး၊ ကျောင်းရေး၊ သင်္ကန်းအရေး၊ ဆေးအရေး ဆိုတဲ့ ပစ္စည်းလေးပါးတာဝန် တပည့်တော်များ ယူကြောင်းပါ ဘုရား"တဲ့။

## "သီလဂုဏ်နဲ့ပြည့်စုံကြတဲ့ ရဟန်းတော်များ"

ဒကာတွေက ပစ္စည်းလေးပါးဖြင့်ဖိတ်၊ ကိုယ်တော်အရှင်မြတ် တွေက ဓမ္မာနုဂ္ဂဟနဲ့ချီးမြှောက်၊ ထိုတောအုပ်မှာဝင်၊ ကမ္မဋ္ဌာန်း တရား ပွားများအားထုတ်ကြတယ်၊ ကိုယ်တော်တွေက သီလ ဝန္တကိုယ်တော်တွေ တဲ့။

"ဘာကိုယ်တော်တွေတဲ့...."

"သီလဝန္တကိုယ်တော်တွေပါ ဘုရား။"

တို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ သီလဝန္တ ကိုယ် တော်အရှင်မြတ်တို့သည် တောအုပ်ထဲဝင် ကမ္မဋ္ဌာန်းကျောင်းမှာ

သီတင်းသုံးပြီးတော့ နေ့သန့်ရာ,ညသန့်ရာ နေရာများရွေးချယ်၊ စကြံနဲ့ ကုဋီနဲ့ ရေချိုးအိမ်နဲ့ ကမ္မဋ္ဌာန်းကျောင်းနဲ့ ဥပုသ်အိမ်နဲ့ ပြည့်ပြည့်စုံစုံ လုံလောက်တဲ့ ကမ္မဋ္ဌာန်းဌာနကြီးတခု။

ရာသီဥတုများ သာယာကြည်နူးတဲ့အချိန် ကိုယ်တော်တွေ သစ်ပင်ရင်း ထိုင်အားထုတ်တော့ သစ်ပင်ရင်း ထိုင်ပြီးတော့ သီတင်းသုံးတော့ ပလ္လင်္ကံ အာဘုဇိတွာ,ပေါ့၊ တင်ပျဉ်ခွေပြီး တော့ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ဖို့ ထိုင်လိုက်ကြတာ ဖြစ်ပေါ်လာတဲ့ အရေးအခင်းက....

**"သီလတန်ခိုးကြောင့် ရုက္ခစိုးများ ဖယ်ရှားပေးကြခြင်း"**

"သီလဝန္တာနံ ဘိက္ခူနံ တေဇေန ရုက္ခဒေဝတာ ရုက္ခတော ဩရောဟိတွာ ဒါရကေ ဂဟေတွာ ဣတော စိတော ဝိစရန္တိ။"

သီလဝန္တာနံ၊ သီလရှိပါတယ်ဆိုတဲ့ ရဟန်းတော်တို့ရဲ့။ တေဇေန၊ တန်ခိုးရှိန်စော် သီလအာနုဘော်တော်ကြောင့်(ဝါ) သီလရဲ့တေဇ,သီလတန်ခိုးတော်ကြောင့်။ ရုက္ခဒေဝတာ၊ ထို- တောအုပ်ထဲ သစ်ပင်ထက်မှာ ဘုံဗိမာန်ပေါက်ပြီးတော့ နေကြ ပါတယ်ဆိုတဲ့ ရုက္ခစိုးနတ်အပေါင်းတို့သည်။ ရုက္ခတော၊သစ်ပင် ပေါ်မှ။ ဩရောဟိတွာ၊ ဆင်းကြကုန်၍။ ဒါရကေ၊ ကလေး သူငယ်တို့ကို။ ဂဟေတွာ၊ ကိုင်ဆွဲကြကုန်၍။ ဣတောစိတော၊ ထိုမှဤမှ။ ဝိစရန္တိ၊ လှည့်လည်၍ နေကြရရှာကုန်၏။

အဋ္ဌကထာက ကောက်နုတ်ချက် ထုတ်ပေးလိုက်တယ်။ သီလဝန္တကိုယ်တော်တို့ရဲ့ သီလတန်ခိုးနဲ့ သစ်ပင်ထက်နေတဲ့ ရုက္ခစိုးတွေဟာ မနေနိုင်, မနေရဲကြတော့ဘူးတဲ့။

"စာလိုပြောတော့ ရုက္ခဒေဝတာ၊ အရပ်ထဲပြောတော့ ရုက္ခစိုးတဲ့နော်။"

"မှန်ပါဘုရား။"

**"ရုက္ခစိုး ဆိုတာက"**

ရုက္ခဒေဝတာ သစ်ပင်ကလေးတပင်ရယင် ထိုသစ်ပင်ကို တန်ခိုးနဲ့ ဘုံဗိမာန်ကြီးဖြစ်အောင် ဖန်ဆင်းပြီးတော့ ထိုသစ်ပင်ထက်မှာ ပေါက်ထားတဲ့ဘုံဗိမာန်ပေါ်မှာနေကြတာဟာ ရုက္ခစိုးခေါ်တယ်။

"ဘုန်းကြီးတို့စာထဲလာတဲ့ ရုက္ခစိုး ပြောပါတယ်၊ သစ်ပင်ပေါ် သူဟာသူ ဗိမာန်ပေါက်နေတာ၊ ဟုတ်လား။"

"မှန်ပါဘုရား။"

"အဲ....တို့ပရိသတ်က သစ်ပင်အောက် တဲကလေး ထိုးပေးပြီးမှ နေရတဲ့ ရုက္ခစိုးမျိုး မဟုတ်ဘူး၊ ဘုန်းကြီးတို့ စာထဲကတော့...."

"မှန်ပါဘုရား။"

အမယ်လေး....တို့ပရိသတ် ရုက္ခစိုးကတော့ သစ်ပင်ခြေရင်းတဲ က လေး ကို ထိုး ပေး ထား ရ သေး တယ်။ အဲ ဒီ အ ထဲ နွားကျောင်းသားတို့ ဘာတို့-ညာတို့က ဖျက်ဆီးသွားယင်ပြီးရော၊ အဲဒီရွာ တခါတည်း အမှုဝင်တော့တာပဲ။ 'သယ်....နင်တို့တရွာလုံး ငါသတ်ပစ်မယ်'တဲ့၊ ဘာလဲဆိုတော့ အမှုက အဲဒီ ရုက္ခစိုးနေဖို့ရန် ဆောက်ပေးထားတဲ့တဲ နွားကျောင်းသားတို့-ဘာတို့က ဖျက်ပစ်လို့တဲ့။ အမှုက အဲဒါ တရွာလုံး သတ်မယ်လို့ ဖြစ်လာတယ်။ ဟုတ်လား။

"မှန်ပါဘုရား။"

တရွာလုံး သတ်နိုင်တဲ့တန်ခိုး ရှိယင်လဲ ဒီ အကောင်လေး တွေ စောစောက လည်ပင်းညှစ်ထားလိုက်ပေါ့။ ခုတော့မဟုတ်ဘူး၊ ဒီ နွားကျောင်းသား တဲဖျက်သွားတဲ့အကောင်တွေတော့ ဘာမှမလုပ်ဘူး၊ ရွာလာပြီးတော့ ကြိမ်းတယ်ဆိုတော့ ဟုတ်လား သူ့ဥစ္စာ၊ မဆိုင်တဲ့နေရာ သွား ကြိမ်းတာ။

အဲဒါ ရွာထဲကလူတွေကလဲ ကြောက်လိုက်တဲ့ ဖြစ်ခြင်း၊ သိမ့်သိမ့်ကိုတုန်လို့၊ 'ကလေး အမိုက်အမဲလေးတွေ ဗွေမယူပါနဲ့ ဘာဖြစ်လို့လဲ ပြောပါ' ဆိုတော့ 'နင်တို့ရွာက အကောင်တွေ ငါနေတဲ့ဗိမာန် ဖျက်ပစ်တယ်' တဲ့။

"ဘုမ္မစိုး နဲ့ အာကာသစိုး ဆိုတာက"

ဘုန်းကြီးတို့ စာထဲကတော့ ဘာပြော၊ သစ်ပင်မှာ ဗိမာန် ပေါက်နေသည်ကား ရုက္ခဒေဝတာ ခေါ်တယ်။ မြေကြီး ဗိမာန်ပေါက်နေသည်ကား ဘုမ္မဒေဝတာ ခေါ်တယ်။ ဘုမ္မစိုး ဟုတ်လား။

"မှန်ပါဘုရား။"

မြေကြီး ဗိမာန်ပေါက်နေတယ်၊ ဘုမ္မဒေဝတာ-ဘုမ္မစိုး။ သစ်ဖင်ဗိမာန်ပေါက်နေတယ်၊ ရုက္ခဒေဝတာ- ရုက္ခစိုး။ ကောင်းကင်မှာ ဗိမာန်ပေါက်နေကြတယ်၊ အာကာသဋ္ဌဒေဝတာ- ကောင်းကင်ကနတ်တဲ့ ကောင်းကင်စိုးလို့ ခေါ်လိုက်အုံးပေါ့။ အဲဒီလို ရှိရမယ်၊ ဘုန်းကြီးတို့ပရိသတ်များ။

"မှန်ပါဘုရား။"

ရွာထဲကလူတွေ မရှိမဲ့-ရှိမဲ့ ထန်းလက်ကလေးတွေ သစ်သား လေးတွေ ဝါးလေးတွေနဲ့ ဖြစ်သလို စုလုပ်ထားတဲ့ တဲကုပ် ပေါ်နေတဲ့ဥစ္စာ တို့-ပရိသတ်ရေ....ဘုန်း ကြီး စိတ် ထင် တော့ တစ္ဆေသရဲဖြစ် ထင်ပါရဲ့နော်။”

“မှန်ပါဘုရား။”

“အဲဒါကြောင့် ‘မင်းတို့တရွာလုံး သတ်မယ်’လို့ ကြိမ်းတာ ပေါ့။”

“မှန်ပါဘုရား။”

ဒီတော့ တရွာလုံးကျွတ် ထွက်ပြီးတော့ လာ၊ ဘာပြော ကောင်းမလဲ၊ တရွာလုံးသတ်မယ်ဆိုတော့ ဝါးဆွဲတဲ့လူက ဆွဲ၊ သစ်ဆွဲတဲ့လူက ဆွဲ၊ အမိုက်အမဲကလေးတွေ ဗွေမယူပါနဲ့ ဆိုပြီး တော့ အဲဒီတဲကလေး ပြန်ပြီးတော့ ထိုးပေးရတယ်။ ဟုတ် လား။”

“မှန်ပါဘုရား။”

“ဟယ်....ဗြုံးဗြုံး ဗြုံးဗြုံး, ရုံးရုံး ရုံးရုံးနဲ့ ရွာလုံးကျွတ် မီး တွေလောင်ကြပြီဆိုတော့ သူတို့တတွေ ဘယ်ပြေးကုန်တယ်မသိ ဘူး၊ ဟုတ်ပလား။”

“မှန်ပါဘုရား။”

“ဒီကနေ့ပဲ ဂူတ္တလစ် လောင်သွားပြီမဟုတ်လား....လို့”

“လောင်သွားပါဘုရား။”

“ဘယ်လောက်များဒုက္ခရောက်လိုက်ကြမလဲလို့ ရက္ခစိုးတွေ, သစ်ပင်အောက်က တဲကလေးတွေထဲက သတ္တဝါတွေ....”

“မှန်ပါဘုရား။”

ဘုံဗိမာန်နဲ့သစ်ပင်ပေါ်မှာပေါက်နေတယ်ဆိုတာ တို့ပရိသတ် ရုက္ခစိုးလို့မှတ်ပါ။ မြေကြီးပေါ်မှာ ဘုံဗိမာန်ပေါက်နေတာက ဘုမ္မစိုးဆိုတာ မှတ်ပါ။ ရုက္ခစိုးက သစ်ပင်ဗိမာန်ပေါက်တယ်၊ သစ်ပင်ရယင် ဗိမာန်ဖြစ်တယ်၊ ကောင်းကင်မှာ ဗိမာန်ပေါက် ပြီးတော့နေယင် အာကာသဋ္ဌဒေဝတာ အာကာသစိုး လို့မှတ်ပါ။ ယခု....

"ရဟန်းငါးရာတို့ တောတွင်း ဝါဆိုတော်မူကြခြင်း"

သီလဝန္တာနံတေဇေန၊သီလဝန္တကိုယ်တော်ရှင်မြတ်တို့ရဲ့ သီလ တန်ခိုးကြောင့်။ ရုက္ခဒေဝတာ၊ သစ်ပင်စောင့်နေကြတဲ့(ဝါ) သစ်ပင်မှာ ဘုံဗိမာန်ပေါက်နေကြတဲ့ ရုက္ခစိုးနတ်အပေါင်းတို့ သည်။ ဒါရကေ၊ကလေးသူငယ်တို့ကို။ ဂဟေတွာ၊ကိုင်ဆွဲကြကုန် ၍။ အာဒါယ၊ ချီကြကုန်၍။ ဂဟေတွာ၊ လမ်းလျှောက်နိုင်ကြ တဲ့ကလေးလေးတွေကိုလဲ လက်ဆွဲပေါ့။

လမ်းမလျှောက်နိုင်တဲ့ ကလေးလေးတွေကျတော့....

အာဒါယ၊ ပွေ့ချီးပြီးတော့။

ဘုံဗိမာန်ထက်က ဆင်း့မြေကြီးမှာ လျှောက်ပြီးတော့ နေ ကြရတယ်။ အဲဒီနေရာ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ အော်....ရုက္ခစိုးတွေလဲ အိမ်ထောင်သားမွေးရှိတာပဲ။

"ကလေးလေးတွေ လက်ဆွဲသွားနေတယ်ဆိုတာ ပါသကိုး ဗျနော်။"

"မှန်ပါဘုရား။"

အဲဒီလို ကလေးသူငယ်တွေ လက်ဆွဲ၊ သီလဝန္တကိုယ်တော် တွေက သစ်ပင်ရိပ်ထိုင်တော့ သစ်ပင်ထက်က ရုက္ခစိုးတွေ မနေ

နိုင်၊ မြေကြီးဆင်းပြီးတော့ နေကြရတယ်၊ စိတ်ထဲတော့ သူတို့က ထင်ထားတယ်၊ တနေ့နေ့ ဒီကိုယ်တော်တွေ ရဟန်းတရားအား ထုတ်ပြီး ပြန်ကြထင်ပါရဲ့ ဆိုပြီးတော့ နေတာ၊ ဝါဆိုရက်လဲ ရောက်ကရော သူတို့ ကောင်းကောင်းကြီး နားလည် သွား တယ်။ ဝါဆိုလပြည့်ကျော်တရက်လဲ ရောက်ကရော....

"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝသံ ဥပေမိ။"

ကိုယ်တော်တွေ ဆိုကြတယ်။

ဣမသ္မိံဝိဟာရေ၊ ဤ တောရကျောင်းအတွင်းမှာ။ ဣမံ တေမာသံ၊ ဤတဝါတွင်းတို့ကာလပတ်လုံး။ ဝသံ၊ နေထိုင်ခြင်း သို့။ ဥပေမိ၊ တပည့်တော်တို့ ကပ်ရောက်ကြပါ၏။

ဆုံးဖြတ်ချက်ချ၊ ဒီတဝါတွင်းလုံး ဒီတောကျောင်းနေမယ် လို့ ဆုံးဖြတ်ပါပြီလို့ ဝါဆိုသံရွတ်လိုက်တဲ့အချိန်....ရုက္ခစိုးတွေ နားလည်သွားတယ်။

"ဒီကိုယ်တော်တွေ ဒီဝါတွင်းမပြန်ဘူး၊ သိပြီမဟုတ်လား။"

"သိသွားပါဘုရား။"

**"သီလ, သမာဓိ, ပညာ လက်ကိုင်ထားကြစမ်းပါ"**

မပြန်ဘူးဆိုတာ သိလဲသိရော ရုက္ခစိုးတွေ စိတ်ညစ်သွား တယ်၊ ဘာဖြစ်လို့ စိတ်ညစ်သွားတုန်းဆိုတော့ သီလဝန္တ ကိုယ်တော်တွေ သစ်ပင်ရင်းထိုင်နေတော့ သူတို့က အပေါ်က နေလို့မဖြစ်။

"အပေါ်မှာနေလို့မဖြစ်တဲ့အတွက်ကြောင့် သူတို့ကမြေကြီး ဆင်း, လမ်းလျှောက်နေကြရတယ်, မဟုတ်လား။"

"မှန်ပါဘုရား။"

"အဲဒါလေးလဲ သတိချပ်ထားလိုက်၊ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ် သစ်ပင်အောက်ရောက်ယင် သစ်ပင်ထက်က ရုက္ခစိုး နေမဖြစ်ဘူး၊ အောက် ဆင်းပေးရတယ်။"

"မှန်ပါဘုရား။"

"အဲဒါကြောင့်မို့ ဘုန်းကြီးတို့ပရိသတ်များ သီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ် ပြည့်စုံယင် ရုက္ခစိုးရော ဘုမ္မစိုးရော အနား လက်အုပ်ချီ ရောက်လာတယ်ဆိုတာ သေချာသပေါ့များ။"

"မှန်ပါဘုရား။"

"ဘာမှ အားမငယ်နဲ့၊ သီလ၊ သမာဓိ၊ ပညာ နှလုံးသားထဲ ထည့်သား၊ ဘယ်တောကြီးထဲပဲ သွားသွား၊ ဘယ်လောက် ခေါင်တဲ့နေရာကြီးပဲ သွားနေနေ၊တို့ပရိသတ် သူတို့က အမြဲတမ်း ကိုယ့် အရိုအသေပေးနေရမယ် မဟုတ်ပါလား။"

"မှန်ပါ၊ ပေးရမှာပါဘုရား။"

**"ဘုံဗိမာန်ပျောက်လို့ ရုက္ခစိုးတွေ စိတ်ညစ်ကြခြင်း"**

ယခု ကိုယ်တော်ရှင်မြတ်တွေရဲ့ သီလတန်ခိုးကြောက်လှသဖြင့် နတ်တွေ သစ်ပင်ထက် မနေရဲ၊ မြေကြီးဆင်း ကလေးတွေနဲ့ ဟိုသွားဒီသွား ဝါတွင်း....ကိုယ်တော်တွေ မပြန်ဘူးလို့ သိသဖြင့် စိတ်ညစ်သွားကြတယ်။ "တို့တော့ ဒီတဝါတွင်းလုံး မိုးထဲလေထဲ နေစရာမရှိ၊ မြေကြီးမှာ ဒီလို လျှောက်ရတော့မှာပဲ" တဲ့။

ဒီနေရာမှာ စဉ်းစားကြည့်တယ်။ ဟောဒီ တောအုပ်ထဲ ကိုယ်တော်ငါးရာ တရားအားထုတ်နေကြလို့ သူတို့ ဒီ နေစရာ မရယင် ဒိပြင်တောအုပ်ထဲ ဒိပြင်သစ်ပင်ထက် ဗိမာန် ဖန်ဆင်း

ပြီး နေလိုက်ပါတော့လားလို့ အဲဒါလေး ကိုယ်က အပို စဉ်းစားကြည့်တယ်၊အဖြေက ဘယ်လိုထွက်လာလဲဆိုတော့ ဒိပြင် သစ်ပင်ထက် ဒိပြင်နတ်တွေ သူ့ဟာနဲ့သူ နေရာယူပြီး ရှိမှာပဲလို့။

"ရန်ကုန်မြို့ထဲမှာ လူမနေပဲနဲ့ အလွတ်ထားတဲ့အိမ် အခွဲ ရယ်လို့ ရှိသေးသလားဗျာ။"

"မရှိပါ ဘုရား။"

"ကြပ်နေတာပဲ၊ အိမ်ကလေးတလုံးငှားဖို့ လွယ်ကိုမလွယ် ဘူး, မဟုတ်လား။"

"မှန်ပါ ဘုရား။"

ဒီအတိုင်းပေါ့၊ ခုနက ရုက္ခစိုးတွေလဲ နေစရာသစ်ပင် ရှာလို့ မရဘူး။ ရန်ကုန်ထဲ လူကြပ်နေတဲ့အတိုင်းပေါ့။ ဘုရားသာသနာ ထွန်းကားတဲ့ခေတ်, ဘုရားနဲ့နီးတဲ့အရပ်, ဘုရားကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်တွေ။ အဲဒါကြောင့်မို့ စိတ်ခပ်ညစ်ညစ်ရှိကြတာနဲ့ ဒီ ကိုယ်တော်တွေ ဒီတောထဲမနေနိုင်ပဲ မြန်မြန်ပြန်အောင် ဘယ် လိုလုပ်ရပါမလဲ၊ ကိုယ်တော်တွေ မြန်မြန်ပြန်စေချင်တဲ့အတွက် ကြောင့် ဝါဆိုပြီးတဲ့ရက်မှာ တရက် - နှစ်ရက် လောက်ပဲ ကြာတယ်။ ညလဲကျရော ရုက္ခစိုးတွေက....

"ရဟန်းတော်များကို ရုက္ခစိုးများ ခြောက်လှန့်ကြပြီ"

ဘိံသနကံ၊ ကြောက်မက်ဖွယ်ရာ ကောင်းလှစွာသော။ ရူပါရမ္မဏံ၊ ရူပါရုံကို။ ဒဿေန္တိ၊ ပြကြလေကုန်၏။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရူပါရုံအဆင်းတွေကို ရဟန်း တရားပွားများကြိုးကုတ် အားထုတ်တော်မူနေကြတဲ့ ကိုယ်တော် ရှင်မြတ်တွေကို ပြကြတယ်။

ဘိ ံသနကံ၊ ကြောက်မက်ဖွယ်ရာကောင်းလှစွာသော။ သဒ္ဒံ၊ အသံကိုလဲ။ သာဝေန္တိ၊ ကြားစေကြလေကုန်၏။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ အဆင်းတွေပြ၊ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အသံကြီးတွေ လွှတ်ပြီးတော့ သစ်ပင်ရင်းထိုင်နေကြတဲ့ ကိုယ်တော်တွေကို ခြောက်ကြတယ်၊ လှန့်ကြတယ်၊ ကိုယ်တော်တွေကို သတ်မယ်ဆိုတဲ့ မနောပဒေါသနဲ့ ခြောက်လှန့်နေကြတာ မဟုတ်ဘူး။ သူတို့ရဲ့သစ်ငင်ရိပ် လာထိုင်နေတဲ့အတွက်ကြောင့် သူတို့နေရာမရ ဖြစ်တယ်။ နေရာမရဖြစ်သဖြင့် စိတ်ညစ်ပြီးတော့ ကိုယ်တော်တွေ ပြန်အောင်ဆိုပြီးတော့ လုပ်ပါတယ်နော်။

"မှန်ပါ ဘုရား။"

"အဲဒါလေးကို ခွဲပြီးတော့ မှတ်ထား။"

ရုက္ခစိုးတွေ ဒီကိုယ်တော်တွေကို ခြောက်လှန့်တာဟာ တမင်နှိပ်စက်မယ်လို့ မဟုတ်ဘူး၊ သူတို့နေရာတွေကို ပြန်ရချင်လို့ ကိုယ်တော်တွေကို နှင်ကြတာဆိုတာ အဲဒါ မှတ်သားထားလိုက်။

"မှန်လှပါ ဘုရား။"

"ကမ္မဋ္ဌာန်းအားထုတ်တဲ့ကိုယ်တော်တွေ သီလနဲ့ မပြည့်စုံဘူးလား။"

"ပြည့်စုံပါ ဘုရား။"

### "နှိပ်စက်လို၍ ခြောက်လှန့်ခြင်းမဟုတ်"

ပြည့်စုံတယ်၊ သီလနဲ့ပြည့်စုံတဲ့အရှိန်အဝါကြောင့် အပေါ်မှာတော့ မနေရဲကြဘူး၊ ဘာကြောင့် မနေရဲသတုန်းဆိုတော့

ဂါရဝတရား ရှိသေသည်ဖြစ်၍ သီလရှိသူ့ရဲ့အထက်က သူတို့ မနေလိုဘူး၊ အောက် ဆင်းကြတယ်။

အောက် ဆင်းလိုက်ပြီးပြီဆိုတဲ့အခါကျတော့ ဒီကိုယ်တော်တွေ ကျောင်းပြန်အောင်ဆိုပြီး တနည်းတဖုံ နှင်ကြပြန်တယ်၊ နှင်တာက နှိပ်စက်မယ်ဆိုတဲ့ မနောဇဒေါသနဲ့ နှင်တာမဟုတ်၊ ကိုယ့်နေရာကိုယ် ပြန်ရချင်လို့။

"ကိုယ်တော်တွေ ကြွတော်မူကြပါလို့ ပါးစပ်နဲ့လျှောက်လို့ မကောင်းတဲ့အတွက် အဆင်းနဲ့လှန့် အသံနဲ့လှန့် ဟုတ်သား။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

ဘိံသနကံ၊ ကြောက်မက်ဖွယ်ရာ ကောင်းလှစွာသော။ ရူပါရမ္မဏံ၊ ရူပါရုံကို။ ဒဿေန္တိ၊ ပြကြလေကုန်၏။ ဘိံသနကံ၊ ကြောက်မက်ဖွယ်ရာ ကောင်းလှစွာသော။ သဒ္ဒံ၊ အသံတွေကိုလဲပဲ။ သာဝေန္တိ၊ ကြားစေလေကုန်၏။

တောသဲသစ်ပင်ရင်းထိုင်ထိုင်နေတဲ့ကိုယ်တော်တွေကို ရှေ့နားကနေပြီး ဆင်ကြီး အကြီးကြီးဖန်ဆင်းပြီး ထိုးခလို့ပြေးလာတဲ့ အသွင် ပြလိုက်၊ ကျားကြီး ဖန်ဆင်းပြီး ပြေးလာတဲ့အသွင်ကို ပြလိုက်၊ ခွေးတွေ ကျားသစ်တွေ ကြောင်တွေစတဲ့ သတ္တဝါပေါင်းစုံနဲ့ လှန့်။

ကြောက်စရာကောင်းတဲ့ မျက်လုံးပြူးပြူး အစွယ်ပြူးပြူး ပုံစံအမျိုးမျိုးနဲ့ ဖန်ဆင်းပြီးတော့ လှန့်၊ ပြီးတော့ ကြောက်စရာကောင်းလောက်တဲ့ အသံမျိုးကြီးတွေ၊ တော်လဲပဲ့တင်တဲ့ အသံမျိုးကြီးတွေနဲ့ ဟိန်းဟောက်ပြီးတော့ လှန့်။

## "ရဟန်းတော်များ သတိ သမာဓိ ပျက်ကာ တုန်လှုပ်ချောက်ချားလာကြခြင်း"

အဆင်းနဲ့ လှန့်၊ အသံနဲ့ လှန့်၊ ခြောက်လှန့်ပုံနှစ်မျိုးတို့ဖြင့် ခြောက်လှန့်ပါတယ်။ အဲဒီလို အဆင်းနဲ့ လှန့်၊ အသံနဲ့ လှန့်၊ နှစ်မျိုးသော ခြောက်လှန့်နည်းဖြင့် ခြောက်လှန့်ခြင်းခံကြရတဲ့ အရှင်မြတ်ငါးရာတို့ရဲ့ နှလုံးသားထဲက သမာဓိရယ်၊ သတိရယ်၊ တို့ပရိသတ်ရေ....လွင့်ထွက်သွားတယ်။

"သမာဓိ၊ သတိက နုနုကလေးကိုး...."

"မှန်ပါဘုရား။"

"ဝါဆိုဦး ရက်ပိုင်းပဲရှိသေးတယ်ဆိုတော့ သတိ၊သမာဓိက နုနုလေးရယ်နော်။"

နုနယ်တဲ့ သတိ၊ သမာဓိတွေဟာ ထိုကဲ့သို့သော ခြောက်လှန့်ခြင်းအာရုံတွေကို မခံနိုင်သဖြင့် သတိလဲ ပျက်စီးတယ်၊ သမာဓိတွေလဲ ပျက်စီးတော်မူကြတယ်။ သတိ၊ သမာဓိတွေ ပျက်စီးပြီးတော့ ဟဒယံကမ္ပတိ-နှလုံးကိုတုန်လှုပ်စေတယ်တဲ့။ အာရုံနှလုံးသား တုန်လှုပ်ဆိုတာက တည်ရာကို ပြောတာ။ တကယ်ဆိုတော့ ထိုနှလုံးမှီနေတဲ့ စိတ်ရဲ့တုန်လှုပ်ချောက်ချားခြင်း ဖြစ်ပာကို ပြောတာ။

စိတ်ရဲ့ချောက်ချားခြင်း ဖြစ်တာကြောင့် စိတ်မှီရာဖြစ်တဲ့ နှလုံးသားမှ သွေးများ သွားလာလည်ပတ်မှုတော့ မမှန်တော့ဘူး၊ နှလုံးသွေးသွားလာလည်ပတ်မှုတွေ မမှန်တော့ ထိုကိုယ်တော်တွေ တဖြည်းဖြည်း အအိပ်ပျက် အစားပျက်၊ မျက်တွင်းကလေးတွေ ဟောက်ပြီးတော့။

## "ရဟန်းတော်များ ထိတ်လန့်မှုနှင့်အတူ ရောဂါဘယ ဖြစ်လာကြခြင်း"

"မနက်ဆို တပါးနဲ့တပါး ပြန်ပြီးတော့ ဆုံရတဲ့အခါမှာ ကြောက်ရွံ့ထိတ်လန့်တဲ့အသွင် တုန်တုန်ရီရီအသွင်တွေ ပေါ်နေတယ်တဲ့နော်။"

"မှန်ပါဘုရား။"

"အဲဒီလို တုန်ရီထိတ်လန့်ကြောက်ရွံ့နေကြတဲ့ အသွင်အပြင်တွေ ပေါ်နေတဲ့အချိန်ကျတော့မှ နောက်တခါ အလွန်တရာ ဆိုးဝါးပြီး အခံခက်တဲ့အနံ့တွေလွှတ်တယ်၊ တို့ပရိသတ်ရေ...."

"မှန်ပါဘုရား။"

"ပထမ အဆင်းနဲ့အသံ လွှတ်တော့ နှလုံးပျက်သွားတယ်။ နောက်တခါ ရွံရှာစက်ဆုပ်ဖွယ်ရာကောင်းတဲ့ အနံ့တွေ လွှတ်လိုက်ပြန်တော့ ထိုအနံ့ရှူမိတဲ့ကိုယ်တော်တွေဟာ ဦးနှောက်ပါ ချောက်ချားသွားတယ်။"

"မှန်ပါဘုရား။"

"အဆင်းနဲ့အသံ လွှတ်ပြီးတော့ ခြောက်တဲ့အခါ နှလုံးသားတွေပျက်စီးခဲ့တယ်၊ ဖောက်ပြန်ခဲ့တယ်၊ သည်းခြေတွေပျက်စီးခဲ့တယ် ဟုတ်လား။"

"မှန်ပါဘုရား။"

အလွန်တရာစက်ဆုပ်ရွံရှာဖွယ်ရာ အနံ့တွေ လွှတ်ပြီးလုန့်တဲ့အခါကျတော့ ထိုရနံ့ကိုရှူမိတဲ့ ကိုယ်တော်တွေ ဘာဖြစ်တုန်း

ဆိုတော့ ဦးနှောက်တွေ ပျက်စီးခဲ့တယ်၊ သည်းခြေရောဂါ၊ နှလုံးရောဂါ၊ ဦးနှောက်ရောဂါ၊ ရောဂါတွေဖြစ်ပြီနော်။

"မှန်ပါဘုရား။"

## "ရဟန်းတော်များ စုဝေးတိုင်ပင်ကြပြီ"

ဥပုသ်ပြုမယ့်ဥပုသ်အိမ်ကိုယ်တော်တွေစုမိတဲ့အခါ ဥပုသ်အိမ် ဘယ်အချိန် စုတုန်းဆိုယင် ညနေစောင်း, သံဃုပဋ္ဌာန = သံဃာ ငါးရာရဲ့အကြီးအမှူးမထေရ်ကြီးထံ သြဝါဒခံဖို့ရာ ဥပုသ်အိမ် ဝင်ပြီး မထေရ်ကြီးထံခစားဖို့ သံဃာတွေစုတဲ့အချိန်လဲကျရော။

"တပါးမျက်နှာ တပါးကြည့်၊ တုန်တုန်ရီရီရှုံ့ရှုံ့ထိတ်ထိတ်နဲ့ မျက်လုံးပြူးပြူး မျက်ဆံပြူးနဲ့ ကိုယ်တော်တွေ ညှိုးပိန်ပြီး အအိပ်ပျက်အစားပျက်နဲ့ ကိုယ်တော်တွေတွေ့ကြရတယ်နော်။"

"မှန်ပါဘုရား။"

အချို့များ မျက်တွင်းဟောက်ပြီး မျက်လုံးတွေ ဝါနေကြတယ်၊ ဦးနှောက်က ပျက်လာကြပြီ။ ဒီတော့ မထေရ်ကြီး ဖြစ်တဲ့ကိုယ်တော်က စစ်ဆေးမေးမြန်းတဲ့အခါ အကြောင်းစုံ သိရတယ်။

ညည တရားအားထုတ်လို့ မဖြစ်။ ဆင်ကြီးပြေးလာ, ထိုး တော့မယ့်အသွင်တွေတော့ ထပြေးကြရ။ ကျောင်းတံခါးပိတ် တိတ်တိတ်ကလေး နေလိုက်ကြရ၊ ကြောက်စရာအသံတွေ ကြား, နားပိတ်ပြီး တခါတခါ ကမ္မဋ္ဌာန်းကျောင်းထဲ ဝင်နေကြရ။

အလှန်ဆိုးဝါး ယုတ်မာတဲ့ ရနံ့တွေ လာသဖြင့် ထိုင်ရာက ထပြေးကြရ။ "အဲဒီလို ဘုရားတပည့် တပည့်တော်များ ဖြစ်နေ

ကြောင်းပါဘုရား, ဒါကြောင့်မို့ တပည့်တော်တို့ ဒီနေရာနဲ့ မလျောက်ပတ်ဘူးလို့ ထင်ပါတယ်ဘုရား” တဲ့။

“အာဝါသသပ္ပါယ မဖြစ်ကြဘူးပေါ့ဗျာ။”

“မှန်ပါဘုရား။”

**“ရက္ခစိုးဘေးကြောင့် ရဟန်းငါးရာ ထွက်ပြေးကြပြီ”**

“အယံပဒေသော အမှာကံ အသပ္ပါယော။”

အယံပဒေသော၊ ဤကမ္မဋ္ဌာန်းတရားအားထုတ်နေတဲ့တပည့်တော်တို့ရဲ့အရပ်ဒေသသည်။ အမှာကံ၊ တပည့်တော်တို့အတွက်။ အသပ္ပါယော၊ မလျောက်ပတ်တော့ပါဘုရား။ မလျောက်ပတ်တဲ့အရပ်ပင် ဖြစ်ပါတော့သည်ဘုရား။

ဘန္တေ၊ အို….အရှင်မြတ်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ သန္တိကံ၊ ထံတော်သို့။ ဂန္တွာ၊ သွားကြကုန်၍။ အညံ၊ တပါးသော။ ဌာနံ၊ အရပ်သို့။ ဂမိဿာမ၊ သွားကြပါကုန်စို့ဘုရား။

ဘုရားထံတော်မှောက် သွား လျှောက်ထားပြီး တခြားနေရာ တပည့်တော်တို့ ပြောင်းကြရအောင်၊ ကိုယ်တော်တွေ စည်းဝေးညီညာတိုင်ပင် သဘောလဲကျ။ ဆုံ စည်းဝေးလို့ သဘောလဲတူပြီဆိုရော မနက်ကျ ဆွမ်းခံရွာကဒကာတွေ ဘယ်သူ့ကိုမှ အသိမပေးဘူး၊ ကိုယ်တော်ငါးရာ တခါတည်း ဇေတဝန် ပြန်သွားကြတယ်။

“နှစ်ရက်သုံးရက်အတွင်းမှာ ကိုယ်တော်တွေ အကုန်ပြန်သွားကြတယ်ဗျနော်။”

"မှန်ပါဘုရား။"

"ရက်ပိုင်းအတွင်းမှာ ကမ္မဋ္ဌာန်းတရား အားထုတ်လို့မဖြစ်တော့ ကိုယ်တော်တွေ ရွာတောင်အသိမပေးဘူး၊ ထွက်ပြေးကြရော။"

"မှန်ပါဘုရား။"

"တောရ အားထုတ်ချင်တဲ့ ကိုယ်တော်ကြီးနှစ်ပါး"

'ထွက်ပြေးကြရော'ဆိုလို့ ဘုန်းကြီးတို့ပရိသတ် ဘုန်းကြီးတို့ ကွေ့ဖူးတဲ့ကိုယ်တော်ကြီးနှစ်ပါးအကြောင်း ပြောရအုံးမယ်၊ ကိုယ်တော်ကြီးနှစ်ပါး ဘုန်းကြီးတို့သပိတ်အိုင်တောရလာပြီး "ကမ္မဋ္ဌာန်းတရား အားထုတ်ချင်လို့ပါ၊ သပိတ်အိုင်တောရ နေစမ်းပါရစေ"တဲ့၊ "ကမ္မဋ္ဌာန်းကျောင်းက နှစ်ကျောင်းတည်း ရှိတာကိုယ်တော်၊ တပည့်တော်တို့က သုံးပါးတောင် နေတာ၊ ဒီမှာနေလို့ ဖြစ်မှာမဟုတ်ဘူး။"

"တကျောင်းတပါးနေမှ ကောင်းတာ၊ သုံးပါးလေးပါးစုနေ ဘယ်တော်မလဲ၊ တိတ်ဆိတ်မှု မရဘူး၊ အဲဒါကြောင့် တခြားနေရာရွေးပါအုံး"ဆိုတော့၊ အတင်းကို ကျားပိန်တွယ်တွယ်ပြီး ဒီတောရနေရမှ သူတို့ တရားရလိမ့်မယ် ထင်နေတယ်၊ "သစ်ပင်ရင်းပဲနေရနေရ တပည့်တော်တို့နေစမ်းပါရစေတော့"တဲ့၊ "ကိုင်း....ဘုရား၊ ဒီလိုဆိုယင်လဲ ဟောဒီ သစ်ပင်ရင်းမှာ ခုတင်လေးတလုံးတော့ ချထားတာ ရှိတယ်၊ ဆရာတော်ကြီးလက်ထက်ထဲက ချထားတာ။"

သစ်ပင်ရင်းမှာ အမိုးမရှိ အကာမရှိဘူး။ နိသဇ္ဇတောင်, အဗ္ဘောကာသိကဓုတင်, ရုက္ခမူဓုတင် လုပ်ချင်လို့ရှိယင် လွယ်

အောင်။ "အဲဒီခုတင်လေးပေါ် တပည့်တော်များ သက်န်း လေးမိုးပြီးတော့ နေပါမယ်။" "ကိုင်း....နေပေါ့ဘုရား"ဆိုပြီး တော့ နေ။

ညနှစ်ချက်လောက်လဲ ကျရော ဘာပြော ကောင်းမလဲ၊ ကမ္မဋ္ဌာန်းကျောင်းတံခါးကို အပြင်ကနေ တဒုန်းဒုန်းနဲ့ တအား လာပြီးတော့ ပုတ်တယ်။ "အရှင်ဘုရား၊ ဆရာတော်ဘုရား၊ တံခါး ဖွင့်တော်မူပါ၊ တံခါးဖွင့်တော်မူပါ"နဲ့၊ တံခါးဖွင့်ပေးလိုက် တော့ သူကထိတ်ထိတ်ပျာပျာနဲ့ အထဲ တခါတည်းဝင်လာပြီး "ချက်ချင်း တံခါးပိတ်ပေးပါ"တဲ့။

**"ကျားကမ္မဋ္ဌာန်း စီးဖြန်းမိလေသလား"**

"ဘာဖြစ်လို့လဲ ပြောပါ" ဆိုတော့၊ "တပည့်တော်အနား ကျားကြီးလာတယ်ဘုရား"တဲ့၊ သူကပြောတယ်။ ဒီတောမှာကျား ရှိတယ်ဆိုတဲ့သတင်း သူကကြားထားတော့၊ ထိုင်ပြီးမျက်စိမှိတ် ယင်း သူက ကျားစိတ်ကူးနေပုံရတယ်၊ ကျားလာတယ်၊ ကျား လာတယ်နဲ့ သူ့ကမ္မဋ္ဌာန်းက ကျားကမ္မဋ္ဌာန်းဖြစ်နေပုံရပါတယ်။

"ကျားရှိတယ် ကျားလာလိမ့်မယ် ကျားရှိဘယ် ကျားလာ လိမ့်မယ်"နဲ့ တွေးယင်းတွေးယင်းနဲ့ သူ့အနားသမင်လေးတွေ ဖြူကလေးတွေ ဖြတ်ပြေးတာသူ့စိတ်ထဲ ကျားထင်ပုံရတယ်၊ အဲဒါ ကမ္မဋ္ဌာန်းကျောင်း အတင်း တွန်းဖွင့်ပြီးတော့ ကျောင်းထဲဝင်လာတယ်။

"မနက်အရုဏ်တက်တာနဲ့တပြိုင်နက်တည်း တပည့်တော်ပြန် ပါရစေဆို ဦးသုံးကြိမ်ချပြီး သက်န်းရောသပိတ်ရောယူ တခါ တည်းပြေးပါလေရော တို့ပရိသတ်ရေနော်။"

"မှန်ပါဘုရား။"

"အဲဒီတော့ ခြောက်တယ်ဆိုတာ တခါတခါ ကိုယ့်စိတ်နဲ့ ကိုယ် ခြောက်တာလဲရှိသေး။"

"မှန်ပါဘုရား။"

အဲ....သူ့ခြောက်မယ်ဆို ဒိပြင်ကိုယ်တော်တွေလဲ ခြောက်ဖို့ ကောင်း၊ ခုတော့ ဒိပြင်ကိုယ်တော်တွေတော့ မခြောက်ဘူး၊ သူ့တပါးတည်း ရွေးခြောက်သတဲ့။ အဲ....ပြီးတော့ရှိသေးတယ်၊ ဘုန်းကြီးတို့မရှိတဲ့အခါ ကိုယ်တော်ကြီးတွေ တစုလာတယ်၊ ကမ္မဋ္ဌာန်းကျောင်းပေါ် ထိုင်နေ့၊ နှစ်ရက်သုံးရက်လောက်ပဲ နေတယ်။ သူတို့လဲပဲ ထွက်ပြေးကြတယ်။

ညကျတော့ ဘာကြားတုန်းဆိုတော့ အောက်ကကျောင်းတိုင်ကို ရှဲရှဲ-ရှဲရှဲနဲ့ ပွတ်တဲ့အသံ ကြားသတဲ့။ ဘာဖြစ်တာတုန်းလို့ မေးကြည့်တော့ အဲဒါ ကျားလာပြီးတော့ ပွတ်နေတာဆိုပြီးတော့ နှစ်ရက်သုံးရက်ပဲနေပြီး ကိုယ်တော်ကြီးတွေလဲ ပြေးသွားကြတယ်။

"ဒီတော့ ဘုန်းကြီးတို့ပရိသတ်များ တောထဲမှာနေဆိုတဲ့ ဥစ္စာဟာပရိတ္တ= အရံအတား လိုတယ်ဆိုတာ သေချာတယ်နော်။"

"မှန်ပါဘုရား။"

"အရေးကြုံ သက်လုံကောင်းရမယ်"ဆိုတဲ့ နှလုံးသွင်းမှုထဲမှာ အားကိုးစရာထည့်ထား....

"မှန်လှပါဘုရား။"

"ဒီတော့ ထိုကိုယ်တော်ရှင်မြတ်ငါးရာ အားကိုးစရာ သီလ မရှိဘူးလား၊ ရှိလား။"

"ရှိပါဘုရား။"

## "ဖြစ်ကြောင်းကုန်စင် ဘုရားရှင်အား လျှောက်တင်ကြပြီ"

သီလအားကိုးရာ အားကောင်းလွန်းတဲ့အတွက်ကြောင့် သစ်ပင်ထက်ကနတ်တွေ မြေကြီး ဆင်းကြရတယ်၊ မြေကြီးဆင်းတော့ သူတို့ နေရာမရကြသည်ဖြစ်၍ ထိုနတ်များက စိတ်ဆိုးပြီး နေရာရစေခြင်းငှာ ထိုအရှင်မြတ်ငါးရာကို တောထဲက နှင်လိုက်ကြတာ။

အခု ကျောင်းရောက်လာကြပြီ၊ ကျောင်းရောက်ပြီး ဘုရားရှင်ထံတော်မှောက် ရောက်တော့ ဘုရားရှင်က မေးတယ်၊ "မင်းတို့ ဘာပြုလို့ ပြန်လာကြရတာတုန်း" ဆိုတော့၊ "တပည့်တော်တို့ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ပါတယ်၊ မြင်တော်မူတဲ့အတိုင်းပါပဲ၊ ကိုယ်တော်ငါးရာရဲ့ မျက်နှာ ကြည့်တော်မူပါတော့ဘုရား။"

"နှလုံးသားတွေ တုန်လှုပ်ချောက်ချား၊ သည်းခြေတွေပျက်လို့ တပည့်တော်များ ရောဂါတွေ ဖြစ်ကုန်ပါပြီ၊ ကြောက်မက်ဖွယ်ရာအဆင်းတွေလဲ တွေ့ပါတယ်မြတ်စွာဘုရား၊ ကြောက်မက်ဖွယ်ရာအသံတွေလဲ ကြားရပါတယ်မြတ်စွာဘုရား၊ ကြောက်မက်ဖွယ်ရာ ရွံရှာစက်ဆုပ်ဖွယ်ရာကောင်းတဲ့ ရနံ့တွေလဲ တပည့်တော်များကို နှိပ်စက်နေကြောင်းပါဘုရား။"

အဲဒီလို လျှောက်ထားတဲ့ အခါကျတော့မှ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က လှမ်းပြီးတော့ ကြည့်လိုက်တယ်၊ ဒီကိုယ်တော်အရှင်မြတ်ငါးရာ ဒီတောထဲမနေနိုင်အောင် ဖြစ်တာ ဘာဖြစ်တာပါလိမ့်မလဲလို့ ကြည့်လိုက်တော့...

"ရဟန်းတော်ငါးရာတို့အား ဗုဒ္ဓ ပြန်လည်စေလွှတ်ခြင်း"

ရုက္ခစိုးတွေနေတဲ့ သစ်ပင်အောက်သွားထိုင်တဲ့အခါ သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ရုက္ခစိုးတွေမနေနိုင်ကြတော့ပဲ ထိုကိုယ်တော်တွေကို နှင်လိုက်တာဖြစ်တယ်။ သီလမရှိတဲ့ အတွက်ကြောင့်လဲ မနေနိုင်ဖြစ်တတ်တယ်၊ သီလနဲ့ပြည့်စုံပြန်တော့လဲ သစ်ပင်အောက်သွားထိုင်ယင် သစ်ပင်ပေါ်ကနတ်က နေစရာမရလို့ နှင်ပြန်တယ်။

"အစွန်းက ဟိုဘက်ဒီဘက် အကုန်ထွက်နေတယ်နော်။"

"မှန်ပါဘုရား။"

"သီလမရှိပြန်ယင်လဲ တခါတည်း နှင်ထုတ်ပစ်တယ်၊ သီလနဲ့ ပြည့်စုံပြန်တော့လဲ ထိုသီလအရှိန်အစော် မခံနိုင်လို့ ခြောက်ကြလှန့်ကြပြန်တယ်။"

"မှန်လှပါ ဘုရား။"

အဲဒီကြားထဲမှာ အကာအကွယ်တခုတော့ လိုအပ်တယ်ဆိုတာ မြတ်စွာဘုရား မြင်တော်မူတယ်၊ "ဒီနေရာ ဒီကိုယ်တော်တွေ သပ္ပါယအဖြစ်ဆုံး ဒီနေရာ၊ ဒီကိုယ်တော်တွေ ရဟန္တာဖြစ်မှ ကိစ္စပြီးမှာ၊ တခြားနေရာ ချစ်သားတို့ မလျောက်ပတ်ဘူး၊ ချစ်သားတို့ နေတဲ့နေရာသည် ချစ်သားတို့အတွက် အလျောက်ပတ်ဆုံးပဲ၊

အဲဒီနေရာကို ချစ်သားတို့ ပြန်ပြီးတော့ သွားရမယ်၊ တခြားနေရာ ချစ်သားတို့ မသွားနဲ့။"

"ဒီနေရာပြန်သွားရမယ်ဆိုယင် တပည့်တော်များ အားကိုးရာ လိုပါတယ်ဘုရား"၊ "ကိုင်း....ငါဘုရား အားကိုးရာ ပေးမယ်" ဆိုပြီးတော့ မြတ်စွာဘုရားက ထိုကိုယ်တော်ရှင်မြတ်ငါးရာကို မေတ္တာကမ္မဋ္ဌာန်း ရှေးဦးစွာ ပေးရတယ်တဲ့။

"ဘာကမ္မဋ္ဌာန်းပေးရ...."

"မေတ္တာကမ္မဋ္ဌာန်းပါ ဘုရား။"

"မေတ္တာကမ္မဋ္ဌာန်း ရှေးဦးစွာ ပေးရတယ်။"

**"မေတ္တာသုတ္တန်ဟူ၍ စတင်ဖြစ်ပေါ်လာခြင်း"**

ထိုကိုယ်တော်ရှင်မြတ်ငါးရာအတွက် ဘုရားရှင် ကိုယ်တော်မြတ်က မေတ္တာကမ္မဋ္ဌာန်း မစီးဖြန်းကြတဲ့အတွက်ကြောင့် ထိုရုက္ခစိုးများနဲ့ ချစ်ခင်ခြင်း, ရင်းနှီးခြင်း, အကျွမ်းဝင်ခြင်းဆိုတာကို ထိုကိုယ်တော်တွေ မရခဲ့တာပဲ။

"မေတ္တာမစီးဖြန်းတော့ ထိုကိုယ်တော်တွေ နတ်တွေနဲ့ အကျွမ်းဝင်ခြင်းရသေးသလား။"

"မရပါ ဘုရား။"

မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းမှုမရှိတော့ နတ်များနဲ့အကျွမ်းဝင်မှု မရရှိခဲ့ဘူး၊ ဒါကြောင့် မနေနိုင်လို့ ပြန်ခဲ့ကြရတယ်။

အဲဒီအကြောင်းကို ဘုရားမြင်တော့မှ "အေး....မင်းတို့ နတ်တွေနဲ့ အကျွမ်းဝင်စေခြင်းအကျိုးငှာ ငါပေးလိုက်တဲ့နည်းလမ်း စီးဖြန်းပြီးတော့ ပြန်သွားကြရမယ်"တဲ့။ ဟုတ်ပလား။

'မှန်ပါ ဘုရား။"

အဲဒီတော့မှ ထိုကိုယ်တော်ငါးရာကို မြတ်စွာဘုရားက ဤ"မေတ္တာသုတ္တန်ဒေသနာတော်"ကို ဟောပါတယ်တဲ့။ မေတ္တာသုတ္တန်ဒေသနာ ဟောတော်မူတော့ ဝါဆိုပြီးခါစ ဝါဆိုလပြည့်ရဲ့နောက်ပိုင်း ဝါခေါင်လမပြည့်သေးခင် ကြားတရက်မှာ ဟောတာ။ ဝါခေါင်လပြည့်တဲ့ရက်ကိုတော့ ဖြည်းဖြည်းခြင်း နီးသွားဟန်ရှိတယ်။

"ဘာကြောင့်တုန်းဆိုတော့ ပဌမဝါတော့ ဒီကိုယ်တော်တွေ ပျက်သွားပြီမဟုတ်လား။"

"မှန်ပါ ဘုရား။"

ဒုတိယဝါ၊ ဝါခေါင်လပြည့်နေ့ ဝါဆိုအမိ မင်းတို့ပြန်၊ အဲဒီမှာ ဒုတိယဝါဆိုကြရမယ်၊ ပထမဝါတော့ ပျက်ကုန်ပြီ။ ဒုတိယဝါတော့ မီသေးတယ်၊ အဲဒီတော့ ဒုတိယဝါအမီ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းတရားပေး ပြန်လွှတ်မယ်၊ ဒါကြောင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က....

အထခေါ၊ ထိုအခါကျတော့မှ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ တေသံပဥ္စသတာနံဘိက္ခူနံ၊ ထိုနတ်တွေနဲ့ အကျွမ်းဝင်ချစ်ခင်ရင်းနှီးမှုမရခဲ့သော ကိုယ်တော်အရှင်မြတ်ငါးရာတို့အား။ မေတ္တာကမ္မဋ္ဌာနံ၊ မေတ္တာကမ္မဋ္ဌာန်းကို။ အာစိက္ခန္တော၊ ဟောကြားတော်မူလိုရကား။ ဣမံမေတ္တသုတ္တံ၊ဤယခုဆယ်ဂါထာတို့ဖြင့် တန်းဆာဆင်ဟောကြားတော်မူခဲ့တဲ့ မေတ္တာသုတ္တန်ဒေသနာတော်ကို။ ကထေသိ၊ ကရုဏာရှေထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

## ''မဟာကရုဏာရှင် ဗုဒ္ဓ၏ တိုက်တွန်းစကား''

''ကရဏီယမတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊ သုဝစော စဿ မုဒုအနတိ
မာနီ။''

''အဲဒီက စပြီးတော့ မြတ်စွာဘုရား ဟောတယ် တို့ပရိသတ် ရေခနော်။''

''မှန်ပါ ဘုရား။''

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ သန္တံ၊ ငြိမ်းချမ်းလှစွာသော။ ပဒံ၊ အသခင်္ခတ နိဗ္ဗာန်ပရမတ်ကို။ အဘိသမေစ္စ၊ အာရုံယူဘိ ထွင်းဖောက်သိမြင်သည်ဖြစ်၍။ သုခံ၊ ချမ်းချမ်းသာသာ။ ဝိဟရိတုကာမေန၊ နေနေခြင်းငှာ အလိုရှိသော။ အတ္တကုသလေန၊ အကျိုးစီးပွား၌ လိမ္မာ၍နေပေထသော။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ယံကရဏီယံ၊ အကြင် ပြုဖွယ်ကိစ္စ မှန်သမျှသည်။ အတ္ထိ၊ ရှိလေတော့၏။ တံကရဏီယံ၊ ထိုပြုဖွယ်ကိစ္စ မှန်သမျှကို။ ကာတဗ္ဗံ၊ မချမသွေ ပြုထိုက်ပေ၏။

ပထမဦးစွာ တိုက်တွန်းတော်မူတဲ့အနေနဲ့ နိဗ္ဗာန်ကို အာရုံ ယူပြီးတော့ ချမ်းချမ်းသာသာနေလိုတဲ့ အကျိုးစီးပွားမှာ လိမ္မာတဲ့အမျိုးကောင်းသားသည် ပြုဖွယ်ကိစ္စမှန်သမျှကို ရှေးဦး စွာ ပြုထားရမယ်။

နိဗ္ဗာန်ကိုရလိုတဲ့ အမျိုးကောင်းသား၊ အကျိုးစီးပွား ရှိတာ, မရှိတာကို လိမ္မာတဲ့အမျိုးကောင်းသားဟာ ပြုသင့်ပြုထိုက်တဲ့ ရှေးဦးစွာသော ပုဗ္ဗကိစ္စများကို ပြုထားရမယ်။

နိဗ္ဗာန်လိုချင်ယင် ရှေးဦးစွာ ပြုသင့်ပြုထိုက်တဲ့ ကိစ္စများကို ပြုထားလိုက်အုံး။ အဲဒ်နေရာမှာ ဂုဏ်ထူးတခု ထည့်ထားတယ်၊ ''အတ္ထကုသလေန'' ဆိုတဲ့ပုဒ် ထည့်ထားတယ်။

## ''အတ္ထကုသလနဲ့ အနတ္ထကုသလ''

သန္တံ၊ ငြိမ်သက်လှစွာသော။ ယံ၊ အကြင် နိဗ္ဗာန်ကို။ သုခံ၊ ချမ်း ချမ်းသာသော။ အဘိသမေစ္စ၊ ဉာဏ်ဖြင့်ဖောက်ထွင်း သိမြင် သည်ဖြစ်၍။ ဝိဟရိတုကာမေန၊ နေခြင်းငှာ အလိုရှိသော။ အတ္ထကုသလေန၊ အကျိုးစီးပွားရှိသည်၌ လိမ္မာ၍ နေပေထ သော။

ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။

(၁) အတ္ထကုသလ

(၂) အနတ္ထကုသလလို့ စကားနှစ်လုံး ထွက်လာတယ်။

'အတ္ထကုသလ' ဆိုတာက အကျိုးရှိတဲ့လုပ်ငန်းကို ကျွမ်းကျင်ရတယ်၊ လိမ္မာရတယ်။

အကျိုးစီးပွားမရှိတဲ့နေရာ သွားကျွမ်းကျင်ယင် 'အနတ္ထကုသလ' ခေါ်တယ်။

ရဟန်းတော် သံဃာတော်များအနေနဲ့ သံသရာရေးအတွက် အကျိုးရှိတဲ့သီလလုပ်ငန်း ကျွမ်းကျင်ရမယ်၊ သမထလုပ်ငန်း ကျွမ်းကျင်ရမယ်၊ ဝိပဿနာလုပ်ငန်း ကျွမ်းကျင်ရမယ်။ ဂန္ထဓုရ- စာပေလုပ်ငန်း, ပို့ချတဲ့လုပ်ငန်း ကျွမ်းကျင်ရမယ်၊ တရားဟော, တရားပြ, စာချ ကျွမ်းကျင်ရမယ်၊ ပရိယတ္တိ- စာသင်,စာချ၊

ပဋိပတ္တိ-ကမ္မဋ္ဌာန်းအလုပ် ဒီလုပ်ငန်းတွေကို ကျွမ်းကျင်တာဟာ 'အတ္ထကုသလ' ခေါ်တယ်။

"ဘာခေါ်ပါလိမ့်...."

"အတ္ထကုသလပါ ဘုရား။"

အဲဒီလို အတ္ထ ကု သ လ - သံသရာအတွက် နိဗ္ဗာန်အတွက် အကျိုးရှိမယ့်လုပ်ငန်း မကျွမ်းကျင်ဘူးဆိုယင် အဲဒီမှ တပါး အမျိုးမျိုးကျွမ်းကျင်တယ်ဆိုယင်တော့ အဲဒါ အနတ္ထကုသလပဲ၊ ဟုတ်လား။

"မှန်ပါ ဘုရား။"

## "အကျိုးရှိမှု မရှိမှုမှာ ကျွမ်းကျင်လိမ္မာရေး"

ဗေဒင်ဟောတာ ကျွမ်းကျင်တယ်၊ ဆေးကုတာ ကျွမ်းကျင်တယ်၊ ပ က်ဆက်ပြင်တာ ကျွမ်းကျင်တယ်၊ ရေဒီယိုပြင်,ခေတ်ပုံရိုက်စသဖြင့် ကျွမ်းကျင်တယ်။ အဲဒါတွေက အနတ္ထကုသလ ခေါ်တယ်၊ ဟုတ်ပလား။

"မှန်ပါဘုရား။"

"အနတ္ထကုသလ အကျိုးမရှိတာ သွားကျွမ်းကျင်တယ်၊ အတ္ထကုသလဆိုတာက အ ကျိုး ရှိ တာ မှာ ကျွမ်း ကျင် တယ်၊ အဲဒီတော့ ကျွမ်းကျင်မှု ဘယ်နှစ်မျိုးရသလဲ။"

"နှစ်မျိုးပါဘုရား။"

အနတ္ထကုသလ အကျိုးမရှိတာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်ကို အာရုံယူထွင်းဖောက် သိမြင်တဲ့ဉာဏ် ရဖို့မလွယ်ပါ၊

အတ္တကုသလဆိုတဲ့ သံသရာအတွက် နိဗ္ဗာန်အတွက် အကျိုးရှိမယ့် လုပ်ငန်းမှာ ကျွမ်းကျင်မှသာ နိဗ္ဗာန်ကို အာရုံယူ ထွင်းဖောက်သိမြင်နိုင်မယ့်ဉာဏ်ကို ရနိုင်မယ်ပေါ့နော်၊ ဒါကြောင့်....

သန္တံ၊ ငြိမ်သက်လှစွာသော။ ပဒံ၊ အသခ်တဓာတ် နိဗ္ဗာန်ပရမတ်ကို။ အဘိသမေစ္စ၊ ဉာဏ်ဖြင့်ဖောက်ထွင်း သိမြင်နိုင်သည်ဖြစ်၍။ သုခံ၊ ချမ်းချမ်းသာသာ။ ဝိဟရိတုကာမေန၊ နေခြင်းငှာအလိုရှိသော။ အတ္တကုသလေန၊ သံသရာနေ့ရေးမြော်ခေါ်တွေးပြီးတော့ အကျိုးရှိတဲ့လုပ်ငန်းမှာ ကျွမ်းကျင်၍နေပေထသော(ဝါ)အဓိသီလ,အဓိစိတ္တ,အဓိပညာဆိုတဲ့သိက္ခာသုံးရပ် အကျင့်မြတ်၌ ကျွမ်းကျင်၍နေပေထသော (ဝါ)အတ္တကုသလေန၊ ဂန္ထဓုရ,ဝိပဿနာဓုရတွေမှာ ကျွမ်းကျင်၍နေပေထသော (ဝါ) အတ္တကုသလေန၊ စာချစာသင် လုပ်ငန်းမှာကျွမ်းကျင်၍နေပေထသော။ ကုလပုတ္တေန၊ အမျိုးကောင်းသားဆိုတဲ့ ပုဂ္ဂိုလ်သည်၊ (ဝါ) အမျိုးကောင်းသား မင်းယောကျ်ားသည်။ ကရဏီယံ၊ ပြုသင့်ပြုထိုက်သော။ ယံ၊ အကြင်ပြုဖွယ်ကိစ္စသည်။ အတ္ထိ၊ ရှိလေတော့၏။ တံကရဏီယံ၊ ထိုပြုသင့်တဲ့ကိစ္စ,အကျိုးရှိမယ့်လုပ်ငန်းတွေကို။ ကတံ၊ လုပ်ရမယ်။

အကျိုးရှိတဲ့လုပ်ငန်း ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်သည် လုပ်သင့်လုပ်ထိုက်တဲ့ ပြုဖွယ်ကိစ္စ အကျိုးရှိတဲ့လုပ်ငန်းတွေကို လုပ်ပါ။

အကျိုးရှိတဲ့လုပ်ငန်း ကျွမ်းကျင်ရမယ်ဆိုယင် "ဘာတွေကို တပည့်တော်များ လုပ်ရမှာပါလဲဘုရား"ဆိုတော့....

## "အကျိုးရှိတဲ့ လုပ်ငန်း ဆိုတာက"

"သက္ကော ဥဇူ စ သုဟုဇူ စ၊ သုဝစော စဿ မုဒု အနတိမာနီ။"

သက္ကော၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်ပဲ။ အဿ၊ ဖြစ်ရာ၏။

သက္ကော၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်လဲ။ အဿ၊ ဖြစ်ရမယ်။

ပါဠိလို သက္ကော စ၊ မြန်မာလို စွမ်းနိုင်တဲ့ပုဂ္ဂိုလ်တယောက် ဖြစ်အောင် ကြိုးစားလိုက်။

"သက္ကော စ၊ တို့ပရိသတ် ဘယ်လိုလူတဲ့...."

"စွမ်းနိုင်တဲ့ပုဂ္ဂိုလ်ပါဘုရား။"

"ဘာတွေ စွမ်းနိုင်ရမလဲဆိုယင် အတ္ထ နဲ့ အနတ္ထ။ အနတ္ထက အကျိုးမရှိတာ, အတ္ထက အကျိုးရှိတာ။ ဘယ်သွားပြီးတော့ စွမ်းနိုင်ရမှာလဲ။"

"အကျိုးရှိတာကို စွမ်းနိုင်ရမှာပါဘုရား။"

"အကျိုးရှိတဲ့အတ္ထလုပ်ငန်းမှာစွမ်းနိုင်ရမယ်,ဟုတ်ပလား။"

"မှန်ပါဘုရား။"

ဒါဖြင့်ယင် အကျိုးရှိတဲ့လုပ်ငန်းဆိုတာက....

သက္ကော စ၊အဓိသီလ,အဓိစိတ္တ,အဓိပညာဆိုတဲ့သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်သုံးဖို့ရန် စွမ်းနိုင်တဲ့ပုဂ္ဂိုလ်လဲပဲ။ အဿ၊ ဖြစ်ရမယ်။

အကျိုးရှိတဲ့လုပ်ငန်း စွမ်းနိုင်သူသည် 'သက္က'လို့ ခေါ်တယ်။ အကျိုးရှိတဲ့လုပ်ငန်းများက တိုတိုတုတ်တုတ် ထုတ်ချင်ယင် သီလ,သမာဓိ,ပညာ၊ ဘယ်နှစ်ပါးလဲ။"

"သုံးပါးပါဘုရား။"

“နောက်တမျိုး လှည့်ပြောယင် ဓုရနှစ်ပါး,ဘာပါလိမ့်….”
“ဓုရနှစ်ပါးပါဘုရား။”
“ဂန္ထဓုရတဲ့,နောက်တခုက ဝိပဿနာဓုရတဲ့,နော်။”
“မှန်ပါဘုရား။”

## “ပဓာနိယင်္ဂတရား (၅)ပါးနဲ့ ပြည့်စုံယင်”

ဂန္ထဓုရ-စာပေပို့ချသင်ယူတဲ့ တာဝန်မှာ စွမ်းနိုင်ယင်၊ ဒါ‘အတ္တကုသလ’ မှာ ‘သက္ကော’ စွမ်းနိုင်သွားပြီ။ စာချစာသင်လုပ်ငန်း မစွမ်းနိုင်ယင် တို့ပရိသတ် ဝိပဿနာဓုရ-တရားအားထုတ်တဲ့အလုပ်မှာ စွမ်းနိုင်ရမယ်။

“အကျိုးရှိတဲ့လုပ်ငန်း စွမ်းနိုင်သဖြင့် ထိုပုဂ္ဂိုလ်သည် ‘သက္ကော စ’ ဟုတ်ပလား။”
“မှန်ပါဘုရား။”
“သက္ကော စ၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်လဲပဲ။ အဿ၊ ဖြစ်ရမယ်။

ဒါဖြင့်ယင် ဂန္ထဓုရ ဝိပဿနာဓုရလုပ်ငန်း စွမ်းနိုင်ဆိုတာ ဘယ်လိုအင်္ဂါများနှင့်ပြည့်စုံယင် စွမ်းနိုင်သလဲဆိုတာ တို့ပရိသတ် လွယ်သွားပြီ။ ပဓာနိယင်္ဂတရားငါးပါးနဲ့ ပြည့်စုံယင် စွမ်းနိုင်တာပေါ့။

“ပဓာနိယင်္ဂတရား,ဘယ်နှစ်ပါးလဲ။”
“ငါးပါးပါဘုရား။”
“ဒီ ပဓာနတရားလုပ်ငန်း အားထုတ်မယ့်ပုဂ္ဂိုလ်မှာ စွမ်းရည်ရှိတယ်ဆိုတဲ့ ဥစ္စာဟာ အင်္ဂါငါးပါးနဲ့ပြည့်စုံမှ တို့ပရိသတ်။”
“မှန်ပါဘုရား။”

"ငါးချက်ထဲက တချက်ချက်ပြည့်စုံယင်လဲ တော်တော်တော့ စွမ်းပါတယ်။"

"ယုံကြည်ချက်ရှိရမယ်(၁)"

"ယုံကြည်ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊ ပညာဝီရိယ၊ ငါး ချက်မျှသည်၊ ပဓာနိယင်္ဂါတည်း။"

ယုံကြည်တယ်-သဒ္ဓေါ ဟောတိ။

"သဒ္ဓေါ ဟောတိ သဒ္ဒါဟာတိ တထာဂတဿ သမ္မာ သမ္ဗောဓိ။"

ပါဠိတော်က....

တထာဂတဿ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်၏။ သမ္မာသမ္ဗောဓိ၊ သစ္စာလေးပါးသိတဲ့ဗောဓိ ဉာဏ်ကို။ သဒ္ဒါဟာတိ၊ ယုံကြည်ခြင်းကို ဆောင်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

တိုက်ရိုက်ညွှန်းနေတာက ဘုရားရဲ့သမ္မာသမ္ဗောဓိဉာဏ်ကို ယုံ ကြည်တဲ့သဒ္ဓါရှိရမယ်၊ နံပါတ်တစ်အင်္ဂါက သဒ္ဓါတရား။

"ဘာပါလိမ့်...."

"သဒ္ဓါတရားပါဘုရား။"

"ဒီ ဝီရိယနှစ်ပါးလုပ်ဖို့ရန် စွမ်းနိုင်တဲ့ပုဂ္ဂိုလ်ဆိုတာဟာ သဒ္ဓါ ရှိမှ စွမ်းတယ်။ သဒ္ဓါမရှိယင် စွမ်းရဲ့လား။"

"မစွမ်းနိုင်ပါဘုရား။"

"နောက်တမျိုးပြော, ယုံကြည်ချက်ရှိမှ ဒီတာဝန်ဆိုတာ ထမ်းတယ်။"

"မှန်ပါဘုရား။"

ဂန္ထဓုရ=စာသင်စာချတာဝန်၊ ဝိပဿနာဓုရ=တရားပြတရားအားထုတ်တာဝန်၊ ဘာနဲ့လုပ်တုန်း၊ ယုံကြည်ချက်နဲ့ လုပ်တယ်၊ ယုံကြည်ချက်က သံသရာဝဋ်မှလွတ်ဖို့ဆိုတဲ့ တခုတည်းသောယုံကြည်ချက်။ ဟုတ်လား။

"မှန်ပါဘုရား။"

ဒါကြောင့် ဘုန်းကြီးတို့ သဒ္ဓါအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ခွဲထဲမှာ ဟောပြီး ရှိနေပြီနော်။"

"မှန်ပါဘုရား။"

အများကြီး ဟောထားပြီးပြီ၊ ယုံကြည်ချက် သဒ္ဓါမရှိယင် ဒီလူဟာ ဘာမှ မစွမ်းဘူး။

သက္ကော စ-စွမ်းနိုင်တဲ့လူဆိုတာ....

(၁) ယုံကြည်ချက် ရှိရမယ်။

## "ကျန်းမာရေးနဲ့လဲ ပြည့်စုံရမယ်(၂)"

ယုံကြည်ပြီး သဒ္ဓါတော့ ကောင်းပါတယ်၊ သံသရာဝဋ်မှလွတ်ဖို့ ယုံကြည်ချက် ခိုင်ခိုင်ကြီး ဆုံးဖြတ်ချက်ချ၊ ဒါပေမယ့် မကျန်းမာဘူး၊ နေ့တိုင်းနေ့တိုင်း ဆေးနဲ့ပဲ တို့ပရိသတ်အသက်ရှင်နေရတယ်၊ ဆေးကို နေ့တိုင်း နေ့တိုင်း ထမင်းစားသလို စားနေရတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိယင် ဘယ်လောက်ပဲ ယုံကြည်ချက်ကောင်းနေ၊ ကျန်းမာရေးမရှိယင် တို့ပရိသတ် အလုပ်လုပ်ဖြစ်ရဲ့လား။

"မဖြစ်ပါဘုရား။"

"အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော ဟောတိ
သမဝေပါကိနိယာ ဂဟဏိယာ သမ္ပန္နာဂတော။
နာတိသီတာယ နစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ"

ဘုရားက ကျန်းမာရေးလဲပဲ အရေးကြီးကြောင်း ဟောတယ်ဗျ။

အပ္ပါဗာဓော၊ အနာကင်းသည်။ အပါတင်္ကော၊ ဆင်းရဲကင်းသည်။

အနာ ကင်းရမယ်၊ ရောဂါ ကင်းရမယ်။

"အပ္ပါဗာဓော ဟောတိ၊ အပ္ပါတင်္ကော ဟောတိ၊
သမဝေပါကိနိယာ ဂဟဏိယာ သမ္ပန္နာဂတော။"

သမဝေပါကိနိယာ ဂဟဏိယာ၊ အစာကို မျှမျှတတ ကြေညက်စေနိုင်တဲ့ ဝမ်းမီးနဲ့လဲ။ သမ္ပန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ရမယ်။

အစာကို ကောင်းကောင်း ချေချက်နိုင်တဲ့ ပါစကတေဇော ဝမ်းမီးလဲ ကောင်းရမယ်။

နည်းနည်းလေးစားလိုက် အစာမကြေဘူး၊ အိုးတိုးအင့်တင့်ဆိုယင် အားထုတ်လို့ မဖြစ်ဘူးနော်။"

"မှန်ပါဘုရား။"

"ဝမ်းမီးတောက်လွန်းယင်လဲ အစာကြေလွန်းလို့ အစာအိမ်ရောဂါ၊ နှလုံးရောဂါ၊ အသဲရောဂါ ဖြစ်ကရော။"

"မှန်ပါဘုရား။"

အစာမချက်ဘူး၊ ဝမ်းမီးညံ့ပြီဆိုယင်လဲပဲ အစာအိမ်ရောဂါ ဖြစ်တာပဲ၊ မကြေတော့လဲ ရောဂါ၊ ကြေလွန်းယင်လဲ ရောဂါ၊ မီးနည်းယင်လဲ ရောဂါ၊ မီးလွန်ယင်လဲ ရောဂါ၊ ဒါကြောင့်....

သမဝေပါကိနိယာ ဂဟဏိယာ၊ အစာကို မျှမျှတတကြေ ညက်စေနိုင်တဲ့ ဝမ်းမီးနဲ့လဲ။ သမ္ပန္နာဂတော၊ ပြည့်စုံရမယ်။ နာတိသီတာယ၊ အေးလဲ မအေးလွန်းတဲ့ ဝမ်းမီးဓာတ်။ နစ္စုဏှာယ၊ ပူလဲမပူလွန်းတဲ့ ဝမ်းမီးဓာတ်။

"လျော့လွန်းတဲ့ ပါစက ဝမ်းမီး၊ မြင့်လွန်း ပူလွန်းတဲ့ ပါစက ဝမ်းမီး မဖြစ်စေရဘူး၊ မျှတတဲ့ပါစကမီး ဖြစ်စေရမယ်။ ဒါ ကျန်းမာရေး ရပြီပေါ့ဗျနော်။"

"မှန်ပါဘုရား။"

(၁) က ယုံကြည်ချက်။

(၂) က ကျန်းမာခြင်း။

(၃) က ဖြောင့်စင်းရမယ်။

### "ရိုးသားဖြောင့်မတ်မှု ရှိရမယ်-(၃)"

ဖြောင့်စင်းတဲ့ ကာယကံ၊ ဖြောင့်စင်းတဲ့ ဝစီကံ၊ ဖြောင့်စင်းတဲ့ မနောကံဆိုတဲ့ စိတ်ထား၊ တရားအားထုတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်၊ တရားပြ တရားဟော စာချဆိုတဲ့ပုဂ္ဂိုလ်ဟာ ဖြောင့်စင်းတဲ့စိတ်မရှိပဲ ကောက်ကျစ်တဲ့စိတ်ရှိယင် အဲဒီ ပုဂ္ဂိုလ်ဟာ ဒီလုပ်ငန်း မစွမ်းနိုင်ဘူးတဲ့။ ဖြောင့်စင်းတဲ့စိတ်ရှိမှ ဂန္ထဓုရအရာ စွမ်းတယ်။ ဖြောင့်စင်းတဲ့စိတ်ရှိမှ ဝိပဿနာဓုရအရာ စွမ်းတယ်။

"ကောက်ကျစ်တဲ့စိတ်နဲ့ဆို ဘယ်လောက်ပဲ စွမ်းတယ်ပြော ပြော ဒီ လုပ်ငန်းမှာ တနေ့ နောက်ကျသွားမယ်ဗျနော်။"

"မှန်ပါဘုရား။"

"ကိုယ့်ဟာကိုယ်စွမ်းတယ်ထင်ပေမယ့် ကောက်ကျစ်တဲ့စိတ်နဲ့ လုပ်နေတာဟာ မစွမ်းဘူးဆိုတာ သေချာတယ်။"

"မှန်ပါဘုရား။"

ဒါကြောင့် အသဌော ဟောတိ၊ အမာယာဝီတဲ့။"

အသဌော၊ ကောက်ကျစ်တဲ့ သဘောမရှိသည်။ ဟောတိ၊ ဖြစ်ရမယ်။ အမာယာဝီ၊ လုပ်ဖော်ကိုင်ဖက်တွေကို လှည့်စား တတ်တဲ့သဘော မရှိသည်။ အဿ၊ ဖြစ်ရမယ်။

"သဗြဟ္မစာရီနံ အတ္တာနံ အာဝိကတ္တာ ဟောတိ။"

သဗြဟ္မစာရီနံ၊ လုပ်ဖော်ကိုင်ဖက်တို့အား။ အတ္တာနံ၊ မိမိရဲ့ ပင်ကိုယ်သဘောကို။ အာဝိကတ္တာ၊ ရှင်းရှင်းလင်းလင်း ဖြောင့် ဖြောင့်စင်းစင်း ဝန်ခံတတ်သည်။ ဟောတိ၊ ဖြစ်၏။

လုပ်ဖော်ကိုင်ဖက်ချင်း တယောက်နဲ့တယောက် မယုံရဘူးဆို ဘယ်လုပ်လို့ ဖြစ်တော့မလဲ။ ဘာသာရေး လုပ်လုပ်၊ သာသနာ ရေးပဲ လုပ်လုပ်၊ ရပ်ရေးရွာရေးပဲ လုပ်လုပ်၊နိုင်ငံရေးပဲ လုပ်လုပ်၊ သူ့ သံသယဝင်၊ ငါ့ သံသယဝင်ဆိုယင် တနေ့ အဲဒါပေါက်ကွဲ တတ်တယ်နော်။

"မှန်ပါဘုရား။"

ဒါကြောင့် ဖြောင့်စင်းမှုဆိုတာ သိပ်လိုတယ်။ ဘုရားရှင် ကိုယ်တော်မြတ်က အရိယာသံဃာတော်မြတ်များမှာ အဲဒီဂုဏ် အပြည့်ရတယ်ရယ်လို့ ဥဇုပဋိပန္နဂုဏ်နဲ့ ချီးကျူးထားတယ်၊

အရိယာမဖြစ်သေးတဲ့ ပုဂ္ဂိုလ်များလဲပဲ အရိယာတို့ရဲ့ အတု လိုက်ပြီး ဖြောင့်စင်းတဲ့သဘောကို ရအောင်မွေးပါ။

ဂန္ထဓုရတာဝန်ထမ်းတဲ့ပုဂ္ဂိုလ်တွေလဲတယောက်နဲ့တယောက် ဖြောင့်စင်းတဲ့စိတ်နဲ့ လုပ်ပါ။ ဝိပဿနာအလုပ်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ တရားဟောတရားပြပုဂ္ဂိုလ်တွေလဲ အချင်းချင်းတို့ရဲ့ အပေါ်မှာ ဖြောင့်စင်းတဲ့စိတ်ဆိုတာ ရှိနေရတယ် ဟုတ်လား။

"မှန်ပါ ဘုရား။

"ဥဇုသဘော ဖြောင့်စင်းမှုရှိရမယ်။"

"ဉာဏ်ပညာလဲ ရှိရမယ်-(၄)"

ပညာ တဲ့၊ ပညာဆိုတာက....

"ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော ဟောတိ၊"

ရုပ်နာမ်နှစ်ပါးကို သိတဲ့ပညာ၊ ရုပ်နာမ်နှစ်ပါးရဲ့ လက္ခဏာကို သိတဲ့ပညာ။ ရုပ်နဲ့နာမ်နှစ်ပါးတို့ရဲ့ သဘော ခွဲပြီးတော့သိတဲ့ ဉာဏ်ပညာမျိုးရှိမှ ရင့်ကျက်တဲ့ဉာဏ်ပညာလို့ ခေါ်ပါတယ်။

ရင့်ကျက်တဲ့ဉာဏ်ပညာ၊ ရုပ်နဲ့နာမ်တို့ရဲ့လက္ခဏာ သိနိုင်စွမ်းတဲ့ ဉာဏ်ပညာမျိုး ရှိရမယ်၊ ဟုတ်ပလား။"

"မှန်ပါ ဘုရား။"

"အဲဒီလို ပညာနဲ့လဲ ပြည့်စုံရမယ်။"

"ဝီရိယနဲ့လဲပဲ ပြည့်စုံရမယ်-(၅)"

အရိုးပဲကြေကြေ, အရေပဲခန်းခန်း, အသွေးအသားပဲ ခြောက်ခြောက်, နောက်မဆုတ်တမ်း အား ထုတ် မယ် ဆို တဲ့ သ မ္မ ပ္ပဓာ န် လုံ့ လ ဝီ ရိ ယ လဲ ရှိရမယ်၊ ဘုန်းကြီးတို့ အနုရုဒ္ဓ သုတ္တန်တုန်းက ပြောခဲ့ မဟုတ်လား။

''အာရဒ္ဓ ဝိရိယဿာယံဓမ္မော နာယံဓမ္မော ကုသိတဿ။''

အယံဓမ္မော၊ ဤလောကုတ္တရာတရားတွေဆိုတာ။ အာရဒ္ဓ ဝိရိယဿ၊ အားထုတ်တဲ့ လုံ့လဝီရိယပြင်းထန်တဲ့ ပုဂ္ဂိုလ်တွေမှ သာလျှင်။ ဟောတိ၊ ဖြစ်မယ်။ ကုသိတဿ၊ လူပျင်းတွေမှာ။ မဟောတိ၊ မဖြစ်နိုင်။

တို့ပရိသတ်, လူပျင်း....လောကုတ္တရာတရား မရဘူး၊ ဝီရိယ သန်မှ တရားရတယ်၊ အင်္ဂါငါးပါး။

**''သက္ကော စ ပုဒ်ရဲ့ ဆိုလိုချက် (၅)မျိုးလို့လဲ မှတ်''**

(၁) ယုံကြည်ချက်
(၂) ကျန်းမာရေး
(၃) ရိုးသားဖြောင့်စင်းရမယ်
(၄) ရုပ်နာမ်ကို ဖောက်ထွင်းသိနိုင်တဲ့ပညာ
(၅) တို့ပရိသတ်, ဝီရိယ ရှေ့ကထားစမ်းပါ၊ အရိုး ကြေကြေ အရေစုတ်စုတ် အားထုတ်မယ့်ဝီရိယ။

''ဘယ်နှစ်ချက်....''

''ငါးချက်ပါ ဘုရား။''

''တရားအားထုတ်မယ့်ယောဂီ ဒီအင်္ဂါငါးချက်ကို ကြိုးစား ပြီးတော့ မွေး, တို့ပရိသတ်၊ ဒါမှ သောတာပန်ရဲ့လမ်းစဉ်ကို တက်မယ်လို့ ခေါ်တယ်။''

''မှန်ပါ ဘုရား။''

''ပဓာနိယင်္ဂတရားငါးပါး, ဒါပဲနော်။''

''မှန်ပါ ဘုရား။''

"အဲဒီငါးချက်နဲ့ပြည့်စုံယင် သက္ကောတဲ့၊ တို့ပရိသတ် စွမ်းနိုင်ရည်ရှိမြိတဲ့ဗျာ၊ နော်။"

"မှန်လှပါ ဘုရား။"

"သက္ကော စ၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်လဲပဲ ဖြစ်ရမယ်။"

"အဲဒါ သက္က အစိပ္ပါယ် နားလည်ပြီနော်။"

"မှန်ပါ ဘုရား။"

'သက္ကော စ'ပြီးတော့....

ဥဇူ စ၊ သုဟုဇူ စ၊ သုဝစော စ၊ မုဒု စ။ အနတိမာနိ စ၊

သက္ကောစ၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်လဲပဲ။ အဿဘာဝေယျ၊ ဖြစ်ပါစေ။ ဥဇူစ၊ ဖြောင့်စင်းတဲ့ စိတ်ထားရှိတဲ့ပုဂ္ဂိုလ်လဲပဲ။ အဿ၊ ဖြစ်ပါလေ။

ဥဇုကို သီးခြားထုတ်လာတဲ့ဖြောင့်စင်းမှုကို အရေးကြီးလွန်းလို့ သိပ်အရေးကြီးတဲ့အတွက်ကြောင့် 'သု'ဆိုတဲ့ဂုဏ်ထူးနဲ့ အထူးပြုပြီးတော့....

သုဟုဇူ စ၊အလွန်အလွန် ဖြောင့်စင်းတဲ့ သဘောရှိသည်လဲပဲ။ အဿ၊ ဖြစ်ရမယ်။

## "ကလေးနဲ့ လူကြီး ရိုးသားဖြောင့်မတ်မှု ကွာခြားချက်"

ဥဇု-ရိုးဖြောင့်တယ်ဆိုတာ တမျိုး။ သုဟုဇု-အလွန်ရိုးသားဖြောင့်မတ်တယ်ရယ်လို့ တမျိုး၊ ဒီနေရာ အဓိပ္ပါယ်ကွဲအောင်ယူရမယ်ဆိုယင်၊ ဥဇု-ဖြောင့်စင်းဆိုတာ ကလေးသူငယ်လေးများရဲ့ ရိုးသားခြင်းမျိုး။ အဲဒါကို ဥဇုလို့ သုံးတယ်၊ ဟုတ်လား။

"မှန်ပါဘုရား။"

ကလေးသူငယ် ဘဝဆိုတာ လူကြီး တွေ လောက် တော့ ယုတ်မာတဲ့စိတ် မဝင်သေးဘူးဗျနော်။

"မှန်ပါဘုရား။"

ကြီးလာတော့မှ ကိလေသာစိတ်ဓာတ်တွေက ကြီးပွားလာပြီး ပိုယုတ်မာသွားတာ။ ကလေးများ ဘယ်လောက်ယုတ်ညံ့တယ်ပြောပြော လူကြီးယုတ်ညံ့တာကို မမှီဘူး တို့ပရိသတ်နော်။

"မှန်ပါဘုရား။"

ဥဇု၊ ဖြောင့်စင်းဆိုတာ ကလေးရဲ့ဖြောင့်စင်းပုံက တမျိုး၊ အသိဉာဏ်မကြွယ်သေးတဲ့ ဖြောင့်စင်းမှုဆိုတာကလဲ အထက်တန်းမရောက်သေးဘူးပေါ့နော်။

"မှန်ပါဘုရား။"

အသိဉာဏ်ကြီး၊ လူကြီးတို့ရဲ့ ဖြောင့်စင်းမှုက ပိုအထက်တန်းရောက်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

ဘာကြောင့် ပိုပြီး အထက်တန်း ရောက်သတုန်းဆိုယင်တော့ အခုနစကား ပြောင်းပြန်လှန်လိုက်တာ။ အလွန်ရင့်ကျက်သွားတဲ့ ကိလေသာတွေ၊ အလွန်ထူပြောယုတ်မာလှတဲ့ ကိလေသာတွေကို ငါသည်းခံပြီးတော့ ဖြောင့်ဖြောင့်စင်းစင်း နေမယ်။

"လူကြီးများကျတော့လဲ သဒ္ဒါဝီရိယက သန်လာသကိုးဗျနော်။"

"မှန်ပါဘုရား။"

အဲဒါကြောင့် ငယ်ရွယ်တဲ့အချိန် ကလေးများရဲ့ ဖြောင့်စင်းမှုမျိုးကို ဥဇု၊ လူကြီးတွေဉာဏ်ကြီးတဲ့အချိန် ဖြောင့်စင်းမှုမျိုး

ကိုတော့ သုဟုဇုတဲ့၊ အလွန့်အလွန်ဖြောင့်စင်းတဲ့ သဘော၊ ဟုတ်ပလား၊ နောက်တနည်း ပြောရယင်....

## "ဥဇုနဲ့ သုဟုဇု ခြားနားမှု"

(၁) အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာနှစ်ပါး ဖြောင့်စင်းတာကိုတော့ ဥဇု ခေါ်တယ်။

(၂) အဓိပညာသိက္ခာ ကျင့်သုံးနိုင်လို့ ဖြောင့်စင်းတာကိုတော့ သုဟုဇုလို့ ခေါ်တယ်။

"သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ ဘယ်နှစ်ပါး...."

"သုံးပါးပါဘုရား။"

သီလသိက္ခာ၊ သမာဓိသိက္ခာနှစ်ပါးလောက် ကျင့်သုံးနိုင်ယင်၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဖြောင့်စင်းမှုရပါပြီ။ သီလ၊ သမာဓိ၊ သိက္ခာနှစ်ပါးကို ကျင့်သုံးလို့ ဖြောင့်စင်းတဲ့ သဘောကို ဥဇုလို့ခေါ်ပါတယ်။ ပညာစခန်း ကျင့်သုံးနိုင်လို့ ကိလေသာပြုတ်အောင်လုပ်သဖြင့် ဖြောင့်စင်းသွားတဲ့ သဘောကတော့ သုဟုဇုခေါ်ပါတယ်။

ဒါကြောင့်....

ဥဇု စ၊ သီလ, သမာဓိ သိက္ခာနှစ်ပါးကျင့်သုံးနိုင်လို့ ဖြောင့်စင်းတဲ့ သဘောလဲ။ အဿ၊ ဖြစ်ရမယ်။ သုဟုဇု စ၊ ပညာစခန်း တက်လှမ်းနိုင်သဖြင့် (ဝါ) အဓိပညာစခန်း တက်လှမ်းနိုင်သဖြင့် ဖြောင့်စင်းတဲ့သဘောလဲပဲ။ အဿ၊ ဖြစ်ရမှာပါ။

"သုဝစနဲ့ ဒုဗ္ဗစ သဘာဝ"

သုဝစော စ၊ ဆိုဆုံးမလွယ်တဲ့ပုဂ္ဂိုလ်လဲပဲ။ အဿ၊ ဖြစ်ရမှာပါ။

ကမ္မဋ္ဌာန်းအလုပ် အားထုတ်မယ့်ပုဂ္ဂိုလ်ဆိုတာ ဆိုဆုံးမတာလွယ်ရမယ်၊ ဆိုဆုံးမတာခက်ယင် အဲဒီပုဂ္ဂိုလ် အားထုတ်လို့မဖြစ်ဘူး။ တို့ပရိသတ် သုဝစ- ဆိုဆုံးမလွယ်ရမယ်၊ သုကို ပြောင်းပြန်ပြန်ယင် ဒုဗ္ဗစ-ဆိုဆုံးမခက်တယ်။

"ယောဂီတယောက်သည် သောဝစဿတဂုဏ်နဲ့ ပြည့်စုံရမှာ, ဘာဂုဏ်ပါလိမ့်။"

"သောဝစဿတဂုဏ်နဲ့ ပြည့်စုံရမှာပါဘုရား။"

"ကမ္မဋ္ဌာန်းဆရာများ ပြောဆိုလို့လွယ်တဲ့ယောဂီမှ တရားရဖို့ လွယ်တယ်နော်။"

"မှန်ပါဘုရား။"

"ကမ္မဋ္ဌာနာစရိယ ဆရာတော်ရဲ့စကား ဘာမှ နားမထောင်ယင် အဲဒီယောဂီဟာ ဒုဗ္ဗစမို့ တရားမတက်ဘူးတဲ့။"

ယောဂီတယောက်ပဲဖြစ်ဖြစ်၊ စာသင် သားတ ယောက် ပဲ ဖြစ်ဖြစ်၊ သီတင်းသုံးဖော်အချင်းချင်းပဲ ဖြစ်ဖြစ်၊ တို့ ဒ ကာ ဒကာမတွေထဲက တယောက်ယောက်ကိုပဲဖြစ်ဖြစ် ဆရာသမားများက အပြစ်တွေလို့များ သွားပြောလိုက်တယ်။

"တပည့်တို့၊ ဒကာတို့၊ ယောဂီတို့၊ အေး.... မင်း တို့ တွေ ဒီအကျင့် ဒီအကျင့် ကျင့်တယ်လို့ ကြားတယ်၊ ဒီ အ ပြော ဒီအပြောတွေလဲ့နေတယ်၊ ဒီအနေအထိုင်က မမှန်ဘူးကွ၊ ဒီလိုနေလို့ မတော်ဘူး"လို့ ဆုံးမလိုက်လို့ရှိယင် ဒေါ်သတွေထောင်း

ကနဲထလာပြီးတော့ "ကိုယ်တော့ ဘယ်သူက ပြောသလဲ၊ ကိုယ်တော့ ဘယ်သူက လာတိုက်သလဲ" တဲ့။

"ဟော....နားမထောင်ဘူး တို့ပရိသတ်ရေ နော်။"

"မှန်ပါဘုရား။"

"ဒီက အကျိုးလိုသို့ ပြောပါတယ်၊ 'ကိုယ်တော့ ဘယ်သူက ပြောသလဲ'၊ အဲဒီလိုဆိုလို့ရှိယင် ပြောမဖြစ်ဘူး၊ အဲဒါ ဒုဗ္ဗစခေါ်သတဲ့ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"ဒုဗ္ဗစသဘာဝ (၂) မျိုး"

ပြောတဲ့စကား လက်မခံဘူးတဲ့၊ တို့တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့ နှုတ်လုံထိုးတဲ့စကားတွေနဲ့ ပြန်ပြီးတော့ ငြင်းဆန်လာခဲ့ယင် အဲဒါ ဒုဗ္ဗစခေါ်တယ်။

အေး....ဒုဗ္ဗစသဘောနဲ့ နှုတ်လုံမထိုးခဲ့ပြန်တော့လဲ ကောင်းတာကိုလဲ လက်မခံ၊ မကောင်းတာကိုလဲ မငြင်းဆန်၊ သစ်ငုတ်တိုကြီးကဲ့သို့ ငုတ်တုတ်ကြီးထိုင်ပြီး ငြိမ်ပြီးတော့နေခဲ့တယ်၊ သူ့နေရာကျတော့မှ သူထင်ရာသူ ဆက်ပြီးလုပ်ခဲ့တယ် ဆိုယင်လဲပဲ အဲဒါ ဒုဗ္ဗစခေါ်တယ်။

ပြောတဲ့စကားနားမထောင် တုဏှိဘာဝငြိမ်ပြီးတော့ နေ၊ ရောက်တဲ့နေရာ ဒီအတိုင်းပဲ၊ ဒါလဲ ဒုဗ္ဗစ။ ငြိမ်မနေဘူး၊ အရှင်ဘုရား, ဘယ်သူတိုက်တာလဲ၊ ဒီလူတော့ သိရောပေါ့၊ သွားပြီးတော့ နှုတ်လုံထိုးတာလဲ ဒုဗ္ဗစပဲ။

"အဲဒီလို ဒုဗ္ဗစသဘောမှ ကင်းစေ၊ ပြောလို့ဆိုလို့ လွယ်စေရမယ်၊ သောဝစဿတဂုဏ် ဟုတ်ပလား။"

"မှန်ပါဘုရား။"

"မင်္ဂလာတရားထဲတောင် ပါတယ်၊ ခန္တီ စ၊ နောက်နား ဘာတဲ့တုန်း...."

"သောဝစဿတာပါဘုရား။"

"အေး....သောဝစဿတာ၊ ပြောလို့ဆိုလို့လွယ်တဲ့လူ တယ် မင်္ဂလာရှိတယ်။ ပြောလို့ဆိုလို့မလွယ်တဲ့လူ အဲဒီလူ မင်္ဂလာ တုံးနေတယ်။"

"မှန်ပါဘုရား။"

သောဝစဿတာ၊ ပြောလို့ဆိုလို့ ဆုံးမလွယ်သည်။ အဿ ဘဝေယျ၊ ဖြစ်လေရာ၏။

**"ရှင်မဟာကဿပရဲ့ တပည့်(၂)ယောက်"**

တို့ပရိသတ်ရေ၊ ရှင်မဟာကဿပကြီး တပည့်လေးတယောက် ကို ဆုံးမသတဲ့။ ရှင်မဟာကဿပ၊ တောကျောင်းနေ၊ ကိုယ် တော်လေးနှစ်ပါး မွေးထား၊ တပါးက ဝတ္တရား တယ်ကျေ တယ်။

ဆရာတော်ရှင်မဟာကဿပ အရဏ်တက် အိပ်ယာက ထ၊ ရေနွေးအဆင်သင့် ကျိုပြီးသား။ မျက်နှာသစ်ဖို့ လက်ဆေးဖို့ သောက်ဖို့ သုံးဖို့ ရေချိုးယင် ချိုးဖို့ ဟုတ်လား။

"မှန်ပါ ဘုရား။"

သွားတိုက်ဖို့ ဒန်ပူအဆင်သင့်၊ ဆား အဆင်သင့်၊ မျက်နှာ သုတ်ပုဝါ အဆင်သင့်။

တပည့်လေးတယောက်ကတော့ ဝတ္တရား တယ်ကျေတယ်၊ ဆ ရာ သ မားမ ထ ခင် အကုန်လုံး ပြင်ဆင် ပေး ထား တယ်။

တယောက်သောတပည့်လေးက အိပ်ရာကမထသေး၊ အိပ်လိုက်တာ တခေါခေါနဲ့ ဟိုတပည့်ဖြစ်သူတပါးက အကုန်လုံး အဆင်သင့်။

ဆရာတော်ရှင်မဟာကဿပ ထလာပြီဆိုတော့မှ၊ တံခါးသံကြားတော့မှ အိပ်နေတဲ့တပည့်လေးက ခေါင်းထောင်ကြည့်လိုက်တယ်၊ အဲဒီတော့မှ 'ဟာ....ဆရာတော်ကြီး ထသွားပြီ' တခါတည်း ကပျာကယာ အိပ်ရာကထပြေးပြီးတော့ ရေနွေးကျိုထားတာ အဆင်သင့်ကောက်ပြီးတော့....

"သူများလုပ်ပြီးသား အလှူလက်ဖက်နဲ့ ညှော်တည်"

"ဒီမှာဘုရား၊ ရေနွေးအဆင်သင့်ပါဘုရား"တဲ့။ သူများတင်ထားတဲ့ ဆားခွက်ကလေး ယူ၊ "ဒီမှာ သွားတိုက်တော်မူပါဘုရား"တဲ့။ သူများတင်ထားတဲ့ ဒန်ပူလေး ကောက်ကိုင်ပြီးတော့ "ဒီမှာ တပည့်တော် သင်ထားတဲ့ ဒန်ပူပါဘုရား၊ သုံးတော်မူပါဘုရား"တဲ့။ အဲဒီလိုချည်း နေ့တိုင်းထထလုပ်တယ်, ကိုယ်တော်တပါးက....။

"တပါးသောကိုယ်တော်ကဖြင့် ကြိုးစားလိုက်ရတာ၊ ထပြီးတော့ နှမ်းဖြူးသွားတာက အိပ်နေတဲ့ ကိုယ်တော်နော်။"

"မှန်ပါဘုရား။"

"အေး....ဘုန်းကြီးကျောင်းက ကိုယ်တော်နှစ်ပါး, ပြောပါတယ်၊ ရန်ကုန်က လူတွေကို မပြောပါဘူးနော်။"

အဲဒီလို ဖြစ်နေတယ်။ အဲ....ရေချိုးအိမ်ထဲ ရေချိုးမယ်ကြံလဲ ဒီအတိုင်းပဲ။ ဝတ္တရားကျေတဲ့ကိုယ်တော်က ရှင်မဟာကဿပ ကိုယ်တော်ကြီး ရေချိုးချိန်မတိုင်မီ ရေအဆင်သင့် ခပ်ပြီးသား၊

ရေအေးချိန် ရေအေး၊ ရေနွေးချိန် ရေနွေး၊ အားလုံး အဆင်သင့်ပြင်ထား။

ဟို....ကိုယ်တော်က ဆွမ်းစားပြီးကတည်းက ခေါင်းမြီးခြုံပြီး အိပ်လိုက်တာ ရှင်မဟာကဿပကြီး ရေချိုးခန်းဝင်ပြီဆိုတော့မှ အပြေးအလွှားထသွားပြီး "ဒီမှာပါ ဘုရား....ရေနွေးအသင့်ကျို ပြီးပါ၊ ရေအေးက ဒီမှာပါ ဘုရား၊ ဒါက ရေလဲသင်းပိုင်၊ ဒါက ဆပ်ပြာပါဘုရား" တဲ့။ သူများလုပ်ပြီးသား အလှူလက်ဖက်နဲ့ ညှော်တည်ဆိုတာ အဲဒါမျိုး။

"ကိုယ်တော့ ဘာမှ မလုပ်ဘူး၊ သူများ လုပ်ပြီးသား လျှောက်ပြီးတော့ နှမ်းဖြူးတယ်နော်။"

"မှန်ပါ ဘုရား။"

## "တကယ်လုပ်ရသူက မကျေနပ်နိုင်"

အဲဒီလိုချည်းလုပ်နေတော့ နေ့စဉ်နေ့စဉ် ကိုယ်တိုင်လုပ်ရတဲ့ ကိုယ်တော်လေးက စိတ်ထဲ မချမ်းသာဘူး၊ "ငါက နေ့တိုင်း ဝတ္တရားကျေအောင် လုပ်၊ ဘာမှ မလုပ်ပဲနဲ့ ဒီကိုယ်တော် တယ်တယ်ပြီးတော့ လောကွတ်ချော်၊ တနေ့တော့ ဒီကိုယ်တော် ကို ငါချောက်ချလိုက်အုံးမယ်" လို့။

"ပုထုဇဉ်အချင်းချင်းဆိုတော့ ဒါလေးတွေကလဲ ရှိသကိုးဗျ၊ နော်။"

"မှန်ပါ ဘုရား။"

တနေ့တော့ စောစောစီးစီး ရေနွေးအိုးကြီးတည်၊ ရှင်မဟာ ကဿပကြီး ရေချိုးဖို့ရေနွေးတည်ပြီးတော့ ရေချိုးအိမ်ထဲ အဆင်သင့် မထားဘူး။ တို့ပရိသတ်ရေ....တနေရာမမြင်အောင်

ဝှက်ထားလိုက်တယ်၊ ရေနွေးအိုးကြီး ဝှက်ထားပြီး ရေချိုးအိမ်ထဲမှာ ရေအင်တုံကြီးတော့ ချထားတယ်။

ထိုရေအင်တုံထဲမှာ ရေနွေးဖလား သုံးလေးငါးခွက်လောက်လောင်းလိုက်တယ်၊ အဲဒီလိုလုပ်လိုက်တော့ ရေအင်တုံကြီးတခုလုံး အပူဓာတ်တွေစွဲသွားပြီး အဲဒီရေနွေးတွေအားလုံး ပက်ပစ်လိုက်တော့ အပူငွေ့လေးတော့ ကျန်နေတယ် မဟုတ်လား။ ခပ်ဝေးဝေးက လှမ်းကြည့်လိုက်ယင် အငွေ့တွေတော့ တထောင်းထောင်းထနေတယ်ပေါ့။ ရေနွေးတွေ အကုန်ဝှက်ထားတယ်, အဲဒီကိုယ်တော်က ...

ရှင်မဟာကဿပကြီး ရေချိုးမယ်လို့ ရေချိုးခန်းဝင်တော့ အိပ်မောကျနေတဲ့ကိုယ်တော်က ဗြုံးဆိုကြည့်လိုက်တော့ ဟိုမှာ ရှင်မဟာကဿပကိုယ်တော်ကြီးတော့ ထသွားပြီပေါ့။

"ရေချိုးခန်းလှမ်းကြည့်တော့ အင်တုံထဲက အငွေ့ထွက်နေတာ မတွေ့ဘူးလား။"

"တွေ့ပါ ဘုရား။"

"ဟာ....ရေနွေးအဆင်သင့်ပဲဆို ဝင်သွားပြီး ဒီမှာရေနွေးပါဘုရားဆိုတော့ အင်တုံထဲ ရေရှိသေးရဲ့လား။"

"ရေမရှိပါ ဘုရား။"

ရေကလဲမရှိပေမယ့် ရှင်မဟာကဿပက ရေချိုးခန်းရောက်ပြီ။ ရေက တစက်မှမရှိ၊ အငွေ့သာ တွေ့ရတယ်။ အဲဒီတော့မှ 'ဒီကိုယ်တော်....ရေမရှိ, မရှိဘူး မပြောဘူး၊ အင်တုံထဲအခွံချည်းထားတယ်၊ ဝတ္တရားမကျေဘူး' ဘာညာနဲ့လုပ်ထားနေကျကိုယ်တော်ကို သူကပဲ မာန်လိုက်သေးဗျာ။

"ခက်ပုံ့ လောကကနော်။"

"မှန်ပါဘုရား။"

"သာသနာတော်က ရှင်မဟာကဿပရဲ့တပည့်နှစ်ယောက်ကို ပြောပါတယ်။"

## "ရေသာခိုအချောင်လိုက် ဆုံးမတာလဲ မကြိုက်"

အေး....အဲဒီတော့မှ ရှင်မဟာ ကဿပ ကိုယ်တော်ကြီးက "ဘယ်မှာတုန်း၊ ရေနွေးလဲ အဆင်သင့်မရှိ့,ရေအေးလဲ အဆင်သင့်မရှိပါလား"ဆိုတော့မှ ဟိုကိုယ်တော်လေးကသူဝှက်ထားတဲ့ ရေနွေးရော၊ ရေအေးရော အကုန်ဆွဲလာပြီး "ဒီမှာပါ့,ဘုရား တပည့် အဆင်သင့်လုပ်ထားပါတယ်ဘုရား"တဲ့။

ဟဲ့....လောကွတ်ချော်တဲ့ကိုယ်တော် တခါတည်း ချောက်ကျရောမဟုတ်လား။"

"မှန်ပါဘုရား။

"စိတ်တွေဆိုးပြီး ဟိုကိုယ်တော်လေးကို ဗျစ်တောက်ဗျစ်တောက်နဲ့ ဆိုလိုက်တာ။ ရှင်မဟာကဿပရဲ့ ရှေ့မှာ။ ရှင်မဟာကဿပက စစ်ဆေးမေးမြန်းတော့ အဲဒီမှာ ပေါ်ကုန်ရော၊ တို့ ပရိသတ်ရေ။"

"မှန်ပါဘုရား။"

"ဘယ်လိုတုန်း....မင်းတို့ဖြစ်ပုံ ငါ့ပြော"ဆိုတော့ နေ့တိုင်း နေ့တိုင်း ကိုယ်တိုင်ရေနွေးတည်ရတဲ့ ကိုယ်တော်က၊ ဘာမှမလုပ်ပဲ လာလာပြီး အညွန့်ခူးသွားတဲ့ကိုယ်တော့်အကြောင်း ရှင်မဟာကဿပကို အကုန်လုံး လျှောက်ထားလိုက်တယ်။

ရှင်မဟာကဿပကိုယ်တော်က "သူများလုပ်ပြီးတဲ့အလုပ် မင်းက ဘာကြောင့် အချောင် အသားယူချင်ရတာလဲ၊ ဒီလိုမလုပ်နဲ့" လို့ကောင်းကောင်းကြီးဆုံးမ၊ ဆုံးမတော့ ရှင်မဟာကဿပကို သူက စိတ်ဆိုး။ ဘုန်းကြီးကို့ ဟို....ဇာတ်တော်ထဲက ဘာတဲ့တုန်း ဗျာ့ 'အကိတ္တိဇာတ်' ထဲကလေ....

"နည်းမှားကို နည်းမှန်ယူပြီး ကျင့်သုံး"

"အနယံ နယတိ ဒုမ္မေဓော အဓုရာယံ နိယုဉ္ဇတိ၊"

အဲဒါ ရှိတယ်။

"အဓုရာယံ နိယုဉ္ဇတိ ဒုန္နယော သေယျသော ဟောတိ သမ္မာ ဝုတ္တော ပကုပ္ပတိ။"

ဒုမ္မေဓော၊ ပညာမဲ့ပြေား ငမိုက်သားသည်။ အနယံ၊ နည်းမဟုတ်သည်ကို။ နယတိ၊ နည်း လုပ် ပြီး တော့ ဆောင်ရွက်တတ်၏။

ပညာမဲ့တဲ့လူများဟာ နည်းမဟုတ်တာကို နည်းလုပ်ပြီး တော့ ဆောင်ရွက်ပါတယ်။ အခု ကိုယ်တော်ရှင်မြတ်နှစ်ပါး ဘာမှမလုပ်တဲ့ကိုယ်တော်က သူများလုပ်ထားတာကို သွားပြီး တော့ အသားယူတာဟာ တို့ပရိသတ် နည်းမဟုတ် နည်းလုပ်ပြီး ဆောင်ရွက်တာ မဟုတ်ပါလား။

"မှန်ပါဘုရား။"

အနယံ၊ နည်းမဟုတ်သည်ကို။ နယတိ၊ နည်းလုပ်ပြီးတော့ လောကွတ်ချော်တတ်၏။

"ဒုန္နယော သေယျသော ဟောတိ သမ္မာ ဝုတ္တော ပကုပ္ပတိ။"

ဒုဋ္ဌယော၊ နည်းလွဲနည်းမှားကြီးသည်။ သေးယျသော၊ ဒီနည်းမှ ကောင်းတယ်ရယ်လို့ အမှန်အမြတ် ထားတတ်သည်။ ဟောတိ၊ ဖြစ်၏။ သမ္မာ၊ အကျိုးနဲ့အကြောင်းနဲ့။ ဝုတ္တော၊ ကောင်းမွန်စွာ ပြောခဲ့ ဆိုခဲ့ပြန်တော့လဲပဲ။ ပကုပ္ပတိ၊ ငါလိုလူ ပြောရရိုးလားလို့ စိတ်ဆိုးတတ်၏။

"ရှင်မဟာကဿပ နေထိုင်မကောင်းလို့တဲ့"

"ငါလိုလူ ပြောရရိုးလားဟဲ့"ဆိုပြီး ဘာမှမလုပ်တဲ့ထိုကိုယ်တော် စိတ်ဆိုး၊ ရှင်မဟာကဿပနဲ့ နောက်တနေ့ ဆွမ်းခံမလိုက်ဘူး၊ သူက တလမ်းသွားတယ်။

"ခါတိုင်းဆို ရှင်မဟာကဿပကိုယ်တော်ကြီးက ရှေ့က၊ နောက်က တပည့်လေးနှစ်ပါး အတူတူ ကြွကြတယ်၊ နော်။"

"မှန်ပါဘုရား။"

"နောက်တရက် ရှင်မဟာကဿပကြီးနဲ့အတူတူ ဆွမ်းခံမလိုက်တာ ဘာဖြစ်လို့လဲ။"

"စိတ်ဆိုးနေလို့ပါ ဘုရား။"

"ငါ့ ဆုံးမရသလား"ဆိုပြီး စိတ်ဆိုးသွား၊ အတူတူမလိုက်တော့ ရှင်မဟာကဿပသွားတာ တခြား၊ သူက တခြားသွားတော့ ရှင်မဟာကဿပရဲ့ တပည့်ဒကာများက "အရှင်ဘုရား တပါးတည်း ကြွလာသလား၊ ဆရာတော်ကြီးရှင်မဟာကဿပ မပါဘူးလားဘုရား့၊" "မပါဘူးဒကာကြီးရေ၊ ဆရာတော်ကြီး နေမကောင်းလို့"လို့ သူကပြောတယ်။ တကယ် တို့ပရိသတ်။

"ဆရာတော်ကြီး နေမကောင်းလို့ရှိယင်၊ ဂိလာနပုဂ္ဂိုလ်များအတွက် ဒီဆွမ်း, ဒီခဲဘွယ်, ဒီမုန့်ကလေးတွေ အရှင်ဘုရား

ကို လှူလိုက်စမ်းပါရစေ၊ ကျောင်းရောက်ယင် ကပ်လိုက်ပါ။''
''ထည့်လိုက်ထည့်လိုက် ဒကာကြီးတို့ ကပ်ပါမယ်'' ဆိုပြီး သူက ယူသွားတယ်။ ကျောင်းရောက်တော့ ရှင်မဟာကဿပအနား သွားလဲ မသွား, တွေ့လဲ မတွေ့ဘူး၊ အဲဒီမုန့်တွေ အကုန်စားပစ်တယ်....သူက။

## ''ရှင်မဟာကဿပ အကြောင်းစုံသိ၍ ဆုံးမရပြန်''

နောက်တရက်ကျတော့ ရှင်မဟာကဿပ အဲဒီရပ်ကွက်ကို ဆွမ်းခံသွားရော၊ သွားတော့ ဒကာဒကာမတွေက ဆီးကြိုပြီး ရှင်မဟာကဿပကို လျှောက်ကြတယ်။

''အရှင်ဘုရား မနေ့က နေမကောင်းဘူးလို့ သတင်းကြားတယ်၊ ဒီကနေ့အရှင်ဘုရား နေကောင်းသွားပြီလား''တဲ့။

ရှင်မဟာကဿပကိုယ်တော်ကြီး စဉ်းစားတယ်။

''ဘယ်သူကများ ငါ နေမကောင်းဘူးလို့ သွားပြောတယ် မသိဘူး'' လို့ ဟုတ်ကလား။

''မှန်ပါဘုရား။''

''ငါ နေမကောင်းဘူးလို့ ဘယ်သူကများ သတင်းလွှင့်တယ် မသိဘူး'' တဲ့၊ ရှင်မဟာကဿပ နေမကောင်းဘူးလို့ သတင်းလွှင့်တာ ပြောတာနော်၊ ရှင်မဟာကဿပရဲ့ တပည့် ကိုယ်တော်တပါးက လွှင့်လိုက်တာ။

''ကိုယ်တော်ကြီး နေမကောင်းလို့ဆိုတော့ ဂိလာနအတွက် လှူလိုက်တဲ့ဆွမ်းတွေ ခဲဘွယ်တွေ သူမစားရဘူးလား။''

''စားရပါတယ်ဘုရား။''

"အေး....တို့ပရိသတ် အဲဒီလိုတော့ မလွှင့်ကြနဲ့နော်။"

"မှန်ပါဘုရား။"

"အမယ်လေး ဘယ်ဆရာတော် နေမကောင်းလို့ တဲ့၊ မလုပ်လိုက်ပါနဲ့ တို့ပရိသတ်။"

အဲဒီတော့ ရှင်မဟာကဿပက နားလည်တယ်၊ ငါ့တပည့်တော့လုပ်ပြီ, ငါ့အတွက် ယူလိုက်တဲ့ ဆွမ်းခဲဘုယ်ဘောဇဉ်လဲ သူ့အကုန်စားပစ်၊ ကျောင်းရောက်တော့ ဒီကိုယ်တော် ခေါ်ဆိုးမ၊ "မင်းကွယ်....ဘယ့်နှယ် ငါနေမကောင်းဘူးလို့ အရပ်ထဲ လျှောက်ကြွေးကြော်, အလှူခံရတာ မင်းအကုန်စား၊ မတော်တာ, မင်းတယ်ပြီးတော့ လုပ်တယ်" လို့ ဆုံးမ။ ဆုံးမတဲ့အခါကျတော့ ပိုပြီးတော့ စိတ်တွေဆိုးလာတယ်၊ တို့ ပရိသတ်ရေ။

**"လူမိုက်ကို ဆုံးမမိတော့"**

"ဒုန္နယော သေယျသော ဟောတိ၊ သမ္မာ ဝုတ္တော ပကုပ္ပတိ" တဲ့။

သမ္မာ၊ အကျိုးနဲ့ အကြောင်းနဲ့။ ဝုတ္တော၊ ပြောပြန်တော့လဲ။ ပကုပ္ပတိ၊ 'ငါ့လိုလူ ပြောရရိုးလား' လို့ စိတ်ဆိုးတတ်၏။

စိတ်တွေဆိုး အချက်တွေထွက်၊ သိရောပေါ့ကွယ် ဆိုပြီး နောက်တရက် ရှင်မဟာကဿပ ဆွမ်းခံထွက်တော့ သူမလိုက်ဘူး။ ကျောင်းမှာ ကျန်ရစ်ခဲ့ပြီး ကျောင်းကိုမီးနဲ့တိုက် ရှိသမျှ ပစ္စည်းအားလုံး ရိုက်ခွဲပစ်တယ်။

"တို့ပရိသတ်ရေ၊ ကြောက်စရာ ကောင်း တယ်၊ ဒုဗ္ဗစ သမား, ပြောလို့မလွယ်ဘူးနော်။"

"မှန်ပါဘုရား။"

ကျောင်းကလေး မီးနဲ့တိုက်၊ ရှိသမျှပစ္စည်းတွေ အကုန်ရိုက်ခွဲဖျက်ဆီးပစ်လိုက်တာ တခါတည်း ဘာမှမကျန်ဘူး၊ လုပ်ပစ်လိုက်တာ။ ဘာဖြစ်လို့လဲဆိုတော့ ဆုံးမ မိလို့တဲ့။ လူမိုက် ဆုံးမမိတော့ အဲဒီအတိုင်းပဲ။

"ရန်ကုန်ကလူတွေက လူလိမ္မာတွေပါဗျနော်။"

"မှန်ပါဘုရား။"

"ဟော်သေးရဲ့ အဲဒီလိုဆိုတော့...."

သမ္မာ၊ အကျိုးနဲ့ အကြောင်းနဲ့။ ဝုတ္တော၊ ပြောခဲ့မယ်ဆိုယင်။ ပကုပ္ပတိ၊ စိတ်ဆိုးတတ်၏။ 'ငါ့လိုလူ ပြောရရိုးလား' ဆိုပြီးတော့ အမျက်ထွက်တတ်၏။

"အဲဒါ ဒုဗ္ဗစ ခေါ်တယ် ဟုတ်ပလား။"

"မှန်ပါဘုရား။"

ဒါကြောင့် အဲဒီလို မဟုတ်ပါပဲနဲ့၊

သုဝစော စ၊ ဆိုလို့ ဆုံးမလို့ လွယ်သည်။ အဿဘာဝေယျ၊ ဖြစ်ရမယ်။

"ဆုံးမလို့ လွယ်မှ တရားနဲ့ နီးသတဲ့၊ ဟုတ်ပလား။"

"မှန်ပါဘုရား။"

**"ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့ရမယ်"**

"မုဒုအနတိမာနီ၊"

မုဒု စ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံး နူးညံ့ ပျော့ပျောင်းတဲ့ ပုဂ္ဂိုလ်လဲပဲ။ အဿ၊ ဖြစ်ရမယ်။

ကာယကံ=ကိုယ်အမူအရာလဲ နူးညံ့ရမယ်၊ ဝစီကံ=နှုတ်အမူအရာတွေကျတော့လဲ နူးညံ့ရမယ်။ သိမ်မွေ့ရမယ်၊ မနော

ကံ=စိတ်အမူအရာတွေကလဲ နူးညံ့ရမယ်, သိမ်မွေ့ရမယ်၊ မုဒု-ကိုယ်အမူအရာတွေရဲ့ နူးညံ့ သိမ်မွေ့ တဲ့လက္ခဏာ။

"ရှိသေထိုက်သူများရဲ့ရှေ့ ကိုယ် အမူအရာကိုက သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေး ဟုတ်လား။"

"မှန်ပါဘုရား။"

ရှိသေထိုက်တဲ့သူများ ရှေ့ ကာယကံ ယဉ်ကျေးရမယ်ပြောယင်၊ တို့ဒကာကြီးတွေကို စောင်း ပြော တယ် ထင် မှာ စိုး လို့ တို့ဒကာကြီးတွေရှေ့မှာ ဘုန်းကြီးတို့က မပြောဘူး၊ တို့ပရိသတ်ရေ။ ကိုယ်အမူအရာယဉ်ကျေးဆိုတာ အများကြီးရှိတယ်၊ နော်။

"မှန်ပါဘုရား။"

လက်အုပ်မချီခြင်း၊ ရှိမခိုးခြင်း၊ လက်အာယောဂပဋ္ဋ၊ ဒူးအာယောဂပဋ္ဋဖွဲ့ခြင်း၊ ဒူးထောင်ခြင်း၊ ပေါင်ကားခြင်း၊ ကိုယ်အမူအရာယဉ်ကျေးဖို့ဆိုတာ အဲဒါတွေ အကုန်ကင်းရမယ်။

"လက်အာယောဂပဋ္ဋ ဖွဲ့တယ်ဆိုတာ သိရဲ့ လား၊ ဒူး ကို လက်နဲ့သိုင်းပြီးတော့ တခါတည်း မေးပြီးတော့ ထိုင်နေတာ ခေါ်တာ။"

"မှန်ပါဘုရား။"

ဆရာတော် သံဃာတော်တွေရဲ့ရှေ့မှာ ထိုင်ကြည့်ပါလား၊ ဒူးနှစ်ဘက် လက်နဲ့သိုင်းပြီး မေးပြီးတော့ ထိုင် နေ ပုံ လေ၊ အဲဒီဥစ္စာဟာ တော်တော်ကို မလေးမခန့်နိုင်တဲ့ ပုံ၊ ကိုယ်အမူအရာ မယဉ်ကျေး, ဒီအတိုင်း ဖြစ်တယ်။

"ဒီလိုလူစား အများကြီး တွေ့ရတတ်တယ်"

"အဲ....ကိုယ့်အတွေးနဲ့ကိုယ် ဒူးလေးများတောင် နှံ့နေလိုက်သေးတယ်, တခါတလေ။ အင်း....ကိုယ်တို့က အဲဒါတွေ တွေ့ဖူးတယ်။"

"မှန်ပါဘုရား။"

ဒူးကလေးနှံ့တံ့နှံ့တံ့နဲ့ လေယာဉ်ပေါ် ကိုယ်တခါဆုံဖူးတယ်၊ ကိုယ်ဖြင့် စိတ်ပျက်လိုက်တဲ့ ဖြစ်ခြင်း။ ထိုင်ခုံက နှစ်ခုံတွဲ၊ လေယာဉ်ပျံပေါ်မှာ ထိုင်ခုံက တွဲထားတာ။ တင်ပလ္လင်ချိတ် စီးကရက်မှိန်းပြီးတော့ ပါးစပ်ကလဲ အီး အီး အီးအီးနဲ့ သူက သီချင်းကလဲ ညည်းလိုက်သေးတယ်။ ပြီး တော့ ဒူး က လဲ နှံ့လိုက်သေးတယ်။ ပြီးရော။

သူ ဒူးနှံ့လေလေ၊ ကိုယ့်ကုလားထိုင်က ငလျင် လှုပ် သည် ထက် ဆိုးသေးတယ်။ စိတ်ပျက်လိုက်တဲ့ ဖြစ်ခြင်း၊ စီးကရက်ခိုးက နှာခေါင်းထဲဝင်တာက တမျိုး၊ ကိုယ်က အာရုံပြုလာတာက တခြား၊ သူ့ သီချင်းသံက နားထဲဝင်၊ သူက ကပ်နေတာကိုးဗျ၊ သူ့ ဒူးနှံ့နေတဲ့ အမူအရာက မျက်လုံးထဲဝင်၊ ကုလားထိုင်တလှုပ်လှုပ်က ခန္ဓာကိုယ်ထဲကိုဝင်။ ပြီးရော, တို့ ပရိသတ်ရေ၊ ဘာ သမာဓိမှ မရဘူး။

"ဩော်....ဒီလိုလူနဲ့ တွေ့ရသေးသကိုး, ဟုတ်လား။"

"မှန်ပါဘုရား။"

"တို့တော့ လေယာဉ်ပျံပေါ် တက်ကတည်းက ဆုံး ဖြတ်ထားတယ်၊ လေယာဉ်ပျံပေါ်ရှိတဲ့လူ မှန်သမျှ မုဒု – အကုန်လုံး

နူးညံ့ပါစေလို့ မေတ္တာလွှတ်ပြီးတော့ တက်တယ်၊ တို့ပရိသတ်ရေ နော်။"

"မှန်ပါဘုရား။"

အေး....ဒါကြောင့်....

မုဒု စ၊ ကိုယ်အမူအရာကလဲ နူးညံ့သိမ်မွေ့သည်။ အဿ၊ ဖြစ်ရမယ်။

နှုတ်အမူအရာ- ပြောဆိုတဲ့ စကားတွေကလဲ မုဒု- နူးညံ့တဲ့ စကား ဖြစ်ရမယ်၊ စိတ် အမူအရာ ကျပြန် တော့လဲ နူးညံ့ ပြီးတော့ သိမ်မွေ့ရမယ်တဲ့။

"မုဒုဆိုတာ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ ယဉ်ကျေးသိမ်မွေ့တဲ့ သဘော၊ ဟုတ်လား။"

"မှန်ပါဘုရား။"

**"အတိမာန-မာနထောင်လွှားမှု မပြုကြနဲ့"**

အေး....ဒါကြောင့် 'မုဒု စ'ပြီးတော့....

အနတိမာနီ စ၊ မာန်ထောင်လွှားခြင်း မရှိသည်လဲ။ အဿ၊ ဖြစ်ရမယ်။

မာနလဲ မကြီးရဘူးတဲ့။ မိမိကိုယ်ကို အထင်ကြီး။ သူတပါး အထင်သေး။ ကိုယ့်ကိုယ်ကို အထင်ကြီးတော့ ကိုယ့်ကိုယ်ကို မြှောက်တယ်။ သူတပါး အထင်သေးတော့ သူတပါးကို နှိမ့်တယ်။

"မိမိကိုယ်ကို မြှောက်ခြင်း၊ သူတပါးကို နှိမ့်ခြင်းဆိုတဲ့ အတိမာနတက်တော့ အဲဒီလို ပုဂ္ဂိုလ်မျိုး တရားတက်ဖို့ မလွယ် ဘူးတဲ့နော်။"

"မှန်ပါ ဘုရား။"

ဒါကြောင့်မို့ ရှေးဦးစွာ လုပ်ရမယ့် အလုပ်ကို ညွှန်ကြား တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်က....

အနတိမာနီ စ၊ မာန်ထောင်လွှားခြင်း မရှိသည်။ အသ၊ ဖြစ်ရမယ်။ အနတိမာနီ၊ အလွန့်အလွန်မာန်ထောင်လွှားခြင်း မရှိသည်။ အသ, ဘဝေယျ၊ ဖြစ်ရမှာပါ။

နောက်တော့မှ....

## "ရောင့်ရဲ-ကျေနပ်နိုင်ဖို့ လိုတယ်"

"သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။ သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။"

"နနုဂိဒ္ဓေါ ထိအောင် ရွတ် ဟုတ်ပလား။"

"မှန်ပါ ဘုရား။"

"မေတ္တာသုတ်ရွတ်ကြတာကလဲ တယ်မမှန်ကြဘူး၊ဟိုဘက်ကူး သည်ဘက်ကူးနဲ့ အမျိုးမျိုး ဖြစ်နေကြတတ်တယ်။"

'သန္တုဿကော စ' ကစပြီး ရွတ်လာတာ 'နနုဂိဒ္ဓေါ'ကျ ရပ်။ 'နစခုဒ္ဒ'က နောက်တပုဒ်။ ဟုတ်ပြီလား။

"မှန်ပါ ဘုရား။"

သန္တုဿကော စ၊ ရောင့်ရဲလွယ်သည်လည်း။ အသ၊ ဖြစ်ရ မယ်။

"ဘာတဲ့တုန်း တို့ပရိသတ်။"

"ရောင့်ရဲလွယ်ရမှာပါ ဘုရား။"

ရောင့်ရဲလွယ်ရမယ်။ မိမိရှိတာနဲ့ ကျေနပ်နိုင်ရမယ်။ ထင်ရှားရှိတာနဲ့ ကျေနပ်နိုင်ရမယ်။ ညီညွတ်တဲ့ အသက်မွေးလုပ်ငန်းနဲ့ ကျေနပ်နိုင်ရမယ်။

## "သန္တုဿကရဲ့ လိုရင်းအချက် (၃)မျိုး"

"သန္တုဿကရဲ့အဓိပ္ပါယ် သုံးချက်ရတယ်၊ ဘယ်နှစ်ချက်ရတို့ပရိသတ်။"

"သုံးချက်ရပါတယ် ဘုရား။"

သန္တုဿကော စ၊ မိမိရှိသမျှကလေးနဲ့ ရောင့်ရဲနိုင်ရမယ်၊ ကျေနပ်နိုင်ရမယ်။ ကိုယ့်ရှိတာလေးနဲ့ တင်းတိမ်နေ၊ ကျေနပ်နေ အဲဒါ သန္တုဿကော။

သန္တုဿကော စ၊ ထင်ရှားရှိတာလေးနဲ့ ကျေနပ်နိုင်ရမယ်။

ကိုယ်ပိုင်တာနဲ့ ကျေနပ်နေရမယ်ဆိုတာက ပထမ။

ထင်ရှားရှိနေတာကလေးနဲ့ ကျေနပ်နေရမယ်ဆိုတာ ဒုတိယ။

ညီညွတ်တဲ့လုပ်ငန်းနဲ့ ကျေနပ်နေရမယ်ဆိုတာက တတိယ။

"ကိုယ်ပိုင်တဲ့အရာဝတ္ထုနဲ့ ကျေနပ်။ ကိုယ်ပိုင်တဲ့ပစ္စည်း ကိုယ့်ထံရှိတဲ့အခါ ရှိတယ်။ တခြားရောက်နေတဲ့အခါ ရောက်တယ် မဟုတ်လား။"

"မှန်ပါ ဘုရား။"

အဲ....ကိုယ့်ရှိတာလေးနဲ့ ကျေနပ်ဆိုတာ အဓိပ္ပါယ် ဒီနှစ်ချက်ရတယ်၊ ကိုယ်ပိုင်တဲ့အရာဝတ္ထု၊ ကိုယ့်လက်ထဲထင်ရှားရှိတာလေးနဲ့ ကျေနပ်၊ တမျိုး၊ ကိုယ်ပိုင်တဲ့အရာဝတ္ထု ကိုယ့်လက်ထဲမရှိဘူး၊ တခါတခါ တခြားတွေဘာတွေ ရောက်နေသေးတယ်။

"ရောက်နေတယ် မဟုတ်လား။"

"ရောက်နေပါတယ် ဘုရား။"

တခြား ရောက် နေ တယ်၊ ကိုယ့်မရသေးပေမယ့် ရှေ့ဖို့ရန် ကိန်းသေဖြစ်နေတယ်။ အဲဒီလို တခြားရောက်နေတာလိုက်ပြီး ကြိုးကြိုးစားစား ရှာသားဖွေလားဆိုယင် အဲဒီလူ ပင်ပန်းတာ အဖတ်တင်တယ်။

ဒါကြောင့် ကိုယ်ပိုင်တာနဲ့ ကျေနပ်။ ကိုယ့်လက်ထဲ အထင်အရှား ရှိတာလေးနဲ့ ကျေနပ်လိုက်။ တခြားရောက်နေတာ အပင်ပန်းခံ ရှာမနေနဲ့၊ ရောက်တဲ့အခါ ရောက်လာလိမ့်မယ်။

"မ ရောက် သေး ခင် အ သာ က လေး အောင့် ထား ဟုတ်လား။"

"မှန်ပါ ဘုရား။"

အဲဒါကြောင့်....

(၁) သန္တုဿကော စ- ကိုယ်ပိုင်တာနဲ့ ကျေနပ်နိုင်ပါစေ။

(၂) သန္တုဿကော စ- ကိုယ့်ရှိတာကလေးနဲ့ ကျေနပ်နိုင်ပါစေ။

(၃) သန္တုဿကော စ- မျှတတဲ့လိုသလနဲ့ ကျေနပ်နိုင်ပါစေ။

"ဟုတ်ပလား။"

"မှန်ပါ ဘုရား။"

**"ကျွေးမွေးစောင့်ရှောက်နိုင်လှယ်ရမယ်"**

သူဘာရော၊ မွေးမြူရာမှာလဲ အဲဒီ ပုဂ္ဂိုလ် လှယ်ရမယ်။ မွေးမြူဖို့ လှယ်ရမယ်၊ ကျွေးမွေးဖို့ စောင့်ရှောက်ဖို့ လှယ်ရမယ်။ ကျွေးမွေးခြင်း့ စောင့်ရှောက်ခြင်း မလှယ်ယင် တရားရဖို့ ခက်တယ်။ မရောင့်ရဲမတင်းတိမ်ယင် တရားရဖို့ခက်တယ်။

"ရောင့်ရဲတင်းတိမ်နိုင်မှ တရားနဲ့ နီးတယ်နော်။"

"မှန်ပါဘုရား။"

မွေးမြူလှယ်မှလဲပဲ တရားနီးတယ်၊ မွေးမြူခက်ယင် တရားဝေးတယ်။ ကလေးလေးတွေကို ကြည့်စမ်းပါ၊ တချို့မျှား မနက်မိုးသောက် အလင်းရောက်တယ်ဆို ထအီအီနဲ့ငိုပြီးတော့ ထလာတယ်မဟုတ်လား။ ငိုပြီးတော့ ထလာ၊ ကော်ဖီဖျော်တိုက်လိုက်၊ တချို့ကလေး ငြိမ်သွားတယ်။

တချို့ကလေးက ဒါနဲ့မပြီးဘူး၊ မုန့်ဝယ်ပေးအုံးမှ။ မုန့်ဝယ်ပေးပြန်တော့ မပြီးသေးဘူး၊ ဆူနေတာပဲ။ ထမင်းကျွေးအုံးမှ၊ ဒါလဲ မပြီးသေးဘူး၊ ဈေးခေါ်သွားအုံးမှ၊ ဈေးခေါ်သွားလဲ မပြီးသေးဘူး။ တခါ ရုပ်ရှင်ရုံထဲ ပို့အုံးမှ။

"ပြီးရော-ဒီကလေး အလိုကိုမကျနိုင်ဘူး့ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"မွေးမြူရခက်လိုက်တာ။"

**"သူဘရ ပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားရမယ်"**

အဲဒီလို ကလေးလေးတယောက်လိုပဲ၊ ဒီဟာပေး မကျေနပ်၊ ဟိုဟာပေးအုံးမှ၊ ဟိုဟာပေး မကျေနပ်၊ နောက်တမျိုးလိုချင်သေးတယ်၊ ဟိုဟာပေး မကျေနပ်၊ ဒီဟာပေး မကျေနပ်၊

တကျည်ကျည်နဲ့ ဆူပွက်နေတဲ့ပုဂ္ဂိုလ်ဟာ ဒုဗ္ဘရ မွေးမြူခက်တဲ့ ပုဂ္ဂိုလ်ခေါ်တယ်။

"လူပဲ ဖြစ်ဖြစ်၊ ရဟန်းပဲ ဖြစ်ဖြစ်ဟုတ်လား။"

"မှန်ပါဘုရား။"

အဲဒါ အရပ်ထဲကတော့ ဘယ့်နှယ်ပြောလဲ၊ ဒီဘုန်းကြီး တယ် ချေးထူတယ်၊ ဒုဗ္ဘရ နော်၊ မလွယ်ဘူး, ဘုန်းကြီးတို့ ပရိသတ်များ၊ မော်တော်ကားလဲ ချေးထူ၊ စားစရာလဲချေးထူ၊ နေစရာလဲချေးထူ၊ တရားပွဲလဲချေးထူ၊ နေရာတကာမှာ ဘယ် လိုလုပ်ပေးလို့မှ မကျေနပ်နိုင်ယင်၊ ဒုဗ္ဘရ။

"ဘာပဲဖြစ်ဖြစ် အရာရာအဆင်ပြေ ကျေနပ်နေယင် အဲဒါ သုဘရ ခေါ်တယ်တဲ့နော်။"

"မှန်ပါဘုရား။"

ဒါကြောင့် 'ဒုဗ္ဘရော၊ သုဘရော' နှစ်လုံးမှာ တရားအား ထုတ်မယ့်ယောဂီအနေနဲ့ဆိုယင်၊ သုဘရော စ၊ အသက်မွေးတဲ့ နေရာမှာ လွယ်ကူရမယ်။ သုဘရပုဂ္ဂိုလ် ဖြစ်ရမယ်။

**"အလုပ်ကိစ္စ နည်းပါးအောင် လုပ်ရမယ်"**

"အပ္ပကိစ္စော စ။"

အပ္ပကိစ္စော စ၊ အမှုကိစ္စလဲပဲ နည်းရမယ်။ အပ္ပကိစ္စော စ အမှုကိစ္စနည်းသည်လဲ။ အသ၊ ဖြစ်ရမယ်။

"အပ္ပကိစ္စတဲ့,တို့ပရိသတ်,ဘာပါလိမ့်။"

"အပ္ပကိစ္စပါဘုရား။"

"သူ့ကိုပြောင်းပြန်-ပြန်တော့ ဗဟုကိစ္စတဲ့၊ ဘာပါလိမ့်။"

"ဗဟုကိစ္စပါဘုရား။"

"တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ ရဟန်းဖြစ်ဖြစ် လူဖြစ်ဖြစ် အပ္ပကိစ္စ-ကိစ္စနည်းရမယ်၊ နော်။"

"မှန်ပါဘုရား။"

စာသင်တဲ့ပုဂ္ဂိုလ်ဟာ စာ ဆိုတဲ့ကိစ္စတခုပဲ ဦးတည်ရမယ်။ တရားဟောပုဂ္ဂိုလ်၊ တရားဟော အလုပ်ဆိုတာပဲ ဦးတည်၊ တရားပြပုဂ္ဂိုလ် တရားပြပဲ ဦးတည်။

"ယောဂီပုဂ္ဂိုလ် ကမ္မဋ္ဌာန်းကျောင်း ဦးတည်ခြင်း၊ နော်။"

"မှန်ပါဘုရား။"

"ပဓာနကိစ္စကို အဓိကထား"

ဂန္ထဓုရပုဂ္ဂိုလ်ဆိုတာ စာချတာက ပထမ၊ ဦးတည်ချက်ဖြစ်တယ်။ ဝိပဿနာဓုရပုဂ္ဂိုလ်အနေနဲ့ တရားပြ၊ တရားဟော၊ တရားအားထုတ်ဆိုတာက ပဓာနကိစ္စ ဦးတည်ချက်ပါ။ ပဓာနကိစ္စ အသာထား အပဓာန-အရေးမကြီးတဲ့ကိစ္စတွေကို ဟိုဟာလေးလဲ ငါပါသေးတယ်၊ ဒီဟာလေးလဲ ငါပါသေးတယ်။ ဒီနေရာလဲ ငါပါသေးတယ်။

"နေရာတကာ အကုန် လျှောက်ပါနေယင် တို့ပရိသတ်၊ ပဓာနကိစ္စတွေ ပျက်ကုန်ပြီနော်။"

"မှန်ပါဘုရား။"

အဲ....ကိစ္စများတဲ့အကြောင်း တို့ပရိသတ် စကားပုံတောင်ရှိသေး မဟုတ်လား။"

"အလုပ်မရှိ ကြောင်ရေချိုး" တဲ့၊ အလုပ်မရှိ ကြောင်လေးတွေ သန်းရှာ ရေချိုး လုပ်ပေးနေတော့ ဘယ်လိုလုပ် စာသင် စာချ တရားဟော ဖြစ်မှာလဲ။

"မဖြစ်ဘူး, တို့ပရိသတ်။"

"မှန်ပါဘုရား။"

အဲဒါတွေ အကုန်ဖယ်ထား၊ ပဓာနကိစ္စကို အဓိကထားပြီးတော့ အလုပ်လုပ်။ မိမိပဓာနကိစ္စကို အကုန်လုံးဖယ်ထားပြီး၊ ဟိုဟာလေးလုပ်၊ ဒီဟာလေးလုပ်၊ သစ်ပင်လေးစိုက်၊ ဟိုဥစ္စာ ဒီရွှေ့၊ ဒီဥစ္စာ ဟိုရွှေ့၊ ဘုရားလဲ ဒီနေရာမကောင်းသေးဘူး၊ ဟိုရွှေ့လိုက် ဒီရွှေ့လိုက် ဟုတ်လား၊ အဲဒီလို ကိစ္စတွေ လျှောက်များနေလို့ ဘုန်းကြီးတို့ စာပေက ဘာပြောတုန်းဆိုယင်....

## "တာ(၄)ချက် လုံးဖြုံအောင်ထား"

"ဘဿာရာမတာ၊ ကိစ္စာရာမတာ၊ သင်္ဂဏိကာရာမတာ၊ နိဒ္ဒါရာမတာ။"

ဘဿာရာမတာ၊ စကားတပြောပြော နေရတာမှာ ပျော်တတ်တဲ့ပုဂ္ဂိုလ်။

'ဘဿာရာမတာ,တဲ့ တို့ပရိသတ်ရေ၊ လူတွေနဲ့ စုရုံးစုရုံးနဲ့ စကားပြောရတာ ပျော်နေယင်-

"အပ္ပကိစ္စလား,ဗဟုကိစ္စလား။"

"ဗဟုကိစ္စပါဘုရား။"

'မှတ်ထားနော် တို့ပရိသတ်။"

"မှန်ပါဘုရား။"

ဗဟုကိစ္စဆိုတာ တပြောပြောနဲ့ လာသမျှလူ ညှော်ခံထိုင်ပြောနေယင် ဗဟုကိစ္စ၊ အဲဒါ မိမိကိစ္စတွေ အကုန်လုံး ပျက်စီးတတ်တယ်။ အပ္ပကိစ္စော စ-ကိစ္စနည်းရမယ်၊ လာသမျှလူ တနေကုန်

ထိုင်ပြီးတော့ ညော့်ခံပြောနေခြင်းဟာလဲပဲ၊ ဗဟုကိစ္စသမားလို့ မှတ်လေ။

နောက်တခါ သင်္ဂဏိကာရာမတာတဲ့၊ သင်္ဂဏိကာရာမတာ ဆိုတာက အပေါင်းအသင်းတွေ အဖော်တွေ ဆွေမျိုးတွေ တပည့်တွေဒကာတွေ ဒကာမတွေ ကြည်ညိုပါတယ်ဆိုတဲ့ပုဂ္ဂိုလ် တွေနဲ့ တသောသောနေရတာမှ ပျော်တယ်ဆိုယင် 'သင်္ဂဏိကာ ရာမတာ'ခေါ်တယ်။ လူများစုကြီးနဲ့ တသောသောနေရတာမှ ပျော်တယ်ဆိုယင် 'သင်္ဂဏိကာရာမတာ'။

"ကိစ္စ မများဘူးလား။"

"များပါဘုရား။"

အဲဒါ ကိစ္စများပုံတော့ ဘုန်းကြီးတို့ ဒါရုက္ခန္ဓောပမာထဲက ကောက်နုတ်ချက်ကလေး ပြောရအုံးမယ်။ ပြောစမ်းပါရစေ၊ အဲဒါဟာ လူဆယ်တဲ့ပုဂ္ဂိုလ်တဲ့။

"ဘာဆယ်တာလဲ။"

"လူဆယ်တာပါဘုရား။"

"လူဆယ်ပြီဆိုယင်...."

**"အပေါင်းအဖော်မှာ ပျော်မွေ့နေခြင်းအကျိုး"**

"သုခိတေသု သုခိတော၊ ဒုက္ခိတေသု ဒုက္ခိတော၊
ဥပ္ပန္နေသု ကိစ္စကရဏီယေသု တေသု ယောဂံ အာပဇ္ဇတိ။"

သုခိတေသု၊ မိမိဆယ်ထားတဲ့လူတွေက ချမ်းသာကြလို့ ရှိယင်။ သုခိတော၊ အဆယ်ခံရတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ ရောၡ ချမ်းသာသည်။ ဟောတိ၊ ဖြစ်ပြန်တော့၏။

ကိုယ်နဲ့ရောနေတဲ့ပုဂ္ဂိုလ်တွေ ချမ်းသာယင် ကိုယ်လဲ ရော၍ ရော၍ ချမ်းသာသွားတယ်။

ဒုက္ခိတေသု၊ မိမိရောနှောဆက်ဆံနေတဲ့ တပည့်ဒကာ ဒကာမ တွေ ဆင်းရဲပြန်တော့လဲပဲ။ ဒုက္ခိတော၊ မိမိပါ ရော၍ရော၍ ဆင်းရဲခံရသည်။ ဟောတိ၊ ဖြစ်၏။ ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား။"

"ဥပ္ပန္နေသု ကိစ္စကရဏီယေသု တေသု ယောဂံ အာပဇ္ဇတိ။"

တေသု၊ ထိုတပည့်ဒကာ ဒကာမတို့ရဲ့ အထံမှာ။ ကိစ္စကရဏီယေသု၊ ပြုဖွယ်ကိစ္စတွေဟာ။ ဥပ္ပန္နေသု၊ ဖြစ်၍ဖြစ်၍ ပေါ်၍ပေါ်၍ လာခဲ့ကြပြန်ယင်။ တေသု၊ ထိုဒကာ ဒကာမတွေရဲ့ အထံက ပေါ်ပေါက်လာတဲ့ကိစ္စတို့၌။ ယောဂံ၊ အရှင်ဘုရားပါမှဖြစ်မယ် ဆို၍ လိုက်ပြီးတော့ အားထုတ်ရပါတယ်ဆိုတဲ့ အပြစ်သို့။ အာပဇ္ဇတိ၊ ရောက်ခံရလေတော့၏။

ကြည့်လိုက်စမ်း မြုပ်သွားတာ၊ အဆယ်ခံရသဖြင့် မြုပ်သွား တယ်၊ ဘယ်ထဲမြုပ်ဆိုတော့ အပေါင်းအဖော်ထဲ မြုပ်တာ၊ ကိစ္စ များပြီမဟုတ်လား။

"မှန်ပါ ဘုရား။"

"အရှင်ဘုရားက ဘယ်နေ့ရာဘယ်နေရာ ပေါက်ရောက်တယ်၊ ကပ်စမ်းပါရစေ၊ လုပ်ပေးပါအုံးတဲ့။ အမယ်လေး....'တေသု ယောဂံ အာပဇ္ဇတိ'တဲ့။

"တယ်ပြီး ကြောက်စရာကောင်းတယ် တို့ပရိသတ်ရေ၊ နော်။"

"မှန်ပါ ဘုရား။"

ပဓာနအလုပ်တွေ ပျက်တတ်တယ်၊ ဒါကြောင့် ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်က....

အပ္ပကိစ္စော၊ အဲဒီလို ကိစ္စတွေကိုနည်းနိုင်အောင် ကြိုးစား ရမယ်တဲ့။

တောထဲသွားမယ့် ကိုယ်တော်တွေ သင်တန်းပေး နေတာ။ ဘုရားရှင်ကိုယ်တော်မြတ်က တောကျောင်းနေမယ့် ကိုယ်တော် များကို ဒီလိုသင်တန်းတွေပေးနေတော့....

"တို့ပရိသတ်ကလဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက တို့လဲ ဒီလိုပဲသင်တန်းပေးခဲ့တယ်လို့ အာရုံယူထားကြဗျနော်။"

"မှန်ပါ ဘုရား။"

## "တာ (၄)တာမှာ ပျော်မွေ့မှု ရှောင်"

ဘဿာရာမတာ၊ စကားပြောရတာ ပျော်မွေ့တယ်။

သင်္ဂဏိကာရာမတာ၊ အပေါင်းအဖော်တွေမှာ ပျော်မွေ့ တယ်။

ကမ္မာရာမတာ၊ ကိစ္စ အသေးအဖွဲ့လေးတွေမှာ ပျော်မွေ့ တယ်။

အသေးအဖွဲ့ကိစ္စလေးတွေမှာ တယ်ပျော်တယ်။ ခုနက ပြောပြီးပြီ၊ဂန္ထဓုရ၊ ဝိပဿနာဓုရကလွဲ ဒိပြင် ရပ်ရေး, ရွာရေး, တိုင်းရေး, ပြည်ရေး၊ ဟိုအရေး ဒီအရေး။

"ဘာမှလုပ်စရာမရှိယင် ဒီနားက စားပွဲ ဟိုရွှေ့၊ ဟိုကုလား ထိုင် ဒီရွှေ့ ဟုတ်ကဲ့လား။"

"မှန်ပါ ဘုရား။"

"အဲဒီလို အသေးအဖွဲ့ကိစ္စကလေးတွေမှာ ပျော်တာကို 'ကမ္မာရာမတာ'ခေါ်သတဲ့။ ပိုပြီးတော့ ခက်သွားတာကတော့ တို့ပရိသတ်ရေ ဗေဒင်ဟောခြင်း, ဆေးကုခြင်း, နတ်ဟောခြင်း ပေါ့။ အဲဒါတွေ လျှောက်ပျော်ယင် 'ကမ္မာရာမတာ' ခေါ်တယ်နော်။ တာ, ဘယ်နှစ်ချက်ပြောနေသလဲ။"

"နှစ်ချက်ပါ ဘုရား။"

"ဟော....တို့ပရိသတ် လုပ်တယ်၊ သူတို့က...."

"သုံးချက်ပါ ဘုရား။"

"လေးချက်၊ တို့ပရိသတ်ရဲ့။ တို့ပရိသတ် ကိုယ့်ဟာကိုယ် ပြန်လုပ်ဖို့ တယ်လဲ အားရှိစရာကောင်း။"

ဘဿာရာမ,တာ စကားပြောတာမှာ ပျော်မွေ့တဲ့အဖြစ်။

သင်္ဂဏိကာရာမ,တာ အပေါင်းအဖော်တွေမှာ ပျော်မွေ့တဲ့ အဖြစ်။

ကမ္မာရာမတာ, အသေးအဖွဲ့ကိစ္စကလေးတွေကို ပဓာနထား ပျော်မွေ့တဲ့အဖြစ်။

## "ကျောမှာတံဆိပ် ဖျာရာနှိပ်သို့"

'နိဒ္ဒါရာမတာ' အိပ်နေရတာကို ပျော်မွေ့တဲ့အဖြစ်။

"ဘယ်နှစ်ခုဖြစ်တုန်း။"

"လေးခုပါ ဘုရား။"

"အေး....အဲဒီလေးချက်ကို မပျော်မွေ့ရဘူးနော်။"

"မှန်ပါ ဘုရား။"

အိပ်နေရတာမှ တယ်ပျော်တယ်၊ ကျောကြီး တလှန့်လှန့်နဲ့။ "ကျောမှာတံဆိပ် ဖျာရာနှိပ်သို့" ဆိုပြီးတော့ ရှေးတုန်းက ဆရာတော်ကြီးတွေ ရေးထားတယ်။ တခါတည်းကျောကြီး စင်းပြီးတော့ အိပ်လိုက်တာ ထလဲလာရော တနေကုန်ကျော ခင်းထားတော့ ဖျာတံဆိပ်ကြီး ကျောမှာနှိပ်ပြီးတော့ လွတ်လိုက်တယ်နော်။

"မှန်ပါဘုရား။"

"အဲဒါ နိဒ္ဒါရာမတာသမား။ ကျော ဖျာရာထင်အောင် မအိပ်ရဘူး၊ တို့ပရိသတ်၊ နော်။"

"မှန်ပါဘုရား။"

အေး....ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် မှိန်းရ တော်ရောပေါ့၊ အဲ....အခုတော့ ဘယ်ဟုတ်မလဲ။ နေ့ခင်းစားပြီးကတည်းက အိပ်လိုက်တဲ့ ဖြစ်ခြင်း။ ကျောမှာ ဖျာရာကို ထင်နေတာ၊ ညနေစောင်းမှ အိပ်ရာထဲက အင်း....အဲ....နဲ့ ထလာတယ်။ နိဒ္ဒါရာမတာ ခေါ်တယ်။

အဲဒါတောင် မဝသေးဘူး၊ စောစောအိပ်မှ ကျန်းမာရေးကောင်းတယ်ဆိုပြီး ည ရှစ်နာရီလောက်ဆို အိပ်ရာတခါပြန်ဝင်တယ်။ တနေ့ ခြောက်နာရီအိပ်မှ အိပ်ရေးဝတယ် ပြောတယ်။ စော စော ထလို့ မ ဖြစ် ဘူး၊ မနက် ရှစ် နာ ရီ လောက် မှ ထလာတယ်။

"ပြီးရော၊ နိဒ္ဒါရာမတာသမား လုပ်ငန်းတွေ အကုန်ပျက်ရောပေါ့၊ ဟုတ်လား။"

"မှန်ပါဘုရား။"

"ဆရာဝန်တွေပြောတာက တနေ့ ဘယ်လောက်အိပ်မှတဲ့၊ ခြောက်နာရီလောက်မှ ဆိုသလား မသိပါဘူး၊ ခြောက်နာရီလား၊ ရှစ်နာရီလား။"

"ရှစ်နာရီပါဘုရား။"

## "ဗုဒ္ဓပြောတဲ့ အိပ်စက်အနားယူချိန်"

အဲဒါ ဆရာဝန်နည်း ရှစ်နာရီ။ ဟော....ဗုဒ္ဓနည်းက ညဥ့်သုံးယံ တယံအိပ်ရယင် ပြီးရော။ လေးနာရီလောက် အိပ်ရယင် ပြည့်စုံတယ်၊ ဗုဒ္ဓနည်းက လေးနာရီပဲ အိပ်ရတယ်။ လေးနာရီတောင်မှ မအိပ်ပဲ နေ့ရောညပါ ထိုင်ပြီးတော့နေတဲ့ ကိုယ်တော်ကြီးတွေ အများကြီး ရှိသေးတယ်၊ နော်။"

"မှန်ပါဘုရား။"

"ဗုန်းဗုန်းလဲပြီး ကျန်းမာရေးပြတ်ပြီးတော့ မသေပါဘူးဗျ။ ဒါကြောင့် တို့ပရိသတ် ဆရာဝန်ရဲ့ဩဝါဒနဲ့ ဆင်ခြေပေးပြီး နင်း....နင်း....အိပ်မနေကြနဲ့အုံး။"

"မှန်ပါဘုရား။"

"ဗုဒ္ဓနည်းလဲပဲ ကြည့်လိုက်အုံး၊ ဗုဒ္ဓဘာသာပီပီ-နော်။"

"မှန်ပါဘုရား။"

"နိဒ္ဒါရာမတာ မလုပ်ပါနဲ့၊ ညဥ့် ၁၂-နာရီလောက် အိပ်၊ နံနက်လေးနာရီလောက်ထယင် တို့ပရိသတ် အဲဒါ လေးနာရီလောက် အိပ်၊ မအိပ်ရဘူးလား။"

"အိပ်ရပါတယ်ဘုရား။"

"တို့ပရိသတ် လေးနာရီလောက်အိပ်ချိန်ရယင် အဲဒါ အိပ်ရေး ဝရမယ် တို့ ပရိသတ်နော်။"

"မှန်ပါဘုရား။"

"လေးနာရီမထနိုင်, လေးနာရီခွဲ၊ ဒါထက်မပိုနဲ့ တို့ ပရိသတ်နော်။"

"မှန်ပါဘုရား။"

"အေး....နေ့စဉ်ရက်ဆက် အလုပ်တွေ သိပ်ပင်ပန်းပါတယ်ဆိုယင် ငါးနာရီထ၊ တို့ပရိသတ်နော်။"

"မှန်ပါဘုရား။"

"ငါးနာရီလောက်အိပ်ယင် ဝ ပါတယ်ဗျ။"

"မှန်ပါဘုရား။"

ဒါကြောင့်....

## "အပ္ပကိစ္စပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစား"

နိဒ္ဒါရာမတာ အအိပ်မှာပျော်မွေ့တဲ့ပုဂ္ဂိုလ်၊ သင်္ဂဏိကာရာမတာ-အပေါင်းအသင်းအခြံအရံမှာ ပျော်မွေ့တဲ့ပုဂ္ဂိုလ်၊ ကမ္မာရာမတာ-အသေးအဖွဲ့ကိစ္စလေးတွေမှာ ဟိုနေရာတောက်တောက်တောက်တောက်၊ ဒီနေရာရောက်ယက်ခတ်ပြီးတော့ ပျော်မွေ့တဲ့ပုဂ္ဂိုလ်၊ ဘဿာရာမတာ-စကားပြောနေရာမှ ပျော်မွေ့တဲ့ပုဂ္ဂိုလ်။

"အဲဒီကိစ္စတွေနဲ့ များနေယင်၊ ဒီပုဂ္ဂိုလ်ဟာ ဗဟုကိစ္စပုဂ္ဂိုလ်တဲ့။ ဘာ ပုဂ္ဂိုလ်ပါလိမ့်။"

"ဗဟုကိစ္စပုဂ္ဂိုလ်ပါဘုရား။"

ဗဟုကိစ္စပုဂ္ဂိုလ်ဆိုတာ....

သန္တံ၊ ငြိမ်သက်လှစွာသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဘိသမေစ္စ၊ အာရုံယူဘိ ထွင်းဖောက်သိမြင်၍ မဖြစ်နိုင်ဘူး။ အပ္ပကိစ္စော စ၊ အဲဒီ ကိစ္စတွေ နည်းပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်မှသာလျှင်။ သန္တံ၊ ငြိမ်သက်လှစွာသော။ ပဒံ၊ အသခ်တဓာတ် နိဗ္ဗာန်ပရမတ်ကို။ အဘိသမေစ္စ၊ ဉာဏ်ဖြင့်ဖောက်ထွင်းသိမြင်ခြင်းသည်။ အဿဘဝေယျ၊ ဖြစ်နိုင်ရာ၏။

"ကိစ္စနည်းမှ နိဗ္ဗာန်ကို ဖောက်ထွင်းသိမယ်၊ အပ္ပကိစ္စဖြစ်အောင်ကြိုးစား၊ နော်။"

"မှန်ပါဘုရား။"

**"ပေါ့ပေါ့ပါးပါးဖြစ်အောင် နေတတ်ဖို့ လိုတယ်"**

"သလ္လဟုကဝုတ္တိ"

သလ္လဟုကဝုတ္တိ၊ ပေါ့ပါးတဲ့အဖြစ်လည်း။ အဿဘဝေယျ၊ ဖြစ်ရမယ်။

ပေါ့ပါးတဲ့အဖြစ်မျိုး ရှိရမယ်။ 'သလ္လဟုဂုတ္တိ'-ပေါ့ပါးတဲ့အဖြစ်ရအောင် ကြိုးစား။

"ငှက်များ ကောင်းကင်ပျံယင် ဝန်ထုပ်ဝန်ပိုး ဘာများပါသွားသေးလဲ။"

"ဘာမှ မပါပါဘုရား။"

"ပျံချင်တဲ့အချိန် ထပျံ၊ လေးနဲ့ပဲ ပစ်ပစ်၊ သေနတ်နဲ့ပဲ ပစ်ပစ်၊ ဝုန်းကနဲဆို ဖြုန်းကနဲ ထပျံနိုင်တယ်မဟုတ်လား။"

"မှန်ပါဘုရား။"

ပေါ့ပါးလိုက်သမှ၊ 'သပတ္တဘာရော ဝ၊' သူတို့မှာ ဝန်ထုပ်ဝန်ပိုးဆို အတောင်ပဲ ပါတယ်။ ငှက်များသည် ဝန်ထုပ်ဝန်ပိုးဆို၍ အတောင်သာလျှင်ရှိသလိုပဲ၊ တို့တရားနာပရိသတ်လဲ အရေးကြုံလို့ ပြုန်းကနဲတနေရာ သွားကြစို့လာကြစို့ဆိုယင် ငှက်များလို ပေါ့ပေါ့လေး ပြုန်းကနဲ ထသွားနိုင်ရမယ်။

"ပေါ့ပါးတဲ့သဘော ရှိရမယ် မဟုတ်လား။"

"မှန်ပါဘုရား။"

**"ပေါ့ပါးမှ ခရီးသွားတာ တွင်ကျယ်တယ်"**

ခရီးထွက်ကြစို့ဟေ့ ဆိုတာနဲ့တပြိုင်နက် သူ့စောင့် ငါ့စောင့်နဲ့၊ "ခုနစ်နာရီသွားကြစို့ဟေ့" ဆို မဟုတ်ဘူး၊ ရှစ်နာရီလောက်မှ သွားဖြစ်တယ်။ ဒါကြောင့်မို့ ဘုန်းကြီးတို့က ခရီးထွက်မယ်ကြံယင် လူအများကြီးနဲ့ တယ်မသွားချင်ဘူး။ မော်တော်ကားတစီး နောက်ကကပ္ပိယတယောက်နှစ်ယောက်လောက်နဲ့ဆိုယင် တော်ပြီ၊ ဒါ သွားကြစို့။

အဲ....ကားသုံးစီး၊လေးစီးဆိုယင် ပြီးရော။ အဲဒါ ဟိုကားစောင့် ဒီကားစောင့်နဲ့၊ ဟို....ကားက ခေတ်ဆီဖြည့်ဖို့၊ ဒီကားက လေထိုးဖို့နဲ့ ဘုန်းကြီးတင်ပြီးတော့မှ မွေ့နေလိုက်ချည်သေး၊ ဟုတ်လား၊ လေထိုးဆိုင်ရော၊ ခေတ်ဆီဆိုင်ရော၊ ဒီဘုန်းကြီး အကုန်ကို ရောက်တာ။ ဟုတ်လား။

"မှန်ပါဘုရား။"

ဒါကြောင့်မို့ သလ္လဟုကဝုတ္တိတဲ့၊ ပေါ့ပါးတဲ့သဘော၊ သွားစို့ဆိုယင် ပြုန်းကနဲ တခါတည်း သွားနိုင်ရမယ်။ ဝန်ထုပ်ဝန်ပိုးဆိုလို့ တို့ပရိသတ်၊ လက်တဆွဲ၊ အဲဒါ လုံလောက်ရမယ်။

အဲ....ဘုန်းကြီးတို့ဆိုယင် သက်န်း ၂ စုံ၊ ညတရားဟောတစုံ ချွေးတွေစိုတယ် ပလ္လင်ပေါ်ကဆင်း လဲဖို့တစုံ၊ အဆင်သင့်ပါယင် တော်ပြီ။ ခြုံစရာအနေနဲ့ ခြုံထည်တခုပါသွား, သင်္ကန်းနှစ်စုံနဲ့ ခြုံထည်တခု တော်ပြီ၊ ဒါဆို ပြီးရော။

**"ပရိက္ခရာအိတ်ကြီးတွေနဲ့ ခရီးသည်တွေ"**

အဲ....တို့ဒကာကြီးတွေတော့ ဘယ်ပြောကောင်းမလဲ။ အိမ်ရှိပုဆိုး အကုန်ထည့်လာတာ၊ ရောက်တဲ့နေရာမှာ စတိုးဆိုင်ဖွင့်လို့ရတယ်။ ဒကာမကြီးတွေ သာတောင်ဆိုးသေး။ လက်ထဲကလက်ပွေ့အိတ်ထဲ ကြည့်အုံးမလား။ ဘာတွေပါတယ်ဆိုတာ ကိုယ်သိတယ်။

အဲဒါ ဘယ်သူ့ဥစ္စာမှ ဖွင့်ကြည့်ထားလို့မဟုတ်ဘူး။ ရထားပေါ်မှာ ဒကာမကြီးတယောက် အိတ်ကြီးလွတ်ကျပြီး ဖြုန်းဆို အိတ်ကြီးကလဲ ကိုယ့်ရှေ့မှာ ပွင့်ထွက်သွားတယ်။ ဟာ....စုံရော, ကောက်တွေရော, ကန့်လန့်တွေရော, ဂွတွေရော, အဲဒီမှာ စုံနေတာပဲ။

ဒါကြောင့် ခရီးထွက်မယ်ဆို၊ သူတို့မှာ မပြီးဘူး ပရိသတ်ရေ နော်၊ အဲဒီလို သွားကြားချိတ်ဖို့, ခေါင်းချိတ်ဖို့, နားရွက်ချိတ်ဖို့ အို....ပြည့်လို့,စုံလို့ သူတို့ထည့်လာတာ၊အဲဒါ သူတို့ပရိက္ခရာအိတ်။ ဒါကြောင့် တို့တရားနာပရိသတ်များ ခန္ဓာကိုယ်တကိုယ်လုံးလဲ ရှုပ်လို့ပွေလို့၊ လက်ကလဲပဲ အဲဒီပရိက္ခရာအိတ် မပါ မပြီးဘူး။

အဲ...အဝတ်အစားထည့်တဲ့အိတ် ကြည့်လိုက်အုံးမလား၊ ပြီးရော,ပြီးရော,သူတို့သာပါယင် ခရီးထွက်မယ်ကြံ သွားလို့ကိုမဖြစ်နိုင်ဘူး၊အဲဒါကြောင့် သလ္လဟုကဝုတ္တိဒကာတွေလဲ ခရီးသွားမယ်

ဆိုယင်ပေါ့ပါးရမယ်၊ ဒါက ခရီးထွက်တာ တခုတည်း ကိုယ်နဲ့ တိုက်ရိုက်သက်ဆိုင်နေတာမို့ ပြောနေတာပါ။

"ဒါတင်မဟုတ်ပါဘူး၊ အိမ်မှာနေယင်လဲ ဝန်စည်စလယ် တွေနည်းပြီးတော့ ပေါ့ပါးတဲ့သဘော ရှိရမယ်နော်။"

"မှန်ပါဘုရား။"

"ပစ္စည်းတွေ ဗီရိုတွေ ပရိဘောဂတွေ၊ တပုံကြီးနဲ့ဆိုယင် သွားရေးလာရေးမလွယ်ဘူးဟုတ်လား။"

"မှန်ပါဘုရား။"

**"အမြင်မတော် ဘင်တော်နဲ့ခလောက်"**

ဘုန်းကြီးတို့ ဆရာတော်တပါးက ကမ္မဋ္ဌာန်းပြုပြီးတော့ ရိပ်သာဖွင့်နေတဲ့ဆရာတော်ကြီးတပါးကို ပြောဖူးတယ်။ ဆရာတော်တပါးက ပရိယတ္တိဆရာတော်၊ တပါးက ပဋိပတ္တိဆရာတော်၊ ရန်ကုန်မှာပါပဲ။ ပဋိပတ် ဆရာတော်ရဲ့ကျောင်းကို ပရိယတ် ဆရာတော်က သွားတယ်။

သွားတော့ ပဋိပတ်ဆရာတော်ရဲ့ကျောင်း ခုတင်ရဲ့အောက်မှာ သေတ္တာတွေထပ်ထပ်ထပ်ထားတာ ခုတင်ကိုထိနေတယ်။ ပရိယတ္တိဆရာတော်က လှမ်းကြည့်ပြီးတော့ မေးတယ်။ "ဆရာတော်ရဲ့ ခုတင်အောက် သေတ္တာတွေ ထပ်ထပ် နေတာ ဘာတွေလဲ"တဲ့။ "ကိုယ်တော့်နှယ် ကြုံကြုံဖန်ဖန် ဘာဖြစ်လို့လျှောက်မေးနေရလဲ၊ သူများသေတ္တာ....ဘာတွေပဲ ထည့်ထည့်ပေါ့" တဲ့။ ကမ္မဋ္ဌာန်းဆရာတော်က ပြန်ပြောတယ်။

"တပည့်တော်တို့ စာသမား ပေသမားကတော့ ဘုရား၊ ခုတင်အောက် သေတ္တာလေးတလုံးတခွံပဲရှိတယ်။ အရှင်ဘုရားတို့

ပဋိပတ်ကျောင်းကြီး ခုတင်အောက် သေတ္တာတွေပြည့်နေတာပဲ၊ အရှင်ဘုရား ပဋိပတ္တိဆိုင်းဘုတ်ကြီးနဲ့ သေတ္တာတွေနဲ့ ကြည့်ရတာ အမြင်မတော်, ဆင်တော်နဲ့ ခလောက်ဘုရား”လို့ ပြောခဲ့ဘယ်တဲ့၊ တို့ပရိသတ်ရေ....။

အဲဒီ ဆရာတော်ကြီး ပြောခဲ့တဲ့အကြောင်းကို ဆရာတော်ရဲ့ ဘု[illegible]တပါးထံက ဒီသတင်းကို ဘုန်းကြီးက ရပါတယ်။ အဲဒါကြောင့် ထိုဆရာတော်ဆုံးမတာ မှန်ပေတယ်။ သလ္လဟုကဝုတ္တိ-ပေါ့ပါးတဲ့သဘော မရှိဘူး။

“ဝန်ထုပ်ဝန်ပိုးတွေ များလှ၏၊ နော်။”

“မှန်ပါဘုရား။”

“အေး....အဲဒါကြောင့် တို့ပရိသတ်၊ ပေါ့ပါးတဲ့သဘော ရှိရမယ်။ ဝန်ထုပ်ဝန်ပိုး နည်းရမယ်၊ ဟုတ်ပလား။”

“မှန်ပါဘုရား။”

အဲဒါကြောင့်မို့....

သလ္လဟုကဝုတ္တိ၊ ပေါ့ပါးတဲ့သဘော ဝန်ထုပ်ဝန်ပိုးနည်းတဲ့ သဘောသည်။ အဿ ဘဝေယျ၊ ဖြစ်ရမယ်တဲ့။

နောက်တခု....

**“ကိုယ်,နှုတ်,စိတ်,အမူအရာ ယဉ်ကျေးပါ”**

“သန္တိန္ဒြိယော စ”၊ ငြိမ်သက်တဲ့ ဣန္ဒြေရှိသည်။ အဿ ဘဝေယျ၊ ဖြစ်ရမယ်။

ဣန္ဒြေကလဲ ငြိမ်သက်ရမယ်၊ မျက်စိ, နား, နှာ, လျှာ ကိုယ်, စိတ်, ဣန္ဒြေခြောက်ပါး ငြိမ်သက်ရမယ်။ သတိ,ပညာ,

နှစ်ပါးနဲ့ ထိန်း၊ ဣန္ဒြေငြိမ်ရမယ်။ အဲဒီ ပုဂ္ဂိုလ်မျိုးမှ ဘာဖြစ်နိုင်သလဲ။ တရားရမယ့်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

"နိပကော စ၊"

နိပကော စ၊ ရင့်ကျက်တဲ့ ပညာရှိသည်လည်း။ အဿ၊ ဖြစ်ရမယ်။

ရင့်ကျက်တဲ့ပညာဆိုတာက ရုပ်နာမ်ကိုသိနိုင်တဲ့ ပညာ၊ ရုပ်နဲ့ နာမ်နဲ့ အဖြစ်အပျက်ကို ဖောက်ထွင်းသိနိုင်တဲ့ ဉာဏ်ပညာ။

"နေပက္ကပညာခေါ်တယ်၊ နော်။"

"မှန်ပါဘုရား။"

မျက်စိကို ထိန်းနိုင်ရမယ်၊ နားကို ထိန်းနိုင်ရမယ်၊ သန္တိန္ဒြိယ စိတ်ကိုထိန်းနိုင်ရမယ်၊ သန္တိန္ဒြိယ၊ နေပက္က-ရုပ်နာမ်ရဲ့လက္ခဏာ ဖောက်ထွင်းသိမြင်နိုင်တဲ့ဉာဏ်ပညာ ရှိရမယ်၊ ဟုတ်ပလား။

"မှန်ပါဘုရား။"

"အပ္ပဂဗ္ဘော"

အပ္ပဂဗ္ဘော၊ကာယကံ,ဝစီကံ, မကြမ်းတမ်းသည် မရိုင်းစိုင်းသည်။ အဿ ဘဝေယျ၊ ဖြစ်ရမယ်။

"ကိုယ်အမူအရာ, နှုတ်အမူအရာ မရိုင်းစိုင်းရပါဘူး။ စိတ်အမူအရာလဲ မရိုင်းစိုင်းရပါဘူး၊ နော်။"

"မှန်ပါဘုရား။"

"အပ္ပဂဗ္ဘဆိုတာက ကိုယ်, နှုတ်, စိတ် မကြမ်းတမ်းတာ။"

**"မိသားစုသဖွယ် မငြိုတွယ်လေနဲ့"**

"ကုလေသု' နနုဂိဇ္ဈေါ" တဲ့။

ကုလေသု၊ တပည့်ဒကာ ဒကာမ အခြံအရံနောက်လိုက်တို့ရဲ့ **အ**ပေါ်၌။ အနနုဂိဇ္ဈေါ စ၊ တွယ်တာငြိကပ်ခြင်း ကင်းသည်။ အသျှ ဘဝေယျ၊ ဖြစ်ရမယ်။

ကုလေသု' နနုဂိဇ္ဈေါတဲ့၊ တပည့်ဒကာဒကာမတွေရဲ့အပေါ်မှာ ငြိကပ်တွယ်တာခြင်း ကင်းရမယ်။ တွယ်တာခြင်း ကင်း ဆိုတာက မေတ္တာနဲ့ တွယ်တာတာတော့ တို့ပရိသတ် ရှိစကောင်းတယ်။

"မေတ္တာနဲ့ ငဲ့တာ၊ ကရုဏာနဲ့ ငဲ့တာ ရှိစကောင်းပါတယ်။"

"မှန်ပါဘုရား။"

သံယောဇဉ်နဲ့ အိမ်သူအိမ်သားများ တယောက်နဲ့တယောက် ငြိသလိုငြိတာမျိုးတော့ မရှိသင့်ဘူး၊ ဒါကို ညွှန်းပါတယ်ဗျာ။"

"မှန်ပါဘုရား။"

"ကုလေသု န နုဂိဇ္ဈေါ" အခြံအရံပရိသတ်တွေရဲ့အပေါ်မှာ အိမ်နေသူတွေ ငြိရှဲ-ငြိရှဲတွယ်နေသလို ငြိတွယ်တဲ့ သဘောမှ ကင်းရမယ်။

**"နှုတ်မဆက်တာ စိတ်မဆိုးနဲ့ အပြစ်မတင်နဲ့"**

ခုနက ကိုယ်တော်ငါးရာ တောကျောင်းက ပြန်ထွက်တော့ ရွာတောင် နှုတ်မဆက်ဘူး မဟုတ်လား။

"မှန်ပါဘုရား။"

"နှုတ်မဆက်လို့ အပြစ်မတင်နဲ့။ ကုလေသုနနုဂိဇ္ဈေါ၊ ပါဠိတော်နဲ့အညီ ကျင့်တာ၊ ကျင့်ကောင်းတယ်နော်။"

"မှန်ပါဘုရား။"

"အဲဒါ တို့ နှုတ်မဆက်ကောင်းလား, တို့ နေမကောင်းတာ မမေးကောင်းလား, အပြစ်မတင်နဲ့။"

"မှန်ပါဘုရား။"

"ခရီးထွက်သွားလို့ ဆရာတော်သံဃာတော်များ နှုတ်မဆက်ယင် စိတ်မပျက်နဲ့ ကျေးဇူးသာတင်၊ ဩဝါဒ-ကုလေသ နန္ဒဂိုဒ္ဓေါ၊ ပါဠိတော်နဲ့အညီ ကျင့်တော်မူကြပါပေတယ်, လို့ ကြည်ညိုတတ်ရမယ်နော်။"

"မှန်ပါဘုရား။"

"ဆင်းရဲဒုက္ခရောက်လို့ လာမမေး၊ ကျေးဇူးနာနာ တင်၊ ဟုတ်လား။"

"မှန်ပါဘုရား။"

"တို့ပရိတ်သတ်ရေ၊ မီးလောင်လို့မှ အိမ်လာမေးဖော်မရဘူးတဲ့။ မလုပ်နဲ့ ဟုတ်လား။"

"မှန်ပါဘုရား။"

## "သူတို့လိုတဲ့ သံဃံ သရဏံ ဂစ္ဆာမိ"

ဘုန်းကြီးတို့ငယ်ငယ်တုန်းက တခါ အပြစ်တင်ခံရဖူးတယ်၊ ဖဆပလ ရပ်ကွက် မီးလောင်တုန်းက၊ အဲ....ဘုန်းကြီးတို့ တပည့်ဒကာ ဒကာမတွေ အဲဒီတုန်းက ရှိတယ်၊ စာသင်သားဘဝ တဝါနှစ်ဝါဆိုတော့ ရဟန်းငယ်ဘဝ၊ အခုလိုသဲ မရင့်ကျက်သေးတော့၊ တပည့် ဒကာ ဒကာမတွေနဲ့ ပေါင်းသင်းတာက တချိုးပေါ့ဗျာ။

အိမ်မီးလောင်တဲ့အခါကျတော့ ဘုန်းကြီးတို့က မရောက်ဘူးဗျ၊ ရောက်တဲ့ကိုယ်တော်တွေက ရောက်သွားကြ။ ရောက်သွားတဲ့ကိုယ်တော်တွေက သင်္ကန်းခါးတောင်းကျိုက်ပြီး အကုန်မီးသတ်ကြတာ။ ဘုန်းကြီးတို့ကတော့ မီးငြိမ်းလို့နေသားကျမှ ရောက်သွားတော့ အဲဒီ ဒကာကြီးဒကာမကြီးတွေက စိတ်ဆိုး၊ ကိုယ်တော်တို့များ မီးလောင်လို့တောင် လာ သတ်ပေးပေါ် မရဘူးတဲ့။

"ကိုင်း....သံဃ သရဏံ ဂစ္ဆာမိ ကလဲ တို့ ပ ရိ သတ် ရေ၊ အဲဒီလို ဖြစ်နေတယ် နော်။"

"မှန်ပါဘုရား။"

"အဲဒီလိုဆိုတော့လဲ တို့ပရိသတ်ရဲ့ သံဃ သရဏံ ဂစ္ဆာမိ ဘယ်ဟန်ကျတော့မလဲ။ မီးလောင်တဲ့အခါ လာသတ်ပေးဖို့တို့၊ နေမကောင်းတဲ့အခါ လာမေးဖို့ အားကိုးတာတို့၊ ဂစ္ဆာမိတော့ မလုပ်နဲ့။"

"မှန်ပါဘုရား။"

"ကုလေသု နနုဂိဒ္ဓေါ။"

ကုလေသု၊ အမျိုးဒကာ ဒကာမတို့ရဲ့အပေါ်မှာ။ နနုဂိဒ္ဓေါ၊ ဧဟာသိတပေမလို့ခေါ်တဲ့ အိမ်နေသူ လူဒကာဒကာမတွေ ချစ်ခင်တဲ့သံယောဇဉ်နဲ့ ငြိတွယ်ခြင်းမှ ကင်းသည်။ အသဘာဝေယျ၊ ဖြစ်အောင်ကြိုးစားရမယ်။

"ကုလေသု နနုဂိဒ္ဓေါ-ဒကာဒကာမ မငြိရဘူးနော်။"

"မှန်ပါဘုရား။"

## "မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရန် ကျင့်ဝတ်(၁၄)ပါး"

"ဒီတော့ အခု ဘုန်းကြီးဆိုခဲ့တာ အားလုံးပေါင်း ဘယ်နှစ်ချက်ရပြီလဲလို့ မမေးပါဘူး တို့ပရိသတ်ကို မမေးဘူး၊ မမေးဘူး တို့ဗရိသတ်၊ ဟုတ်လား။"

"မလျှောက်တတ်ပါဘုရား။"

"သူတို့က တော်တော်လန့်သွားတာ၊ မေးများမေးလိုက်မလားလို့၊ မမေးဘူး၊ မမေးဘူးဆိုမှ သူတို့ရင်ထဲ အလုံးကျသွားတယ်ဟုတ်လား၊ မေးများမေးလိုက်ယင်တော့ ပြီးရော၊ ဆယ့်လေးချက်ရှိတယ် ပရိသတ်ရေ၊ ဘယ်နှစ်ချက်လဲ။"

"ဆယ့်လေးချက်ပါဘုရား။"

"သက္ကော စ, ကစပြီးတော့ ကုလေသွနနုဂိဒ္ဓေါ၊ အမျိုးမငြိရဘူးဆိုတဲ့အထိ ဆယ့်လေးချက် ရှိမယ်။"

"မှန်ပါဘုရား။"

"အဲဒီ တဆယ့်လေးခုသောကျင့်ဝတ်ဟာဖြစ်ယင် 'မေတ္တာပုဗ္ဗဘာဂပဋိပဒါ' လို့ ခေါ်တယ်။ ဘာတဲ့တုန်း။"

"မေတ္တာပုဗ္ဗဘာဂပဋိပဒါပါ ဘုရား။"

"မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းမယ့်ပုဂ္ဂိုလ်များ ရှေးဦးစွာ ကျင့်လိုက်နာရမယ့် ကျင့်ဝတ်ဆယ့်လေးပါးတဲ့-နော်။"

"မှန်ပါဘုရား။"

"အဲဒီ ဆယ့်လေးပါး မပြည့်စုံယင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းဖို့လွယ်ပါ့အုံးမလား။"

"မလွယ်ပါဘုရား။"

"မလွယ်လိုလဲပဲ တို့ပရိသတ်၊ မေတ္တာအကျိုးတွေ မရတာ ပေါ့ဗျ။"

"မှန်ပါဘုရား။"

"ရွတ်လိုက်တာ ပါးစပ်ကို အမြုပ်ထွက်၊ မေတ္တာသုတ်တွေကို မှန်နေတာပဲနော်။"

"မှန်ပါဘုရား။"

"ဘာကြောင့် အကျိုးမပြုသလဲဆိုတော့ အဲဒီ ဆယ့်လေး ချက်က လိုနေသကိုးဗျ၊ နော်။"

"မှန်ပါဘုရား။"

**"စိတ်နှလုံးထားတတ်ရမယ့် အချက်အလက်များ"**

ဒါကြောင့် မေတ္တာပုဗ္ဗဘာဂ ပဋိပဒါဆိုတဲ့ ကျင့်ဝတ် တဆယ့်လေးချက်ကို ရှေးဦးစွာ ကျင့်ကြံသုံးပြီးတော့ မေတ္တာ ပွားများရမယ်။ ဘုန်းတြီးတို့ ရတနသုတ္တန်ကို ဟောတုန်းကလဲပဲ ဗုဒ္ဓဂုဏ်တော်တွေကို အာနန္ဒာမထေရ်ကဲ့သို့ ဆင်ခြင်နှလုံးသွင်း ရမယ်လို့ ပြောခဲ့ပါတယ်။

"အာနန္ဒတ္ထေရောဝိယ ကာရုညစိတ္တံ ဥပဋ္ဌပေတွာ"အာနန္ဒာ မထေရ်သူမြတ်ကဲ့သို့ သတ္တဝါတွေကို သနားတဲ့ ကရုဏာကိုလဲ ပွားထားရမယ်။

"ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ"ဘုရားဂုဏ်တော်တွေကို ဆင်ခြင် ခြင်းကတချက်။

"ကာရုညစိတ္တံ ဥပဋ္ဌပေတွာ"သနားတဲ့စိတ် ဖြစ်စေဘယ်ဆို တာက တချက်။

ရတနသုတ္တန်အဋ္ဌကထာညွှန်းတာက ဗုဒ္ဓဂုဏ်တော်တွေကို ပါရမီဆည်းပူးတာကစပြီး ဓမ္မစကြာဟောတဲ့အထိ ဆင်ခြင်ခြင်း ဗုဒ္ဓါနုဿတိက တစ်ချက်၊ ရှင်အာနန္ဒာမထေရ်လို ဝေသာလီပြည်သားတွေကို သနားခြင်းဆိုတဲ့ ကရုဏာက နှစ်ချက်။

"အဲဒီ ပုဗ္ဗဘာဂပဋိပဒါ နှစ်ခုထားပြီးရတနသုတ္တန်ရွတ်ရတယ်။"

"မှန်ပါဘုရား။"

"အဲဒီ နှစ်ခု မပြောက်တော့ တန်ခိုးလဲ မပေါ်ဘူးပေါ့၊ တို့ပရိသတ်နော်။"

"မှန်ပါဘုရား။"

"ပဋိပဒါ(၁၄)ချက် ရှေးဦးစွာ ပွား"

"မေတ္တာပွားများတော့မယ်၊ မေတ္တာသုတ်ရွတ်တော့မယ့်ကြံပြန်တော့ ဟောဒီ ပုဗ္ဗဘာဂပဋိပဒါတွေကို နှလုံးသွင်းလိုက်ဖမ်းပါအုံး။ ဆယ့်လေးချက်။"

'သက္ကော စ'က စပြီးတော့ 'ကုလေသွ'နနုဂိဒ္ဓေါ" တိုင်အောင်သော တဆယ့်လေးချက်သည် မေတ္တာကမ္မဋ္ဌာန်းမဟုတ်သေးဘူး။ ဇမေတ္တာသုတ်ကို ရွတ်မယ့်ပုဂ္ဂိုလ် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းတော့မယ့်ပုဂ္ဂိုလ်များအနေနဲ့ ရှေးဦးစွာ ကျင့်ရတဲ့ ပဋိပဒါ တဆယ့်လေးပါးတဲ့။

"ပဋိပဒါတဆယ့်လေးပါး အတော်အတန် ပြည့်စုံသွားပြီ နော်။"

"မှန်ပါဘုရား။"

ပြည့်စုံသွားပြီးတဲ့နောက်နား, ဟောဒီ ပဋိပဒါတွေကို ခြုံမိ ငုံမိတဲ့စကား ဘုရား ဘယ်နှယ်ဆက်ဟောတုန်းဆိုတော့....

**"လူမိုက်ကဲ့ရဲ့တာ ကြောက်စရာမလို"**

"န စ ခုဒ္ဒံ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု
သုခိတတ္တာ။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ရဟန်းသား, ချစ်သမီးတို့။ ယေနအာစာရေန၊ အကြင်အကျင့်ကြောင့်။ ပရေ၊ တပါး ကုန်သော။ ဝိညူ၊ ပညာရှိတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကြပြစ်တင် ကြလေကုန်ရာ၏။ ခုဒ္ဒံ၊ ယုတ်ညံ့သေးသိမ်လှစွာသော။ ကိဉ္စိ၊ တစုံတခုသော။ တံကမ္မံ၊ ထိုမကောင်းတဲ့ အမှုနှုတ်ရိုက်အစုကိုလဲ။ နအာစရေ၊ မကျင့်ရာ။

ပုဗ္ဗဘာဂပဋိပဒါတို့ကို လိုရင်းခြုံငုံလိုက်တဲ့အခါကျတော့....

ပရေ၊ တပါးကုန်သော။ ဝိညူ၊ ပညာရှိတို့သည်။ ဥပဝဒေ ယျုံ၊ကဲ့ရဲ့ကြပြစ်တင်ကြလေကုန်ရာ၏။

"သူတော်ကောင်းကဲ့ရဲ့တယ်ဆိုတာတယ်ကြောက်စရာကောင်း တယ်။ လူမိုက်ကဲ့ရဲ့တယ်ဆိုတာကတော့ ကောင်းတာလုပ်လဲ ကဲ့ရဲ့နေကြတာကိုးနော်။"

"မှန်ပါဘုရား။"

မကောင်းတာလုပ်ယင်တော့ လူမိုက်က အားပေးချင်ပေး လိမ့်မယ်။ လူမိုက်ရဲ့သဘောက မကောင်းတာလုပ်ယင် အားပေး တတ်တယ်၊ ကောင်း တာ လုပ် ယင် အပြစ် တင် တတ် တယ်။ ဒါကြောင့် လူမိုက်အပြစ်တင်တာကို ကြောက်စရာ မလိုဘူး။

## "ပညာရှိတို့ ချီးမွမ်းထိုက်အောင်နေ"

ပညာရှိ သူတော်ကောင်းကတော့ မကောင်းတာ လုပ်ယင် အပြစ်တင်တယ်၊ ကောင်းတာလုပ်ယင် ချီးမွမ်းတယ်။

"ဒါကြောင့် ပညာရှိသူတော်ကောင်းတို့ရဲ့ ချီးကျူးခြင်း မခံရယင် နေပါစေ၊ အကဲ့ရဲ့မခံရဖို့ အရေးကြီးတယ်, မဟုတ်လား။"

"မှန်ပါဘုရား။"

ဒါကို မြတ်စွာဘုရားက ညွှန်းတယ်။ "ချစ်သားတို့ ပညာရှိ သူတော်ကောင်းတွေ ကဲ့ရဲ့မယ့်အလုပ်၊ ခုဒ္ဒ၊ သေးသိမ်ယုတ်ညံ့တဲ့ အလုပ် နည်းနည်းကလေးပဲဆိုပြီး မင်းတို့ မလုပ်ပါနဲ့"တဲ့။

"ခုဒ္ဒံဆိုတာက အလွန်တရာ သေးနုပ်တဲ့အကျင့်ကလေးတွေ နော်။"

"မှန်ပါဘုရား"

ဒါကြောင့်....

ခုဒ္ဒံ၊ ယုတ်ညံ့သေးသိမ်လှစွာသော။ တံကမ္မံ၊ ထိုမကောင်းမှု ကို ပညာရှိတို့ ကဲ့ရဲ့ပြစ်တင်မှာကိုတွေးပြီးတော့။ န အာစရေ၊ ဘယ်လိုနည်းနဲ့မှ မပြုကျင့်ရ။

"သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

ဒီကျတော့မှ မေတ္တာခေတ်ကူးပြတယ်။ ယခု ပြောပြထား ခဲ့တဲ့ ရှေ့အပုဒ် စကားအားလုံး ကောက်နုတ်ချက်ချလို့ရှိယင်၊ အတ္ထကုသလအကျိုးစီးပွားရှိသည်ကို လိမ္မာသိမြင်တဲ့ အမျိုးသား

ဟာ နိဗ္ဗာန်အာရုံပြုပြီးတော့ ချမ်းချမ်းသာသာ နေချင်တယ် ဆိုယင်....

"ပြုသင့်ပြုရမယ့် ရှေးဦးစွာသော ကျင့်ဝတ် တဆယ့်လေး ပါးကို ကျင့်လိုက်စမ်းပါနော်။"

"မှန်ပါဘုရား။"

"**ပညာရှိတို့ကဲ့ရဲ့နိုင်တဲ့ သေးနုပ်တဲ့အလုပ်ကိုလဲ ရှောင်**"

အဲဒီ တဆယ့်လေးပါးဟာ အလွန်တရာကြီးကျယ်တဲ့ အကျင့်ကြီးများ ဖြစ်ပါတယ်၊ သေးသိမ်တဲ့မကောင်းတာကလေးတွေ ကျင့်ရမလားဆိုတော့၊ ပညာရှိ သူတော်ကောင်းများ ကဲ့ရဲ့မယ့် ခုဒ္ဒ-သေးသိမ်တဲ့ ယုတ်ညံ့တဲ့ သေးနုပ်တဲ့ အကျင့်လေးတွေကို မကျင့်ပါနဲ့တော့၊ ထို သေးသိမ်ယုတ်ညံ့တဲ့ အကျင့်လေးတွေ ကျင့်နေတဲ့လူ ဘယ်လိုမေတ္တာပွားနိုင်မလဲ။

"ကြမ်းပိုးတကောင်တော့ တိတ် တ ဆိတ် သတ် လိုက် မှ၊ လူမသိဘူးဆိုပြီးတော့ မလုပ်လိုက်နဲ့နော်။"

"မှန်ပါဘုရား။"

"အဲ....အဲဒီလိုပြောမှ တို့ ပရိသတ်က ပိုရှင်းတယ် မဟုတ်လားလို့။"

"မှန်ပါ၊ ရှင်းသွားပါဘုရား။"

ခုဒ္ဒံ၊ ယုတ်ညံ့သေးသိမ်လှစွာသော လုပ်ငန်းကို။ ပရေ၊ တပါးကုန်သော။ ဝိညူ၊ ပညာရှိတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကြ ပြစ်တင်ကြလေကုန်ရာ၏။ တံခုဒ္ဒံ၊ ထိုယုတ်ညံ့သေး သိမ်တဲ့ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်မယ့် လုပ်ငန်းကို။ န အာစရေ၊ မပြုကျင့်ရာ။

အမှုက သေးသေးမဲ၊ လူမသိဘူးဆိုပြီးတော့ မလုပ်ပါလေနဲ့၊ ပညာရှိသူတော်ကောင်းတွေ တွေ့ယင် ကဲ့ရဲ့ပါလိမ့်မယ်။

## "ခြေရာကောက်ပြီး ဘုရင်ရှာတဲ့ လက္ခဏာဆရာ"

ရှေးတုန်းက ဘုန်းကြီးတို့ ကြားဖူးတယ်၊ လူတယောက်တဲ့၊ လမ်းလျှောက်သွားတာ လမ်းမှာ ဘာတွေ့တုန်းဆိုတော့ ခြေရာကြီးတခုတွေ့တယ်၊ ခြေရာက ဘာခြေရာကြီးလဲ ကြည့်လိုက်တော့ ခြေရာက စက်လက္ခဏာတွေ ထင်နေတယ် တဲ့။ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ခြေရာမျိုး ဆိုကြပါစို့ဗျာ။ စက်လက္ခဏာထင်နေယင် အိမ်ယာတည်ထောင် လူ့ဘောင်နေယင် စကြာမင်းဖြစ်ရမယ်။ ရှင်ဘုရင်ဖြစ်ရမယ်။

"အိမ်ယာတည်ထောင် လူ့ဘောင်ကထွက်ယင်တော့ ဘုရားပဲ မဟုတ်လား။"

"မှန်ပါဘုရား။"

ခြေထောက်မှာ ထူးခြားတဲ့လက္ခဏာပါတဲ့ ရှင်ဘုရင်ဖြစ်ထိုက်၊စကြာမင်းဖြစ်ထိုက်တဲ့ လူတယောက်၊ မြေပြင်မှာလမ်းလျှောက်သွားလဲ ခြေရာ ထင်စေလိုမှထင်တာ၊ မထင်စေလိုယင် ဘယ်မှမထင်ဘူးနော်။

ခုတော့ လက္ခဏာထူးနဲ့ လူတယောက် လမ်းလျှောက်သွားတာ ခြေရာကြီးတန်းလို့၊ နောက်ကလိုက်သွားတဲ့ လူက၊ အဲဒီခြေရာကြည့်ပြီးတော့ လက္ခဏာတတ်တဲ့လူကိုးဗျ၊ ပါဒလက္ခဏာ အကဲခတ်ပြီးတော့ ခြေရာမြင်သဖြင့် 'ဟောဒီ ခြေရာရှင်ဟာ ရှင်ဘုရင်ဖြစ်မယ့်ပုဂ္ဂိုလ်။ ဟာ....ဒီလူ့နောက်လိုက်လေမှပဲ' တဲ့။

"ရှင်ဘုရင်ကြီးက မြေပြင် ခြေလျင် လျှောက်သတဲ့လား၊ ဖိနပ်တောင်မပါဘူး၊ ဟုတ်ပလား။"

"မှန်ပါဘုရား။"

**"တောစပ်မှာ မတ်တပ်ရပ်လို့တွေ့ရတဲ့ ရှင်ဘုရင်"**

ဖိနပ်တောင် မပါပဲ ရှင်ဘုရင်လက္ခဏာပါသူက မြေပြင် ခြေလျင်လျှောက်တယ်ဆန်းလှချည့်လား၊ လိုက်သွား။ ရှေ့နား ကျတော့ လူတယောက်၊ တောစပ်မှာ မတ်တတ်ရပ်ပြီးတော့... တို့ပရိုက်သတ်ရေ၊ မတ်တတ်ရပ်ပြီးတော့ မတ်တတ်....မတ်တတ် မြင်မကောင်းဘူး တွေ့ရော။

ဟော....ရှင်ဘုရင်ခြေရာနဲ့လူက ဟောဟိုမှာ မတ်တတ်.... မတ်တတ်။ သူ့ မတ်တတ် ကိစ္စ ပြီး တော့ မေးလိုက်တယ်။ "ခင်ဗျားဗျာ၊ ဘာများ လုပ်ကိုင်စားပါသလဲ ပြောပြစမ်းပါ အုံး"လို့ ဆိုတော့ "ကျွန်တော် ဇာတ်ထဲမှာ အလုပ်လုပ်ပါ တယ်"တဲ့။ "ဇာတ်ထဲ ဘာ လုပ် တုန်း ပြော ပါ" ဆို တော့ "ရှင်ဘုရင်အခန်းက သူပါတယ်" တဲ့။

ဒီတော့မှ လက္ခဏာတတ်တဲ့လူက "သြော် .. တကယ့်ရှင်ဘုရင် ဖြစ်မယ့်လူဟာ အလွန်တရာယုတ်ညံ့သေးသိမ်တဲ့ လူညံ့တွေကျင့် သုံးတဲ့ အကျင့်။ မတ်တတ်ရပ်ပြီးတော့....မတ်တတ်လို့ ဟုတ် လား။ အေး....တကယ့် ရှင်ဘုရင် မဖြစ်ရှာဘူး၊ ဇာတ်ထဲက ရှင်ဘုရင်ဖြစ်နေတယ်" တဲ့။

ကလေးလေးများ ခွေးများကျင့်သလို မတ်တတ်ရပ်ပြီး ကျင်ငယ်စွန့်နေတာကိုးဗျ။ အဲ ဒါကြောင့် မို့ ဇာတ် ထဲ က ရှင်ဘုရင် သူ့ကိစ္စပြီးတယ်။

"ယုတ်ညံ့တဲ့အကျင့်၊ ကျင့်မိတာမဟုတ်လား။"

"မှန်ပါဘုရား။"

## "သိမ်ဖျင်းတဲ့အလုပ်မျိုးကို ရှောင်"

အဲဒါကြောင့်မို့....

ခုဒ္ဒံ၊ ယုတ်ညံ့သေးသိမ်လှစွာသော။ ယံကမ္မံ၊ အကြင်အမှုကို။ စေ အာစရေ၊ ပြုကျင့်ရမယ်ဆိုလို့ရှိယင်။ ပရေ၊ တပါးကုန်သော။ ဝိညူ၊ ပညာရှိတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကြပြစ်တင်ကြလေကုန်ရာ၏။

လက္ခဏာဆရာ စိတ်ပျက်သွားပြီ၊ ဇာတ်ထဲက ရှင်ဘုရင်၊ တကယ့်ရှင်ဘုရင်ဖြစ်မယ့်ပုဂ္ဂိုလ် ယုတ်ညံ့သေးသိမ်တဲ့ အကျင့်ကလေးကျင့်မိလို့ တကယ့်ရှင်ဘုရင်မဖြစ်ရှာတဲ့ အတွက်ကြောင့်-

ပရေ၊ တပါးကုန်သော။ ဝိညူ၊ ပညာရှိ သူတော်ကောင်းတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ပြစ်တင် ကြလေကုန်ရာ၏။ တံကမ္မံခုဒ္ဒံ၊ ထိုယုတ်ညံ့သေးသိမ်တဲ့အမှုလေးကိုတောင်မှ။ နအာစရေ၊ မပြုကျင့်ရာဟူ၍။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ မေတ္တာပုဗ္ဗဘာဂပဋိပဒံ၊ မေတ္တာကမ္မဋ္ဌာန်းရဲ့ရှေးဦးစွာ ကျင့်သုံးရမယ့် ပုဗ္ဗဘာဂပဋိပဒါ ဆိုတာတွေကို။ အဝေါစ၊ ကရဏီယမေတ္တာ မေတ္တာတရားဖြင့် ဟောကြားတော်မူခဲ့ပါပေတော့သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

မေတ္တာပုဗ္ဗဘာဂပဋိပဒါတွေ ပြီးပါစေ။ ထိုပုဗ္ဗဘာဂပဋိပဒါတွေ ပြီးသွားတော့ ဆယ်ဂါထာဖြင့်ဟောသော မေတ္တာ

သုတ္တန်သည် ဘုန်းကြီးတို့ ပရိသတ်များ ဘယ်နှစ်ဂါထာပြီးသွား တုန်းဆိုတော့ နှစ်ဂါထာနဲ့တဝက်ပဲ ပြီးသေးတယ်။

"စီ ခြောက်ဆယ်က နှစ် ခွေ ကျော် ကြ ပြီ မ ဟုတ် လား၊ စီ ခြောက်ဆယ် နှစ်ခွေကျော်ပြီးတော့မှ မေတ္တာပွားသင့်သူ မပွားသင့်သူတွေ လာလိမ့်မယ်နော်။"

"မှန်ပါဘုရား။"

"သုံးဂါထာပြည့်သွားအောင် ကျန်တဲ့ဂါထာတဝက် ဆက် လိုက်ကြရအောင်နော်။"

"မှန်ပါဘုရား။"

"အလုံးစုံ သိမ်းကျုံးပြီး မေတ္တာပွားများနည်း"

"သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။

မေတ္တံ၊ မေတ္တာကမ္မဋ္ဌာန်းကို။ ဝေံ၊ ဤသို့။ ဘာဝေထ၊ ပွားများကြကုန်တော့လော့။

(၁) သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော သတ္တဝါမှန်သမျှတို့သည်။ သုခိနော၊ ကိုယ်၌ချမ်းသာခြင်းရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

(၂) သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ လူနတ် သတ္တဝါအပေါင်းတို့သည်။ ခေမိနော၊ ဘေးရန်ကင်းကွာ ကျန်းမာခြင်း ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန် သတည်း။

(၃) သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော နတ်လူပြဟ္မာ သတ္တဝါအနန္တ မှန်သမျှတို့သည်။ သုခိတတ္တာ၊ ချမ်းသာသော စိတ်နှလုံး ရှိကြကုန်သည်။ ဘဝန္တု၊ ကောင်းစွာမသွေ ဖြစ်တော်မူကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

ယခု ရွတ်အပ်တဲ့ဂါထာတာဝက်သည် သဗ္ဗသင်္ဂါဟိကမေတ္တာဘာဝနာကို ညွှန်ကြားတယ်။ စာလိုပြောတော့ သဗ္ဗသင်္ဂါဟိကဘာဝနာ။

"တို့ပရိသတ်များ၊ အလုံးစုံကိုသိမ်းကျုံးပြီးတော့ ပွားတဲ့မေတ္တာဘာဝနာ ခေါ်တယ်နော်။"

"မှန်လှပါဘုရား။"

**"ဒကာမကြီးတစ်ယောက် မေတ္တာပွားသလို"**

"သဗ္ဗသတ္တာ ဘဝန္တု ဆိုတော့၊ ဘုံ သုံး ဆယ့် တစ် ဘယ်သတ္တဝါမှ ချန်မထားနဲ့၊ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"ကိုယ်နဲ့မတွေ့တဲ့လူပါ အကုန်ထည့်။"

"မှန်ပါဘုရား။"

ကိုယ်နဲ့မတွေ့တဲ့လူတော့ တို့ပရိသတ်က ချန်ချန်ထားမယ်လို့ မလုပ်နဲ့ တို့ပရိသတ်ရေနော်။ တို့ပရိသတ်များလဲ ကြားဖူးကြမှာပေါ့၊ ဒကာမကြီး မေတ္တာပွားတာ၊ အရက်မူးပြီး အိမ်ရှေ့လျှောက်လျှောက်ဆဲတဲ့ အရက်သမားငတေကို မထည့်ဘူးတဲ့။

"သဗ္ဗေ၊ ခပ်သိမ်းကုန်သော အလုံးစုံသော။ သတ္တဝါ၊ ငါ့အိမ်ကို မကြာမကြာ ခဲနဲ့ပေါက်တဲ့ အရက်သမား ဖိုးတေကို ချန်ထား့ အလုံးစုံသောသတ္တဝါတို့သည်၊" တဲ့။

"အဲဒီလိုတော့ မလုပ်နဲ့ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"အသမ္ဘေဒ-အပိုင်းအခြားမရှိရဘူးနော်။"

"မှန်ပါဘုရား။"

ဒါကြောင့်....

သဗ္ဗသတ္တာ၊ ဖိုးတေပါ ပါသွားတဲ့ အကုန်လုံးသော သတ္တဝါတို့သည်။

ထည့်လိုက်....ဖိုးတေ နာနာပွား။

သဗ္ဗသတ္တာ၊ အလုံးစုံသော ကြွင်းမဲ့ဥဿုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တ မှန်သမျှတို့သည်။

**"အင်္ဂကထာပွင့်ဆိုပြတဲ့ မေတ္တာပွားနည်း"**

သုခိနော၊ ခေမိနော၊ နှစ်ချက်ပြီးတော့မှ သုခိတတ္တာထည့် လိုက်တော့ သုံးချက်၊ အင်္ဂကထာပွင့်ဆိုချက်က....

'သုခိနော'ကို ကိုယ်၌ချမ်းသာခြင်းလို့ ပေးပါတဲ့။

'သုခိတတ္တာ'ကို စိတ်၌ချမ်းသာခြင်းလို့ ပေးပါတဲ့။

'ခေမိနော' ဘေးရန်ကင်းတာလို့ ပေးပါတဲ့။

"သုံးချက် မရဘူးလား။"

"မှန်ပါဘုရား, သုံးချက်ပါဘုရား။"

"အဲဒီ သုံးချက်ကို ပါဠိရွတ်ပြီးတော့ တို့ပရိသတ် လက်ာလေး တိုင်ပေးမယ်။"

(၁) သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ကြွင်းမဲ့ ဉဿုံ အလုံးစုံကုန်သော သတ္တဝါအနန္တ မှန်သမျှတို့သည်။ သုခိနော၊ ကိုယ်၌ ချမ်းသာခြင်း ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(၂) သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ကြွင်းမဲ့ ဉဿုံ အလုံးစုံကုန်သော သတ္တဝါမှန်သမျှ အနန္တတို့သည်။ သုခိတတ္တာ၊ စိတ်၌ရွှင်လန်း ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(၃) သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ သတ္တဝါ အနန္တ မှန်သမျှတို့သည်။ ခေမိနော၊ စိုးရိမ်ကြောင့်ကြ ဗျာပါရ ဘေးရန်မရှိ ကင်းလွတ်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

"ဘယ်နှစ်ချက်ရသလဲ...."

"သုံးချက်ပါဘုရား။"

"အေး....အဲဒီ သုံးချက်ကို တို့တရားနာဝပရိသတ်အပေါင်း သူတော်ကောင်းတို့ ကိုယ်ချမ်းသာခြင်း, စိတ်ချမ်းသာခြင်း, ဒီနှစ်ခုကို ပေါင်းပြီးတော့ တပုဒ်ပြု၊ ဟုတ်လား။"

"မှန်ပါဘုရား။"

"ဘေးရန်ကင်းမှုကို တပုဒ်ပြု၊ လက်ခကျတော့ နှစ်ပုဒ်၊ နော်။"

"မှန်ပါဘုရား။"

## "မေတ္တာတရား လက်ကိုင်ထားကြပါ"

အဲဒါလေးကို ဆိုလိုက်ပါ။

"ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်ပြည့်ပါစေ။"

"ဓမ္မယောဂီများ လိုက်ဆိုရန်..................."

"ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"

"ဓမ္မယောဂီများလိုက်ဆိုရန်..........................."

"အဲဒါတွေကို စိတ်ပါလက်ပါနဲ့ သုံးခေါက်စီ ပွားဆိုလိုက်ကြပါ။"

(၁) ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်ပြည့်ပါစေ။
ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။

(၂) ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်ပြည့်ပါစေ။
ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။

(၃) ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်ပြည့်ပါစေ။
ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။

အေး....လောကကြီးက ဒေါသလွှမ်းမိုးပြီး အပူမီးတောက်နေတဲ့ လောကနေဪ။ ဒေါသအားကြီးနေတဲ့ခေတ်ကို မေတ္တာဆိုတဲ့ရေချမ်းနဲ့ ဖျန်းပြီးတော့သားမှ ကပ်ကြီး သုံးပါး မှာ ဒေါသအားကြီးတဲ့ခေတ်သည် သတ္တန္တရကပ်တဲ့၊ နောက်တခါ ဒေါသလွှမ်းမိုးတဲ့ခေတ်မှာ မီးဖျက်တတ်သတဲ့၊ ဟုတ်ပလား။

"မှန်ပါဘုရား။"

"အဲဒါကြောင့်မို့လို့ ဒေါသဆိုတဲ့အပူခေတ်ကို မေတ္တာဆိုတဲ့ ရေနဲ့ သတ်။"

"မှန်ပါဘုရား။"

"ဒါကြောင့် မေတ္တာသုတ္တန်သည် တို့ပရိသတ် မန္တရားလား ဘာဝနာလား။"

"ဘာဝနာပါဘုရား။"

"မေတ္တာဘာဝနာ၊"

"ဘာ....ဘာဝနာတဲ့...."

"မေတ္တာဘာဝနာပါဘုရား။"

"ဗြဟ္မဝိဟာရလို့လဲ ခေါ်တယ်။ ဘာဝိဟာရ။"

"ဗြဟ္မဝိဟာရပါဘုရား။"

### "ဣရိယာပထဝိဟာရနဲ့ ဗုဒ္ဓနေပြခြင်း"

(၁) ဒိဗ္ဗဝိဟာရတမျိုး။
(၂) ဗြဟ္မဝိဟာရတမျိုး။
(၃) အရိယဝိဟာရ တမျိုး။
(၄) ဣရိယာပထဝိဟာရတမျိုး။ ဝိဟာရ လေးပါး။

ဣရိယာပထဝိဟာရက စ,ပြောကြစို့။ ဣရိယာပထဝိဟာရ၊ လျောင်းခြင်း,ထိုင်ခြင်း,ရပ်ခြင်း,သွားခြင်း, ထို ဣရိယာပုထ် လေး မျိုးနဲ့ နေတာ ကို ဣ ရိ ယာ ပ ထ ဝိ ဟာ ရ ခေါ်တယ်။ လျောင်းပြီးတော့ နေတယ်၊ ထိုင်ပြီးတော့ နေတယ်၊ ရပ်ပြီး တော့ နေတယ်၊ စင်္ကြံလျှောက်ပြီးတော့ နေတယ်၊ လျောင်း ထိုင်, ရပ်, သွား, လေးပါးဣရိယာ သာယာရှင်ပျော် နေတော် မူ၏။ ဣရိယာပထဝိဟာရ၊ ဟုတ်ပလား။

"မှန်ပါဘုရား။"

## "ဒိဗ္ဗဝိဟာရနဲ့ ဗုဒ္ဓနေပြခြင်း"

ဒိဗ္ဗဝိဟာရဆိုတာက စျာန်ဝင်စားပြီးတော့ နေတာ။

"ဘုရားရဲ့နေနည်းတွေနော်၊ တို့ပရိသတ်။"

"မှန်ပါဘုရား။"

"စျာန်ဝင်စားပြီးတော့နေယင်၊ ဘာ ဝိဟာရ။"

"ဒိဗ္ဗဝိဟာရပါဘုရား။"

လောကလူသားတွေ ကာမဂုဏ် လွန်ကျူးပြီးတော့ လိုက် စား မိုက်မှားနေတဲ့ အချိန်၊ ကာမစ္ဆန္ဒနီဝရဏကို ပယ်တယ်ဆိုတဲ့ စျာန်တရားနဲ့ ဘုရား နေပြတယ်၊

"လောကကြီး....ကာမလိုက်စားတဲ့အချိန်,ဘုရားက ဘာ ဝိဟာ ရနဲ့ နေ။"

"ဒိဗ္ဗဝိဟာရနဲ့ နေပါတယ်ဘုရား။"

"ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့ ကာမဂုဏ် လွန်ကျူး လိုက်စားမိုက်မှားနေကြတဲ့ အချိန်၊ ငါဘုရာကို

အတုလိုက်ပြီး ကျင့်နိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်က ကာမဂုဏ်ကို ပယ်သတ်တဲ့ ဒိဗ္ဗဝိဟာရစျာန်ဝင်စားပြီးတော့ နေပြပါတယ်၊ ဟုတ်လား။"

"မှန်ပါဘုရား။"

**"ဗြဟ္မဝိဟာရနဲ့ ဗုဒ္ဓနေပြခြင်း"**

"အေး....လောကသုံးခွင် ရှိနေကြတဲ့ သတ္တဝါတွေ တယောက်နဲ့တယောက် ဟိုအကြောင်းဒီအကြောင်းတွေကြောင့် နှိပ်ဟယ်, ကွပ်ဟယ်, ဖိဟယ်, သတ်ဟယ်, ညှဉ်းဟယ်, အကျဉ်းချဟယ်, ဖမ်းဟယ်,ဆီးဟယ်လုပ်နေတဲ့ လောကကြီး နှိပ်စက်နေတဲ့ အချိန်မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က ဗြဟ္မဝိဟာရနဲ့ နေပြပါတယ်၊ မေတ္တာစျာန်နေ၁်။"

"မှန်ပါဘုရား။"

ပကတိစျာန်ဝင်စားနေတာက ဘုရားမြတ်စွာ, လောကကြီး ကာမလိုက်စားတဲ့အချိန် လောကကြီး တယောက်နဲ့တယောက် ညှဉ်းဆဲနှိပ်စက်လို့ ဒေါသလွှမ်းနေတဲ့အချိန် ကျ၊ ဘုရားက မေတ္တာနဲ့ နေ။ ဗြဟ္မဝိဟာရလို့ ခေါ်တယ်။

"မေတ္တာနဲ့နေတော့ ဘာဝိဟာရ...."

"ဗြဟ္မဝိဟာရပါဘုရား။"

"လူမြတ်တို့ရဲ့နေနည်း၊ မေတ္တာနဲ့ နေရတယ်။"

"မှန်ပါဘုရား။"

"ဘယ်ခေတ်တုန်းဆိုယင် ညှဉ်းဆဲ နှိပ်စက်တဲ့ခေတ် ဟုတ်လား။"

"မှန်ပါဘုရား။"

ကာမဂုဏ်အလွန်အကျူး သောင်းကျန်းတဲ့ ခေတ်ကျတော့ ချွန်နဲ့ နေရတယ်၊ တယောက်နဲ့တယောက် ညှဉ်းဆဲတဲ့ခေတ် မေတ္တာနဲ့ နေရတယ်။

"ဘုရားဟာ အဲဒီနေနည်းတွေနဲ့ နေတာနော်။"

"မှန်ပါ ဘုရား။"

**"ဝိဟာရတ်ပုဒ်မှာ အကျုံးဝင်တဲ့ ဝိဟာရ (၄)ပါး"**

"သာဝတ္ထိယံ ဝိဟရတိ" လို့ ညွှန်းခဲ့ယင် ဝိဟရတိကို ဖွင့်တဲ့ အဖွင့်မှာ ဒီလေးမျိုးနဲ့ ဖွင့်ရတယ်။

"မှန်ပါဘုရား။"

"သာဝတ္ထိယံ ဇေတဝနေ ဝိဟရတိ" သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏။

ဘယ်နှယ်နေတုန်းဆိုတော့ လျောင်းခြင်း,ထိုင်ခြင်း,ရပ်ခြင်း, သွားခြင်းဆိုတဲ့ ဣရိယာပုထ်လေးပါးနဲ့နေတယ်၊ ဣရိယာပထဝိဟာရ။ ချွန်ဝင်စားပြီးတော့ နေတယ်၊ ဒိဗ္ဗဝိဟာရ။ မေတ္တာ ကမ္မဋ္ဌာန်းစီးဖြန်းပြီးတော့ နေတော်မူတယ်၊ ဗြဟ္မဝိဟာရ။ ဟုတ်လား။

"မှန်ပါဘုရား။"

ဖလသမာပတ်ချမ်းသာနဲ့ နိဗ္ဗာန်ကိုအာရုံယူပြီး နေတယ်။ အရိယဝိဟာရ။ ဝိဟာရဘယ်နှစ်ပါးလဲ။

"လေးပါးပါ ဘုရား။"

ခန္ဓာကိုယ်ပင်ပန်းမှုကို ပယ်ဖျောက်ဖို့ရန်အတွက်က ဣရိယာပထဝိဟာရနဲ့ နေတယ်၊ ကိုယ်ပင်ပန်းတာကို ပယ်ဖျောက်ဖို့ ဘာနဲ့နေ...."

"ဣရိယာပထဝိဟာရနဲ့နေပါတယ်ဘုရား။"

"လျှောင်း၊ ထိုင်၊ရပ်၊သွားနော်...."

"မှန်ပါ ဘုရား။"

လောက...ကာမဂုဏ်လိုက်စားတဲ့အချိန် ထိုကာမကိုငြိမ်းစေခြင်းအကျိုးငှာ ဘုရားက ဒိဗ္ဗဝိဟာရစျာန်နဲ့ နေတယ်။ လောကကြီး ဒေါသလွှမ်းလို့ နှိပ်စက်နေကြတဲ့အချိန်ကျတော့ ဘုရားက ဗြဟ္မဝိဟာရ၊ မေတ္တာနဲ့နေတယ်။ ဟုတ်လား။

"မှန်ပါ ဘုရား။"

"ဝိဟာရ (၄) ပါးနဲ့ ဗုဒ္ဓနေပြရခြင်းအကြောင်း"

အေး....သံဃာတော်တွေ ဓမ္မာဓိကရဏ-တရားနဲ့ပတ်သက်ပြီး အငြင်းအခုံဖြစ်ကြတဲ့ ခေတ်ကျတော့ မြတ်စွာဘုရားက နိဗ္ဗာန်အာရုံပြု၊ ဖလသမာပတ်ချမ်းသာဆိုတဲ့ အရိယဝိဟာရနဲ့နေတယ်။

"ဣရိယာပထနဲ့ အရိယဝိဟာရ တခြားစီနော်။"

"မှန်ပါ ဘုရား။"

"ဣရိယာပထဆိုတာ လျှောင်း, ထိုင်, ရပ်, သွား၊ ခန္ဓာကိုယ်ပင်ပန်းတဲ့အခါ ဒီလိုနေရတယ်။ လျှောင်းလိုက်၊ ထိုင်လိုက်၊ ရပ်လိုက်၊ သွားလိုက်နော်။"

"မှန်ပါ ဘုရား။"

"လောကကြီး-ကာမတွေ အလွန်အကျူးလိုက်စားနေကြတဲ့အချိန်၊ ဘုရား ဘာဝိဟာရနဲ့နေ...."

"ဒိဗ္ဗဝိဟာရနဲ့ နေပါတယ် ဘုရား"

"စျာန်ဝင်စားပြတယ်၊ဩော်....ငါ့အတူလိုက်ကျင့်ကြပါစေ၊ ဟုတ်လား။"

"မှန်ပါ ဘုရား။"

"တယောက်နဲ့တယောက် ညှဥ်းဆဲတဲ့ ခေတ်ကြီးကျတော့ ဘုရား ဘာနဲ့နေတယ်။"

"ဗြဟ္မဝိဟာရနဲ့ နေပါတယ် ဘုရား။"

"ဩော်... သတ္တဝါတွေငါ့အတူ လိုက်မေတ္တာပွားကြပါစေ၊ ဟုတ်လား။

"မှန်ပါ ဘုရား။"

"သဿာတော်တွေ ငြင်းကြခုံကြတဲ့ခေတ်ကျတော့ .. "

"အရိယဝိဟာရနဲ့ နေပါတယ် ဘုရား။"

အရိယဝိဟာရ- အရိယာပုဂ္ဂိုလ်များ အရိယာလမ်းစဉ်လိုက်တဲ့ ပုဂ္ဂိုလ်များဆိုတာဟာ ဒီလိုနိဗ္ဗာန်အတွက် အလုပ်လုပ်ရတယ် လို့ နိဗ္ဗာန်ကို အာရုံပြုတဲ့ ဖလသမာပတ် ချမ်းသာခံစားပြီးတော့ နေခြင်းဆိုတဲ့ အရိယဝိဟာရနဲ့ ဘုရားမြတ်စွာ နေပြပါတယ်။

"ဒါကြောင့် ဒီကနေ့ မေတ္တာသုတ္တန်နာကြရတဲ့ တို့ပရိသတ် အပေါင်း သူတော်ကောင်းတို့သည်လဲ ဒီကနေ့ခေတ်ကာလကို တို့ဘာနဲ့နေရမယ်ဆိုတာ သိကြပါစေ ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ဒီကနေ့ခေတ်ကြီးမှာ ဘာနဲ့နေကြရမလဲဆိုယင် ကိုယ့်ပာသာ ကိုယ် အိမ်ကျမှ အဖြေထုတ်...."

"မှန်ပါ ဘုရား။"

"ကိုင်း....ကျန်တာ မနက်ဖြန်ကျမှ ဆက်ကြစို့။"

"ပဌမပိုင်းပြီး၏။"

# "မေတ္တသုတ္တန်တရားတော်"

## [ ဒုတိယပိုင်း ]

## "သီလကထာမှာ အကျုံးဝင်တဲ့စကား"

ယမန်နေ့ညက မေတ္တာသုတ္တန်တရား ပထမပိုင်းအနေနဲ့ နိဒါန်းရယ်, မေတ္တာပုဗ္ဗဘာဂပဋိပဒါရယ်, မေတ္တာပုဗ္ဗဘာဂပဋိပဒါဆိုတာ မေတ္တာပွားများလိုသူတို့၏ ရှေးဦးစွာ ကျင့်သင့်ကျင့်ထိုက်တဲ့ ကျင့်ဝတ်ဘာဆယ့်လေးပါး။

မေတ္တာကမ္မဋ္ဌာန်းမစီးဖြန်းသေးခင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းမယ့်ပုဂ္ဂိုလ်များ ကြိုတင်ကျင့်ရမယ့် ကျင့်ဝတ်တဆယ့်လေးပါးကို မနေ့က 'သက္ကော စ' ဆိုတဲ့အပုဒ်ကစပြီး၊ 'ကုလေသွနနုဂိဒ္ဓေါ' ဆိုတဲ့အထိ ဆယ့်လေးချက် တင်ပြခဲ့တယ်။

ထို ဆယ့်လေးချက်ကနေပြီး 'နစခုဒ္ဒမာစရေကိဉ္စိ, ယေနဝိညူပရေ ဥပဝဒေယျုံ' ဆိုတဲ့ ပါဠိတော်မှာ မေတ္တာပုဗ္ဗဘာဂပဋိပဒါဆယ့်လေးပါးက ကြီးကျယ်ခမ်းနားနေပါတယ်၊ ထိုကြီးကျယ်ခမ်းနားလှစွာသော တဆယ့်လေးပါးသော ပဋိပဒါများ၊ ထိုပဋိပဒါတဆယ့်လေးပါးမှာ ကြွင်းကျန်နေရစ်ခဲ့ယင် ဘယ့်နှယ်ကျင့်သုံးရမယ်ဆိုတာ မေးဖွယ်ရာရှိသောကြောင့် 'နစခုဒ္ဒမာစရေကိဉ္စိ,ယေနဝိညူပရေဥပဝဒေယျု' လို့ ပြောတယ်။

ပညာရှိသူတော်ကောင်း ကဲ့ရဲ့မယ်ဆိုယင် မကောင်းတဲ့အမှု ယုတ်ညံ့သေးသိမ်တဲ့အမှုမျိုးကို နည်းနည်းကလေးတောင်မှ မပြုပါနဲ့လို့ ဒီလိုမှာကြားလိုက်ခြင်းဖြင့်၊ မေတ္တာပုဗ္ဗဘာဂပဋိပဒါ သာလျှင်မကပဲနဲ့ အခြားကမ္မဋ္ဌာန်းတို့ရဲ့ ပုဗ္ဗဘာဂပဋိပဒါအနေနဲ့တောင်မှ ဒါ သီလကထာဆိုလို့ရှိယင် မလွဲတဲ့စကားတရပ်ပါပဲ။

ယုတ်ညံ့ သေးသိမ်တဲ့ကိစ္စကလေးများ ပညာရှိကဲ့ရဲ့မယ်ဆိုဘာမှမလုပ်နဲ့ဆိုယင် ကိုယ်ကျင့်တရားကိုခိုင်မြဲမိအောင် မိန့်ကြားတဲ့စကားပါပဲ၊ အခြားကမ္မဋ္ဌာန်းများအတွက်လဲ ပုဗ္ဗဘာဂပဋိပဒါဆိုယင် ဒီဥစ္စာဟာ မမှားတော့ဘူး။

ထိုမှနောက်....

**"သဗ္ဗသင်္ဂါဟိက မေတ္တာဘာဝနာပွားနည်း"**

"သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

အဲဒီအပိုဒ်ရောက်သွားပြီ။

သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ကြွင်းမဲ့ဥဿုံ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည်။ သုခိနော၊ ချမ်းသာသောကိုယ် ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗသတ္တာ၊ အလုံးစုံသော ဖြစ်ဖြစ်သမျှ လူရောနတ်ပါ သတ္တဝါအပေါင်းတို့သည်။ ခေမိနော၊ ဘေးရန်ကင်းကွာ ကျန်းမာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗသတ္တာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ကြွင်းမဲ့ဥဿုံ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည်။ သုခိတတ္တာ၊ ချမ်းသာရှင်ပြ စိတ်ဆန္ဒရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ထိုအပိုဒ်မှာ ဘုံသုံးဆယ့်တစ် ဘယ်သတ္တဝါမှမကျန်အောင် အကုန်လုံးကို ပွားများပြီးတော့ ပြတယ်။ သဗ္ဗသင်္ဂါဟိက ဘာဝနာနည်းကို ထိုပါဠိတော်ပိုဒ်သုံးပုဒ်ဖြင့် ညွှန်ကြားပါတယ်။ သဗ္ဗသင်္ဂါဟိကမေတ္တာဘာဝနာလို့ ဒီလိုဆိုရမယ်၊ ဘုံသုံးဆယ့်တစ်ရှိတဲ့သတ္တဝါတွေအကုန်လုံး သိမ်းကျုံးပြီးတော့ပွားများတဲ့ မေတ္တာဘာဝနာသည် "သဗ္ဗသင်္ဂါဟိကမေတ္တာဘာဝနာ"။

ထိုသဗ္ဗသင်္ဂါဟိကမေတ္တာဘာဝနာကနေပြီးတော့မှ၊တိကဘာဝနာနည်း၊ ဒုကဘာဝနာနည်းတို့ကို မြတ်စွာဘုရား ရှေ့တဆင့်တက်ပြီးတော့ ပြပါလိမ့်မယ်။ အဲဒီ တိကဘာဝနာနည်း၊ ဒုကဘာဝနာနည်းတို့ကို တဆင့်တက်ပြီးတော့မပြသေးခင် ဘုန်းကြီးတို့ပရိသတ်ကို အင်္ဂုတ္တရနိကာယ်၊ ကေနိပါတ်ပါဠိတော်ထဲမှ မိန့်ကြားတော်မူတဲ့ပါဠိတော်တပုဒ်ကို နာကြည့်ရအောင်။

**"မေတ္တာစိတ် ဆိုတာဘာလဲ"**

'အစ္ဆရာသင်္ဃာတသုတ္တန်'ဆိုတဲ့ပါဠိတော်မှာ....

ဘိက္ခဝေ၊ ရဟန်းတော်များ,အိုချစ်သားတို့။ ဘိက္ခု၊သံသရာဘေးကို ထောက်တွေးမြော်မြင် ဆင်ခြင် တတ် ပါ တယ် ဆို တဲ့ ယောဂီသူမြတ်သည်။ မေတ္တာစိတ္တံ၊ မေတ္တာစိတ်ကို။ မေတ္တာစိတ္တံ၊ ဟိတဥပသံဟာရ စိတ်ကို။ မေတ္တာစိတ္တံ၊ ဟိတဖရဏ စိတ်ကို။ မေတ္တာစိတ္တံ၊ ဟိတကာမစိတ်ကို။

မေတ္တာစိတ္တံဆိုတဲ့အပုဒ်ကို အဋ္ဌကထာများဖွင့်တဲ့နေရာမှာ....
"မေတ္တာစိတ္တန္တိဟိတဖရဏစိတ္တံ၊" ဒီလိုလဲ ဖွင့်တယ်။
မေတ္တာစိတ္တန္တိ၊ မေတ္တာစိတ်ဆိုတာ။ ဟိတဖရဏစိတ္တံ၊ သတ္တဝါများရဲ့အပေါ်မှာ အကျိုးလိုလားတဲ့စိတ်ကို ဖြန့်ထားတာ။
မေတ္တာရဲ့သဘောကို ဘုန်းကြီးတို့ပရိသတ် မှတ်သားရမယ်ဆိုယင်၊ သတ္တဝါအားလုံးရဲ့ အကျိုးကို လိုလားတဲ့ စိတ်၊ ကောင်းကျိုးကိုလိုလားတဲ့စိတ်သည် မေတ္တာခေါ်တယ်။
"တို့ပရိသတ် မေတ္တာဆိုတာ ဘာစိတ်တဲ့လဲ...."
"ကောင်းကျိုးကို လိုလားတဲ့စိတ်ပါဘုရား။"
"ကောင်းကျိုးလိုလားတဲ့စိတ်က မေတ္တာ၊ မကောင်းကျိုးလိုလားတဲ့စိတ်က ဒေါသ။ ဤနှစ်ခုဟာ ဆန့်ကျင်ဘက်။"
"မှန်ပါဘုရား။"
ဒီတော့ ကောင်းကျိုးကိုလိုချင်တယ်ဆိုတဲ့စိတ် များများမွေးယင်၊ မကောင်းကျိုးကိုလိုလားတယ်ဆိုတဲ့ဒေါသဟာ ပြည်းပြည်းခြင်း ဖြည်းဖြည်းခြင်း ငြိမ်းသွားတယ်။
"မေတ္တာပွားခြင်းဖြင့် တိုက်ရိုက်အကျိုးရတာက ကိုယ်ရတာနော်။"
"မှန်ပါဘုရား။"

## "မေတ္တာပို့တော့ ဘယ်ရောက်သွား"

မေတ္တာပို့တော့ ပို့တဲ့လူဆီမေတ္တာရောက်တယ်, ရောက်တယ်ဆိုတဲ့စကား၊ ရောက်တာလဲ ရှိလိမ့်မယ်ပေါ့၊ တိုက်ရိုက်တော့ဘယ်သူ့ရောက်သတုန်းဆိုယင် မေတ္တာဟာ ကိုယ့်နှလုံးသားထဲပြန်ရောက်တယ်။

"အကျိုးလိုလားတဲ့စိတ်ဆိုတာ သူများစိတ်လား၊ ကိုယ့်စိတ်လား။"

"ကိုယ့်စိတ်ပါဘုရား။"

"ကိုယ့်နှလုံးသားထဲ အကျိုးလိုလားတဲ့စိတ်သွင်းလိုက်ယင် မေတ္တာဖြစ်ပြီပေါ့။"

"မှန်ပါဘုရား။"

"ဒါဖြင့် သူများထံရောက်သွားသလား၊ ကိုယ့်နှလုံးသားထဲရောက်သွားသလား။"

"ကိုယ့်နှလုံးသားထဲ ရောက်လာတာပါဘုရား။"

"အေး....ကိုယ့်နှလုံးသားထဲရောက်ယင် တို့ပရိသတ် လိုရင်းကိစ္စပြီးတယ်။"

"မှန်ပါဘုရား။"

"အဲဒါ ဘုန်းကြီးတို့ပရိသတ် မှတ်ထားလိုက်၊ ပြောင်းပြန်ချည်းထင်ထင်နေကြတယ်။"

"မှန်ပါဘုရား။"

"ဒီလိုမဟုတ်ဘူး...."

ဒါကြောင့်မို့။

မေတ္တစိတ္တန္တိ၊ မေတ္တာစိတ်ဟူသည်။ ဟိတူပသံဟာရစိတ္တံ၊ သူတပါးတို့ရဲ့အကျိုးကို ကပ်ပြီးတော့ ဆောင်ရွက်လိုတဲ့ စိတ်။

ဟိတဉပသံဟာရ-ဉပဆိုတာက ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ်၊ သူတပါးအကျိုးဆောင်ရွက်လိုတဲ့စိတ်ဆိုတာဟာ ရင်းရင်းနှီးနှီးကို ဆောင်ရွက်တာမို့ ဉပသံဟာရစိတ်လို့ ဆိုတယ်။ ဒါကြောင့်....

မေတ္တစိတ္တန္တိ၊ မေတ္တာစိတ်ဆိုတာ။ ဟိတူပသံဟာရစိတ္တံ၊ သတ္တဝါတို့ရဲ့ကောင်းကျိုးကို ရင်းရင်းနှီးနှီး ဆောင်ရွက်လိုတဲ့ စိတ်။

နောက်တမျိုး....

**"ဋီကာဆရာပြောတဲ့ မေတ္တာစိတ်"**

မေတ္တစိတ္တန္တိ၊ မေတ္တာဆိုသည်ကား။ သတ္တေသု၊ သတ္တဝါတို့ ရဲ့အပေါ်၌။ ဟိတဖရဏစိတ္တံ၊ အကျိုးလိုတဲ့သဘောတွေကို ဖြန့်နှံ့ ထားတဲ့စိတ်။

"အများရဲ့အပေါ်မှာ အကျိုးဖြစ်စေချင်တဲ့စိတ်တွေ ဖြန့်ပြီး ထားတယ်ဆိုတဲ့စိတ်ဟာ မေတ္တာတဲ့။"

"မှန်ပါဘုရား။"

ပိုပြီးရှင်းသွားအောင် ဋီကာကကောက်နုတ်ချက် ဘာပြော တုန်းဆိုတော့....

မေတ္တစိတ္တန္တိ၊ မေတ္တာစိတ်ဆိုသည်ကား။ သတ္တာနံ၊ သတ္တဝါ တို့ရဲ့။ ဟိတကာမစိတ္တံ၊ ဒီတော့မှ ပိုတိကျသွားတယ်။

ဟိတကာမစိတ္တံ၊ အများသတ္တဝါတို့ရဲ့ ကောင်းကျိုးစီးပွား ကို အလိုရှိနေတဲ့စိတ်။

"အများရဲ့ကောင်းကျိုးကို အလိုရှိနေတဲ့စိတ်ဟာ ဘာစိတ် တဲ့...."

"မေတ္တာစိတ်ပါ ဘုရား။"

"သူတပါးရဲ့ကောင်းကျိုး အလိုရှိတဲ့စိတ်ကလေး၊ သူတပါး အပေါ်ဖြန့်ထားယင် မေတ္တာဖြစ်တယ်နော်။"

"မှန်ပါဘုရား။"

## "မေတ္တာကို ဘယ်သူ့ဆီ ပို့ရမလဲ"

အများရဲ့အကျိုးကို ရင်းရင်းနှီးနှီးကလေး ဆောင်ရွက်ချင်တယ်ဆိုယင် မေတ္တာဖြစ်တယ်။ ဒါကြောင့် မေတ္တာတရားဆိုတာဟာ ဒေါသတရားနဲ့ ဆန့်ကျင်တယ်။ ဒေါသတရားဆိုတာက အများအကျိုးကို ဖျက်ဆီးပစ်မှာ။ မေတ္တာတရားက အများရဲ့အကျိုးကို ဆောင်ရွက်ချင်တာ။

"အများအကျိုးဖျက်ဆီးချင်တာနဲ့ ဆောင်ရွက်ချင်တာဟာ သဘောချင်းတူပါ့မလား။"

"မတူပါ ဘုရား။"

"အများအကျိုးကိုဆောင်ချင်လိုက်တာဆိုတဲ့စိတ်ကလေးပါလာခဲ့ယင် အများအကျိုးကို ဖျက်ဆီးချင်တယ်ဆိုတဲ့ ဒေါသစိတ်ဟာ ကိုယ့်နှလုံးသားထဲမှာ ဖြည်းဖြည်းခြင်း ဖြည်းဖြည်းခြင်း ငြိမ်းသွားရမယ်နော်။"

"မှန်ပါ ဘုရား။"

"ဒါကြောင့်မို့ မေတ္တာပို့၊ မေတ္တာပို့ဆိုတာ ဘယ်ကိုပို့ရမယ်ဆိုတာ နားလည်ကြပလား။"

"မှန်ပါ နားလည်ပါပြီ ဘုရား။"

"နားလည်ယင် ဘယ်ကိုပို့မလဲ အဲဒီမေတ္တာ...."

"ကိုယ့်နှလုံးသားထဲကို ပို့ရမှာပါ ဘုရား။"

"အေး....ဟုတ်ပြီ၊ ဟုတ်ပြီ။ ကိုယ့်နှလုံးသားထဲပို့ထည့်လိုက်နော်။"

"မှန်ပါ ဘုရား။"

"အများအကျိုးလိုချင်တဲ့စိတ် ဒီနှလုံးသားထဲထည့်ထား....
မေတ္တာဖြစ်ပြီပေါ့....နော်။"

"မှန်ပါ ဘုရား။"

အေး....ဒါကြောင့်....

## "ဈာန်ဆိတ်ဆည်းခြင်းမရှိတဲ့ ပုဂ္ဂိုလ်မျိုးဆိုတာ"

"အစ္စရာသဿာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ, ဘာဝေတိ, မနသိကရောတိ, အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီ။"

မေတ္တစိတ္တံ၊သတ္တဝါတွေ ချမ်းသာစေချင်တယ်ဆိုတဲ့ အများရဲ့ ကောင်းကျိုးကို လိုလားပါတယ်ဆိုတဲ့မေတ္တာစိတ်ကို။ အစ္စရာ သဿာတမတ္တမ္ပိ၊ လက်ဖြောက်တချက်တီး ကာလလေးမှာလဲ။ စေ အာသေဝတိ၊ အကယ်၍မှီဝဲမိသည်ဖြစ်အံ့။ စေ ဘာဝေတိ၊ အကယ်၍ပွားများမိသည်ဖြစ်အံ့။ စေ မနသိကရောတိ၊အကယ်၍ နှလုံးသွင်းမိသည်ဖြစ်အံ့။

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။ အယံ ဘိက္ခု၊ ဤကဲ့သို့ အများကောင်းကျိုး လိုလားပါတယ်ဆိုတဲ့ မေတ္တာစိတ်ကို လက်ဖြောက်တချက်တီး ကာလကလေး မှာ ပွားများနိုင် မှီဝဲနိုင် နှလုံးသွင်းနိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို။ အရိတ္တဇ္ဈာနောတိ၊ ဈာန်မဆိတ်တဲ့ ပုဂ္ဂိုလ်မျိုးဟူ၍။ ဝုစ္စတိ၊ ဆိုရပေ၏။

သတ္တ၊ ဘုရားရှင်ကိုယ်တော်မြတ်၏။ ဩဝါဒပတိကရောတိ၊ အဆုံးအမကိုလိုက်နာနေတဲ့ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုရပေ၏။ သတ္တုသာသနကရော ဩဝါဒပတိကရော၊ဘုရားရှင်ရဲ့ အဆုံးအမ နာခံလောက်တဲ့ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေ၏။

**"မေတ္တာတရားရဲ့အကျိုး ပြောမပြနိုင်အောင်ရှိ"**

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။ အယံပုဂ္ဂလော၊ ဤကဲ့သို့ မေတ္တာစျာန်မဆိတ်သဖြင့် ဘုရားအဆုံးအမ လိုက်နာနေတဲ့ ပုဂ္ဂိုလ်သည်။ အမောဃံ၊ အချည်းနှီးမဟုတ်မူ၍။ ရဋ္ဌပိဏ္ဍံ၊ တိုင်းပြည်ရဲ့ထမင်းကို။ ဘုဉ္ဇတိတိ၊ စားနေသူဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုအပ်ပေ၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ နံ၊ ထိုသတ္တဝါတို့ကောင်းကျိုး လိုလားပါတယ်ဆိုတဲ့ မေတ္တာစိတ်ကို။ ဗဟုလီကရောန္တိ၊ လက်ဖြောက်တချက်တီး ကာလကလေးမဟုတ်ပဲနဲ့ ကြိမ်ဖန်များစွာ ပွားများအားထုတ်ကြကုန်သည်ဖြစ်ပါငြားအံ့။

တေသံ၊ ထိုမေတ္တာစိတ်ကို ကြိမ်ဖန်များစွာ ပွားများအားထုတ်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့၏။ မေတ္တာယ၊ မေတ္တာ၏။ ဟိတံ၊ အကျိုးစီးပွားသည်ကား။ ကောပနဝါဒေါ၊ အဘယ်မှာ ဆိုဖွယ်ရာရှိနိုင်ပါတော့အံ့နည်း။

အတ္ထော၊ အကျိုးစီးပွားသည်ကား။ ကောပနဝါဒေါ၊ အဘယ်မှာ ဆိုဖွယ်ရာ ရှိနိုင်ပါတော့အံ့နည်း။ နတ္ထေဝနတ္ထိဧဝ၊ အဘယ်မှာလျှင် ပြောပြနိုင်ဖွယ်ရာ ရှိနိုင်ပါတော့အံ့နည်း။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣမံအဋ္ဌာရသဃာတသုတ္တံ၊ ဤ ယခု ဖော်ပြထားခဲ့သော အဋ္ဌာရသဃာတသုတ္တန် ဆိုတဲ့ မေတ္တာအကျိုးဖော်ပြတဲ့ တရားဒေသနာကို။ ကထေသိ၊ ကရုဏာ ရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

"မေတ္တာပွားခြင်းဖြင့် နီဝရဏတရားတွေ
ပယ်ဖျက်ရာရောက်"

"အဋ္ဌာရသဃာတသုတ္တန်" တဲ့၊ တို့ပရိသတ် ဘာသုတ္တန်ပါတဲ့။

"အဋ္ဌာရသဃာတသုတ္တန်ပါ ဘုရား။"

အဋ္ဌာရသဃာတ-လက်ဖြောက်တချက်တည်း ကာလကလေး လောက် မေတ္တာတရားကို မှိဝဲမိယင် ပွားများမိယင် နှလုံးသွင်း မိယင် မေတ္တာရှိသဘော၊ အခုနက ဖော်ပြထားခဲ့တဲ့ အတိုင်း ပွားများမိ, နှလုံးသွင်းမိ, မှိဝဲမိယင် ထိုမေတ္တာထဲရောက်နေတဲ့ ပုဂ္ဂိုလ်။

တနည်း, မေတ္တာစေတ်တွေ ကိုယ့်နှလုံးသားထဲ ရောက်လာတဲ့ ပုဂ္ဂိုလ်ဟာ "အရိတ္တဇ္ဈာန" ပုဂ္ဂိုလ်တဲ့၊ အရိတ္တဇ္ဈာနပုဂ္ဂိုလ်ဆိုတာ ဈာန်မဆိတ်တဲ့ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

"ဈာန်မဆိတ်ဘူးတဲ့ တို့ပရိသတ်များ...."

"မှန်ပါ ဘုရား။"

ဈာန်ဆိုတာက နီဝရဏတွေကို ရှို့ပစ်တယ်၊ မြှိုက်ပစ်တယ်၊ ဖယ်ပစ်တယ်။ အမှိုက်ပုံကြီးရှုပ်လှချည့်ရဲ့ မီးနဲ့တိုက်ပစ်လိုက်ယင်

ပြောင်သွားတယ်၊ ပြာပဲ ကျန်တယ်။ အဲဒီပြာတွေ လွင့်ထုတ် မှုတ်ပစ်လိုက်ယင် ဘာမှမကျန်ဘူး။

"မှန်ပါ ဘုရား။"

**"နိဗ္ဗိဒါဉာဏတရားနဲ့ အာဝရဏတရား အတူတူပါပဲ"**

"ဒီအတိုင်းပဲပေါ့၊ တို့ပရိသတ်ရဲ့ နှလုံးသားထဲမှာ အမှိုက်ပုံကြီးလိုဖြစ်နေတဲ့ နီဝရဏတွေကို နီဝရဏ ဘယ်နှစ်ပါး ရှိသလဲ ..."

"ငါးပါးပါ ဘုရား။"

"ကာမစ္ဆန္ဒတဲ့၊ ဘာပါလိမ့်...."

"ကာမစ္ဆန္ဒပါ ဘုရား။"

"ကာမဂုဏ်လိုချင်တဲ့လောဘ၊ ဗျာပါဒတဲ့၊ သူတပါး ချမ်းသာ ဖျက်ဆီးချင်တဲ့ဒေါသ, ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ, နီဝရဏတွေဟာ စိတ်တွေ စေတသိက်တွေ ထိုင်းပြီးတော့ မောဟနဲ့တွဲပြီးတော့ လာခဲ့တဲ့ မကြည်လင်တဲ့သဘော၊ နော်။"

"မှန်ပါ ဘုရား။"

ဥဒ္ဓစ္စ-မောဟနဲ့တွဲပြီးတော့ ပြာပုံထဲခဲပစ်သလို ပြန့်လွင့်နေတဲ့ သဘော။ကုက္ကုစ္စ-မလုပ်ခဲ့မိတဲ့ကုသိုလ်တွေ,လုပ်ခဲ့မိတဲ့ အကုသိုလ်တွေ ပြန်ပြောင်း ပြန်တွေးပြီးတော့ ပူနေတဲ့သဘော။

အဲဒီ တရားငါးမျိုးကို နီဝရဏ-ကုသိုလ်တရားတွေကို ပိတ်ပင်တဲ့တရား၊ ကုသိုလ်များကိုပိတ်ပင်တဲ့တရားသည် နီဝရဏ။

ကုသိုလ်တွေရဲ့ ●င်လမ်းထွက်လမ်းကို တားဆီးတဲ့တရားသည် အာဝရဏ။

"အာဝရဏ၊ နီဝရဏ အတူတူပဲနော်။"

"မှန်ပါ ဘုရား။"

ကုသိုလ်တရား အားနည်းအောင် ဝိပဿနာဉာဏ် အားနည်းအောင် လုပ်တဲ့တရား ပညာယဒုဗ္ဗလီကရဏခေါ်တယ်၊ နီဝရဏတဲ့၊ အာဂရဏတဲ့၊ ပညာယဒုဗ္ဗလီကရဏတဲ့။ အတူတူပဲ။"

"မှန်ပါ ဘုရား။"

ကုသိုလ်တွေကိုပိတ်ပင်တတ်လို့ နီဝရဏ၊ ကုသိုလ်တရားတွေကို တားဆီးတတ်လို့ အာဝရဏ၊ ဝိပဿနာဉာဏ်တွေကို အားနည်းအောင်လုပ်တတ်လို့ ပညာယဒုဗ္ဗလီကရဏတဲ့။

"အခုနပြောခဲ့တဲ့ တရားငါးမျိုးကိုပြောတာ...."

"မှန်ပါ ဘုရား။"

## "မေတ္တာစျာန်လို့ ဘာကြောင့်ခေါ် ဆိုရ"

မိမိအကျိုးစီးပွားလဲ ဖျက်ဆီး၊ သူတပါးရဲ့ချမ်းသာစီးပွားကိုလဲ ဖျက်ဆီးတဲ့ဗျာပါဒ-တရားကိုယ်ကောက်လိုက်ယင် ဒေါသစေတသိက်၊ထိုဒေါသစေတသိက်တည်းဟူသော ဗျာပါဒနီဝရဏသည် ယခုပြောပြထားခဲ့တဲ့ မေတ္တာစျာန်ကို ဝင်စားကြည့်လိုက်လို့ရှိယင် ဗျာပါဒနီဝရဏဟာ တခါတည်းရှင်းသွားတယ်။

ဒေါသဆိုတာ ဗျာပါဒ၊ သူတပါးအကျိုးဖျက်ဆီးတဲ့ သဘော၊ မေတ္တာဆိုတာက အများအကျိုးကို ဖြစ်စေချင်တဲ့

သဘော၊ စေတသိက်ပိုင်းကပြောတော့ ဒေါသနဲ့အဒေါသ, ဒီလိုပြောတယ်။ ဗျာပါဒ နီဝရဏ တရား ကိုယ် က ဒေါသ၊ မေတ္တာရဲ့တရားကိုယ်က အဒေါသ၊ ဒီနှစ်ခု စပ်လို့မရဘူး၊ ဆန့်ကျင်တယ်။

ဒါကြောင့် ဈာန်ဆိုတဲ့ဥစ္စာဟာ အခု ပြော ပြ ထား ခဲ့ တဲ့ အမှိုက်ပုံကြီးများလို အလွန်တရာရှုပ်ထွေးပြီးတော့ ရှုံစရာ ကောင်းလှစွာသော နီဝရဏတရားဆိုးငါးမျိုးကို အမှိုက်ပုံ မီးတိုက်သလို ရှို့မြှိုက်တတ်တဲ့သဘောကို ဈာန်ခေါ်တယ်။

ဒါကြောင့်....

"ဈာပေတီတိ ဈာနံ၊"

ဈာပေတိ၊နီဝရဏတရားဆိုး ကိလေသာမျိုးတို့ကိုရှို့မြှိုက်၍ ပစ်တတ်၏။ တသ္မာ၊ ဒါကြောင့်။ ဈာနံ၊ ဈာန်ခေါ်ရမယ်။

နီဝရဏတရားဆိုး ကိလေသာမကောင်းမျိုးတွေကို ရှို့၍ မြှိုက်၍ပစ်တတ်သောကြောင့် ဈာန-ဈာန်လို့ခေါ်တယ်။

အများအကျိုးလိုလားတဲ့ မေတ္တာတရားပွားများကြိုးကုတ် အားထုတ်နေတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နှလုံးသားမှာ မေတ္တာဓာတ် တွေဝင်ရောက်နေပြီဆိုယင်....

အရိတ္တဇ္ဈာနော၊ ဈာန်မဆိတ်တဲ့ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရ ပေ၏။

"မေတ္တာတရား မိမိနှလုံးသားရောက်နေယင် အဲဒီပုဂ္ဂိုလ် သည် ဈာန်မဆိတ်တဲ့ပုဂ္ဂိုလ်တဲ့။"

"မှန်ပါဘုရား။"

"သြဝါဒ နဲ့ အနုသာသန ကွဲပြားခြားနားပုံ"

"သြဝါဒပတိကရော-ဘုရားရဲ့သြဝါဒလိုက်နာနေတဲ့ပုဂ္ဂိုလ်။

သတ္ထုသာသနကရော-ဘုရားရဲ့ အဆုံးအမနားထောင်နေတဲ့ ပုဂ္ဂိုလ်။

သြဝါဒ၊ အနုသာသန၊ ဘုန်းကြီးတို့စာပေက နှစ်မျိုးလာတယ်။ သြဝါဒဆိုတဲ့ ဥစ္စာဟာ ဆရာနဲ့တပည့် မျက်မှောက်ရင်ဆိုင်ပြောနေတာကို သြဝါဒခေါ်တယ်။

"ငါ့တပည့်မင်း ဒီအပြော, ဒီအကျင့်, ဒီအကြံတွေဟာ မကောင်းဘူး၊ ရှောင်လိုက်ဟဲ့" လို့ မျက်မှောက်ရင်ဆိုင် ဆရာတပည့်ဆုံပြီးတော့ ပြောကြတာဟာ သြဝါဒ။ မျက်မှောက်ပြောခွင့်မရလို့ တခြားတနေရာရောက်နေလို့ မျက်ကွယ်ကကိုယ့်တပည့်လှမ်းပြီး ဆုံးမတာကျတော့ အနုသာသန။ ဟုတ်ပလား။

"မှန်ပါဘုရား။"

မျက်မှောက်ရင်ဆိုင်ဆုံးမတာကို သြဝါဒ ခေါ်။ မျက်ကွယ်ဆုံးမတာကို အနုသာသန ခေါ်။ နောက်တမျိုး။ ပထမတကြိမ်၊ ရှေးဦးစွာဆုံးမတာကို သြဝါဒခေါ်၊ ဒုတိယ,တတိယထပ်၍ထပ်၍ဆုံးမတာကို အနုသာသနခေါ်။

"သြဝါဒနဲ့အနုသာသန ဒီလိုကွဲပြားပုံ နှစ်မျိုးရှိဘယ်နော်။"

"မှန်ပါဘုရား။"

ဒီလိုလဲပဲ ဆရာတော်ကြီးများ အဓိပ္ပာယ်ဖွင့်ပါတယ်၊ နောက်တနည်း,ဆရာတပည့်ချက်မှောက်ရင်ဆိုင်ဆုံးမနေတာကိုသြဝါဒ၊ ကွယ်ရာမှာဆုံးမတာကျတော့ အနုသာသန ဒီလိုခေါ်တယ်။

မေတ္တာနှလုံးသားထဲရောက်အောင် လွှတ်ထားတဲ့ပုဂ္ဂိုလ်ဟာ၊ အဲဒီ ဘုရားရဲ့ဩဝါဒ နာထောင်တဲ့ပုဂ္ဂိုလ်၊ ဘုရားရဲ့အဆုံးအမကို လိုက်နာတဲ့ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်တဲ့၊ စျာန်မဆိတ်တဲ့ပုဂ္ဂိုလ်လို့ ခေါ်ရတယ်တဲ့။

စျာန်မဆိတ်ချင်ယင် မေတ္တာပွား၊ ဘုရားအဆုံးအမလိုက်နာချင်ယင် မေတ္တာပွား။ ဘုရားဩဝါဒနာထောင်တဲ့ ပုဂ္ဂိုလ်ဖြစ်ချင်ယင် မေတ္တာပွား၊ အဲဒါဟာ အစ္ဆရာသင်္ဃာတသုတ္တန်ရဲ့ ပါဠိတော်အဓိပ္ပာယ်။

ဒါကြောင့်....

## "အရိတ္တဇ္ဈာန-ဩဝါဒ-အနုသာသန ပုဂ္ဂိုလ်"

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ အစ္ဆရာသင်္ဃာတမတ္တံပိ၊ လက်ဖြောက်တချက်တီး ကာလကလေးမျှသော အချိန်မှာလဲ။ မေတ္တံ၊ အများအကျိုးလိုလားတဲ့မေတ္တာစိတ်ကို။ အာသေဝတိ၊ မှီဝဲငြားအံ့။ ဘာဝေတိ၊ ပွားများငြားအံ့။ မနသိကရောတိ၊ နှလုံးသွင်းခဲ့သည်ဖြစ်ပါငြားအံ့။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ အယံဘိက္ခု၊ ဤရဟန်းကို။ အရိတ္တဇ္ဈာနောတိ၊ စျာန်မဆိတ်တဲ့ ပုဂ္ဂိုလ်ဟူ၍။ ဗျာပါဒနီဝရဏကိုပယ်ရှင်းပစ်တဲ့ စျာန်မဆိတ်တဲ့ ပုဂ္ဂိုလ်ဟူ၍။

"မေတ္တာက တိုက်ရိုက်အားဖြင့် ဗျာပါဒနီဝရဏကို ရှင်းစေတယ်။ ဗျာပါဒနီဝရဏတွေရှင်းလို့ စိတ်တွေ ကြည်လာယင် ကျန်တဲ့နီဝရဏတွေပါ အကုန်ရှင်းတာပေါ့ဗျ နော်။"

"မှန်ပါဘုရား။"

ဒါကြောင့်....

အဓိဋ္ဌာနေ့ယျာတိ၊ စျာန်မဆိတ်တဲ့ ပုဂ္ဂိုလ်ဟူ၍။ ဩဝါဒ ပတိကရောတိ၊ ဘုရားရဲ့အဆုံးအမလိုက်နာတဲ့ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေ၏။ သတ္ထုသာသနကရောတိ၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်အတွင်း ကျင့်ကြံကြိုးကုတ်အားထုတ်နေတဲ့ ပုဂ္ဂိုလ်ပဲရယ်လို့။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုရပေ၏။

"ဗြဟ္မဝိဟာရီ အမည်ရတဲ့ပုဂ္ဂိုလ်"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ မေတ္တာစိတ္တံ၊ မေတ္တာစိတ်ကို။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ လက်ဖြောက်တချက်တီး ကာလကလေးမျှလဲ။ အာသေဝတိ၊ ဘာဝေတိ၊ မနသိကရောတိ၊ ပွားများမိ၊ မှိုင်မိ၊ နှလုံးသွင်းခဲ့မိသည်ဖြစ်အံ့။ တံပုဂ္ဂလံ၊ ထိုကဲ့သို့မေတ္တာစျာန်ဝင်စားနေတဲ့ပုဂ္ဂိုလ်ကို။ ဗြဟ္မဝိဟာရီပုဂ္ဂလောတိ၊ ဗြဟ္မဝိဟာရပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ မုချမသွေကိန်းသေဆိုရပေ၏။

"မေတ္တာသမာပတ်ဝင်စားနေတဲ့ပုဂ္ဂိုလ်၊ နှလုံးအိမ် မေတ္တာနဲ့စိမ်ထားတဲ့ပုဂ္ဂိုလ်ဟာ ဗြဟ္မဝိဟာရီပုဂ္ဂိုလ်လို့လဲ ခေါ်တယ်။ ဘာဝိဟာရီတဲ့...."

"ဗြဟ္မဝိဟာရီပုဂ္ဂိုလ်ပါဘုရား။"

"မေတ္တာတရားကို ဗြဟ္မဝိဟာရ ခေါ်တယ်၊ ထိုမေတ္တာနဲ့နေခြင်းကို ဗြဟ္မဝိဟာရီ=လူမြတ်ရဲ့နေခြင်းလို့ ခေါ်ပါတယ်။"

"မှန်ပါဘုရား။"

"ဘုရားရှင်ကိုယ်တော်မြတ် ဗြဟ္မဝိဟာရဆိုတဲ့ မေတ္တာနဲ့ နေတာဟာ ဘယ်အချိန်တွေတုံး၊ မနေ့က ကိုယ်ပြောခဲ့တယ်။ ဘယ်လို ခေတ်မျိုးမှာ ဘုရားရှင် မေတ္တာသမာပတ်နဲ့ နေသ တဲ့လဲ။"

"လောဘ, ဒေါသတွေ အားကြီးနေတဲ့အခါမှာပါဘုရား။"

"အဲဒါ ဝါးလုံးရှည်နဲ့ ရမ်းတာ။"

**"တန်ခိုးအာဏာရရှိရေးအတွက် ကျင့်သုံးနေတဲ့အခါ ဗုဒ္ဓနေပြခြင်း"**

"ယဒါ ပန ဣဿရိယတ္တံ သတ္တေသု ဝိပ္ပဋိပဇ္ဇန္တိ။ တဒါ ပန ဗြဟ္မဝိဟာရေန ဝိဟရတိ။"

ယဒါ၊ အကြင်အခါ၌။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဣဿရိယတ္တံ၊ ဣဿရလို့ခေါ်တဲ့ အာဏာတန်ခိုးအစိုးတရဖြစ်ပါ စေခြင်းအလို့ငှာ။

"ဒါက ဋီကာပါ၌, တို့ပရိသတ်ရေ။ ဣဿရိယတဲ့ တို့ပရိသတ်, ဘာပါလိမ့်...."

"ဣဿရိယပါ ဘုရား။"

"ဣဿရိယဆိုတာက ဣဿပုဒ်ကို နောက်က ဣယသဒ္ဒါနဲ့ တွဲထားတယ်၊ ဣဿရဆိုတာက အစိုးရ၊ ဣဿရိယဆိုတာက အစိုးရခြင်းရဲ့ဂုဏ်၊ အာဏာပေါ့ဗျနော်။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

ဣဿရိယတ္တံ၊ အစိုးတရဖြစ်ဖို့ရန်အလို့ငှာ (ဝါ) ဣဿရိယတ္တံ၊ ဣဿရအလို့ငှာ။ ဣဿရိယတ္တံ၊ အာဏာရဖို့ရန်အလို့ငှာ။

ဣဿရိယကို ဒီလိုပဲ ဖော်ရမယ်။

သတ္တေသု၊ တန်ခိုးပါဝါအာဏာမဲ့တဲ့ သတ္တဝါတို့၌။ ဝိပ္ပဋိပန္နေသု၊ ဖောက်ဖောက်ပြန်ပြန် ကျင့်ကြံ၍နေကြကုန်၏။

တဒါ၊ ထိုကဲ့သို့ သတ္တဝါတွေ ဣဿရိယ အာဏာရဖို့ရန် ဖောက်ဖောက်ပြန်ပြန် ကျင့်နေကြတဲ့ ခေတ်ကြီးမှာ။ ဘဂဝါ။ ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင် ကိုယ် တော် မြတ် ကြီး သည်။ ဗြဟ္မဝိဟာရေန၊ ဗြဟ္မဝိဟာရလို့ခေါ်တဲ့ မေတ္တာစျာန် ဖြင့်။ ဝိဟရတိ၊ ကျင့်သုံး၍နေပြုပါ၏။

သတ္တဝါတွေ ဣဿရိယဖြစ်ဖို့အရေး၊အာဏာရရှိရေးအတွက် ဖောက်ဖောက်ပြန်ပြန် နှိပ်နှိပ်စက်စက် ကျင့်သုံးနေတဲ့ခေတ် အခါကြီးမှာဖြင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က မေတ္တာစျာန်ဆိုတဲ့ ဗြဟ္မဝိဟာရနဲ့ နေလိုက် ပါတယ်။

## "အတုယူလိုက်နာစေဖို့ ဗုဒ္ဓ နေပြတာ"

ဣမေသတ္တာ၊ ဤလူရောနတ်ပါ သတ္တဝါအပေါင်းတို့သည် ဤကဲ့သို့ ဖောက်ဖောက်ပြန်ပြန်လျှင် နေကြပါတယ်ဆိုတဲ့ သတ္တဝါအပေါင်းတို့သည်။ ဧတ္ထ၊ ဤငါဘုရားကျင့်သုံးနေတဲ့ မေတ္တာစျာန်ဆိုတဲ့ ဗြဟ္မဝိဟာရတရား၌။ ရုစိံ၊ နှစ်သက်ခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်ကြစေကုန်လျက်။ အနုကရိတွာ၊ အတုလိုက် ကြကုန်၍။ ပဋိပဇ္ဇန္တိ၊ ကျင့်ကြကုန်လိမ့်လတ္တံ့။

အပ္ပေဝနာမ ပဋိပဇ္ဇိဿန္တိ၊ အကယ်၍ အတုလိုက်၍ကျင့်ကြ ကုန်ငြားအံ့။ ဣတိ၊ ဤသို့ရည်ရွယ်၍။ တေသံ၊ ထိုအာဏာရရှိ

ရေးအတွက် ဖောက်ဖောက်ပြန်ပြန် ကျင့်သုံးနေကြတဲ့သတ္တဝါ အပေါင်းတို့၏။ အဒေါသကုသလမူလုပ္ပါဒနတ္ထံ၊ အဒေါသ တည်းဟူသော ကုသိုလ်မူလဖြစ်ပွားစေခြင်းအကျိုးငှာ။ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်။ ဗြဟ္မဝိဟာရေန၊ ဗြဟ္မဝိဟာရလို့ခေါ်တဲ့ မေတ္တာစျာန် ဖြင့်။ ဝိဟရတိ၊ ကျင့်သုံး၍နေတော်မူတယ်။

## "ရည်ရွယ်ချက်အပြည့်နဲ့ နေထိုင်နည်း"

'ဝိဟရတိ'ဆိုတဲ့ ပုဒ် ဋီကာကြီးက ဝိဟာရနဲ့ဖွင့်တဲ့အခါမှာ၊ ဣရိယာပထဝိဟာရ, ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရ, ဝိဟာရလေးမျိုး ဖွင့်တယ်။

ထို ဝိဟာရလေးမျိုးတို့အနက် ဗြဟ္မဝိဟာရနဲ့ ဘုရား နေတယ် ဆိုတာဟာ သတ္တဝါတွေ ဣဿရဖြစ်ဖို့အရေး, ဣဿရအစိုးတရ အာဏာရရှိဖို့အရေး တွေးပြီးတော့ တယောက်နဲ့တယောက် နှိပ်နှိပ်စက်စက် ဖောက်ဖောက်ပြန်ပြန်ကျင့်သုံးတဲ့ခေတ်မှာ....

"ဩော်....ဟောဒီသတ္တဝါတွေဟာ ငါဘုရားရဲ့အတုကိုလိုက် ပြီးတော့ ငါဘုရားကျင့်သုံးတာကို နှစ်သက်မြတ်နိုးကြပြီး အဒေါသ ကုသလမူလုပ္ပါဒနတ္ထံ-ထိုသတ္တဝါတွေရဲ့ သန္တာန်မှာ အဒေါသဆိုတဲ့ ကုသိုလ်မူလဖြစ်ပွားပါစေခြင်းဆိုတဲ့ ရည်ရွယ် ချက်ဖြင့် ဗြဟ္မဝိဟာရနဲ့ ဘုရားနေပြတယ်။

ဘုရားရှဲ့ရည်ရွယ်ချက်က,အာဏာရရှိရေးအတွက် ဖောက်ပြန် စွာ ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်များရဲ့သန္တာန်မှာ အဒေါသဆိုတဲ့

မေတ္တာစိတ်ကလေး ရောက်ပါစေခြင်းအကျိုးငှာ၊ မြတ်စွာဘုရား ဗြဟ္မဝိဟာရနဲ့ နေပြတယ် ဟုတ်ပလား။

"မှန်ပါ ဘုရား။"

ဒါကြောင့် ဘယ်ခေတ် ဘာနဲ့နေဆိုတာ နေနည်းထိုင်နည်း အပြည့်အစုံ တို့ဘုရား ပေးထားတယ်။

"မှန်ပါ ဘုရား။"

## "ဗုဒ္ဓပေးတဲ့ နေနည်းထိုင်နည်း (၄)မျိုး"

"ကာမဂုဏ်လိုက်စားလွန်ကျူးတဲ့အချိန်မျိုး ဘယ်လိုနည်းနဲ့ နေရမလဲဆိုယင် ဒိဗ္ဗဝိဟာရနဲ့ နေ။ ဈာန်နဲ့ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"ကာမစ္ဆန္ဒခွာပြီးတော့ နေကြ။"

"လောကကြီး....တ ယောက် နဲ့ တ ယောက် ဖောက်ဖောက်ပြန်ပြန် နှိပ်နှိပ်စက်စက် ကျင့်သုံးတဲ့ခေတ်ဆိုယင်တော့ ဣဿရိယ အာဏာရရှိရေးအတွက် နှိပ်စက်တဲ့ခေတ်မျိုးဆိုယင် မေတ္တာ ဈာန်လို့ခေါ်တဲ့ ဗြဟ္မဝိဟာရနဲ့ နေ။

သံဃာတော်တွေ ဓမ္မာဓိကရဏ၊ သာသနာတော်ထမ်းရဟန်းတွေ တရားနဲ့ငြင်းခုံနေကြတဲ့ခေတ်ဆိုယင်တော့ အရိယဝိဟာရ သမာပတ်နဲ့ နေ....တဲ့။

"တို့ပရိသတ် နေနည်းထိုင်နည်းလေးတွေ အပြည့်အစုံပါရဲ့ မဟုတ်လား။"

"မှန်ပါ၊ ပါပါတယ် ဘုရား။"

"ကာယိကဒုက္ခ–ခန္ဓာကိုယ်ပင်ပန်းတဲ့အခါကျတော့ ဣရိယာပထဝိဟာရနဲ့ နေပါတဲ့။ ဘုရားရှင်ကိုယ်တော်မြတ်က နေနည်းတွေ ပေးထားတယ်၊ ဘုန်းကြီးတို့ပရိသတ် နေတတ်ထိုင်တတ်ရှိပေစေ၊ နော်။"

"မှန်ပါ ဘုရား။"

"ခန္ဓာကိုယ် ပင်ပန်းညောင်းညာထုံကိုက်တဲ့အခါ ဘယ်ဝိဟာရတဲ့...."

"ဣရိယာပထဝိဟာရပါ ဘုရား။"

"ဣရိယာပထဝိဟာရတဲ့နော်။"

"မှန်ပါ ဘုရား။"

"ကာမတရားလွန်ကျူးစွာလိုက်စားတဲ့ခေတ်ကျတော့ ဘာနဲ့နေရမယ်။"

"ဒိဗ္ဗဝိဟာရပါ ဘုရား။"

"စျာန်နဲ့နေရမယ်နော်။"

"မှန်ပါ ဘုရား။"

"စျာန်ရအောင်ကြိုးစား၊ ကာမစ္ဆန္ဒခွာပြီးတော့ နေလိုက်။ ဒေါသတွေ အားကြီးနှိပ်စက်တဲ့ခေတ်ဆိုယင် ဘာနဲ့နေရမယ်။"

"ဗြဟ္မဝိဟာရနဲ့ နေရမှာပါ ဘုရား။"

"ဗြဟ္မဝိဟာရတရား ကိုယ်ကိုယ်ကမေတ္တာ၊ နော်။"

"မှန်ပါ ဘုရား။"

"သံသာတွေ တပါးနဲ့တပါး ငြင်းကြခုံကြတဲ့ခေတ်မျိုးကျယင်တော့...."

"အရိယဝိဟာရပါ ဘုရား။"

"အရိယဝိဟာရ- ဖလသမာပတ်ချမ်းသာနဲ့ နေလိုက်ကြ၊ မြတ်စွာဘုရား အဲဒီလို နေပြတယ်။"

"မှန်ပါ ဘုရား။"

## "လောကလူ့ဘောင်ကြီးမှာ နေတတ်ထိုင်တတ်ဖို့လိုတယ်"

ဒီတော့ ဒီကနေ့ဘုန်းကြီးတို့ပရိသတ် ဘယ်လိုနေရမယ်ဆိုတာ တို့ပရိသတ် စဉ်းစားသာ ကြည့်လိုက်ရော။ ဘုန်းကြီးအထင် ပြောရယင်တော့ လေးမျိုးလုံးနဲ့ နေရလိမ့်မယ် ထင်တယ်, ဟုတ်လား။

ညောင်းညာထုံကျင်ကိုက်ခဲတဲ့ ခန္ဓာကိုယ်ပင်ပန်းမှုတွေကလဲ ပေါလိုက်တာ၊ ဣရိယာပုထ်လေးမျိုးနဲ့ကို နေရမယ်။ အဲ.... ကာမဝတ္ထု လွန်ကျူးစွာလိုက်စားတဲ့ အခြေအနေရှိတယ်လို့ ထင်ယင်လဲပဲ ဒိဗ္ဗဝိဟာရ စျာန်နဲ့သာ နေလိုက်ကြရော။

ဂူဃရိယအတွက် တယောက်နဲ့တယောက် နှိပ်စက်တယ်လို့ မြင်ယင်လဲ တို့ပရိသတ် ဗြဟ္မဝိဟာရနဲ့သာ နေလိုက်ကြရော။ သံဃာတော်များ ငြင်းတယ်ခုံတယ်လို့ထင်ယင်လဲပဲ အရိယ ဝိဟာရနဲ့သာ နေလိုက်ကြရော။

"အဲဒီ နေနည်းလေးနည်းကို နားလည်လို့ရှိယင် ဘုန်းကြီးတို့ ပရိသတ် လောကကြီး နေလို့ဖြစ်တာပဲနော်။"

"မှန်ပါဘုရား။"

"ဒီ နေနည်းထိုင်နည်းမှမသိယင် လောကကြီး နေလို့ကို မဖြစ်ဘူး၊ အပူတွေက တယ်တယ်လောင်တယ်ဗျ၊ နော်။"

"မှန်ပါဘုရား။"

**"တိုင်းပြည်ကကျွေးတဲ့ထမင်း အမြတ်တနိုးတန်ဖိုးထား"**

အဲဒီနေနည်းတွေတတ်လို့ ဗြဟ္မဝိဟာရနဲ့နေယင်တဲ့-

အရိတ္တဇ္ဈာနောဝိဟရတိ၊

အရိတ္တဇ္ဈာနော၊ မဆိတ်သုဉ်းသော စျာန်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသည်မည်၏။ ဩဝါဒပတိကရော၊ အဆုံးအမကို နားထောင်သည် ဖြစ်၍။ သတ္ထုသာသနကရော၊ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အဆုံးအမအတိုင်းကုစားပြီးတော့နေတဲ့ပုဂ္ဂိုလ် ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုရပေ၏။

"အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိတိ။"

ရဋ္ဌပိဏ္ဍံ၊ တိုင်းပြည်ရဲ့ထမင်းတွေကို တိုင်းပြည်ရဲ့ဆွမ်းတွေကို။ အမောဃံ၊ အချည်းနှီးမဟုတ်ပါပဲနဲ့။ ဘုဉ္ဇတိ၊ စားသုံးသည်မည် ပါပေ၏။

တကယ်လို့ ဗြဟ္မဝိဟာရနဲ့ မနေယင် တိုင်းပြည်ရဲ့ ထမင်း အချည်းနှီးဖြုန်းတာ ဖြစ်လိမ့်မယ်။

"ဗြဟ္မဝိဟာရနဲ့နေမှ တိုင်းပြည်ရဲ့ဆွမ်း ထမင်းတို့ကို အချည်း နှီးမဖြုန်းတာ ခေါ်တယ်။"

"မှန်ပါဘုရား။"

ဒီတော့ ဒီပါဠိတော်ပုဒ်က ဘိက္ခု ဘိက္ခဝေချည်းနဲ့လာ တော့ ဘုန်းကြီးတွေချည်းဟောတယ်လို့ တွက်လိမ့်မယ်၊ အမှန် တော့ တို့ဒကာဒကာမတွေလဲ ဘိက္ခု၊ဘိက္ခဝေတွေထဲပါတယ်။

ဒီတော့ ဘုန်းကြီးတို့ပရိသတ်တွေလဲ တိုင်းပြည်ရဲ့ဆန်တွေ အချည်းနှီး ဖြုန်းတီးပစ်တဲ့သဘော မရောက်ရ လေအောင် ဗြဟ္မဝိဟာရနဲ့ နေလိုက်ကြ။

"ဗြဟ္မဝိဟာရနဲ့မနေယင် တိုင်းပြည်ရဲ့ဆန်တွေ အချည်းနှီး ဖြုန်းတာ ခေါ်တယ်။"

"မှန်ပါဘုရား။"

**"တိုင်းပြည်ကပေးထဲ့ ဆန် အဟောသိကာံ မဖြစ်ခဲ့စေနဲ့"**

"အယံ ဝုစ္စတိ ဘိက္ခဝေ, အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတီတိ။"

ဘိက္ခဝေ၊ ရဟန်းတော်များ,အို....ချစ်သားတို့။ အယံပုဂ္ဂ လော၊ ဤမေတ္တာစျာန်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကို။ အမောဃံ၊ အချည်းနှီးမဟုတ်ပဲနဲ့။ ရဋ္ဌပိဏ္ဍံ၊ တိုင်းပြည်ရဲ့ဆွမ်းတွေကို။ ဘုဉ္ဇတိတိ၊ ဘုဉ်းပေးနေတဲ့ပုဂ္ဂိုလ်ဟူ၍။ ဘုဉ္ဇတိတိ၊ စားနေတဲ့ပုဂ္ဂိုလ် ဒကာဒကာမတွေရယ်လို့။ ဝုစ္စတိ။ မုချမသွေ ဆိုရပေ၏။

မေတ္တာစျာန် ဝင်စားနေကြယင် တိုင်းပြည်ရဲ့ ဆန်တွေ အချည်းနှီးမဖြစ်ပါဘူးတဲ့။ တယောက်နဲ့တယောက် ညှဉ်းဆဲ လိုက်မယ်, နှိပ်စက်လိုက်မယ်, ပုတ်ခတ်လိုက်မယ်ဆိုတဲ့ စိတ်တွေနဲ့ သာနေကြယင်တော့ တိုင်းပြည်ကဆွမ်းတွေ ထမင်းတွေအချည်း နှီး ဖြုန်းတီးတဲ့ပုဂ္ဂိုလ်လို့ ခေါ်တယ်။

ဒါကြောင့် တိုင်းပြည်ကပေးတဲ့ဆွမ်း၊ လူ့အနေနဲ့ဆိုယင် တိုင်းပြည်က ပေးတဲ့ထမင်း, အချည်းနှီး ဖြုန်းရာမရောက်အောင် နှိပ်စက်ခြင်း,ညှဉ်းဆဲခြင်း,ပုတ်ခတ်ခြင်း,အပြစ်တင်ခြင်း, မောင်း မဲခြင်း, သူတပါးချမ်းသာကို ဖျက်ဆီးပစ်ခြင်းဆိုတဲ့ စိတ်တွေ ကင်းအောင် မေတ္တာစျာန် ဗြဟ္မဝိဟာရနဲ့ နေလိုက်။

အေး.... ဒါ လက်ဖြောက်တချက်တီးပွားယင် ဒီလောက် အကျိုးရှိတယ်လို့ဟောတယ်။ နောက်တခါ ဒီနေရာမှာ ဘုန်းကြီး

တို့ ဒီ 'အစ္စရာသဃ်တသုတ္တန်' ကိုဖွင့်ဆိုတဲ့အဌကထာမှာပဲ သုံးစွဲပုံသုံးစွဲနည်းတွေကို ဘာနဲ့ဖွင့်ပြပြန်တုန်းဆိုလို့ရှိယင်....

**"ပရိဘောဂ (သုံးဆောင်နည်း) (၄) မျိုး"**

(၁) ထေယျပရိဘောဂ။
(၂) ဣဏပရိဘောဂ။
(၃) ဒါယဇ္ဇပရိဘောဂ။
(၄) သာမိပရိဘောဂ။

ဒီလိုလဲပဲ လေးချက်ဖွင့်တယ်။ သီလမရှိသောပုဂ္ဂိုလ်များရဲ့ သုံးဆောင်ခြင်း၊ ကိုယ်ကျင့်တရားမရှိသော ပုဂ္ဂိုလ်များရဲ့သုံးဆောင်ခြင်းဟာ ထေယျပရိဘောဂ။

"သီလမပါပဲနဲ့ သုံးယင် ဘာတဲ့—"

"ထေယျပရိဘောဂပါဘုရား။"

"ထေယျဆိုတာ ခိုးတာ, ဟုတ်ပလား။"

"မှန်ပါဘုရား။"

"ကိုယ်ကျင့်တရားမပါပဲနဲ့ တိုင်းပြည့်ရဲ့ထမင်း စားနေယင် အဲဒါ ခိုးစားတာခေါ်သတဲ့။

"မှန်ပါဘုရား။"

"ထေယျပရိဘောဂ - သီလကင်းသော ပုဂ္ဂိုလ်များရဲ့ သုံးဆောင်ခြင်းဟာ ထေယျပရိဘောဂလို့ ခေါ်တယ်။"

"မှန်ပါဘုရား။"

သီလတော့ ပြည့်စုံသွားပါပဲ၊ မေတ္တာတရားကလေးမျှ မပွားပဲ၊ ဒီအတိုင်း စားနေလို့ရှိယင် ဣဏပရိဘောဂလို့ ခေါ်တယ်။

"ဘာ ပရိဘောဂတဲ့...."

"ဣဏပရိဘောဂပါဘုရား။"

"ဣဏပရိဘောဂဆိုတာ အကြွေးယူပြီးတော့ စားတာနဲ့ တူသတဲ့။"

"မှန်ပါဘုရား။"

"သူများဆီက အကြွေးယူပြီးတော့ စား၊ ဒီပုဂ္ဂိုလ် သူများ ကြွေးမဆပ်ရသေးမချင်း ဒီပုဂ္ဂိုလ် မလွတ်လပ်သေးဘူးပေါ့ဗျ၊ တို့ပရိသတ်။"

"မှန်ပါဘုရား။"

သီလဘော့ ပြည့်စုံတယ်၊ အနည်းဆုံး မေတ္တာလေးတောင်မှ မလွှတ်ပဲ စားသောက်သုံးဆောင်လို့ရှိယင် ဣဏပရိဘောဂ၊ ဒီပုဂ္ဂိုလ် ကြွေးတွေ တင်နေတယ်။

"ဘာကြွေးတုန်းဆိုယင် မေတ္တာလွှတ်ဖို့ရန်ကြွေးတွေ ကျန်သပေါ့နော်။"

"မှန်ပါဘုရား။"

"ဒါကို ဣဏပရိဘောဂခေါ်တယ်။"

**"အရိယာပုဂ္ဂိုလ်များ-သုံးဆောင်နည်း"**

နောက်တခါ ဒါယဇ္ဇပရိဘောဂ၊ ဒါယဇ္ဇပရိဘောဂ ဆိုတာက အမွေခံပုဂ္ဂိုလ်များရဲ့ သုံးဆောင်ခြင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များရဲ့ သုံးဆောင်ခြင်းကိုတော့ ဒါယဇ္ဇပရိဘောဂလို့ ခေါ်ရမယ်။

"ဒါယဇ္ဇပရိဘောဂ၊ တို့ပရိသတ်ရေ့၊ ဘာပရိဘောဂတဲ့။"

"ဒါယဇ္ဇပရိဘောဂပါဘုရား။"
"အမွေခံ ပုဂ္ဂိုလ်များရဲ့ ရတဲ့ အမွေ ကို မျှော်ပြီး တော့ သုံးဆောင်သလိုဖြစ်တာ။"
"မှန်ပါဘုရား။"
"သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေရဲ့ သွားရမယ့် ပန်းတိုင်က အရဟတ္တမဂ် အရဟတ္တဖိုလ်, မဟုတ်လား။"
"မှန်ပါဘုရား။"
ဒါကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်သွားနေတဲ့ ပုဂ္ဂိုလ်များရဲ့ သုံးဆောင်ခြင်းမျိုးကျတော့ ဒါယဇ္ဇပရိဘောဂ၊ မကြာခင် ထိုပုဂ္ဂိုလ်များ ဘုရားပေးတဲ့အမွေတွေ ပြည့်ပြည့်စုံစုံ မဂ်ဖိုလ်အဆုံး ရတော့မယ်။ ရဟန္တာပုဂ္ဂိုလ်များရဲ့ ပစ္စည်းသုံးဆောင်တာမျိုးကျတော့ သာမိပရိဘောဂတဲ့၊ ရှင်ဘုရင်များရဲ့ သုံး ဆောင် ခြင်း မျိုး ဖြစ် တယ်။ ပိုင် ပိုင် နိုင် နိုင် ဖြစ်သွားပြီ။
"သုံးဆောင်ခြင်း, ဘယ်နှစ်ပါးရ။"
"လေးပါးပါဘုရား။"

### "ပရိဘောဂ (သုံးဆောင်နည်း) - (၅)မျိုး"

"အဲဒီအထဲမှာ တခုထည့်လိုက်စမ်းပါ၊ အဏဏပရိဘောဂ ဆိုတာ တခုထည့်လိုက်ပါ။"
"မှန်ပါဘုရား။"
"အဏဏပရိဘောဂ - ကြွေးကင်းသော သုံးဆောင်ခြင်း၊ ဘာ သုံးဆောင်ခြင်း, တဲ့။"

"ကြွေးကင်းသော သုံးဆောင်ခြင်းပါဘုရား။"

"ကြွေးတင်တဲ့သုံးဆောင်ခြင်းက မေတ္တာမပို့ပဲနဲ့ သုံးဆောင်တာ။ ဒီတော့ ကြွေးကင်းသော သုံးဆောင်ခြင်း ဆိုယင် မေတ္တာပို့၍ သုံးဆောင်တာ။"

"မှန်ပါဘုရား။"

"အဲဒီလို ကြွေးကင်းသောသုံးဆောင်ခြင်း, မေတ္တာလွှတ်၍ သုံးဆောင်ခြင်း, စျာန်မဆိတ်သောပုဂ္ဂိုလ်ရဲ့ သုံးဆောင်ခြင်းသည် တိုင်းပြည်ရဲ့ထမင်းကို အချည်းနှီးသုံးဆောင်တဲ့ပုဂ္ဂိုလ်မျိုး မဟုတ်ပါဘူး၊ တိုင်းပြည်ရဲ့ထမင်းကို အကျိုးရှိစွာ သုံးဆောင်တဲ့ ပုဂ္ဂိုလ်များလို့ ခေါ်တယ်တဲ့။"

"မှန်ပါဘုရား။"

ဒါကြောင့် ဒီနေရာမှာ ပရိဘောဂသုံးဆောင်ခြင်းသည် ငါးပါးဖြစ်သွားတယ်။

(၁) ထေယျ ပရိဘောဂ။

"ဘာ ပရိဘောဂတဲ့...."

"ထေယျ ပရိဘောဂပါဘုရား။"

"ကိုယ်ကျင့်တရားမပါပဲနဲ့ တိုင်းပြည်ရဲ့ပစ္စည်းကို သုံးဆောင်တာနော်။"

"မှန်ပါဘုရား။"

(၂) ဣဏပရိဘောဂ။

"ဘာ ပရိဘောဂတဲ့တုံး...."

"ဣဏ ပရိဘောဂပါဘုရား။"

"တိုင်းပြည်အပေါ်မှာ မေတ္တာမထားပဲနဲ့ သုံးဆောင်တာ။ ကြွေးတင်သော သုံးဆောင်ခြင်း။"

"မှန်ပါဘုရား။"

(၃) အဏဏျ ပရိဘောဂ။

ကြွေးကင်းသောသုံးဆောင်ခြင်း, တိုင်း ပြည် အ ပေါ် မှာ မေတ္တာလွှတ်ပြီးတော့ သုံးဆောင်တာ။

မေတ္တာမထားပဲနဲ့သုံးယင် ကြွေးတွေယူသုံးတာနဲ့ တူတယ်။ မေတ္တာလွှတ်ပြီးတော့သုံးယင် ကြွေး ကင်း ပြီး တော့ သုံး တာ ဖြစ်တယ်။ ဒါ ပုထုဇဉ်ပိုင်း ပြီးပါစေ။ အရိယာပိုင်း ကြည့် လိုက်ယင်....

(၄) ဒါယဇ္ဇပရိဘောဂ။

အောက်မဂ် အောက်ဖိုလ်ပုဂ္ဂိုလ်များရဲ့ သုံးစွဲမှု။

(၅) သာမိပရိဘောဂ။

ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ သုံးစွဲမှု။ ဟုတ်ပလား။

"မှန်ပါဘုရား။"

"ဒီတော့ ဒီကနေ့ တို့ပရိသတ်များ ပုထုဇဉ်အနေနဲ့ ဆိုလို့ ရှိယင် ဘယ်လိုသုံးစွဲနည်းကို သုံးစွဲရမလဲ။"

"ထေယျ ပရိဘောဂပါဘုရား။"

"အမလေး၊ ကိုယ်ကျင့်တရားမပါတဲ့ သုံးဆောင်ခြင်းမျိုး, မလုပ်လိုက်ကြပါလေနဲ့။"

နောက် တ ဆင့် တက် ဣဏ ပ ရိ ဘော ဂ, ကြွေးတင်တဲ့ သုံးဆောင်ခြင်းမျိုးလဲ မလုပ်နဲ့။ ထေယျပရိဘောဂလဲ လွှတ်စေ၊

ကြေးတင်တဲ့အဖြစ်မှလဲ လွတ်စေ၊ သီလကိုအခြေခံ, မေတ္တာ ပွားပြီးတော့ သုံးပါလေ။ မကောင်းဘူးလားဗျာ။

"ကောင်းပါတယ်ဘုရား။"

**"မေတ္တံ သမာဒိယာမိဆိုရုံနဲ့ မပြီး"**

"မေတ္တာတရားကို သမာဒိယာမိလုပ်လို့ မဖြစ်ဘူး၊ နော်။"

"မှန်ပါဘုရား။"

"တို့ပရိသတ်များ မေတ္တာတရားကို သမာဒိယာမိ, ဆောက် တည်ပါ၏ ဆိုရုံနဲ့ မဖြစ်ဘူး။"

"မှန်ပါဘုရား။"

"သမာဒိယာမိဆိုတဲ့ ဆောက်တည်တဲ့ သမာဒါနဟာ၊ သိက္ခာပုဒ်အရာမှာ ရှိတယ်။ သိက္ခာပုဒ်ဆိုခဲ့ယင် သီလထဲမှာ မဟုတ်ပါလား။"

"မှန်ပါဘုရား။"

"မေတ္တာကျတော့ သမာဒိယာမိ လို့ ဆောက်တည်ရုံနဲ့ မေတ္တာက မဖြစ်ဘူး။"

"မှန်ပါဘုရား။"

"သူက ဘာဝနာကိစ္စမို့ ယခု ဟောနေတဲ့ မေတ္တာသုတ္တန် အတိုင်း အလုပ်လုပ်ရပေလိမ့်မယ်။"

"မှန်ပါဘုရား။"

သာသနာတော်ကျင့်စဉ် သီလ, သမာဓိ, ပညာ သုံးခုရှိပါ တယ်။သီလကျင့်စဉ်က တရားကိုယ် ဝိရတိစေတသိက် ပြဋ္ဌာန်း တယ်။ သီလကျင့်စဉ်က ဝိရတိစေတသိက်၊ ဝိရတိဆိုတာ ဒုစရိုက် မှန်သမျှ ရှောင်တယ်။ ဝိရတိစေတသိက်ရဲ့ သဘော။

မေတ္တာရှဲ့သဘောက ဘုန်းကြီးတို့ပရိသတ်များ ခုနကပြော ခဲ့ပြီ သုံးမျိုး။ ဟိတူပသံဟာရ၊ အများရဲ့အကျိုးကို ရင်းရင်း နှီးနှီး ဆောင်ရွက်မယ်၊ အများရဲ့ ကောင်းကျိုးဖြစ်စေချင်တယ် ဆိုတဲ့စိတ်တွေကို ဖြန့်ထားမယ်။ အများရဲ့အကျိုးကို မဖျက်ဆီး ဘူးဆိုတဲ့စိတ်သည် နှလုံးသားထဲ ရှိစေရမယ်။

"အဲဒါ မေတ္တာမဟုတ်လား။"

"မေတ္တာပါဘုရား။"

"အဲဒီစိတ်ကို သမာဒိယာမိလုပ်လို့ ရရဲ့လား။"

"မရပါဘုရား။"

"ဒါကြောင့် တို့ပရိသတ်များ ကိုးပါးသီလနဲ့ ပတ်သက်လို့ ပြောမယ်ဆိုယင် အများကြီး ပြောစရာတွေ ဖြစ်လာလိမ့်မယ် နော်။"

"မှန်ပါဘုရား"

"အေး....ဘုန်းကြီးတို့လဲပဲ ကိုးပါးသီလနဲ့ ပတ်သက်လို့ လေ့ လာထားတာ အဆင်သင့် ရှိပါတယ်။ ကြုံတဲ့အခါ တရားတပွဲ အနေနဲ့လဲ ဟောဖို့ရည်ရွယ်ချက် ရှိပါတယ်။"

ဒီတော့....

**"ဝိရတိစေတသိက်နဲ့ အဒေါသစေတသိက် မတူညီ"**

ဒီနေရာ ဘုန်းကြီးပြောလိုတာက ဝိရတိစေတသိက်က သမာဒါနလုပ်လို့ ရတယ်၊ ကိုယ်အမှုအရာနဲ့ နှုတ်အမှုအရာကို ဝိရတိစေတသိက်နဲ့ ထိန်းလိမ့်မယ်၊ ကိုယ်အမှုအရာနဲ့ နှုတ်အမှု အရာကို ဝိရတိစေတသိက်သီလနဲ့ ထိန်းလိုက်။

စိတ်ထဲဖြစ်နေတဲ့ ဒီဒေါသကျတော့ ဝေရမဏီဆိုလို့ ဒီဒေါသက မပြေဘူး။ သမာဒိယာမိဆိုရုံနဲ့လဲ ဒီဒေါသဟာ မပြေဘူး။ အများအကျိုးဖြစ်စေချင်တဲ့ မေတ္တာကလေးလွှတ်လိုက်မှ ဒီဒေါသက ပြေတယ်တဲ့။ ဒါကြောင့်....

"သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

"အဲဒါကို လုပ်ရပါလိမ့်မယ်, ဟုတ်လား။"

"မှန်ပါဘုရား။"

အဲ.... ဒါပေမယ့်လို့လဲပဲ ပရိကမ်အနေနဲ့တော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က အင်္ဂုတ္တရနိကာယ် နဝကနိပါတ်တော်ထဲမှာ သတ္တဝါတွေချို့ရဲ့ စရိုက်ဆန္ဒကိုငဲ့ပြီးတော့ ဟောဒီမေတ္တာကို သိက္ခာပုဒ်သဘောမျိုးသက်ရောက်အောင် ဟောထားတဲ့သုတ္တန်တခု ရှိတယ်။

"အဲဒီသုတ္တန်ကို နောက်ကျတော့မှ တို့ပရိသတ် အေးအေးဆေးဆေး, ရှင်းရှင်းလင်းလင်း နာကြရအောင်၊ ဒီကနေ့တော့ ဒီလောက်ပဲ နာကြရ တော်ရောပေါ့နော်။"

"မှန်ပါဘုရား။"

"ဒီတော့ ဘုန်းကြီး ရှင်းလင်းချက်မှာ ဝိရတိစေတသိက်နဲ့ အဒေါသဆိုတဲ့စေတသိက်တို့သည် မတူကြောင်း နားလည်သွားကြပြီ။"

"မှန်ပါဘုရား။"

ဝိရတိစေတသိက်က ကိုယ်အမူအရာ နှုတ်အမူအရာကို ထိန်းပေးသဖြင့် ဒုစရိုက်တွေကို ကင်းစေခဲ့တယ်၊ ရှောင်စေခဲ့တယ်၊

အဒေါ်သစေတသိက်က စိတ်အမူအရာ၊မနေ့ကကို ထိန်းပေးခဲ့သဖြင့် ဗျာပါဒနီဝရဏ ငြိမ်းစေခဲ့တယ်။

ဒါကြောင့်....

"အဒေါ်သစေတသိက်ရအောင် ဘာဝနာ အလုပ်လို့ဆိုတဲ့ မေတ္တာစျာန်ဝင်ရပါတယ်နော်။"

"မှန်ပါဘုရား။"

"နှ စ ခုဒ္ဒမာစရေကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။ သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

မနေ့က အဲဒီအတိုင်းပြီးပါပြီ၊ အဲ....ဒီကနေ့ နောက်တဆင့် တက်လိုက်မယ်ဆိုလို့ရှိယင်....

**"အမျိုးအစားတူသတ္တဝါများ ပေါင်းစုပြခြင်း"**

"ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။"

ဘိက္ခဝေ၊ ရဟန်းတော်များ၊ အို....ချစ်သားတို့။

"ယေ ကေစိ ပါဏဘူတတ္ထိ (ပါဏဘူတာအတ္ထိ) တသာ ဝါ ထာဝရာဝ' နဝသေသာ။"

အနဝသေသ**ာ၊** အကြွင်းအကျန်မရှိကုန်သော။ ယေ တသာ ဝါ၊ အကြင်**ကြောက်**ရွံ့ထိတ်လန့်ခြင်း မကင်းကြကုန်သေးသော ပုထုဇဉ် သေ**က္ခပုဂ္ဂို**လ် အပေါင်းတို့သည်လည်းကောင်း။ ယေ

ထာဝရာ ဝါ၊ အကြင် ထိတ်လန့်ခြင်းကင်း ကိလေသာရှင်းတော် မူကြကုန်သော ရဟန္တာသခင် အရှင်သူမြတ်တို့သည်လည်း ကောင်း။

ယေ ဒီဃာ ဝါ၊ အကြင် ခန္ဓာကိုယ်ရှည်လျားတဲ့ သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။ ယေ မဟန္တာ ဝါ၊ အကြင် ခန္ဓာကိုယ်ကြီးမားတဲ့ သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ယေ မဇ္ဈိမာ ဝါ၊အကြင် အလတ်စားခန္ဓာကိုယ်ရှိကြတဲ့သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။ ယေ ရဿကာဝါ၊ အကြင် ပုကွ နိမ့်တို ခန္ဓာကိုယ်ရှိကြတဲ့ သတ္တဝါအပေါင်းတို့သည်လည်း ကောင်း။ ယေအဏုကာ ဝါ၊ အကြင် သေးငယ်မှုန်မွှားတဲ့ သတ္တဝါတို့သည်လည်းကောင်း။ယေထူလာ ဝါ၊အကြင်ကြီးမား ဆူဖြိုးသော ခန္ဓာကိုယ်ရှိကြတဲ့ သတ္တဝါတို့သည်လည်းကောင်း။ ယေထူလာ ဝါ၊ အကြင်ဝိုင်းစက်တဲ့ ခန္ဓာကိုယ်ရှိကြတဲ့သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကြလေကုန်၏။

သတ္တဝါအမျိုးအစားများကို ခွဲပြီးတော့ မြတ်စွာဘုရားက တယောက်ချင်းတယောက်ချင်းမဟုတ်ပဲနဲ့ အမျိုးအစား တူရာ တူရာစုပုံပြီးတော့ ဒီမှာ ပြလိုက်တယ်။

သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ သန္တိ၊ ရှိကြလေ ကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန် သော။ ယေ ပါဏဘူတာ၊ အကြင်ကိုယ်ထင်ရှားရှိ၍နေကြကုန် သော ထွက်သက်ဝင်သက် အဆက်မပြတ်ရှိ၍ နေကြကုန်သော သတ္တဝါအပေါင်းတို့သည်။ အတ္ထိသန္တိ၊ ရှိကြလေကုန်၏။ တေ

ပါဏာဘူတာ၊ထိုထွက်သက်ဝင်သက်မပျက်မသေ့ရှိကြတဲ့ သတ္တဝါ ကိုယ်ထင်ရှားရှိကြပြီးတဲ့ ဆိုခဲ့တဲ့ သတ္တဝါအပေါင်းတို့သည်။

(၁) သုခိနော ဝါ၊ချမ်းသာသောကိုယ်ရှိကြကုန်သည် လည်း။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။
(၂) ခေမိနော ဝါ၊ဘေးရန်ကင်းကြကုန်လည်လည်း။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။
(၃) သုခိတတ္တာ ဝါ၊ ချမ်းသာသောစိတ်ထား၊ ရွှင်ပြ သော စိတ်ထားရှိကြကုန်သည်လည်း။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

“ကိလေသာကင်းတဲ့ ပုဂ္ဂိုလ် မကင်းတဲ့ ပုဂ္ဂိုလ်”

ကြည့်လိုက်၊ သုခိနောဝါရယ်, ခေမိနောဝါရယ်, သုခိ တတ္တာဝါရယ်, ဒီသုံးပုဒ်ဟာ....

“ဒီဃာ ဝါ ယေ ဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုက ထူလာ။”

ဒီအပိုဒ်တွေမှာ အပိုဒ်တိုင်းအပိုဒ်တိုင်း အကုန်လိုက်ရတယ်။ ဒီတော့ကာ ရှေ့နားမှာ ကြည့်လိုက်လို့ရှိယင်....

“ယေ ကေစိ ပါဏာဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝါ၊”

“တသာနဲ့ထာဝရာ ဒီပုဂ္ဂိုလ်နှစ်ယောက်တွဲ။ ဟုတ်လား။”

“မှန်ပါ ဘုရား။”

တသာဆိုတာက ထိတ်လန့်တတ်တဲ့ သတ္တဝါ။ ထာဝရာဆို တာက ထိတ်လန့်တုန်လှုပ်ခြင်းမရှိပဲနဲ့ တည်တံ့ခိုင်ခန့်တဲ့ သတ္တ ဝါ။

ထိတ်လန့်တယ်ဆိုတာက ကိလေသာမကင်းသေးတဲ့ သတ္တဝါတွေက ထိတ်လန့်တယ်လို့ မှတ်ထား။"

"မှန်ပါ ဘုရား။"

"ကိလေသာကင်းတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှထိတ်လန့်ခြင်းမရှိဘူး၊ ဒီတော့ တလောကလုံးရှိတဲ့သတ္တဝါ နှစ်ပုံ ပုံပြီးတော့ မေတ္တာပို့တာ။"

"မှန်ပါ ဘုရား။"

"ကိလေသာမကင်းသေးတဲ့ သတ္တဝါတွေလဲ သုခိနော၊ ခေမိနော၊ သုခိတတ္တာ ဘဝန္တု၊ ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ဒီတော့ တသာ ဝါ၊ သုခိနော ဘဝန္တု၊ ခေမိနော ဘဝန္တု။ သုခိတတ္တာ ဘဝန္တု။ ဒီလို သွားတယ်နော်။"

"မှန်ပါ ဘုရား။"

## "ကိလေသာကင်းယင် ထိတ်လန့်မှု မရှိ"

"ထာဝရာ ဝါ၊ သုခိနော ဘဝန္တု၊ ခေမိနော ဘဝန္တု သုခိတတ္တာ ဘဝန္တု" ဒီလို သွားတယ်။

"မှန်ပါ ဘုရား။"

ဒီတော့ တလောကလုံးရှိတဲ့ သတ္တဝါ နှစ်ပုံ ပုံလိုက်၊ အကုန်ပါသွားတယ်။

တသာဝါ-ထိတ်လန့်တတ်တဲ့ သတ္တဝါတို့သည်လဲ၊ ထိတ်လန့်တတ်တဲ့ပုဂ္ဂိုလ်ဆိုယင် ကိလေသာမကုန်တဲ့သတ္တဝါတွေ အကုန်လုံး 'တသာ'ဆိုတဲ့အထဲမှာ ပါသွားတယ်။

"တသာ၀ ါဆို ရွတ်နော်၊ တဿာ၀ ါလို့ မရွတ်ရဘူး။"
"မှန်ပါ ဘုရား။"
တသာ၀ ါ၊ ထိတ်လန့်တုန်လှုပ်တတ်တဲ့ ကိလေသာမကင်း သေးသည့် သတ္တ၀ ါအပေါင်းတို့သည်လည်းကောင်း။ သုခိနော၊ ခေမိနော၊ သုခိတတ္တာ ဘ၀န္တု။
တချက်, ထားလိုက်။
ထာ၀ရာ ၀ါ၊ ထိတ်လန့်ခြင်းကင်းပါတယ်ဆိုတဲ့ ရဟန္တာ အရှင်သူမြတ်တို့လဲပဲ။ သုခိနော ခေမိနော သုခိဘတ္တာ ဘ၀န္တု။
"ရဟန္တာတွေလဲ မေတ္တာပို့၊ ရဟန္တာမှတပါး ကြွင်းကျန် နေတဲ့သတ္တ၀ ါတွေကိုလဲပဲ မေတ္တာပို့ပါလို့ နှစ်ပုံ ပုံပြီးတော့ မေတ္တာပို့တယ်၊ နော်။"
"မှန်ပါ ဘုရား။"
"အေး....ပြီးတော့မှ ဘုန်းကြီးတို့ပရိသတ်ကို လက်ာလေး များနဲ့ တွဲဖေးလိုက်မယ်ပေါ့နော်။"
"မှန်ပါ ဘုရား။"

### "ခန္ဓာကိုယ် အရှည်အတို အလတ်စား (၃)စုတွဲ"

နောက် တပိုဒ်သွားယင်....
"ဒီဃာ ၀ါ ယေ ၀ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုက ထူလာ။"
ယေဒီဃာ ၀ါ၊ အကြင်ခန္ဓာကိုယ်ရှည်လျားတဲ့ သတ္တ၀ ါတို့ သည်လည်းကောင်း။
ဒီဃနဲ့အတွဲလိုက် ရဿ လာရမယ်နော်။

ယေရဿကာ ဝါ၊ အကြင်ခန္ဓာကိုယ် ပု ကွ နိမ့် တို တဲ့ သတ္တဝါတို့သည်လည်းကောင်း။

ခန္ဓာကိုယ်ရှည်တဲ့သတ္တဝါ၊ ခန္ဓာကိုယ်တိုတဲ့ ပုတဲ့ သတ္တဝါ၊ ဒီတော့ ရှည်သောသတ္တဝါနဲ့ ပုတိုသောသတ္တဝါရှိယင်....

"အလယ်က အလတ်စားရှိတဲ့သတ္တဝါလဲ လာ အုံး မယ်, မဟုတ်လား။"

"မှန်ပါဘုရား။"

ဒါကြောင့် အရှည်စားသတ္တဝါတွေမှာ အရှည်ဆုံးသတ္တဝါ တမျိုး၊ အတိုဆုံးသတ္တဝါတမျိုး၊ မ တို မ ရှည် အ လတ် စား သတ္တဝါတမျိုး၊ ဒါကြောင့် သူ့ကို ပါဠိအပြည့်အစုံ စဉ်လိုက်ယင်....

"ဒီဃာ ဝါ မဇ္ဈိမာ ဝါ ရဿကာ ဝါ" ဘယ်နှစ်ပိုဒ် ထွက်လာသလဲ။

"သုံးပိုဒ် ထွက်လာပါတယ်ဘုရား။"

ဒါကြောင့်....

ယေ ဒီဃာ ဝါ၊ အကြင်ခန္ဓာကိုယ်ရှည်လျားတဲ့ မြွေနဂါး တို့သည်လည်းကောင်း။

"ဟုတ်ပလား။"

"မှန်ပါဘုရား။"

ယေမဇ္ဈိမာ ဝါ၊ အကြင်ခန္ဓာကိုယ် အလတ်စား ရှိနေကြတဲ့ မြွေ န ဂါး မျိုး အစ ရှိတဲ့ သ တ္တ ဝါ အ ပေါင်း တို့ သည် လည်းကောင်း။

မြေတွေ ကြည့်အုံးပေါ့ဗျာ။ မြေတွေလဲ မြေရှည်၊ မြေအလတ်စား၊ မြေတိုတိုလေးတွေ၊ လူတွေကလဲပဲ လူအရပ်ရှည်ကြီးတွေ၊ လူအလတ်စား၊ လူပုပုလေးတွေ။ ဒီဃ၊ မဇ္ဈိမ၊ ရဿက၊ သုံးယောက်တွဲမှာ အကုန်ပေါ့။ ဒါကြောင့်....

ယေ ဒီ ဃာ ဝ ါ၊ အကြောင်ခန္ဓာကိုယ်ရှည်တဲ့ အ ရပ် မြင့် တဲ့ သတ္တဝါတို့သည်လည်းကောင်း။ ယေမဇ္ဈိမာဝ ါ၊ အကြောင်ခန္ဓာကိုယ်အလတ်စား၊ ရှည်ခြင်းတိုခြင်းမရောက်ပဲနဲ့ အ လတ် စား သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ယေရဿကာ ဝ ါ၊ အကြောင် ပုကွတဲ့ နိမ့်တိုတဲ့ သ တ္တ ဝ ါ အ ပေါင်း တို့ သည် လည်း ကောင်း။ အတ္ထိ သန္တိ၊ ရှိကြလေကုန်၏။ တေပါဏဘူတာ၊ ထိုသတ္တဝါသုံးမျိုးတို့သည်။ သုံးမျိုး၊ နေ၁။

"မှန်ပါဘုရား။"

ထို သတ္တဝါသုံးမျိုးတို့သည်လဲ....

သုခိနော၊ ကိုယ်ချမ်းသာခြင်း ရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်ချမ်းသာခြင်း ရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ကင်းကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုံး ခုတတွဲ။

"မှန်ပါဘုရား။"

ပါဠိတော်အတိုင်းသာ တွဲတာ၊ ပြီးတော့မှ တူ ရာ တူ ရာ စဉ်လိုက်တော့ အကန့်လိုက် အကန့်လိုက် လာမယ်။

**"ခန္ဓာကိုယ် အကြီး အငယ် အလတ်စား (၃)စုတွဲ"**

"ဒီဃာ ဝါ ယေ ဝ မဟန္တာ၊ နောက် မဟန္တာ၊
မဇ္ဈိမာ၊ ရဿကာ။"

ဂါထာအနေအထားဆိုတော့ စကားလုံးတွေက အနေအထား ရှေ့နောက်ကျော်နေတယ်။

ဒီတော့....

ယေ မဟန္တာ၊ အကြင် ခန္ဓာကိုယ်ကြီးမားတဲ့ သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။

အခုနက အရှည်အတိုနဲ့ သုံးမျိုးခွဲတယ်၊ အခုလာတော့ အကြီးအသေးနဲ့တခါ သုံးမျိုးခွဲမယ်။ ခန္ဓာကိုယ် အကြီးကြီး တွေဖြစ်နေတဲ့ ဥပမာ ဆင် သတ္တဝါကြီးပေါ့။

"ဆင်အကြီးကြီးနဲ့ ဆင်အလတ်စား၊ ဆင်အသေးလေး, ဟုတ်လား။"

"မှန်ပါဘုရား။"

နတ်တွေကြည့်လိုက်ယင်လဲ အသူရိန်နတ်ကြီးဆို အရပ်ကြီး မိုးထိုးလို့ အရှည်ကြီး၊ အကြီးကြီး အဲဒီလို။

ယေမဟန္တာ ဝါ၊ အကြင်ခန္ဓာကိုယ် အကြီး ကြီး ဖြစ် နေကြတဲ့ သတ္တဝါအပေါင်းတို့သည်လည်းကောင်း။

အကြီးဆုံးသတ္တဝါကို မေတ္တာပို့ယင် အငယ်ဆုံးသတ္တဝါကိုလဲပဲ....

ယေ အဏုကာ ဝါ၊ အကြင်သေးငယ်မှုမွှားတဲ့ သတ္တဝါတို့သည်လည်းကောင်း။

ကမျှဉ်းနီကလေးတွေ၊ ဖြုတ်ကလေးတွေ၊ သန်းကလေးတွေ၊ သေးသေးငယ်ငယ် သတ္တဝါကလေးတွေနော်။

"မှန်ပါဘုရား။"

"အသားထဲမှာနေတဲ့ ပိုးကောင်ကလေးတွေ၊ နော်။ အဏုက - အသေးဆုံးသတ္တဝါကလေးများ၊ အဲဒီကနေပြီး အလတ်စားသတ္တဝါ မဇ္ဈိမာလို့ပဲ လာခဲ့။"

"မှန်ပါဘုရား။"

ယေ မဟန္တာ ဝါ၊ အကြင်ခန္ဓာကိုယ်ကြီးမားတဲ့ သတ္တဝါတို့သည်လည်းကောင်း။ ယေအဏုကာ ဝါ၊ အကြင်ခန္ဓာကိုယ်သေးငယ်မှုမှုမှားတဲ့ သတ္တဝါတို့သည်လည်းကောင်း။ ယေမဇ္ဈိမာ ဝါ၊ အကြင်ခန္ဓာကိုယ် မကြီးလွန်း မငယ်လွန်းပဲနဲ့ အလတ်စားဖြစ်နေကြတဲ့ သတ္တဝါများတို့သည်လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏။

တေပါဏာဘူတာ၊ ထိုဆိုခဲ့ပြီးတဲ့ ကြီး ငယ် လယ် လတ် သုံးရပ်သော သတ္တဝါအပေါင်းတို့သည်။ သုခိနော၊ ကိုယ်ချမ်းသာခြင်း ရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်ချမ်းသာခြင်းရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ကင်းကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုံးခုတတွဲ။

"မှန်ပါဘုရား။"

**"ခန္ဓာကိုယ် အဝန်းအဝိုင်း အကြီး ငယ် လတ် (၃) စုတွဲ"**

နောက်တခါ အဏုကရဲ့နောက်နားက ထူလာတဲ့၊ ထူလာဆိုတာက ခန္ဓာကိုယ်ဆူဖြိုးပြီးတော့ သိပ်ဝတဲ့သတ္တဝါကြီးတွေ၊

ခန္ဓာကိုယ်ဆူဖြိုးပြီး ဝလှန်းတဲ့သတ္တဝါကြီးတွေကိုယူယင် ပိန်လှန်းတဲ့သတ္တဝါတွေရော ပါသွားရော။ ဟုတ်လား။

"မှန်ပါ ဘုရား။"

"ဝတာနဲ့ ပိန်တာရှိယင် အလယ်မှာရှိတဲ့ မဝ,မပိန် ဆိုတဲ့ သတ္တဝါလဲ တမျိုးရှိတယ်။"

"မှန်ပါ ဘုရား။"

ဒါကြောင့် ဝလှန်းတဲ့သတ္တဝါ၊ ပိန်လှန်းတဲ့သတ္တဝါ၊ မဝမပိန် အလတ်စားဖြစ်နေတဲ့ ထိုသတ္တဝါသုံးမျိုးတို့သည်လဲပဲ....

သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဟောန္တု။

"ဒီလို သွားပြန်တယ်။"

"မှန်ပါ ဘုရား။"

အဲဒီနေရာမှာ ထူလာဆိုတဲ့အပိုဒ်ကို ဖွင့်တဲ့နေရာမှာ အဋ္ဌကထာက နှစ်မျိုး၊ ဆူဖြိုးတဲ့ ဝတဲ့သတ္တဝါကိုလဲပဲ ထူလလို့ ယူပါတဲ့၊ ဝိုင်းတဲ့သတ္တဝါများကိုလဲပဲ ထူလလို့ ယူပါတဲ့။

"ဟော....လိပ်တို့ ဂုံးတို့ကျတော့ ဝိုင်း ဝိုင်း က လေး တွေ မနေဘူးလား။"

"နေပါ ဘုရား။"

"အဲဒါကြောင့် ဝိုင်းစက်တဲ့သတ္တဝါကျတော့လဲ အဝိုင်းကြီးကြီး သတ္တဝါတမျိုး, အဝိုင်းသေးသေး သတ္တဝါတမျိုး, အဝိုင်းအလတ်စားသတ္တဝါတမျိုး, လာလိမ့်မယ် နော်။"

"မှန်ပါ ဘုရား။"

"လိပ်တွေကြည့်လိုက်ယင် တွေ့ပေါ့၊ ဂုံးတွေကြည့်ပေါ့၊ ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ဒါကြောင့် ဝိုင်း သေး လယ်လတ် သူကလဲ သုံးရပ်များစွာ သတ္တဝါပဲနော်။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

တေပါဏာဘူတာ၊ ဝိုင်းသေးလယ်လတ်, ဝိုင်းကြီး ဝိုင်းသေး ဝိုင်းလယ်ဆိုတဲ့ ဝိုင်းသေးလယ်လတ် သုံးရပ်များစွာ သတ္တဝါ အပေါင်းတို့ဟာလဲပဲ။ သုခိနော၊ ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်ချမ်းသာခြင်းရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ကင်းကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

"တပုံသွားမြန်ပြီနော်။"

"မှန်ပါ ဘုရား။"

**"မြင်ဖူး, မမြင်ဖူး၊ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်သော သတ္တဝါများပါ"**

"ကိုင်း....နောက်တပိုဒ် တက်။"

"ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။ ဘူတာ ဝ သမ္ဘဝေသီဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

"တဂါထာနော်။"

"မှန်ပါ ဘုရား။"

"ဒိဋ္ဌအဒိဋ္ဌ နှစ်ခုလာတယ်၊ ဒိဋ္ဌက ကိုယ်မြင်ဖူးတဲ့သတ္တဝါ။ အဒိဋ္ဌဆိုတာက ကိုယ်မမြင်ဖူးတဲ့ သတ္တဝါ၊ နှစ်ခုတွဲ မနေလား ။"

"မှန်ပါ ဘုရား။"

"မြင်ဖူးတာနဲ့ မမြင်ဖူးတာ နှစ်ခု။ အဲဒီနေရာကို နောက်အဓိပ္ပါယ်တမျိုးကြံယင် မြင်အပ်တဲ့သတ္တဝါ, မမြင်အပ်တဲ့သတ္တဝါ, ဒီလိုပဲ နှစ်မျိုးထွက်တယ်။"

"မှန်ပါ ဘုရား။"

"မြင်ဖူးဆိုတာက မြင်နိုင်တဲ့သတ္တဝါမှ မြင်ဖူးမှာပေါ့နော်။"

"မှန်ပါ ဘုရား။"

မမြင်နိုင်တဲ့သတ္တဝါ မေတ္တာမပို့ပဲ ပြန်သွားလို့ မတော်ဘူး။ ဒါကြောင့် မြင်ဖူး,မမြင်ဖူး နှစ်ဦးသောသတ္တဝါတွေကိုလဲပဲ။

သုခိတတ္တာ ဘဝန္တု၊ ချမ်းသာ ခေမိနေ၊။

"ဒါကြောင့် မြင်အပ်တဲ့သတ္တဝါ, မမြင်ဖူးတဲ့သတ္တဝါ သူတို့ကိုလဲ သုခိတတ္တာ ဘဝန္တု ခေမိနေ၊ ပဲ။ ထည့်လိုက်နော်။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

ယေဒိဋ္ဌာ ဝါ၊ အကြင် မြင်ဖူးတဲ့ သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ယေအဒိဋ္ဌာဝါ၊ အကြင်မမြင်ဖူးတဲ့ သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကြကုန်၏။ တေပိ၊ ထိုမြင်ဖူး,မမြင်ဖူး နှစ်ဦးသောသတ္တဝါတို့သည်လဲပဲ။ တေပိ၊ ထို မြင်အပ်,မမြင်အပ် နှစ်ရပ်သော သတ္တဝါတို့သည်လဲပဲ။ သုခိနော၊

ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်၏ချမ်းသာခြင်းရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

"ရပ်ဝေး ရပ်နီး သတ္တဝါများပါ"

ပြီးတော့....

"ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။"

ယေ ဒူရေ ဝသန္တိ၊ အကြင်အဝေးမှာနေကြတဲ့ သတ္တဝါတို့သည်လည်းကောင်း။

"တပုံ လာတယ်။"

"မှန်ပါ ဘုရား။"

ယေ အဝိဒူရေ ဝသန္တိ၊ အကြင် အနီးမှာနေကြတဲ့ သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။

"ဘယ်နှစ်ပုံရ...."

"နှစ်ပုံ ရပါတယ် ဘုရား။"

အဝေးမှာနေကြတဲ့ သတ္တဝါတွေ၊ အနီးမှာရှိကြတဲ့ သတ္တဝါတွေ၊ ထိုအနီးနေ အဝေးနေ နှစ်တွေသော သတ္တဝါတို့လဲပဲ။

သုခိနော၊ ကိုယ်ရဲ့ချမ်းသာခြင်းရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်၏ချမ်းသာခြင်းရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ကင်းရှင်းဆင်းရဲခြင်းမရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်တော်မူကြပါစေကုန်သတည်း။

"နှစ်ခုတွဲပြီးတော့ မေတ္တာပို့တယ်။"

"မှန်ပါ ဘုရား။"

## "ပဋိသန္ဓေ (၄) မျိုး"

ဘူတာ ဝ သမ္ဘဝေသီ ဝ၊
ဘူတာ ဝါ သမ္ဘဝေသီ ဝါ၊

"သူကလဲ နှစ်ပိုဝဲ့ပဲ။"
"မှန်ပါ ဘုရား။"

ယေ ဘူတာ ဝါ၊ အကြင်ဖွားမြောက်ပြီးတဲ့သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ယေ သမ္ဘဝေသီ ဝါ၊ အကြင်ပဋိသန္ဓေနေနေဆဲဖြစ်တဲ့ သတ္တဝါအပေါင်းတို့သည်လည်းကောင်း။

မိခင်ဝမ်းရဲ့ အပြင်ဘက်ထွက်ပြီးတဲ့ သတ္တဝါတွေ၊ ဥကလေးတွေရဲ့အပြင်ဘက်ထွက်ပြီးတဲ့ သတ္တဝါတွေ, ရေညှိအားရှိတဲ့ အညှိကိုလွတ်ပြီးတဲ့ သတ္တဝါတွေ၊ ပဋိသန္ဓေက လေးမျိုး။

(၁) ဩပပါတိကသတ္တဝါ-ကိုယ်ထင်ရှား ဘွားကနဲနေတဲ့သတ္တဝါတွေ။

(၂) သံသေဒဇပဋိသန္ဓေ-ရေညှိအစရှိသည်ကိုမှီခိုတဲ့ပဋိသန္ဓေ။

(၃) အဏ္ဍဇပဋိသန္ဓေ- ဥဥ်ထဲမှာ မှီဘွယ်ပြီးတော့နေရတဲ့ ပဋိသန္ဓေ။

(၄) ဇလာဗုဇပဋိသန္ဓေ-မိခင်ဝမ်းခေါင်း သားအိမ်ထဲကိန်းအောင်းနေရတဲ့ ပဋိသန္ဓေ။

"ပဋိသန္ဓေ ဘယ်နှစ်မျိုးလဲ။"
"လေးမျိုးပါ ဘုရား။"

"အဲဒီ လေးမျိုးသောသတ္တဝါတွေ ပဋိသန္ဓေ နေနေဆဲ ဖြစ်ယင်လဲပဲ ချမ်းသာကြပါစေ။ ပဋိသန္ဓေက လွတ်မြောက် လာကြပြန်တော့လဲ ချမ်းသာကြပါစေ, မေတ္တာပို့လိုက်။

"မကျန်စေရဘူးဗျ၊ နော်။"

"မှန်ပါ ဘုရား။"

"ကြက်ဥထဲကိန်းနေတဲ့ ကြက်ကလေးတွေလဲ လွတ်လွတ် လပ်လပ် ချမ်းချမ်းသာသာ ထွက်နိုင်ကြပါစေလို့ မကောင်းဘူး လားဗျာ။"

"ကောင်းပါတယ် ဘုရား။"

"အမေ့ဝမ်းထဲ သားအိမ်ထဲ ကိန်း အောင်း နေ ကြ ရ တဲ့ ကလေးငယ်တွေလဲ ချမ်းချမ်းသာသာ ဖွား နိုင် ကြ ပါ စေ၊ မကောင်းဘူးလား။"

"မှန်ပါ့, ကောင်းပါ ဘုရား။"

"ရှင်သိဝလိတို့လို ဒုက္ခမဖြစ်ကြပါစေနဲ့။"

"မှန်ပါ ဘုရား။"

"အေး....မိခင်ရဲ့ဝမ်းထဲမှာ အသက်ပျောက်ပြီးတော့ ဘဝ မဆုံးကြပါစေနဲ့၊ ချောချောသာသာ ဖွားကြရစေဗျ နော်။"

"မှန်ပါ ဘုရား။"

ဒါကြောင့် ဘုန်း တော် ခြောက် ပါး သ ခင် ဘုရားရှင် ကိုယ်တော်မြတ်က မေတ္တာကို စေ့စေ့စပ်စပ် ပို့တော်မူလိုသည် ဖြစ်၍....

ယေ ဘူတာ ဝါ၊ အကြင်မိခင်ရဲ့ဝမ်း, ဥခွံရဲ့အပြင်ဘက် ရောညှိစသည်တို့မှ လွတ်မြောက်ပြီးတော့ ဖွားမြောက်ပြီးကြတဲ့

သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ယေ သမ္ဘဝေသီ ဝါ၊ အကြင်မိခင်၏သားအိမ်ထဲ၌ကိန်းနေဆဲ မ ပွား မြောက် သေး တဲ့ သတ္တဝါကလေးတွေလဲပဲ ရေညှိစသည်တို့၌ကိန်းနေကြတဲ့ မပွား မြောက်သေးတဲ့ သတ္တဝါကလေးတွေလဲပဲ။

သုခိနော၊ ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်နှမ်းသာခြင်းရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ကင်းရှင်း ဆင်းရဲခြင်းမရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်တော်မူကြပါစေ ကုန်သတည်း။

"နောင်တဖန် ဘဝသစ် မဖြစ်တော့သော ပုဂ္ဂိုလ်"

နောက်တနည်း....

ဘူတာ ဝါ သမ္ဘဝေသီ ဝါ။ ယေဘူတာ ဝါ၊ အကြင် ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့သည်လည်းကောင်း။ ယေဘူတာဝါ၊ အကြင်မဂ်လေးဆင့် ဖိုလ်လေးဆင့်၌ ဖြစ်တော်မူကြကုန်ပြီး၍ နောက်ထင်ဖြစ်စရာမလိုကြတဲ့ ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ မ ဂ် ဉာဏ် လေး ပါး ဖိုလ် ဉာဏ် လေး ပါး ကောင်းစွာ ဖြစ်ပွားတော်မူပြီးကြတဲ့ ရဟန္တာတွေကို ဘူတာလို့ ခေါ်တယ်။

ယေ သမ္ဘဝေသီ ဝါ၊ အကြင်နောက်ထပ်တဖန် ပဋိသန္ဓေ ဖြစ်ဖို့ရန် ဘဝကိုရှာဖွေနေကြတဲ့သတ္တဝါတို့သည်လည်းကောင်း။

ထိုသတ္တဝါတွေကို သမ္ဘဝေသီသတ္တဝါခေါ်သတဲ့။"

"မှန်ပါ ဘုရား။"

ပုထုဇဉ်တွေ ဘယ်ပြောစရာရှိတော့မလဲ၊ နောက်ထပ် ငါ ဘယ်သွားရမလဲ လိုက်ရှာနေကြတယ်။ သောတာပန်ကလဲ

သတ္တက္ခတ္တုပရမ-ခုနှစ်ဘဝလောက်တော့ ဒီကာမဘုံ လာလိမ့်ဦးမယ်။ ဟို....ဗြဟ္မာ့ပြည်လဲ သူက သွားလိမ့်ဦးမယ်။

“သူလဲ ပဋိသန္ဓေရှာတုန်းပဲ။”

“မှန်ပါ ဘုရား။”

သကဒါဂါမိလဲ ဒီအတိုင်းပဲ၊ ကာမဘုံလဲ တကြိမ်၊ ရူပ အရူပ ကျတော့ အများကြီး နေနိုင်သေးတယ်၊ အနာဂါမိ ပုဂ္ဂိုလ် သုဒ္ဓါဝါသဘုံ နေနိုင်သေးတယ်။

“ပဋိသန္ဓေရှာတုန်းပဲမဟုတ်လား။”

“မှန်ပါ....ရှာတုန်းပါဘုရား။”

“ရဟန္တာကျတော့ကော....”

“မရှာတော့ပါဘုရား။”

“အေး....ရဟန္တာဖြစ်တဲ့ဘဝမှာ နောက်ဆုံး ပဋိသန္ဓေနေပြီးပြီ။”

“မှန်ပါဘုရား။”

ဒါကြောင့် ဘုတာ ဝါ သမ္ဘဝေသီ ဝါ ကို အဓိပ္ပါယ် နှစ်မျိုး ဖွင့်ပါတယ်၊ ခုဒ္ဒကပါဌရော သုတ္တနိပါတ်ရော အတူ တူပဲ။ ဒါကြောင့်....

ယေ သမ္ဘဝေသီ ဝါ၊ အကြင် ပဋိသန္ဓေအမျိုးမျိုးနေပြီး တော့ မဖွားမြောက်နိုင်ကြသေးတဲ့ သန္ဓေသားကလေးတွေဟာ လဲပဲ။ သုခိနော၊ ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်ချမ်းသာခြင်းရှိကြကုန်သည်။ခေမိနော။ ဘေးရန်ကင်းရှင်း ဆင်းရဲခြင်း မရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန် သတည်း။

ယေ ဘူတာ ဝါ၊ အကြင်မိခင်ရဲ့ သားအိမ်အပြင်ဘက်၊ ဥဒွံလေးတွေရဲ့ အပြင်ဘက်၊ ရေညှိစသည်တို့မှလွတ်မြောက်၍ ဖွားမြင်ကြပြီးတဲ့ သတ္တဝါတွေဟာလဲပဲ။ သုခိနော၊ ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်ချမ်းသာခြင်းရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ကင်းရှင်း ဆင်းရဲခြင်းမရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်တော်မူကြပါစေကုန်သတည်း။

နောက်တမျိုး....

ယေ သမ္ဘဝေသီ ဝါ၊ အကြင် ပဋိသန္ဓေနေဖို့ရန် ရှာဖွေနေကြတဲ့ သေက္ခနဲ့ ပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းတို့သည်လည်းကောင်း။ ယေ ဘူတာ ဝါ၊ အကြင် ပဋိသန္ဓေနေဖို့ရန် ရှာဖွေခြင်းမရှိကြတော့တဲ့ ရဟန္တာသခင် အရှင်သူမြတ်တို့သည်လည်းကောင်း။ သဗ္ဗေ၊ ဆိုခဲ့ကုန်ပြီးတဲ့ အလုံးစုံကုန်သော ကြင်းမဲ့ဥဿုံ သတ္တဝါ အမျိုးမျိုးတို့သည်။

သုခိနော၊ ကိုယ်ချမ်းသာခြင်းရှိကြကုန်သည်။ သုခိတတ္တာ၊ စိတ်ချမ်းသာခြင်းရှိကြကုန်သည်။ ခေမိနော၊ ဘေးရန်ကင်းရှင်း ဆင်းရဲခြင်းမရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်တော်မူကြပါစေကုန်သတည်း။

"နှစ်ခုတွဲ သတ္တဝါတွေ ပါသွားပြန်ရော့နော်။"

"မှန်ပါဘုရား။"

"ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

"နှစ်ခုတွဲ သုံးခုတွဲ သတ္တဝါတွေကို စုပြီးတော့ ပြလိုက်တာ စုံသွားတယ်, တို့ပရိသတ်ရေ။"

"မှန်ပါဘုရား။"

"တိကဘာဝနာပွားနည်း"

စုံသွားတော့ယင် အစီအစဉ်ကျအောင် ပြန်စဉ်ပြီးတော့ ဘုန်းကြီးတို့ ပရိသတ်ကို တိုင်ပေးလိုက်မယ်၊ လိုက်ပြီးတော့ ဆိုလိုက်ကြ။ သုံးခုတွဲက စမယ်။

"စလိုပြောယင် အဲဒါ တိကဘာဝနာနည်းတဲ့,နော်။"

"မှန်ပါဘုရား။"

(၁)(က) "ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"

[ဓမ္မယောဂီများလိုက်ဆို။]

(ခ) "ကြီး ငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သ တ္တ ဝါ၊ ဘယာဝေး၍ အေးပါစေ။"

[ဓမ္မယောဂီများလိုက်ဆို။]

(၂)(က) "ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သ တ္တ ဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"

[ဓမ္မယောဂီများလိုက်ဆို။]

(ခ) "ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သ တ္တ ဝါ၊ ဘယာဝေး၍ အေးပါစေ။"

[ဓမ္မယောဂီများလိုက်ဆို။]

(၃)(က) "ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(ခ) "ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(၄)(က) "ဝိုင်းသေးကြီးလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(ခ) "ဝိုင်းသေးကြီးလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

နောက်တခါ နှစ်ခုတွဲနော်၊ နှစ်ခေါက်စီ ဆိုကြ။

"ဒုကဘာဝနာပွားနည်း"

(၁)(က) "မြင်ဖူးမမြင်ဖူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(ခ) "မြင်ဖူးမမြင်ဖူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊ ဘယာဝေး၍အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(၂)(က) "မြင်အပ်မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

( ခ ) "မြင်အပ်,မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(၃)(က) "ဝေးနေနီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

( ခ ) "ဝေးနေနီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(၄)(က) "ဘဝဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

( ခ ) "ဘဝဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(၅)(က) "ဖွားပြီးကိန်းနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

( ခ ) "ဖွားပြီးကိန်းနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

(၆)(က) "ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်ပြည့်ပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]
(ခ) "ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"
[ဓမ္မယောဂီများလိုက်ဆို။]

"မေတ္တသုတ္တန်၌လာသော ဘာဝနာပွားနည်း (၃)မျိုး"

"အေး....တိကဘာဝနာ၊ ဒုကဘာဝနာ, စုံသွားပြီ။"

"မှန်ပါဘုရား။"

နှစ်ခုတွဲ နှစ်ခုတွဲပွားတာတွေကို 'ဒုကဘာဝနာနည်း'ခေါ်တယ်၊ သုံးခုတွဲ သုံးခုတွဲ ပွားများတာကို 'တိကဘာဝနာနည်း' ခေါ်တယ်၊ သတ္တဝါကို နှစ်စုပုံ, သုံးစုပုံ,မပုံပဲနဲ့ ဘုံသုံးဆယ့်တစ်ကို အကုန် သိမ်းခြုံပြီးတော့ ပွားတာကို 'သဗ္ဗသင်္ဂါဟိကဘာဝနာနည်း' ခေါ်တယ်။

"ယခု ဤသုတ္တန်မှာ ဘာဝနာနည်း သုံးနည်းကို ပော်ပြပါတယ်။ မေတ္တသုတ္တန် မေတ္တာပွားနည်း, ဘယ်နှစ်နည်းတုန်းဆိုယင်...."

"သုံးနည်းပါဘုရား။"

"အကုန်လုံး သိမ်းခြုံပွားများတဲ့နည်း တခု, နှစ်ခု နှစ်ပုံ ပုံ၍ ပွားများတဲ့နည်း တခု,သုံးစုံ သုံးပုံ ပုံ၍ ပွားများတဲ့နည်း တခု, လို့ ဘာဝနာ သုံးမျိုးတို့ဖြင့် ဟောကြားတော်မူတဲ့ မေတ္တသုတ္တန်တဲ့ နော်။"

"မှန်ပါဘုရား။"

## "(၉)ပါးသီလ ဆောက်တည်တာက"

"ဒီတော့ အဲဒီဉစ္စာ ဆောက်တည်တာနဲ့ ပွားများတာ တခြားစီဆိုတာ ရှင်းပြီနော်။"

"မှန်ပါဘုရား"

ဆောက်တည်ဆိုတာက ဝေရမဏီသိက္ခာပဒံ သမာဒိယာမိနဲ့ ဆောက်တည်ရတာက ဝိရတိစေတသိက်လို့ ခေါ်ဆိုတဲ့ သီလ၊ ရှောင်ကြဉ်မှုအပိုင်း၊ကာယကံနဲ့ ဝစီကံမှာ။အဒေါသစေတသိက် ပြဋ္ဌာန်းတဲ့ မေတ္တာတရားကျတော့ ဆောက်တည်ရုံနဲ့ မရဘူး။ ပွားများယူမှ ရတယ်။"

"မှန်လှပါဘုရား။"

"သူက ဘာဝနာပိုင်း။"

"မှန်ပါဘုရား။"

"အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်အား ကိုးပါးသီလ ပြဿနာဟာ အလိုလို တိုပ်ရိုသတ် ရှင်းလင်းလိမ့်မယ်နော်။"

"မှန်ပါဘုရား။"

"အေး.... ဒါဖြင့် ရှေးဆရာတော်ကြီးများ ဘာကြောင့် စီမံခဲ့တုန်းဆိုယင်တော့ သတ္တဝါတွေက သိပ်ပြီးတော့ ကိုးပါး သီလ ဆောက်တည်ချင်တယ် ဆိုတော့ "ကိုင်း.... ဆိုကွာ" လို့ ကြံကြံဖန်ဖန် လုပ်ပေးလိုက်တာပဲ.... အဲဒါ။"

"မှန်ပါဘုရား။"

စာလိုပြောယင် သတ္တဝါတွေရဲ့စရိုက်ကိုငဲ့လို့ အာသယဓာတ်ကို ငဲ့ပြီးတော့၊ ဘုန်းကြီးတို့ ကျမ်းဂန်သုံးကတော့ ဝေနေယျဇ္ဈာသယလို့ ခေါ်တယ်။

"ဘာတဲ့တုန်း...."

"ဝေနေယျဗ္ဗာသယပါဘုရား။"

"ဝေနေယျ၊ ဘုရားရဲ့အဆုံးအမနားထောင်တဲ့ သတ္တဝါတွေရဲ့အလိုကိုလိုက်ပြီးတော့ သလကို ကိုးမျိုးကြံပြီးတော့ ပေးထားတာ။"

"မှန်ပါဘုရား။"

"တကယ်တော့ မေတ္တာကမ္မဋ္ဌာန်းဟာ သီလထဲမှာ မဟုတ်ဘူး, ဘာဝနာထဲမှာ ရှိမှမယ်။။"

"မှန်ပါဘုရား။"

"ကိုင်း....နောက်ထပ်ကျန်တဲ့ ပွားများနည်းကို တို့ပရိသတ်ရှေ့တက်ကြရအောင်။"

## "သူတပါးကို အတွင်းတမျိုး အပြင်တမျိုး မကောက်ကျစ်ပါနဲ့"

"န ပရောပရံ နိကုဗ္ဗေထ၊ နာတိ မညေထ ကတ္ထစိ န ကဥ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာည မညဿ ဒုက္ခမိစ္ဆေယျ။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ ဧဝံပိ၊ ဤသို့လဲပဲ။ ဘာဝေထ၊ ပွားများလိုက်ကြကုန်တော့လော့။

ဘိက္ခဝေ၊ ငါ၏ချစ်သားရဟန်းတော်များတို့။ ဧဝံ၊ ဤသို့လဲပဲ။ မေတ္တံ၊ သတ္တဝါတို့ရဲ့ ကောင်းကျိုးလိုလားပါတယ်ဆိုတဲ့ မေတ္တာဓာတ်ကို။ ဘာဝေထ၊ ပွားများကြိုးကုတ် အားထုတ်တော်မူကြကုန်တော့လော့။

"န ပရော ပရံ နိကုဗ္ဗေထ၊ နာတိ မညေထ ကတ္ထစိ န ကဥ္စိ။"

ပရော၊ သူတပါးဟူ အခြားလူသည်။ ပရံ၊ သူတပါးဟူ အခြားလူတယောက်ကို။ နနိကုဗ္ဗေထ၊ အထဲတမျိုး,အပြင်တမျိုး နဲ့ လှဲ့စားခြင်း မပြုကြပါစေလင့်။

"တယ်ကောင်းတဲ့ မေတ္တာဘာဝနာ၊ နော်။"

"မှန်ပါဘုရား။"

ပရော၊ သူတပါးသည်။ ပရံ၊ အခြားလူတယောက်ကို။ နနိကုဗ္ဗေထ၊ အတွင်းတမျိုး အပြင်တမျိုးဖြင့် ဘယ်လိုနည်းနဲ့မှ ကောက်ကျစ်ခြင်း မပြုကြပါစေကုန်လင့်။ ကောစိ၊ မည်သည့် ပုဂ္ဂိုလ်ကပဲဖြစ်ဖြစ်။ ကဥ္စိ၊ မည်သည့်ပုဂ္ဂိုလ်ကို မဆို။ ကတ္ထစိ၊ ဘယ်အရပ်မှာပဲ ဖြစ်ဖြစ်။

"ကျန်သေးသလား,တို့ပရိသတ်ရေ။"

"မကျန်တော့ပါဘုရား။"

ဘယ်သူကပဲ ဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲ ဖြစ်ဖြစ်၊ ဘယ်အရပ်မှာပဲ ဖြစ်ဖြစ်။

ပရော၊ သူတပါးသည်။ ပရံ၊ သူတပါးကို။ နနိကုဗ္ဗေထ၊ အထဲတမျိုး အပြင်တမျိုးနဲ့လဲပဲ၊ လှည့်စားခြင်းမလုပ်ကြပါစေကုန်လင့်။

**"မိမိကိုယ်ကို အထင်ကြီး သူတပါးကို အထင်သေး မနှိမ့်ချပါနဲ့"**

"နာတိမညေထ ကတ္ထစိ န ကဥ္စိ။"

နာတိမညေထ၊ အထင်သေးခြင်း,ကဲ့ရဲ့ခြင်း,ပုတ်ခတ်ခြင်းလဲ မပြုကြပါစေကုန်လင့်။

"အတိမညနာ ဆိုတာဟာ မိမိကိုယ်ကို အလွန်အထင်ကြီး၊ သူတပါးကို အလွန်အထင်သေးသဖြင့် ပုတ်ခတ်တဲ့ သဘောကို ပြောတာ။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

ကောစိ၊ မည်သည့်ပုဂ္ဂိုလ်ကပဲ ဖြစ်ဖြစ်။ ကဉ္စိ၊ မည်သည့် ပုဂ္ဂိုလ်ကိုမဆို။ ကတ္ထစိ၊ ဘယ်အရပ် ဘယ်ဒေသ ဘယ်လောကမှာ ပဲဖြစ်ဖြစ်။ နာတိမညေထ၊ အထင်သေးခြင်း နှိပ်ကွပ်ခြင်း မပြု ကြပါစေကုန်လင့်၊ နှိမ့်ချခြင်းရှုတ်ချခြင်းမပြုကြပါစေကုန်လင့်။ တံပိ၊ ဤသို့လဲပဲ။ ဘာဝေထ၊ ပွားများကြကုန်တော့လော့။

"ကိုယ်၊နှုတ်၊စိတ်တို့ဖြင့် ပုတ်ခတ်ညှဉ်းဆဲမှု မပြုပါနဲ့"

"ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။"

ဗျာရောသနာ- ဗျာရောသနာယ၊ ကိုယ်နှုတ် နှစ်ပါးဖြင့် ထိပါးပုတ်ခတ်ခြင်းဖြင့်လည်းကောင်း။ ကိုယ်နဲ့နှိပ်စက်ခြင်း၊နှုတ် နဲ့နှိပ်စက်ခြင်းဖြင့်လည်းကောင်း။

"အဲဒါ ဗျာရောသနာ ခေါ်တယ်။"

"မှန်ပါဘုရား။"

"ကိုယ်နဲ့နှိပ်စက်, နှုတ်နဲ့နှိပ်စက်, သူတပါးကို နှိပ်စက်တာ နော်။"

"မှန်ပါဘုရား။"

ဒါကြောင့်....

ဗျာရောသနာ-ဗျာရောသနာယ၊ ကိုယ်ဖြင့်နှိပ်စက်ခြင်း၊ နှုတ်ဖြင့်နှိပ်စက်ခြင်းဆိုတဲ့ ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်း၊ ပါးစပ်ဖြင့် နှိပ်စက်ခြင်းဆိုတဲ့ နှိပ်စက်ခြင်းတို့ဖြင့်လည်းကောင်း။ ပဋိဃသညာယ စ၊ ညှဉ်းဆဲချင်တဲ့စိတ်ဓာတ်ဖြင့်လည်းကောင်း။

"ကိုယ် နှုတ် စိတ် သုံးမျိုးလုံး စုံသွားတယ်၊ မဟုတ်လား။"

"စုံသွားပါဘုရား။"

ဒါကြောင့်....

ဗျာရောသနာ-ဗျာရောသနာယ၊ ကိုယ်နဲ့ပုတ်ခတ်ခြင်း၊ နှိပ်စက်ခြင်း၊ နှုတ်နဲ့ပုတ်ခတ်ခြင်း၊ နှိပ်စက်ခြင်း။ ပဋိဃသညာယ၊ စိတ်ထဲက နှိပ်စက်လိုတယ်၊ ညှဉ်းဆဲလိုတယ်ဆိုတဲ့ မနောဓာတ်ဖြင့်လည်းကောင်း။

"နာညမညဿ ဒုက္ခမိစ္ဆေယျ၊"

အညမညဿ၊ အချင်းချင်း တယောက်က တယောက်အား။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို။ နဣစ္ဆေယျ မာဣစ္ဆတု၊ မလိုလားမနှစ်သက်ကြပါစေနဲ့။

ကိုယ်နဲ့ပုတ်ခတ်ပြီးတော့ သူတပါးဆင်းရဲအောင် မလုပ်ကြနဲ့၊ နှုတ်နဲ့ပုတ်ခတ်ပြီးတော့ သူတပါးဆင်းရဲအောင်မလုပ်ကြပါနဲ့။ စိတ်ထဲကလဲပဲ သူတပါးကို နှိပ်စက်လိုက်မယ်ဆိုတဲ့ ဒေါသတရားတွေကို မမွေးကြပါစေနဲ့။

ဣတိပိ၊ ဤသို့လဲပဲ။ ဘာဝေထ၊ မေတ္တာတရား ပွားများလိုက်ကြကုန်တော့လော့။

## "လိမ်လည်လှည့်ဖြားခြင်းတို့မှလဲ ကင်းကြပါ"

ဒီတော့....

အဲဒီပါဠိတော်ပုဒ်နဲ့ပတ်သက်လို့ လင်္ကာလေးများ တိုင်ပေးလိုက်မယ်, တို့ပရိသတ်ရေ။ ဒီနေရာမှာ အဓိပ္ပာယ်အကျယ်ပြောမယ့်အစား တို့ပရိသတ် နှုတ်ထဲ စာပုဒ်ကလေးတွေ ထည့်လိုက်ယင် မြန်မြန်ပြီးသွားမယ်။

"နောက်ပိုင်း ပြောစရာအဓိပ္ပာယ်တွေ အများကြီးကျန်သေးတယ်ဗျနော်။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....လိုက်ဆို။

(၁) "လူနဲ့လူချင်း၊ လိမ်လည်ခြင်း၊ ကင်းရှင်းကြပါစေ။"
[ဓမ္မယောဂီများ လိုက်ဆို။]

(၂) "လူနဲ့လူချင်း၊ ကောက်ကျစ်ခြင်း၊ ကင်းရှင်းကြပါစေ။"
[ဓမ္မယောဂီများ လိုက်ဆို။]

(၃) "လူနဲ့လူချင်း၊ လှည့်စားခြင်း၊ ကင်းရှင်းကြပါစေ။"
[ဓမ္မယောဂီများ လိုက်ဆို။]

(၄) "လူနဲ့လူချင်း၊ ပုတ်ခတ်ခြင်း၊ ကင်းရှင်းကြပါစေ။"
[ဓမ္မယောဂီများ လိုက်ဆို။]

"အဲဒီနေရာမှာ လူနဲ့လူချင်း လိမ်လည်ခြင်း၊ ကောက်ကျစ်ခြင်း၊ လှည့်စားခြင်း၊ ပုတ်ခတ်ခြင်းတို့ အချင်းချင်း ကင်းရှင်းကြပါစေလို့ ဒီနေရာမှာ မေတ္တာစိတ်ကိုလဲ ပွားပါနော်။"

"မှန်ပါ ဘုရား။"

အဲဒီ အဓိပ္ပာယ်ကို....

“န ပရော ပရံ နိကုဗ္ဗေထ။”

ပရော၊ သူတပါးဟူ အခြားလူသည်။ ပရံ၊ သူတပါးဟူ အခြားလူကို။ နနိကုဗ္ဗေထ၊ အထဲတမျိုး အပြင်တမျိုးနဲ့ ကောက်ကျစ်စဉ်းလဲခြင်း, လိမ်လည်ခြင်း မပြုကြပါစေလင့်။

နောက်တခါ....

“နာတိမညေထ ကတ္ထစိ န ကဉ္စိ၊”

ကောစိ၊ မည်သည့်ပုဂ္ဂိုလ်ကပဲ ဖြစ်ဖြစ်။ ကတ္ထစိ၊ မည်သည့် အရပ်မှာပဲ ဖြစ်ဖြစ်။ ကဉ္စိ၊ မည်သည့်ပုဂ္ဂိုလ်ကို မဆို။ နာတိမညေထ၊ အထင်သေးခြင်း ကင်းကြပါစေ။ ဒီလို လာတယ် မဟုတ်လား။”

“မှန်ပါ ဘုရား။”

“ဒါကြောင့် အဲဒီအပုဒ်ကို ဆိုရလိမ့်မယ်။”

(၅) “အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။”

[ဓမ္မယောဂီများ လိုက်ဆို။]

**“သူတပါး ဆင်းရဲစေလိုတဲ့ စိတ်ဆန္ဒတွေ ကင်းကြပါ”**

အေး....ဗျာရောသနာရယ်, ပဋိဃသညာရယ်, နာညမညဿ ဒုက္ခမိစ္ဆေယျရယ်။

ဗျာရောသနာ ဆိုတာက ကိုယ်နဲ့နှုတ်နဲ့ နှိပ်စက်တဲ့သဘော။ ကိုယ်နဲ့နှုတ်နဲ့ နှိပ်စက်လိုတဲ့သဘောမှလဲ အချင်းချင်း ကင်းကြပါစေ။

"ဒီလိုလဲပဲ မေတ္တာပွားရမယ်၊ ဟုတ်လား။"

"မှန်ပါ ဘုရား။"

ပဋိဃသညာ-စိတ်ထဲကလဲ နှိပ်စက်ချင်တယ်ဆိုတဲ့ သဘောကလေးတွေ ကျန်မနေပါစေနဲ့။ ဒါကြောင့် နှိပ်စက်လိုတယ်၊ ညှဉ်းဆဲလိုတယ်ဆိုတဲ့ စိတ်ဓာတ်တွေလဲ ကင်းရှင်းစေရမယ်။ ဒါကတချက်၊ နာညမညဿ ဒုက္ခမိစ္ဆေယျ-တယောက်က တယောက်ရဲ့ ဆင်းရဲခြင်းကို လိုလားခြင်းဆိုတာတွေလဲ ကင်းရှင်းကြပါစေ၊ ဒါက တချက်။

"ဗျာရောသနာ မရှိပါစေနဲ့၊ ပဋိဃသညာ မရှိပါစေနဲ့၊ ဆင်းရဲစေချင်တယ်ဆိုတဲ့စိတ်တွေ မရှိပါစေနဲ့၊ ဘယ်နှစ်ပိုဒ်လဲ။"

"သုံးပိုဒ်ပါ ဘုရား။"

အဲဒီသုံးပိုဒ်တို့ကို ဗျာရောသနာနဲ့ ပဋိဃသညာကိုပေါင်းပြီးတော့၊ ကိုယ်နဲ့နှိပ်စက်ခြင်း, နှုတ်နဲ့နှိပ်စက်ခြင်း, စိတ်ထဲက နှိပ်စက်ခြင်း, အဲဒါ သုံးခုတပေါင်းတည်းဆို....

(၆) "နှိပ်စက်လိုခြင်း၊အချင်းချင်း၊ကင်းရှင်းကြပါစေ။"

[ဓမ္မယောဂီများ လိုက်ဆို။]

နောက်တပုဒ်၊ 'နာညမညဿ ဒုက္ခမိစ္ဆေယျ'ဆိုတဲ့အပိုဒ်ကို အချင်းချင်း ဒုက္ခတွေဖြစ်စေချင်တယ်ဆိုတာလဲ မရှိပါစေနဲ့။

"ဒီလိုမဟုတ်လား။"

"မှန်ပါ ဘုရား။"

အညမညဿ၊ အချင်းချင်း တယောက်က တယောက်အား။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို။ နဣစ္ဆေယျ၊ မလိုလားကြပါစေနဲ့။

"အဲဒီအပိုဒ်ကို ဆိုရလိမ့်မယ်။"

"ဒုက္ခလိုခြင်း၊ အချင်းချင်း။ ကင်းရှင်းကြပါစေ။"

[ဓမ္မယောဂီများ လိုက်ဆို။]

"ပုဂ္ဂိုလ်, ဒေသဌာန မရွေးချယ် မခွဲခြားပဲ"

"အေး....အဲဒါက နာညမညဿ ဒုက္ခမိစ္ဆေယျဆိုတဲ့ အပိုဒ်ကို ဆိုပါတယ်။"

"န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။

ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး, ချစ်သား,ချစ်သမီးတို့။

ဘိက္ခဝေ၊ ကမ္မဋ္ဌာန်းအလုပ် အားမထုတ်နိုင်လို့ ဇေတဝန် ရွှေကျောင်း ပြန်ပြီးတော့လာခဲ့တဲ့ ငါ၏ချစ်သား အို.... ရဟန်းတော်များတို့။ ငေ်ပိ၊ ဤသို့လဲပဲ။ မေတ္တာစိတ္တံ၊ အများကောင်းကျိုး လိုလားပါတယ်ဆိုတဲ့ မေတ္တာစိတ်ကို။ ဘာဝေထ၊ ပွားများလိုက်ကြကုန်တော့လော့။

ပရော၊ သူတပါးဟူ အခြားလူသည်။ ပရံ၊ သူတပါးဟူ အခြားလူကို။ နာတိမညေထ၊ အထဲတမျိုး အပြင်တမျိုးဖြင့် ကောက်ကျစ်ခြင်း မရှိကြပါစေကုန်လင့်။ ပရော၊ သူတပါးဟူ အခြားလူသည်။ ပရံ၊ သူတပါးဟူ အခြားလူကို။ ကောစိ၊ မည်သည့်ပုဂ္ဂိုလ်ကပဲ ဖြစ်ဖြစ်။

"ပုဂ္ဂိုလ်တွေအကုန်လုံး ခြုံသွားတယ်နော်။"

"မှန်ပါ ဘုရား။"

ကတ္ထစိ၊ မည်သည့်အရပ်ဌာန ဘုံဘဝမှာမဆို။ ကတ္ထစိ၊ မည်သည့်အဆင့်အတန်းမှာပဲဖြစ်ဖြစ်။ ကဉ္စိ၊ မည်သည့်ပုဂ္ဂိုလ်ကိုပဲ

မဆို။ နာတိမညေထ၊ အထင်သေးခြင်း ပုတ်ခတ်ခြင်း မရှိကြပါစေကုန်လင့်။

"ဟုတ်ပြီလား။"

"မှန်ပါ ဘုရား။"

ဗျာရောသနာ ဗျာရောသနာယ စ၊ ကိုယ်နဲ့နှုတ်နဲ့ နှိပ်စက်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်ဖြင့်လည်းကောင်း။ ပဋိဃသညာ-ပဋိဃသညာယ၊ စိတ်ထဲကညှင်းဆဲချင်တယ်ဆိုတဲ့ စိတ်ဓာတ်ဖြင့်လည်းကောင်း။ အညမညဿ၊ အချင်းချင်း တယောက်တယောက်သည် တယောက်ယောက်ရဲ့။ ဒုက္ခ၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲငြင်ပန်းစေချင်တယ်ဆိုတဲ့ စိတ်ကို။ မာဣစ္ဆေယျ၊ မလိုလား မနှစ်သက်ပါစေသတည်း။

ဣတိပိ၊ ဤသို့လဲပဲ။ မေတ္တံ၊ သတ္တဝါတွေ ချမ်းသာပါစေဆိုတဲ့ မေတ္တာစိတ်ကို။ ဘာဝေထ၊ ကောင်းစွာမသွေ့ ပွားများကြကုန်ရာသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

အေး....နောက်တခါ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က မေတ္တာဘာဝနာတွေ စုံသွားတဲ့အခါကျတော့မှ ဥယျောဇဉ်တဲ့, တိုက်တွန်းတဲ့အနေနဲ့....

**"အပိုင်းအခြား မထားပဲ မေတ္တာပွားပါ"**

"မာတာ ယထာ နိယံ ပုတ္တံ၊
မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး, ချစ်သားချစ်သမီးတို့။

နိယံပုတ္တံ၊ မိမိ၏ရင်နှစ်သားအစစ်ဖြစ်ပေထသော။ ကေပုတ္တံ၊ တယောက်တည်းသော သားကလေးကို။ မာတာ၊ မွေးသမိခင် ကျေးဇူးရှင်သည်။ အနုရက္ခေယထာ၊ အစဉ် စောင့်ရှောက် လေရာဘိသကဲ့သို့။

မိခင်ဆိုတဲ့ ပုဂ္ဂိုလ်က တ ယောက် တည်း သော သား ဘယ်လောက်တောင် စောင့်သလဲဆိုယင် အာယုသာ အသက် လောက်။

“ဘယ်လောက်စောင့်သလဲ တို့ပရိသတ်။”

“အသက်လောက် စောင့်ပါတယ်ဘုရား။”

ကိုယ့်အသက် ကိုယ်စောင့်တာလောက် တ ယောက် တည်း သောသားရှိသောမိခင်သည် အဲဒီသားကို စောင့်ပါတယ်တဲ့၊ ဒါကြောင့်....

အာယုသာ၊ အသက်လောက်(ဝါ)အသက်နှင့်လဲပြီးတော့ (ဝါ)အသက်ဖြင့်သော်လျှင်။ အနုရက္ခေယထာ၊ အစဉ်စောင့် ရှောက်လေရာဘိသကဲ့သို့။

“ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။”

ဧဝမ္ပိ၊ မိခင်သည် ဒီ သားအရင်းတယောက်ကို တယောက် တည်းသောသားကို အသက်နဲ့လဲ စောင့်ရှောက်ကာကွယ်သလို။ တုမှေပိ၊ သင်ချစ်သား ချစ်သမီး သူ တော် ကောင်း တို့လဲပဲ။ သဗ္ဗပါဏဘူတေသု၊ ထွက် သက် ဝင် သက် မ ပျက် ထင် ရှား ရှိနေတဲ့ သတ္တဝါတို့ရဲ့အပေါ်မှာ။ အပရိမာဏံ၊ အပိုင်းအခြား

မရှိသော။ မာနသံ၊ မေတ္တာစိတ်ကို။ အပရိမာဏံ၊ အပိုင်း အခြားထား၍မရသော။

"မေတ္တာပွားဆိုတာ ပိုင်းခြားမထားရဘူးတဲ့နော်...."

"မှန်ပါဘုရား။"

"ဘယ်သူ့တော့မေတ္တာပွား, ဘယ်သူ့တော့ မပွားဘူး၊ ဒီလို မလုပ်ရဘူးတဲ့။"

အပရိမာဏံ။ အပိုင်းအခြားမရှိသော နှိုင်းယှဉ်စရာဥပမာ မရှိသော ပိုင်းခြားသတ်မှတ်ဖွယ်ရာ ဘာမှမရှိသော။ မာနသံ၊ မေတ္တာနဲ့ယှဉ်တဲ့စိတ်ကို။ ဘာဝယေ-ဘာဝေယျ၊ ကောင်းစွာ မသေ့ ပွားများကြကုန်ရာသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

ဤပါဠိတော်ပိုဒ်ဖြင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က သုံးလောကရှိနေတဲ့ သတ္တဝါတွေရဲ့ အပေါ်မှာ မေတ္တာ ပွားတယ်ဆိုတာ အပိုင်းအခြားမရှိပဲနဲ့ လေးလေးနက်နက် ရက်ရက်စက်စက်ပွားရမယ်တဲ့။ တယောက် တည်းသာရှိသောသားကို မိခင်သည် မိမိရဲ့ အသက်နဲ့လဲစောင့် ရှောက်ကာကွယ်သလို သတ္တဝါတွေရဲ့ကောင်းကျိုးကို လိုလား တယ်ဆိုတဲ့မေတ္တာစိတ်ကိုလဲပဲ အသက်နဲ့လဲပြီးတော့ ပွားပါ။

"အဲဒါ တိုက်တွန်းတဲ့ဥယျောဇဉ်၊ နော်။"

"မှန်ပါဘုရား။"

"(၃၁) ဘုံ-အကုန်ပျံ့နှံ့သွားရအောင်"

"မေတ္တဉ္စ သဗ္ဗလောကသ္မိံ
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။

"မေတ္တဉ္စ သဗ္ဗလောကသ္မိံ။"

သဗ္ဗလောကသ္မိံ၊ အလုံးစုံသော လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌။ မေတ္တံ၊ သတ္တဝါတွေ ချမ်းသာကြပါစေဆိုတဲ့ မေတ္တာဓာတ်ကို။ ဘာဝယေ၊ ပွားများရာ၏။ အပရိမာဏံ၊ အတိုင်းအရှည်မရှိသော ပိုင်းခြားကန့်သတ်ချက် မရှိသော။

"သုံးလောက ရှိနေတဲ့သတ္တဝါတွေကို ပိုင်းခြားခြင်း, သတ်မှတ်ခြင်းမပြုပဲနဲ့ တလောကလုံးကို ဖြန့်ပြီးတော့ ပွားပါ, ဟုတ်လား။"

"မှန်ပါဘုရား။"

နောက်တခါ....

"ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။"

ဥဒ္ဓံ စ၊ အထက် အရူပါဝစရ ဗြဟ္မာ့ပြည်တိုင်အောင်လည်းကောင်း။

ဘုံသုံးဆယ့်တစ်၊ ဟို....ထိပ်ကနေတဲ့ အရူပဘုံကို အုပ်တာ။

အဓော စ၊ အောက်ဖြစ်နေတဲ့ ကာမ တ ဆ ယ့် တ ဘုံ ကို လည်းကောင်း။

"အလယ် ဘာကျန်လဲ၊ အလယ်ပိုင်း ရူပဗြဟ္မာပြည် ကျန်သေးတာပေါ့၊ တို့ပရိသတ်နေ်။"

"မှန်ပါဘုရား။"

ဒါကြောင့်....

တိရိယဥ္စ၊ အလယ်ပိုင်းရှိနေတဲ့ ရူပါဝစရဗြဟ္မာ့ပြည်အကုန်လုံးကိုလည်းကောင်း။

ဘုံသုံးဆယ့်တစ်ကို သုံးစု စုလိုက်တယ်။

ဥဒ္ဓံ၊ အဓော၊ တိရိယံ၊ အထက်ရယ်၊ အလယ်ရယ်၊ အောက်ရယ်။ ဥဒ္ဓံ-အထက်ပိုင်းဆိုတာက ရုပ်လုံးလုံးမရှိတဲ့ အရူပဗြဟ္မာဘုံကို မေတ္တာရောက်အောင် ပို့ပါ။ တိရိယံ-အလယ်ပိုင်း ဆိုတာက ရူပါဝစရဗြဟ္မာကြီးတွေရဲ့ တဆယ့်ခြောက်ဌာန၊ ရုပ်ရောနာမ်ပါ အတွဲလိုက်ရှိနေတဲ့ ရူပါဝစရဗြဟ္မာ့ပြည်၊ ရုပ်သက်သက်သာရှိတဲ့ အသညသတ်ဗြဟ္မာ့ပြည်၊ ရုပ်သက်သက်သာရှိတဲ့ အသညသတ် ဗြဟ္မာ့ပြည်ဆိုတာက အလယ်ပိုင်း၊ ဗြဟ္မာ့ပြည် တဆယ့်ခြောက်ဌာနကို တိရိယခေါ်တယ်။ အဓော-အောက်ဖြစ်သော ကာမတဆယ့်တဘုံဆိုတဲ့ နတ်ပြည် ခြောက် ထပ်, လူ့ပြည်,ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်။

## "မေတ္တာသဘာဝ မကျဉ်းမြောင်းစေရပါ"

ဥဒ္ဓံ၊ အထက်ဖြစ်သော အရူပါဝစရဗြဟ္မာ့ပြည်တိုင်အောင်လည်းကောင်း။ အဓော၊ အောက်၌ဖြစ်သော ကာမတဆယ့်တဘုံတိုင်အောင်လည်းကောင်း။ တိရိယဥ္စ၊ အလယ်မှာရှိနေတဲ့ ရူပါဝစရဗြဟ္မာ့ပြည် တဆယ့်ခြောက်ဌာနကိုလည်းကောင်း။

"အသမ္ဘာဝံ အဝေရ မသပတ္တံ။"

အသမ္ဘာဝံ၊ ပိုင်းခြားသတ်မှတ်ခြင်း အလျှင်းမရှိသည်ကို ကျဉ်းမြောင်းခြင်း အလျှင်းမရှိသည်ကို။

မေတ္တာဟာ မကျဉ်းမြောင်းရဘူးတဲ့....အသမ္ဘာဝံ။

အသမ္ဘာဝဆိုတာ ကျဉ်းမြောင်းတဲ့သဘောမရှိပါနဲ့၊ ဘုံသုံးဆယ့်တစ်ထိအောင်ဖြန့်ပါ၊ ဒါကြောင့်....

အသမ္ဘာဝံ၊ ပိုင်းခြားသတ်မှတ်ခြင်း အလျှင်းမရှိသည်ကို ကျဉ်းမြောင်းခြင်း မရှိသည်ကို။ အသမ္ဘာဝံ၊ အပိုင်းအခြား အကန့်အသတ်တွေ ပြတ်စဲသွားသည်ကို။ ကတ္ဘာ၊ ပြု၍။

သီမသမ္ဘေဓ-ပိုင်းခြားခြင်း ကင်းကိုသွားရမယ်။

**"မေတ္တာသုတ္တန်မှာ ပုဂ္ဂိုလ် ဌာန သတ်မှတ်ချက်မထား"**

"ဘုန်းကြီးတို့ပရိသတ်၊ အဝေရာ ဟောတ္တု အဗျာပဇ္ဈာ ဟောန္တု ဆိုတာ အကန့်အသတ်တွေနဲ့လာတယ်,မဟုတ်လား။"

"မှန်ပါဘုရား။"

ဩဓိသောဖရဏ-ဆိုပြီးတော့လေ။ အရပ်ဒေသလဲပဲ အရှေ့ အနောက် တောင် မြောက်၊ ထောင့်အရပ်လေးခု၊ အထက် အောက်၊ အရပ်ကလဲ ဆယ်မျက်နှာ သတ်မှတ်ရသေးတယ်။

"သဗ္ဗေသတ္တာဆိုပြီးတော့ ပုဂ္ဂိုလ်က ဘယ်နှစ်ယောက်လဲ။"

"ဆယ့်နှစ်ယောက်ပါဘုရား။"

တဆယ့်နှစ်ယောက်လို့လဲသတ်မှတ်ရသေးတယ်,မဟုတ်လား။ အဲဒီ ၄၊ ၈ ရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာပွားနည်းကတော့ အရပ်လဲ သတ်မှတ်တာ ပါတယ်။ ပုဂ္ဂိုလ်သတ်မှတ်တာတွေလဲ ပါတယ်, မဟုတ်လား။

ဟောဒီ မေတ္တာသုတ္တန်ကျတော့ အပရိမာဏ-ပိုင်းခြားချက်ကို မရှိရဘူး၊ အသမ္ဘာခံ-နယ်နိမိတ် ကျဉ်းကျဉ်းမြောင်းမြောင်း မရှိရဘူး၊ ပိုင်းခြားသတ်မှတ်ချက်တွေ ရပ်စဲသွားရမယ်၊ ပြတ်စဲသွားရမယ်၊ စာအလိုက သီမသမ္ဘေဒ ခေါ်တယ်၊ အပိုင်းအခြားကင်းရမယ်၊ ဒါကြောင့်....

အသမ္ဗာခံ၊ ပိုင်းခြားသတ်မှတ်ခြင်းကင်း, ကျဉ်းမြောင်းခြင်းမရှိသည်ကို။ ကတွာ၊ ပြု၍။

ဒီလိုပွား၊ ဘယ်လောက်တောင် ကျယ်ပြန့်ရမလဲဆိုယင် ဘုံသုံးဆယ့်တစ် ဘယ်သတ္တဝါကိုမှ သတ်မှတ်ချက်မထားပဲနဲ့ပြန့်၍နှံ့၍ ပွားလိုက်ပါလေနော်။

ဥဒ္ဓံ၊ အထက် အရူပဗြဟ္မာပြည်။ အဓော၊အောက် ကာမဘုံ။ တိရိယံ၊ အလယ်ပိုင်းဖြစ်နေတဲ့ ရူပဗြဟ္မာဘုံ အကုန်လုံးကို။ အသမ္ဗာခံ၊ ပိုင်းခြားသတ်မှတ်ခြင်းကင်း, ကျဉ်းမြောင်းခြင်းမရှိသည်ကို။ ကတွာ၊ ပြု၍။

**"အတွင်းရန်နဲ့ အပြင်ရန်လဲ ကင်းကြပါ"**

အဝေရံ၊ ဒေါသဟူသည့် အတွင်းရန်လဲ မရှိသည်ကို။ ကတွာ၊ ပြု၍။

အတွင်းရန်ဆိုတာ ဒေါသကို ခေါ်တယ်၊ ဒါကြောင့်....

အဝေရာ ဟောတ္တု၊ အတွင်းရန်ဆိုတဲ့ဒေါသလဲပဲ ကင်းကြပါစေ။

"ဒါက ပိုထိရောက်တယ်ဗျနော်။"

"မှန်ပါဘုရား။"

အသပတ္တံ၊ နှိပ်စက်ကလူ အပြင်ရန်သူ မရှိသည်ကို။ ကတွာ၊ ပြု၍။

အဝေရ နဲ့ အသပတ္တ ပါဠိတော်နှစ်လုံး, 'အ'ကိုဖြုတ်ယင် ဝေရနဲ့သပတ္တ ရန်သူစကားနှစ်လုံး၊ ဝေရဆိုတာ အတွင်းရန်, တရားကိုယ်ကောက်တော့ ဒေါသ၊ သပတ္တဆိုတာ အပြင်ရန်, ကိုယ့်နှိပ်စက်မယ့် လူအပေါင်း,သူများနှိပ်စက်မယ့် လူအပေါင်း၊ အကုန်လုံးဟာ သပတ္တထဲ ထည့်။ အဲဒါ နှစ်ခုစလုံး ကင်းကြပါ စေ။

ဒီအဓိပ္ပာယ်ကို....

အဝေရာ၊ အတွင်းရန်ဟူဘိ ဒေါသလဲမရှိသည်ကို။ ကတွာ၊ ပြုကြကုန်၍။ အသပတ္တံ၊ အပြင်ရန်ဟူဘိ နှိပ်စက်မယ့်လူလဲ မရှိ သည်ကို။ ကတွာ၊ ပြု၍။ အပရိမာဏံ၊ ပိုင်းခြားခြင်းမရှိသော။ အသမ္ဗာဓံ၊ ကျဉ်းမြောင်းခြင်းမရှိသော။ မေတ္တံ၊ ဘုံသုံးဆယ့် တစ် ရှိရှိသမျှဆိုတဲ့သတ္တဝါတွေ ချမ်းသာကြပါစေဆိုတဲ့ မေတ္တာ ဓာတ်ကို။ ဘာဝေထ၊ တလုံးလဲလဲ စိတ်မှာစွဲအောင် ပွားများ ကြကုန်ရာသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

**"ဣရိယာပထ (၄)ပါး စုံစုံလင်လင်"**

"တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓော။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ'မိဓမာဟု။"

ဘိက္ခဝေ၊ ငါ၏ချစ်သား,အို....ရဟန်းများတို့။

တိဋ္ဌံ၊ ရပ်တဲ့အခါပဲ ဖြစ်ဖြစ်။ စရံ၊ သွားတဲ့အခါမှာပဲဖြစ်ဖြစ်။ နိသိန္နော၊ ထိုင်တဲ့အခါမှာပဲ ဖြစ်ဖြစ်။ သယာနော၊ အိပ်တဲ့အခါမှာပဲ ဖြစ်ဖြစ်။

"ဣရိယာပုထ်လေးပါး တခါးတည်း စုံသွားတယ်၊ နော်။"

"မှန်ပါ ဘုရား။"

တိဋ္ဌံ ဝါ၊ ရပ်တဲ့အခါမှာဖြစ်စေ။ စရံ ဝါ၊ သွားသော အခါမှာဖြစ်စေ။ နိသိန္နော ဝါ၊ ထိုင်သောအခါမှာဖြစ်စေ။ သယာနော ဝါ၊ အိပ်သောအခါမှာဖြစ်စေ။

"အာနာပါနသတိပဋ္ဌာန်ကျယင်တော့ တင်ပြင်ခွေထိုင်, ခန္ဓာကိုယ်ဖြောင့်ဖြောင့်ထား, ဣရိယာပုထ်တမျိုးတည်း ညွှန်းတယ် နော်။"

"မှန်ပါ ဘုရား။"

"အာနာပါနသတိက ထိုင်ခြင်းဣရိယာပုထ်တခုပဲ သုံးတယ်၊ ဟော....မေတ္တာပိုကျတော့ လွယ်လိုက်ပုံက ဣရိယာပုထ်လေးမျိုး လုံးရတယ်။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

တိဋ္ဌံ၊ စရံ၊ နိသိန္နောဝါ၊ သယာနော-

တိဋ္ဌံ ဝါ၊ ရပ်တဲ့အခါမှာပဲ ဖြစ်ဖြစ်။ စရံ ဝါ၊ သွားနေတဲ့ အခါမှာပဲဖြစ်ဖြစ်။ နိသိန္နောဝါ၊ ထိုင်နေတဲ့အခါမှာပဲဖြစ်ဖြစ်။ သယာနော၊ လျောင်းနေဆဲအခါမှာပဲ ဖြစ်ဖြစ်။ ယာဝတာ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိဂတမိဒ္ဓေါ၊ အိပ်ခြင်း,

ငိုက်မျဉ်းခြင်း ကင်းသည့်စိတ်သည်။ အဿ၊ အကယ်၍ဖြစ်ခဲ့မယ်ဆိုယင်။

### "ထိနမိဒ္ဓရှင်း ငိုက်မျဉ်းမှုကင်းတဲ့အခါ"

ထိုင်တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ ရပ်တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ သွားတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ လျှောင်းစက်တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ အိပ်ခြင်း, ငိုက်မျဉ်းခြင်း, ကင်းတဲ့အချိန်တိုင်း အချိန်တိုင်းမှာ။

တော် သတိ၊ ထိုမေတ္တာနဲ့ယှဉ်နေတဲ့ သတိကို။ ဘာဝေထ၊ ပွားများကြကုန်ရာ၏။

အိပ်ခြင်း, ငိုက်မျဉ်းခြင်းကင်းတဲ့အခါ ဘယ်ဣရိယာပုထ်နဲ့ပဲနေနေ၊ ဒီမေတ္တာသတိကို ပွားရမယ်။

"ဣရိယာပုထ် ရွေးသေးသလား။"

"မရွေးပါ ဘုရား။"

"မနက်အစောကြီး ထ,လမ်းလျှောက်ယင်း မေတ္တာပွားလို့မဖြစ်ဘူးလား။"

"ဖြစ်ပါ ဘုရား။"

"အိပ် ရာ ထဲ လျှောင်း ပြီး တော့ ပက် လက် က လေး လှန်၊ ဗိုက်ပေါ်လက်ကလေးတင်ပြီးတော့ "ဘုံသုံးဆယ့်တစ်, ဖြစ်ဖြစ်များစွာ, သတ္တဝါ, ချမ်းသာကိုယ်စိတ်ပြည့်ပါစေ။" "မကောင်းဘူးလား။"

"ကောင်းပါ ဘုရား။"

(၁) "ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးကြပါစေ။"

(၂) "ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊ ကိုယ်မှာချမ်းသာရှိပါစေ။"
(၃) "ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊ စိတ်မှာချမ်းသာရှိပါစေ။"

"ခွဲမယ်ဆိုယင်ပေါ့။"

"မှန်ပါ ဘုရား။"

"မခွဲပဲဆိုယင်တော့ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေလို့ ကိုယ့်အာရုံ ယူရယင် ရသလိုသာ ပွားများလိုက်၊ မေတ္တာ ဖြစ်ပါတယ်နော်။"

"မှန်ပါ ဘုရား။"

"ဗြဟ္မဝိဟာရ-အမည်ရအောင်"

"ဧတံ သတိံ အဓိဋ္ဌေယျ"

ဧတံ သတိံ၊ ထိုမေတ္တာနှင့်ယှဉ်တဲ့ ဈာန်သတိကို။ ဘာဝေယ်၊ ပွားများကြကုန်ရာ၏။ အဓိဋ္ဌေယျ၊ ငြိမ်စွာဆောက်တည်ပြီးတော့ ကျင့်သုံးကြရာ၏။

"ဗြဟ္မမေတံ ဝိဟာရ' မိဓ မာဟု။"

ဣဓ၊ ဤအံ့ဖွယ်ရှစ်ပြာ ငါဘုရားရဲ့ သာသနာတော်ထဲမှာ။ ဧတံ ဝိဟာရံ၊ ထိုမေတ္တာနဲ့နေပါတယ်ဆိုတဲ့ နေခြင်းမျိုးကို-ပုဂ္ဂိုလ်မျိုးကို။ ဗြဟ္မဝိဟာရီ ဗြဟ္မဝိဟာရီတိ၊ ဗြဟ္မဝိဟာရီ လူမြတ်တို့၏နေခြင်း၊ တိုင်းပြည်၏ပစ္စည်း အချည်းနှီးမဖြုန်း သော နေခြင်းဖြင့်နေတဲ့ ပုဂ္ဂိုလ်မျိုးဟူ၍။

"ဗြဟ္မဝိဟာရတဲ့နော်။"

"မှန်ပါ ဘုရား။"

"မေတ္တာနဲ့နေတဲ့ပုဂ္ဂိုလ်သည် ဘာပုဂ္ဂိုလ်တဲ့...."

"ဗြဟ္မဝိဟာရပုဂ္ဂိုလ်ပါ ဘုရား။"

"ဗြဟ္မဝိဟာရပုဂ္ဂိုလ်၊ စာနည်း ပေနည်း တိဘိကျကျ ဖြစ်အောင်ပြောယင် ဗြဟ္မဝိဟာရီပုဂ္ဂိုလ်ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ထိုမေတ္တာနဲ့ နေတဲ့ပုဂ္ဂိုလ်ကို ဗြဟ္မဝိဟာရီပုဂ္ဂိုလ် လို့ ခေါ်ပါတယ်။"

ဒါကြောင့်....

ဣမံ၊ အံ့ဖွယ်ရှစ်ဖြာ ငါဘုရားရှဲသာသနာတော်ထဲမှာ။ တော့ ဝိဟာရံ၊ ဤကဲ့သို့ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပြီးတော့ သတ္တဝါ တွေကောင်းကျိုးကို လိုလားတဲ့မေတ္တာစေတ်တွေ မွေးမြူနေတဲ့ ပုဂ္ဂိုလ်ချိုးကို။ ဗြဟ္မဝိဟာရီတိ၊ ဗြဟ္မဝိဟာရီပုဂ္ဂိုလ်မျိုးဟူ၍။ အာဟု၊ ဘုရားအဆူဆူတို့သည် ရှေးကြာစမုတ် ဖွင့်လှစ်ထုတ်ကာ အနည်းနည်း ချီးကျူးတော်မူကြလေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

**"ဝိပဿနာစခန်း တက်လှမ်းဖို့ရန် သမာဓိ အခြေခံ"**

မေတ္တာရှဲပရိကမ်၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပုံတွေ ပြည့်စုံသွား တဲ့အခါ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် က ထိုရဟန်းတော်ငါးရာတို့အား မေတ္တာဆိုတဲ့သမထကမ္မဋ္ဌာန်း အခြေခံပေးတော့ ဈာန်ရအောင်ကြိုးစားကြတယ်။

"အပ္ပနာဈာန်တိုင်အောင် မေတ္တာကမ္မဋ္ဌာန်းက ရဘယ်၊ နော်။"

"မှန်ပါဘုရား။"

ဈျာန်ရအောင် ကြိုးစားပြီးတဲ့အခါကျတော့မှ ထိုဈျာန်သတိ အခြေခံ၊ ဝိပဿနာကိုတက်ဖို့ရန်အတွက် ဈျာန်နဲ့ယှဉ်သောသမာဓိ ကို အခြေခံ၊ မေတ္တာဈျာန်နဲ့ယှဉ်သောသမာဓိကို အခြေခံ၊ ဝိပဿနာတက်ဖို့ရန်အတွက် နောက်ဆုံး ဂါထာအနေနဲ့-

အတ္တဒိဋ္ဌိစသည်တို့ ကင်းကွာတဲ့အချိန်....

"ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊

သီလဝါ ဒဿနေန သမ္ပန္နော။

ကာမေသု ဝိနေယျ ဂေဓံ၊

န ဟိဇာတု ဂဗ္ဘသေယျ ပုန ရေတိ။"

"အဲဒါကျတော့ ဝိပဿနာ ဖြစ်သွားပြီး၊ မေတ္တာ မဟုတ် တော့ဘူး။"

"မှန်ပါဘုရား။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ ကုလ ပုတ္တော၊ အမျိုးကောင်းသား အမျိုးကောင်းသမီးဖြစ်ပါတယ် ဆိုတဲ့ပုဂ္ဂိုလ်သည်။

ဘိက္ခဝေ၊ သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော် မြင် ဆင်ခြင်တတ်ပါတယ်ဆိုတဲ့ ငါဘုရားရဲ့သားတော် ရဟန်း တော်သည်။ ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိသို့လဲ။ အနုပဂ္ဂမ္မ၊ မရောက်မူ၍။

ဒိဋ္ဌိမရောက်အောင် နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့၊ ပစ္စယပရိဂ္ဂဟ ဉာဏ် နှစ်ပါးရအောင် ကြိုးစားရမယ်။ ဒိဋ္ဌိကင်းစို့ရန် အတွက်။

ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ထိုဒိဋ္ဌိတွေသို့လဲ။

အနုပဂ္ဂမ္မ၊ မကပ်ရောက်မူ၍။

“နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ်, ဥဒယဗ္ဗယ ဉာဏ်တိုင်အောင်ရောက်ယင် အဲဒီဒိဋ္ဌိတို့ မကပ်ဘူးဆိုတာ မှတ်ပါလေနော်။”

“မှန်ပါဘုရား။”

“ဒီနေရာ ဝိပဿနာတော့ မဟောကြစို့နဲ့တော့ ဒီလောက်ပဲထားမှနော်။”

“မှန်ပါဘုရား။”

“မေတ္တာဦးတည်ပြီးတော့ ပြောတာဆိုတော့ ဝိပဿနာကို အသာလေးထားခဲ့။ တရားပွဲတိုင်း ဝိပဿနာက ပါပါတယ်။”

“မှန်ပါဘုရား။”

**“ကာမတဏှာပယ်လိုခြင်း နဲ့ ဒိဋ္ဌိကင်းအောင်”**

ဒါကြောင့်....

ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်ရောက်မူ၍။ သီလဝါ၊ သီလနဲ့ပြည့်စုံ၍နေပေသော။ ဒဿနေန၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဆိုတဲ့ အသိဉာဏ်ဖြင့်။ သမ္ပန္နော၊ ပြည့်စုံ၍နေပေသော။

ဒိဋ္ဌိကင်းတဲ့ပုဂ္ဂိုလ်၊ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ဒဿနသမ္ပန္န-ဝိပဿနာဉာဏ်မဂ်ဉာဏ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်သည်။

“ကာမေသု ဝိနေယျ ဂေဓံ။”

ကာမေသု၊ ဝတ္ထုအာရုံ ကာမဂုဏ် တရားတို့ရဲ့အပေါ်။ ဂေဓံ၊ တပ်မက်နေတဲ့ တဏှာလောဘကို။ ဝိနေယျ၊ ပယ်ဖျောက်၍။

ကာမကိုလိုချင်တဲ့ တဏှာကိုလဲ ပယ်ဆိုတော့ ကာမဂုဏ်ရဲ့ အပြစ်က ဆယ့်တပါး ဒီနေရာ ဟောရမယ်။ ဒိဋ္ဌိကင်းအောင် ဆိုယင် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ဥဒယဗ္ဗယ ဉာဏ်ဆိုတဲ့ ဝိပဿနာရှုကွက် ဒီနေရာ ဟောရမယ်။

'ဒဿနေန သမ္ပန္နော' ဆိုတာက ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖြစ်တာကိုဆိုပါတယ်၊ သီလဝါဆိုတာက သီလနဲ့ပြည့်စုံတာကို ပြောတယ်။

"ဝိပဿနာဉာဏ်ရဲ့ အခြေခံ၊ သောတာပန်ဖြစ်တဲ့ အထိ၊ ဘုရားညွှန်လိုက်တယ်နော်။"

"မှန်ပါဘုရား။"

## "ရဟန်းတော်ငါးရာတို့အား ဝိပဿနာကမ္မဋ္ဌာန်း ဗုဒ္ဓဟောကြားခြင်း"

ဒိဋ္ဌိဥ္စ၊ အတ္တဒိဋ္ဌိသို့လဲပဲ။ အနုပဂ္ဂမ္မ၊ မကပ်ရောက်မူ၍။ သီလဝါ၊ ပါတိမောက္ခသံဝရသီလအစရှိတဲ့ စာတုပါရိသုဒ္ဓိလေးဖြာ သိက္ခာသီလနှင့်ပြည့်စုံ၍ နေပေထသော။ ဒဿနေန၊ ဝိပဿနာ ဉာဏ် မဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံ၍နေပေထသော။ ကုလ ပုတ္တော၊ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။

ကာမေသု၊ ဝတ္ထုအာရုံ ကာမဂုဏ်တရားတို့၌။ ဂေဓံ၊ တပ်မက်နေတဲ့ဘဏှာလောဘကိုလဲပဲ။ ဝိနေယျ၊ ကာမဂုဏ်ရဲ့ အပြစ်တဆယ့်တပါးရှုသဖြင့် ပယ် ဖျောက် တော် မူ ကြ ကုန် ၍ (ဝါ) ပယ်ဖျောက်နိုင်ကြမယ်ဆိုယင်။ ဇာတု၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဂဗ္ဘသေယျံ၊ နောက်ထပ်တဖန် ပဋိသန္ဓေနေ

ခြင်းဆိုတဲ့ ဇာတိဒုက္ခထဲကို။ ပုန၊ နောက်ထပ်တဖန်။ နဥပေတိ၊ ဘယ်လိုနည်းနဲ့မှ မရောက်နိုင်တော့ပါ။

ဤတ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်သည်။ တေသံ ပဉ္စသတာနံ ဘိက္ခူနံ၊ ထို မေတ္တာ ကမ္မဋ္ဌာန်း မစီးဖြန်းလို့ ရုက္ခစိုးတွေ နှင်ထုတ်လိုက်တဲ့ ရဟန်း တော်ငါးရာတို့အား။ ဝိပဿနာကမ္မဋ္ဌာနံ၊ သောတာပန်ဖြစ် တဲ့ သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်တိုင် ညွှန်ကြားတော်မူတဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို။ ကထေသိ၊ ကရုဏာရှေ့ထား မေတ္တာ အားဖြင့် ဟောကြားတော်မူခဲ့ပါပေတော့သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

**"ရဟန်းတော်ငါးရာ ကမ္မဋ္ဌာန်း(၂)မျိုးယူ၍ တောတွင်းပြန်ကြ"**

မေတ္တာရဲ့နောက်နားက ဝိပဿနာတရားကို အထွတ်တင်လို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ် ညွှန် ကြားတော်မူပြီးတဲ့အခါကျတော့မှ ထိုကိုယ်တော် အရှင်မြတ် ငါးရာတို့သည် ဘုရားရှင်ထံတော်မှ ရယူခဲ့တဲ့-

(၁) မေတ္တာကမ္မဋ္ဌာန်းရယ်

(၂) ဒိဋ္ဌိပြုတ်ကြောင်း ကာမဂုဏ်တွေ ကင်းရှင်း ကြောင်း ဆိုတဲ့ဝိပဿနာကမ္မဋ္ဌာန်းရယ်

"ကမ္မဋ္ဌာန်း ဘယ်နှစ်မျိုးသင်သွားသလဲ။"

"နှစ်မျိုးပါဘုရား။"

"ဝိပဿနာကမ္မဋ္ဌာန်း နဲ့ မေတ္တာကမ္မဋ္ဌာန်း, နှစ်ခု မဟုတ် လား။"

"မှန်ပါဘုရား။"

အေး....အဲဒီ မေတ္တာကမ္မဋ္ဌာန်း နဲ့ ဝိပဿနာ ကမ္မဋ္ဌာန်း နှစ်ပါးကို-

ဥဂ္ဂဟေတွာ၊ သင်ယူတော်မူကြကုန်ပြီး၍။ သကဋ္ဌာနမေဝ၊ မိမိလာခဲ့တဲ့ ထိုတောအုပ်သို့သာလျှင်။ အာဂမန္တွာ၊ ပြန်ကြွ တော်မူကြကုန်ပြီ။

"သူတို့လာတဲ့ တောအုပ် သူတို့ကို ဘုရားကပြန်လွှတ်တော့ ထိုကိုယ်တော်ငါးရာ ထိုတောအုပ်ကြီးထဲ ပြန်သွားရတယ်ဗျ။"

"မှန်ပါဘုရား။"

တောထဲရောက်တော့ ဒုတိယဝါမှာ ထိုကိုယ်တော်မြတ်တွေ ဝါဆိုမီသွားတယ်။

ဒါကြောင့်....

"ဒီကနေ့ခေတ် မှန်းခြေနဲ့ မေတ္တာအခါတော်နေ့ လို့ ဝါခေါင်လပြည့်နေ့ကို သတ်မှတ်သပေါ့ဗျနော်။"

"မှန်ပါဘုရား။"

အဲ...တောထဲပြန်ရောက်တော့ ကိုယ်တော်တွေ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်မယ့် ကိုယ်တော်ရှင်မြတ် ငါးရာတို့သည် တောထဲရောက်တာနဲ့တပြိုင်နက် သစ်တပင်ရင်း ဝါးတပင်ရင်းမှာ တပါးစီတပါးစီခွဲဝေ သီတင်းသုံးလို့-

"သစ်ပင်ငါးရာမှာ ကိုယ်တော်ငါးရာ စီကာရီကာနဲ့ ဝါ ခေါင်လပြည့်နေ့ ညနေစောင်း,ထိုင်ကြပြီဗျနော်။"

"မှန်ပါဘုရား။"

"မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကြပြီ"

အေး....သစ်ဘပင်ရင်း ဝါးတပင်အောက် တပါးစီ တပါးစီ ထိုင်တော်မူကြပြီးတဲ့အခါကျတော့မှ မေတ္တာကမ္မဋ္ဌာန်း ဘယ်က စ, စီးဖြန်းကြမလဲ။

"ယဿာနုဘာဝတော"လား, မဟုတ်ဘူး တို့ပရိသတ် ထို ကိုယ်တော်တွေ တောထဲ မေတ္တာစီးဖြန်းတာဟာလေ၊ဘုန်းကြီး ရွတ်ထားတယ်။"

"သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

အဲဒီကစ, မေတ္တာ နော်။"

"မှန်ပါ ဘုရား။"

"ရှေ့နားက "ကရဏီယမတ္တကုသလေန" ကစပြီး, "ကုလေ သွ'နနုဂိဒ္ဓေါ"ထိက ပုဗ္ဗဘာဂပဋိပဒါ ဆယ့်လေးပါးညွှန်ကြား တာ။"

"မှန်ပါဘုရား။"

"အဲဒါ ဘုရားက ညွှန်ကြားတာ၊ ထို ကိုယ်တော်တွေက ဒါထပ်ညွှန်ဖို့လိုသေးသလား။"

"မလိုတော့ပါဘုရား။"

"ကိုယ်တိုင်ကျင့်သုံးဖို့ပဲ ကျန်တော့,မဟုတ်လား။"

"မှန်ပါဘုရား။"

အဲဒီ ပဋိပဒါဆယ့်လေးပါး ကိုယ်တိုင်ကျင့်သုံးလို့ ပြည့်စုံတဲ့ အခါ ကိုယ်တော်ငါးရာ-

"သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ။
ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာဝ'နဝသေသာ။ ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာအဏုကထူလာ။
ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။ ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

"အဲဒီမှာ မေတ္တာကမ္မဋ္ဌာန်း ဆိုတယ်။ "မာတာ ယထာ နိယံပုတ္တံ" ကဥယျောဇဉ်အနေနဲ့ တိုက်တွန်းတာ၊ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"တိဋ္ဌံ စရံ နိသိန္နော" ဆိုတာက ဗြဟ္မဝိဟာရမည်ကြောင်းကို ဖော်ပြတာ။ "ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ" ဆိုတာက ဝိပဿနာကမ္မဋ္ဌာန်းကို ညွှန်ကြားတာ။ ဒီလိုမဟုတ်လား။

"မှန်ပါဘုရား။"

"ရုက္ခစိုးနတ်တို့၏ ကိုးကွယ်ဆည်းကပ်မှု ရရှိလာကြပြီ"

အေး....ဒါကြောင့် ကိုယ်တော်ရှင်မြတ်ငါးရာ မေတ္တာကမ္မဋ္ဌာန်း ရှေးဦးစွာ ပွားများအားထုတ် ကြိုးကုတ်တော်မူကြတဲ့အခါ ထိုတောထဲရှိနေတဲ့ ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်, အာကာသစိုးနတ်တွေက ချစ်လိုက်ကြတာ၊ ကြည်ညိုလိုက်ကြတာ။

"ဪဒီကိုယ်တော်တွေ တို့ရဲ့ကောင်းကျိုး တကယ်လိုလားကြပါတယ်။ တို့ရဲ့ကောင်းကျိုး တကယ်လိုလားတဲ့ ကိုယ်တော်တွေပဲ၊ တို့က ထိုကိုယ်တော်တွေ တောထဲကနှင်ထုတ်မိတာ မှားလေခြင်း" ဆိုပြီးတော့....

## "မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကြပုံ"

အေး....သစ်ဘပင်ရင်း ဝါးတပင်အောက် တပါးစီ တပါးစီ ထိုင်တော်မူကြပြီးတဲ့အခါကျတော့မှ မေတ္တာကမ္မဋ္ဌာန်း ဘယ်က စ, စီးဖြန်းကြမလဲ။

"ယဿာနုဘာဝတော"လား, မဟုတ်ဘူး တို့ပရိသတ် ထို ကိုယ်တော်တွေ တောထဲ မေတ္တာစီးဖြန်းတာဟာလေ၊ဘုန်းကြီး ရွတ်ထားတယ်။"

"သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

အဲဒီကစ, မေတ္တာ နော်။"

"မှန်ပါဘုရား။"

"ရှေ့နားက "ကရဏီယမတ္ထကုသလေန" ကစပြီး, "ကုလေ သွ'နနုဂိဒ္ဓေါ"ထိက ပုဗ္ဗဘာဂပဋိပဒါ ဆယ့်လေးပါးညွှန်ကြား တာ။"

"မှန်ပါဘုရား။"

"အဲဒါ ဘုရားက ညွှန်ကြားတာ၊ ထိုကိုယ်တော်တွေက ဒါထပ်ညွှန့်ဖို့လိုသေးသလား။"

"မလိုတော့ပါဘုရား။"

"ကိုယ်တိုင်ကျင့်သုံးဖို့ပဲ ကျန်တော့,မဟုတ်လား။"

"မှန်ပါဘုရား။"

အဲဒီ ပဋိပဒါဆယ့်လေးပါး ကိုယ်တိုင်ကျင့်သုံးလို့ ပြည့်စုံတဲ့ အခါ ကိုယ်တော်ငါးရာ-

"သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ။
ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာဝ'နဝသေသာ။ ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာအဏုကထူလာ။
ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။ ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။"

"အဲဒီမှာ မေတ္တာကမ္မဋ္ဌာန်း ဆုံးတယ်။ "မာတာ ယထာ နိယံပုတ္တ" ကဥယျောဇဉ်အနေနဲ့ တိုက်တွန်းတာ၊ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"တိဋ္ဌံ စရံ နိသိန္နော"ဆိုတာက ဗြဟ္မဝိဟာရမည်ကြောင်းကို ဖော်ပြတာ။ "ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ"ဆိုတာက ဝိပဿနာကမ္မဋ္ဌာန်းကို ညွှန်ကြားတာ။ ဒီလိုမဟုတ်လား။

"မှန်ပါဘုရား။"

**"ရုက္ခစိုးနတ်တို့၏ ကိုးကွယ်ဆည်းကပ်မှု ရရှိလာကြပြီ"**

အေး....ဒါကြောင့် ကိုယ်တော်ရှင်မြတ်ငါးရာ မေတ္တာကမ္မဋ္ဌာန်း ရှေးဦးစွာ ပွားများအားထုတ် ကြိုးကုတ်တော်မူကြတဲ့အခါ ထိုတောထဲရှိနေတဲ့ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ်တွေက ချစ်လိုက်ကြတာ၊ ကြည်ညိုလိုက်ကြတာ။

"သြော်ဒီကိုယ်တော်တွေ တို့ရဲ့ကောင်းကျိုး တကယ်လိုလားကြပါတယ်။ တို့ရဲ့ကောင်းကျိုး တကယ်လိုလားတဲ့ ကိုယ်တော်တွေပဲ၊ တို့က ထိုကိုယ်တော်တွေ တောထဲကနှင်ထုတ်မိတာ မှားလေခြင်း"ဆိုပြီးတော့....

"နတ်တွေဆင်းပြီး ကန်တော့ကြတယ်၊ တို့ပရိသတ်ရေ။"

"မှန်ပါဘုရား။"

"စောစောကတော့ ဒီကိုယ်တော်တွေကြောင့် အနှောက်အယှက်ဖြစ်တယ်။"

"မှန်ပါဘုရား။"

"အခုတော့ ဒီကိုယ်တော်တွေက ကောင်းကျိုးလိုလားတဲ့စိတ်တွေ ပွားနေကြပြီမဟုတ်လား။"

"မှန်ပါဘုရား။

မေတ္တာဆိုတာ ကောင်းကျိုးလိုလားတဲ့ စိတ်၊ ဟိတဖရဏစိတ်၊ ဟိတူပသံဟာရစိတ်၊ ဟိတကာမစိတ်၊ အဲဒီလို ကောင်းကျိုးလိုလားတဲ့စိတ်ကို ပွားများကြောင်းသိတော့မှ နတ်တွေအထင်မှားမိခဲ့သမျှ ဆင်းပြီးတော့ ကန်တော့တယ်။

ကန်တော့ပြီးတော့မှ "တဝါတွင်းလုံး အရှင်ဘုရားတို့ ချမ်းချမ်းသာသာ အားထုတ်တော်မူကြပါဘုရား၊ တပည့်တော်များ သည်းခံ၍ သစ်ပင်ဖရင်းမှာပဲ နေပါ့မယ်၊ အရှင်ဘုရားတို့အတွက် ကပ္ပိယကာရက တခြားမရှာပါနဲ့တော့ ဘုရား"တဲ့။

ရေပူရေချမ်း ဘာမှမလိုဘူး၊ နတ်တွေက အကုန်တည်ပေး၊ ရေးချိုးရေလိုလဲ ခပ်ပေးတယ်၊ သုံးရေလိုလဲ ခပ်ပေးတယ်၊ သောက်ရေလိုလဲ ခပ်ပေးတယ်၊ ရေနွေးလိုချင်တယ်ဆိုလဲ တည်ပေးတယ်၊ အဲဒီနတ်တွေ။

**"နတ်တို့စောင့်ရှောက်မှုရအောင် ကန်တော့ပွဲ ပေးနေရမလား"**

အဲဒီလို ရေပူရေချမ်း ကမ်းလှမ်းပြီးတော့ သားရဲတိရစ္ဆာန်တွေရှိဘေးက ကာကွယ်စောင့်ရှောက်၊ ဖျားတယ် နာတယ် ပင်

ပန်းတယ်ဆိုတဲ့ ကိုယ်တော်တွေကို ပြုစုံ၊ နတ်တွေက 'ဂိလာန ဥပဋ္ဌာကလဲ'ဖြစ်တယ်၊ 'ဝေယျာဝစ္စကာရက'လဲဖြစ်တယ်၊ 'ကပ္ပိယ ကာရက'လဲ ဖြစ်တယ်။

"တို့ပရိသတ်....နတ်တွေကပ္ပိယကာရက,ဝေယျာဝစ္စကာရက တွေဖြစ်အောင် ကန်တော့ပွဲနဲ့ လုပ်တာလား။"

"မဟုတ်ပါဘုရား။"

"မေတ္တာနဲ့ လုပ်လိုက်ကြတာနော်။"

"မှန်ပါဘုရား။"

သက္ကော စ၊ စွမ်းနိုင်ရသည်လည်း။ အဿ၊ ဖြစ်ရမယ်။

"ဘာတွေ စွမ်းရမှာလဲ၊ မနေ့ကပြောခဲ့တယ်၊ သက္ကောတဲ့, စွမ်းရမယ်တဲ့, ထိုကိုယ်တော်ရှင်မြတ်ငါးရာ ဘာတွေစွမ်း- ပယောဂဆေးပေးတာ စွမ်းသလား။"

"ထိုကိုယ်တော်တွေ မစွမ်းပါ ဘုရား။"

"ကန်တော့ပွဲပေးတာ စွမ်းသလား, ဒီကိုယ်တော်တွေ။"

"မဟုတ်ပါ ဘုရား။"

"တောင်ဝှေးနဲ့တို့တဲ့နေရာ စွမ်းသလား၊ ဒီကိုယ်တော်တွေ။"

"မဟုတ်ပါ ဘုရား။"

"သက္ကော စ-မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းတဲ့နေရာမှာ တကယ် စွမ်းတဲ့ကိုယ်တော်တွေ၊ စွမ်းကြတယ်, မဟုတ်လား။"

"မှန်ပါ, စွမ်းပါတယ် ဘုရား။"

"အေး....ထိုကိုယ်တော်တွေ နှလုံးသားထဲ စွမ်းတဲ့အစွမ်း အပေါ်ယံအာတီဖစ်ရှယ်တွေ မဟုတ်ဘူးနော် တို့ပရိသတ်။"

"မှန်ပါ ဘုရား။"

## "ရဟန်းတော်ငါးရာ ရဟန္တာဖြစ်သွားကြပြီ"

"အေး....ဒါကြောင့် သဏ္ဍာစ္စ နှလုံးသားထဲက ထွက်လာတဲ့ တကယ့်စွမ်းရည်တွေပါ၊ ဘယ်လောက်ကောင်းသလဲ တို့ပရိသတ်နော်။"

"မှန်ပါ ဘုရား။"

အေး....အဲဒီအစွမ်းမျိုးက သာသနာတော်ထဲက အစွမ်းလို့ မှတ်လေ။ ဘုရားညွှန်ကြားတဲ့အစွမ်း ဒါမျိုးကို ထုတ်ရမယ်။ ဘုရားမညွှန်ကြားတဲ့ သာသနာအပြင်ဘက်က စွမ်းရည်တွေ သာသနာတော်ထဲမှာ ထုတ်ယင်၊ သက္ကပုဂ္ဂိုလ်မဟုတ်တော့ဘူး နော်။

ဒါကြောင့်မို့ ထိုကိုယ်တော်တွေ နတ်တွေကိုကပ္ပိယကာရကအဖြစ်နဲ့ သီတင်းသုံး၊ တဝါတွင်းလုံး ဝိပဿနာကမ္မဋ္ဌာန်းပွားများကြိုးကုတ် အားထုတ်တော်မူကြရာတွင်....

တော နေဝန္တရ ဝသေန၊ ထို ဝါတွင်း မှာ ပင် လျှင်။ တေပဉ္စသတာဘိက္ခူ၊ ထိုငါးရာသော ရဟန်းတော်အပေါင်းတို့သည်။ အာသဝက္ခယံ၊ အာသဝေါကင်းကွာတဲ့ ရဟန္တာအဖြစ်သို့။ ပါပုဏိံသု၊ ကောင်းစွာမသွေ ဆိုက်ရောက်တော်မူကြလေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

## "မေတ္တာခြံမှ လုံတယ်"

"ဒီတော့ ကိုယ်တော်ရှင်မြတ်တွေရဲ့အကျိုးတရား လက်တွေ့ဘာ ရသွားသလဲဆိုတော့ နတ်များချစ်ခင်ခြင်းဆိုတဲ့ အကျိုးမရ-ါလား။"

"ရသွားပါ ဘုရား။"

"ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမယ်ဆိုယင် ရှေးဦးစွာ မေတ္တာတော့ မမေ့ရဘူး တို့ပရိသတ်ရေ။"

"မှန်လှပါ ဘုရား။"

"မြို့ထဲနေနေ တောထဲနေနေ မေတ္တာခြံမှ လုံတယ်၊ ဟုတ်လား။"

"မှန်ပါ ဘုရား။"

အေး....ဒါကြောင့်....

"အရပ်ဒိသာ၊ ဆယ်မျက်နှာ၊ မေတ္တာဝေပှ သင့်ကြမည်။"

"မေတ္တာဝတ်လုံ၊ တူတူရုံ၊ ခြုံကြပါမှ တော်လိပ့်မည်။"

"ကိုယ်စိတ်နှစ်ပြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။"

"တရားနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။"

"အဲဒါ တို့ပရိသတ် ကိုယ်ခံဆေးမှာ အကောင်းဆုံးပေါ့ ဗျ၊ နော်။"

"မှန်ပါ ဘုရား။"

တို့ပရိသတ်က အဲဒါတော့ မဆောင်ဘူး၊ ချိတ်လိုက်တာက လည်ပင်း တို့လို့တွဲလောင်း စုံနေတာပဲ တခါတည်းကို။ အင်္ကျီအိတ်လဲပြည့်လို့၊ ခါးပန်းကြိုးထဲလဲ ပြည့်နေတာပဲ၊ ဟုတ်တယ် မဟုတ်လား, ရှင်သီဝလိ ခုအထိ ဒုက္ခဖြစ်တုန်းမဟုတ်လား။

"မေတ္တာဝတ်လုံ၊ တူတူရုံ၊ ခြုံကြပါမှ တော်လိမ့်မည်။"

"တို့ပရိသတ် ဘာကိုခြုံထားယင် လုံသတဲ့။"

"မေတ္တာခြုံမှ လုံမှာပါ ဘုရား။"

"အေး....မေတ္တာဝတ်ရုံကို ခြုံရမယ်, ဟုတ်ပလား။"

"မှန်ပါ ဘုရား။"

ကိုင်း....ဆိုလိုက်ကြစမ်း။

"မေတ္တာဝတ်လုံ၊ တူတူရုံ၊ ခြုံကြပါမှ တော်လိမ့်မည်။"

[ဓမ္မယောဂီများ လိုက်ဆို။]

"အရပ်ဒိသာ၊ ဆယ်မျက်နှာ၊ မေတ္တာဝေမှ သင့်ကြမည်။"

[ဓမ္မယောဂီများ လိုက်ဆို။]

"ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။"

[ဓမ္မယောဂီများ လိုက်ဆို။]

"တရားနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။"

[ဓမ္မယောဂီများ လိုက်ဆို။]

"လောဘဒေါသ၊ မိုက်မောဟ၊ ပယ်ကြပါမှ တော်လိမ့်မည်။"

[ဓမ္မယောဂီများ လိုက်ဆို။]

## "သီလနဲ့မေတ္တာ ပြည့်စုံပါမှ"

အေး....အရပ်ဒိသာ ဆယ်မျက်နှာ မေတ္တာဝေမှ အေးလိမ့်မည်၊ လောဘဒေါသ မိုက်မောဟ ပယ်ကြပါမှ ဒီလောက အေးလိမ့်မယ်၊ မေတ္တာဝတ်ရုံခြုံထားမှလုံလိမ့်မယ်။ အေးလိမ့်မယ်ဆိုတာ မှတ်ပါ။ အပေါ်ယံအားကိုးရာတွေနဲ့တော့ စိတ်မချရဘူးဆိုတာ မှတ်ပါ။

"ကိုယ်ဇတ်ငါးရာ တော်ထဲသွားတာ သီလနဲ့ပြည့်စုံသားပဲ, မဟုတ်လား။"

"မှန်ပါ, ပြည့်စုံပါဘုရား။"

သီလနဲ့ပြည့်စုံသားနဲ့ နတ်တွေနှင်ထုတ်လိုက်တာဟာ မေတ္တာ မရှိလို့နော်။"

"မှန်ပါဘုရား။"

"ဒါကြောင့် သီလပြည့်စုံရုံနဲ့ မလုံသေးဘူးနော်။"

"မှန်ပါဘုရား။"

"ဘာသီလမှမရှိပဲ အပေါ်ယံအားကိုးစရာတွေ ဗလပွေချိတ် နေပုံလောက်တော့ တို့ပရိသတ် ဘာပြောစရာရှိတော့မလဲ။"

"မှန်ပါဘုရား။"

"ဒါကြောင့် သီလပြည့်စုံတဲ့ ရဟန်းတော်ငါးရာတောင်မှ နတ်တွေနှင်ထုတ်တာခံရသေးယင် အေး....သီလလဲမရှိ၊ မေတ္တာ ဆိုတဲ့သမာဓိလဲ မရှိဆိုယင် တို့ပရိသတ်၊ သမင်းသာထား။"

"မှန်ပါဘုရား။"

"မေတ္တာအကျိုး(၁၁)မျိုးရှိတယ်"

ကိုယ်တော်ရှင်မြတ်ငါးရာ ရဟန္တာ ဖြစ်ကြပြီဆိုတဲ့အခါ ရောက်တော့ အကျိုးတရားတိုက်ရိုက်ပေါ်ပြယင် နတ်တွေချစ် ခြင်းဆိုတဲ့အကျိုး ဒီနေရာမှာ ပြတယ်၊ ဒီတော့ မေတ္တာအကျိုး တဆယ့်တမျိုးကို ဘုန်းကြီးတို့ ဧကဒသကနိပါတ်အင်္ဂုတ္တိုရ်ပါဠိ တော်လာတဲ့သုတ္တန်တခုဖြင့် တိုတိုချုပ်ပြီးတော့။

"ဒီနေရာမှာ တို့ပရိသတ်ရေ၊ နိဂုံးချုပ်ရအောင်နော်။"

"မှန်ပါဘုရား။"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။

မေတ္တာယစေတောဝိမုတ္တိယာ၊ မေတ္တာဆိုတဲ့ စေတောဝိမုတ္တိ ဖြင့်။

မေတ္တာကို စေတောဝိမုတ္တိလို့ သုံးတယ်၊ စေတောဝိမုတ္တိဆိုတာ စိတ်ရဲ့လွတ်မြောက်လာတာကို စေတောဝိမုတ္တိ၊ စိတ်ဘယ်ကလွတ်သွားတုန်းဆိုယင်၊ ဒေါသရဲ့နယ်ပယ်က လွတ်သွားတယ်။

"တို့ပရိသတ်, ဘယ်က လွတ်သွားသလဲ။"

"ဒေါသက လွတ်သွားတာပါဘုရား။"

"အေး....ဒေါသရဲ့စက်ဝိုင်းထဲက လွတ်မြောက်သွားတာကို စေတောဝိမုတ္တိ ခေါ်တယ်။" ဒါကြောင့်....

မေတ္တာယစေတောဝိမုတ္တိယာ၊ မေတ္တာစေတောဝိမုတ္တိလို့ခေါ်တဲ့ ဟောဒီအဒေါသတရားဖြင့်။ ကေဒသကာ နိသံသာ၊ တဆယ့်တပါးသောအာနိသင်တို့ကို။ ပါတိကခ်ါ၊ မုချမသွေ ရထိုက်ပေကုန်တော့၏။

မေတ္တာစေတောဝိမုတ္တိလို့ခေါ်တဲ့ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် အကျိုးတရား တဆယ့်တပါးဆိုတာ ရနိုင်တယ်,ချစ်သားတို့တဲ့။ အဲဒီအကျိုးတရား တဆယ့်တပါးက ဘာတွေတုန်းဆိုလို့ရှိယင်....

"**ကောင်းမွန်သော အိပ်ရခြင်း,နိုးခြင်း,မြင်မက်ခြင်း**"

(၁) သုခံ သုပတိ၊

သုခံ၊ ချမ်းချမ်းသာသာ။ သုပတိ၊ အိပ်ရလေ၏။

အိပ်တဲ့အခါ ချမ်းချမ်းသာသာ အိပ်ရပေလိမ့်မယ်။ လူးလူးလှိမ့်လှိမ့် ညည်းညည်းညူညူ အော်အော်ဟစ်ဟစ်ကြီး အော်သလိုတခူးခူးတခေါ်ခေါ်နဲ့ ဒီလိုမဟုတ်ဘူးတဲ့။ အိပ်နေတဲ့ပုံကြည့်လိုက်ရယင် သမာပတ်ဝင်စားနေသလိုပဲ ငြိမ်လို့။ အံသွားကြိတ်ခြင်း၊ လူးခြင်း၊ လှိမ့်ခြင်းမရှိဘူး။

(၂) သုခံ ပဋိဗုဇ္ဈတိ။

သုခံ၊ ချမ်းချမ်းသာသာ။ ပဋိဗုဇ္ဈတိ၊ အိပ်ရာမှ နိုးရလေ၏။

အိပ်ရာမှနိုးပြန်တော့လဲ အဲဒီလူရဲ့ မျက်နှာ ကြည့်လိုက်စမ်းပါ၊ ကြည့်ပြီးတော့ ရွှင်ရွှင်ပြပြ အိပ်ရာက ထလာတယ်။ အိပ်ရာကထလာ ခေါင်းမူးလာရတာနဲ့ ခါးနာလာရတာနဲ့ ဗိုက်နာလာရတာနဲ့ မရှိဘူး၊ ခါးကြီးတွန့်လိမ်ပြီးတော့ ဒီလိုလဲပဲ မရှိဘူးတဲ့။

သုခံ၊ ချမ်းချမ်းသာသာ။ ပဋိဗုဇ္ဈတိ၊ အိပ်ရာမှနိုးရလေ၏။

(၃) နပါပကံ သုပိနံ ပဿတိ။ ပါပကံ၊ ယုတ်မာလှစွာသော။ သုပိနံ၊ အိပ်မက်ကိုလဲပဲ။ နပဿတိ၊ မမြင်မက်ပါ။

အိပ်မက်မက်တဲ့အခါကျတော့လဲ မကောင်းတဲ့အိပ်မက်ဆိုး ဘယ်တော့မှ မမက်ဘူးဆိုတာ မှတ်လေ။ အိမ်ကြီးမီးလောင်သွားတာ တွေ့ရပြန်ပြီတဲ့၊ အိမ်ခေါင်မိုးတွေစွဲနေပြန်ပြီတဲ့၊ အမယ်လေး....မြွေကြီးတက်လာသတဲ့၊ ခွေးတွေက နောက်က လိုက်ကိုက်လို့တဲ့၊ အဲဒီလို အိပ်မက်မျိုး ဘယ်တော့မှ မလာဘူး။

အသုဘအလောင်းကြီး ချသွားတာ မြင်ရသတဲ့ မရှိဘူး။ ဘုရားတည်ရတာတို့၊ ကျောင်းဆောက်ရတာတို့၊ တရားသွားနာရတာတို့၊ စေတီပန်းတင်ရတာတို့၊ ဆွမ်းပူဇော်ရတာတို့၊ ရွှေစက်တော်ရောက်သွားတာတို့၊ ကျိုက်ထီးရိုးဖူးလိုက်ရတာတို့၊ အဲဒီလို အိပ်မက်မျိုး ချမ်းချမ်းသာသာ မက်တယ်။

"ဟုတ်ပလား။"

"မှန်ပါဘုရား။"

"ဘယ်နှစ်မျိုးရပြီလဲ"

"သုံးပါး ရပါပြီဘုရား။"

"အကျိုးတရားသုံးပါး။"

သုခံ၊ ချမ်းချမ်းသာသာ။ သုပတိ၊ အိပ်ရ၏။ သုခံ၊ ချမ်းချမ်းသာသာ။ ပဋိဗုဇ္ဈတိ၊ အိပ်ရာမှနိုးရ၏။ ပါပကံ၊ ယုတ်မာစွာ။ သုပိနံ၊ အိပ်မက်ဆိုးတွေကိုလဲပဲ။ နပဿတိ၊ ဘယ်တော့မှ အိပ်မက်မမက်ပါလေ။

"လူရောနတ်ပါ ချစ်ခင်နှစ်သက်ခြင်း"

(၄) မနုဿာနံ ပိယော ဟောတိ။

မနုဿာနံ၊ လူတို့ရဲ့။ ပိယော၊ ချစ်ခြင်းကိုလဲ ခံရသည်။ ဟောတိ၊ ဖြစ်၏။

မြင်မြင်သမျှသူ ရှင် လူ အ ပေါင်း တို့ က အဲဒီပုဂ္ဂိုလ်ကို ချစ်တယ်။

(၅) အမနုဿာနံ ပိယော ဟောတိ။

အမနုဿာနံ၊ နတ်တွေ ဂုမ္ဘာန်တွေ ယက္ခတွေကလဲပဲ။ ပိယော၊ ချစ်သည်။ ဟောတိ၊ ဖြစ်၏။

(၆) ဒေဝတာ ရက္ခန္တိ။

ဒေဝတာ၊ နတ်အပေါင်းတို့ကလဲ။ နံ၊ ထိုမေတ္တာပွားနေတဲ့ ပုဂ္ဂိုလ်ကို။ ရက္ခန္တိ၊ စောင့်ရှောက်ကြကုန်၏။

နတ်တွေ အမြဲတမ်းစောင့်တယ်။ "ဘယ်နှစ်ပါးရ...."

"ခြောက်ပါး ရပါပြီ ဘုရား။"

"ဘေးအန္တရာယ် ကင်းရှင်းခြင်း"

(၇) နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ။

အဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ အဂ္ဂိ ဝါ၊ မီးသည်လည်း။ နကမတိ၊ မလောင်ပါလေ။

ထိုပုဂ္ဂိုလ်ရဲ့စီးပွားဥစ္စာတွေ ဘယ်တော့မှ မီးမလောင်ဘူး။

အသ●ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ဝိသံ၊ အဆိပ်သည်။ နကမတိ၊ မနှိပ်စက်ပါလေ။

အဲဒီပုဂ္ဂိုလ်အား အဆိပ်ရှိတဲ့သတ္တဝါတွေ ဘယ်တော့မှ မကိုက်နိုင်ဘူးဆိုတာ သေချာတယ်၊ မီးလဲ မလောင်ဘူး။ အဆိပ်ရှိတဲ့သတ္တဝါများလဲ မနှိပ်စက်ဘူးတဲ့။

"မန္တာန်ရဲ့စွမ်းရည်နဲ့တော့ ခပ်ဆင်ဆင်တူတယ်၊ လုပ်နည်းသာ ကွာတယ်နော်။"

"မှန်ပါ ဘုရား။"

"အဲဒါကြောင့်မို့ ဘုရားရဲ့ဘာဝနာကို မန္တာန်နဲ့ရောရောပြီးတော့ တချို့သုံးပြီးတော့နေတတ်တယ်၊ စွမ်းရည်တန်ခိုးအကျိုးက ခပ်ဆင်ဆင်တူသကိုးဗျ။"

"မှန်ပါ ဘုရား။"

မီးလဲ မလောင်ဘူး၊ မြွေတို့ကင်းတို့ဆိုတဲ့ အဆိပ်ရှိတဲ့သတ္တဝါတွေလဲ မကိုက်ဘူးတဲ့၊ ဒါကြောင့် အဆိပ်ကလဲပဲ အဲဒီပုဂ္ဂိုလ်အား 'နကမတိ' မသင့်ပါလေ။

သတ္ထံဝါ၊ လက်နက်အမျိုးမျိုးနဲ့လဲပဲ။ နကမတိ၊ ဒီလူ ဘယ်တော့မှ မသေနိုင်ပါ။

လက်နက်ဘေးနဲ့လဲ ဒီလူ မသေနိုင်ဘူးဆိုတာ, မှတ်လေ။

"ဘယ်နှစ်ချက်...."

"ကိုးချက် ရပါ ဘုရား။"

"ကြည်ကြည်လင်လင် ရှင်ရှင်ပျပျ ဖြစ်ရခြင်း"

(၈) တုဝဋ္ဋံ စိတ္တံ သမာဓိယတိ။

တုဝဋ္ဋံ၊ လျင်လျင်မြန်မြန်။ စိတ္တံ၊ စိတ်သည်လဲ။ သမာဓိယတိ၊ တည်ကြည်၏။

ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့အခါ စိတ်ဓာတ် တည်ငြိမ်ခြင်း ဆိုတဲ့ သမာဓိလဲပဲ မြန်မြန်ရတယ်။

(၉) မုခဝဏ္ဏော ဝိပ္ပသီဒတိ။

မုခဝဏ္ဏော၊ မျက်နှာအဆင်းကလဲပဲ။ ဝိပ္ပသီဒတိ၊ အထူးသဖြင့် ကြည်လင်၏။

မေတ္တာခြံနေတဲ့ ထိုပုဂ္ဂိုလ်ရဲ့မျက်နှာ အမြဲတမ်းကြည်နေ တယ်၊ ရှင်နေတယ်၊ မျက်နှာရှင်လန်းခြင်း, ကြည်လင်ခြင်း ဆိုတဲ့ အကျိုးတပါး။

"ဘယ်လောက်ဖြစ်...."

"ဆယ့်တပါးပါဘုရား။"

"သြော်....ဆယ်ပါးရှိသေးတယ်။"

အသမ္မုဠှော ကာလံကရောတိတဲ့။

"သူက ဆယ့်နှစ်မျိုး ဆယ့်သုံးမျိုးလုပ်ချင်တယ်နော်။"

ဒီတော့ အနေကာနိသံသာပါဠိကခါလို့ ဟောလို့ရယင် ကောင်းမှာ။

အနေကာနိသံသာ၊ မြောက်မြားစွာသော အကျိုးတရား တို့ကို။ ပါဠိကခါ၊ ရထိုက်ကုန်၏။

အဲဒီလိုမှ ဒကာထွန်းကျော်နဲ့ ကိုက်မှာ....

အနေကာနိသံသာ၊ မြောက်မြားစွာသော အကျိုးတွေကို ရတယ်ဆိုမှ အဲဒါ ဆယ့်နှစ်ပါး, ဆယ်သုံးပါး၊ အဲဒါကြည့်ရော၊ ထည့်ချင်တာတွေ အကုန်ထည့်။ ဈေးရောင်းကောင်းတာလဲ အကုန်ထည့်၊ ရာထူးတက်တာလဲ အကုန်ထည့်၊ ဟုတ်တယ် မဟုတ်လား၊ တိုက်ပွဲကနေ လက်နက်မထိပဲ ပြန်လာတာလဲ ထည့်၊ အကုန်ထည့် ဟုတ်လား။ အင်တာဗျူးမေးတိုင်း အောင်တယ်ဆိုတာလဲ ထည့်လိုက်အုံး။ ပြီးရောပေါ့, စုံရောပေါ့။

"မဟုတ်လား တို့ပရိသတ်။"

"မှန်ပါဘုရား။"

### "မတွေဝေသေရခြင်း"

(၁၀) အသမ္မူဠှော ကာလံကရောတိ။

အသမ္မူဠှော၊ မတွေမဝေဖြစ်၍။ ကာလံကရောတိ၊ သေလွန်ရ၏။

သေတဲ့အခါ မတွေဝေဘူးတဲ့၊ အသမ္မောဟမရဏ၊ သမ္မောဟမရဏ၊ သေနည်းနှစ်မျိုး၊ သမ္မောဟမရဏ-သေခါနီးတွေတွေဝေဝေနဲ့သေတာ၊ အဲဒီလူ ဂတိ မကောင်းဘူး၊ အသမ္မောဟမရဏ-မတွေမဝေသေရတာ၊ ကြည်ကြည်လင်လင်။

"သေခါနီးတောင်မှ တို့ပရိသတ်ရေ, အိပ်ပျော်သွားတဲ့လူမျိုးလို သေတာမျိုးနော်။"

"မှန်ပါဘုရား။"

ဘာမှ ညည်းရညူရ အော်ဟစ်ရခြင်းမရှိပဲ ကြည်ကြည်လင်လင်ကလေး သေသွားရယင် ဘဝကူးကောင်းတယ်၊ အသမ္မောဟမရဏပါ။

"သမ္မောဟမရဏံ ဒုက္ခံ"တဲ့။

သမ္မောဟမရဏံ။ တွေတွေဝေဝေသေရတယ်ဆိုတာ။ ဒုက္ခံ၊ ဆင်းရဲ၏။

"မတွေမဝေသေချင်ယင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပါလေ။"

"မှန်ပါဘုရား။"

ဒီတော့ယင် ဤပစ္စက္ခဘဝ ရတဲ့အကျိုးတရားအနေနဲ့ တဆယ်နဲ့တပါး၊ သေပြီးတဲ့နောက်ကာလကျပြန်တော့လဲပဲ ထိုပုဂ္ဂိုလ်အနေနဲ့....

"နတ်ပြည် ဗြဟ္မာ့ပြည်တိုင်အောင် ရောက်ခြင်း"

(၁၁) ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။

ဥတ္တရိ၊ ထိုမေတ္တာထက်အလွန်။ အပ္ပဋိဝိဇ္ဈန္တော၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ထိုးထွင်းမသိနိုင်ပါဘူးဆိုယင်။ သောပုဂ္ဂလော၊ ထိုမဂ်ဉာဏ်ဖိုလ်ဉာဏ်မရောက်သေးတဲ့ မေတ္တာနဲ့သာ ရပ်နေတဲ့ ပုဂ္ဂိုလ်သည်။ ဗြဟ္မလောကူပဂေါ၊ သေသည့်အခါ ခြားမဲ့ဦးကြည်ကြည်လင်လင်သေပြီးတော့ ဗြဟ္မာ့ပြည်သို့ဆိုက်ရောက်ရသည်။ ဟောတိ၊ ဖြစ်လေတော့၏။

သေပြီးတဲ့နောက်မှ မဂ်ဉာဏ်မရယင် ဗြဟ္မာ့ပြည် ကိန်းသေရောက်မယ်တဲ့။

ဣတိ၊ ဤသို့။ ကောဒသ၊ တဆယ့်တပါးကုန်သော။ အာနိသံသာ၊ အကျိုးတရားတို့ကို။ ပါဠိကာဝါ၊ မုချမသွေ ရထိုက်ပေကုန်တော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေတ္တာနိသံသာ၊ မေတ္တာရဲ့အကျိုး

တဆယ့်တမျိုးတို့ကိုလဲပဲ။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေတော့သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

"မေတ္တာရှင် သံကိစ္စသာမဏေ နဲ့ သဒ္ဒေးမလေးဥတ္တရာ"

"သံကိစ္စသာမဏေကို ဂါမဏိသူခိုးကြီးနဲ့ခိုးသားတွေ ဝိုင်းဓားနဲ့ခုတ်တာ မသေဖူးဆိုတာ ကြားဖူးကြတယ် မဟုတ်လား"

"မှန်ပါ, ကြားဖူးကြောင်းပါဘုရား။"

သံကိစ္စဝတ္ထု ဟောပြီးသား ရှိတယ်။ သံကိစ္စကိုရင်ကလေး ခုနစ်နှစ်ရဟန္တာ၊ ဂါမဏိလူဆိုးကြီးနဲ့ သူခိုးတွေ ဝိုင်းပြီးဓားနဲ့ ခုတ်တာ ခုတ်လို့မရဘူး၊ ဓားလိပ်သွားတယ်။

"မေတ္တာစျာန်ရဲ့သတ္တိနော်။"

"မှန်ပါဘုရား။"

နောက်တော့ ဘုန်းကြီးတို့ပရိသတ်များ သိရိမာတို့ ဥတ္တရာတို့ ကြည့်လိုက်ပါလား။ ဥတ္တရာသဒ္ဒေးမကလေးရဲ့ခေါင်း သိရိမာသဒ္ဒေးကတော်ကြီးက ဆီပူတွေနဲ့လောင်းတာ ဘာမှမဖြစ်ဘူး။

"စန္ဒကူးနံ့သာရေ ချိုးရသလို ဖြစ်တယ်မဟုတ်လား။"

"မှန်ပါဘုရား။"

"မီးမလောင်ဘူးဆိုတာ ဒီကစ, စဉ်းစားပေတော့, ဟုတ်ပလား။"

"မှန်ပါဘုရား။"

"အဆိပ်တောင် မသင့်ဘူး။"

"မေတ္တာအကျိုး၊ ဆယ့်တချိုးကား၊ ချမ်းသာသုံးမျိုး၊ အိပ်နိုးဒိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်ကြပ်နတ်များ...."

"နတ်တွေစောင့်တယ်တဲ့။"

"နတ်အပေါင်း ချစ်ခင်ကြည်ညိုရသော ဝိသာခမထေရ်"

ဝိသာခဆိုတဲ့ရဟန်းတော်တပါး၊ စိတ္တလဆိုတဲ့တောင်ဝေါင်းမှာ ရဟန်းတရားအားထုတ်၊ တဝါတွင်းနဲ့ရဟန္တာဖြစ်၊ မေတ္တာချည်းပဲ နေ့တိုင်းပွားနေတယ်။

ထိုကိုယ်တော် စိတ်ထဲဆုံးဖြတ်ချက်ချသားတာက ဒီတောကျောင်းတောင်စောင်းမှာ တဝါနေပြီးတော့ နောက်တဝါ ဒီပြင်တောရွှေ့မယ်လို့ ဆုံးဖြတ်ထားတယ်။ ဝါလဲကျွတ်ရော သပိတ်သင်္ကန်းပြင်ပြီးတော့ ထိုတောရကျောင်းကနေ တခြားတတောရွှေ့မလို့ပြောင်းမလို့ကြံ၊ထိုတောရကျောင်းကအထွက်။

"ကျောင်းပေါက်ဝလဲကျရော ငိုသံကြားတယ်, တို့ပရိသတ်ရေ။"

"မှန်ပါ ဘုရား။"

ငိုသံကြားတော့....

"ကိ ပရောဒသိ ကော ပ္ရောဒေသိ" "ဘယ်သူ ငိုနေတာလဲ။"

"အဟံ ဝနိတာ ရက္ခဒေဝတာ ဘန္တေ၊"တဲ့။ "တပည့်တော် နဗဲပင်စောင့်တဲ့ နတ်သမီးပါ ဘုရား။"

"ထို ကိုယ်တော်ကြီး နေတဲ့ တောကျောင်းအပေါက်ဝနား နပဲပင်ကလေး ရှိတယ်၊ ထိုနပဲပင်စောင့် နတ်သမီးကလေးက ဆင်းငိုတာ, တို့ပရိသတ်ရေ။"

"မှန်ပါ ဘုရား။"

"ဟဲ့....ဘယ့်နှယ်ကြောင့် ငိုရတာလဲ"ဆိုတော့၊ "အရှင်ဘုရား ကြွလာကတည်းက ဒီတောထဲက နတ်တွေ အကုန်လုံး တယောက်နဲ့တယောက် ချစ်ခင်နေကြပါတယ် ဘုရား။"

"ယခု အရှင်ဘုရား ပြန်ကြွသွားယင် ဟောဒီတောကျောင်းထဲကနတ်တွေ ဘယ်လိုဖြစ်မယ်ဆိုတာ အရှင်ဘုရား တွေးကြည့်ပါ။"

"ဟာ....ဘယ့်နှယ်ဖြစ်တုန်း၊ ငါမရှိယင်...." "အရှင်ဘုရား မလာခင်တုန်းက ဒီတောထဲက နတ်တွေ အမြဲရန်ဖြစ်နေကြပါတယ် ဘုရား"တဲ့။

"နတ်တွေ ရန်ဖြစ်တာ ပြောတာနော်။"

"မှန်ပါ ဘုရား။"

"ရန်ကုန်ကလူတွေ ကိုယ်မပြောဘူး, ဟုတ်လား။"

"မှန်ပါ ဘုရား။"

"အရှင်ဘုရား ရောက်လာကတည်းက အကုန်လုံး သင့်သင့်မြတ်မြတ်တွေ ဖြစ်နေကြဟာ၊ တပည့်တော်မလဲ ချမ်းသာလိုက်တာ။ အခု အရှင်ဘုရား ပြန်ကြွသွားမယ်ဆိုတော့ ဒီနတ်တွေ ပြန်ပြီးရန်ဖြစ်နေကြမှာစိုးတဲ့အတွက် အရှင်ဘုရား နောက်တဝါ လောက်တော့ နေပါအုံး ဘုရား"တဲ့။

ဒါကြောင့် ဝိသာခရဟန်းကြီး ထိုတောထဲ နောက်တဝါဆို ရပြန်တယ်၊ နောက်တဝါကျတ် သပိတ်သက်နှ်းပြင် ထွက်မယ် လုပ်တော့ နတ်သမီးဆင်းငိုပြန်ရော။ "အရှင်ဘုရားမကြွပါနဲ့၊ နတ်တွေ ရန်ဖြစ်မှာစိုးလို့"တဲ့။ နောက်တဝါ နေရပြန်ရော။

"အဲဒီလို နောက်တဝါ နောက်တဝါနဲ့ နေလိုက်ရတာ ပရိနိဗ္ဗာန်သာစံရော၊ ထိုကိုယ်တော် ဘယ်ကိုမှ မသွားလိုက်ရဘူး, ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ဝိသာခရဟန်းရဲ့ဝတ္ထုနော်။ ကိုယ်က အတိုဆုံးချုံးလိုက်တာ၊ အဲဒါကြောင့် နတ်တွေချစ်တယ်ဆိုတာ သေချာတယ်၊ ဝိသာခရဟန်းရဲ့ အတ္ထုပ္ပတ်ကို ကြည့်လေ။

## "မေတ္တာရဲ့ တန်ခိုးအာနိသင်"

ယုတ်စွအဆုံးပြောရယင် နွားမကြီးတကောင်က နွားကလေးတကောင်ကို နို့တိုက်နေတယ်ဆိုပါစို့ မိခင်ဖြစ်တဲ့နွားမကြီးဟာ သူ့ရဲ့သားကလေးဖြစ်တဲ့ နွားကလေးရဲ့အပေါ်မှာ ကောင်းကျိုးဖြစ်စေချင်တယ်ဆိုတဲ့ စိတ်မရှိဘူးလား, ရှိသလား။

ဒေါသတွေ အဒေါသတွေ ဘာမှနားမလည်ဘူး၊ သူ့သားကလေး ကောင်းကျိုးဖြစ်စေချင်တယ်၊ ဒီ စိတ် တွေ တော့ ဒီတိရစ္ဆာန်မကြီးလဲ ရှိတာပဲ။

"အဲဒီအချိန် မုဆိုးကြီးတယောက်က လှံအရိုးရှည်ကြီးနဲ့ ပစ်ထည့်လိုက်တာ နံကြားမှာ လှံသွား သွားထိပြီးတော့ လှံသွားဟာ ထန်းရွက်ကလေးလိုခွေသွားတယ်, တို့ပရိသတ်ရေ။"

"မှန်ပါ ဘုရား။"

"ကောင်းကျိုးဖြစ်စေချင်တယ်ဆိုတဲ့ စိတ်လွှမ်းထားတဲ့အချိန် လှံထိုးလို့ မရဘူးတဲ့။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

"ဆိပ်ကောဇ်မသင့်၊ ဖျောက်လှင့်လက်နက်၊ စိတ်လက်ကြည်လင်၊ ကြည်ရွှင်မျက်နှာ၊ သောခါမတွေဝေ၊ လားလေဗြဟ္မာ့ရွာ၊ ဆယ့်တစ်ဖြာတည်း။"

"ဒါက 'ပရမတ္တစက္ခုကျမ်း' ဒီပဲရင်းဆရာတော်ကြီး ရေးသွားတဲ့ဂါထာ။"

"မှန်ပါ ဘုရား။"

"မေတ္တာအကျိုး၊ ဆယ့်တစ်မျိုးကား၊ ချမ်းသာသုံးမျိုး၊ အိပ်နိုးအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်ကြပ်နတ်များ၊ မီးကားမလောင်၊ ဆိပ်ကောင်မသင့်၊ ဖျောက်လှင့်လက်နက်၊ စိတ်လက်ကြည်လင်၊ ကြည်ရွှင်မျက်နှာ၊ သောခါမတွေဝေ၊ လားလေဗြဟ္မာ့ရွာ၊ ဆယ့်တစ်ဖြာတည်း။"

တဲ့ဘွား၊ ဒါကြောင့်မို့လို့။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ တေံသတိံ။ ထိုမေတ္တာနဲ့ ယှဉ်တဲ့ ဈာန်သတိကို။ ဒိဝါ စ၊ နေ့၌လည်းကောင်း။ ရတ္တိံ စ၊ ညဥ့်၌လည်းကောင်း။ အတန္ဒိတော၊ ပျင်းရိခြင်းမရှိပါပဲလျက်။ အနုယုဉ္ဇေထ၊ ဖန်ဖန်ကြိုးကုတ် အားထုတ်တော်မူကြစေကုန်သတည်း။"

"သာဓု....သာဓု....သာဓုပါ ဘုရား။"

"အေး....မေတ္တာသုတ္တန်တသုတ်လုံး ရွတ်ပြီးတော့ တို့ပရိသတ် တရားသိမ်းလိုက်ကြရအောင်နော်။"

"မှန်ပါ ဘုရား။"

"မေတ္တသုတ်"

(၁) ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိစေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။

(၂) သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ယဿ၊ အကြင်မေတ္တသုတ်ရဲ့။ အာနုဘာဝတော၊ အစွမ်းရှိန်စော် အာနုဘော်တော်ကြောင့်။ ဒေဝါ၊ နတ်အများတို့သည်။ ယက္ခာ၊ ဘီလူးတို့သည်။ ဘီသနံ၊ ကြောက်မက်ဖွယ်သော အဆင်းမျိုးစုံ အာရုံတွေကို။ နေဝဒဿေန္တိ၊ မပြဝံ့နိုင်ကြလေကုန်။

မေတ္တသုတ်ရဲ့ အစွမ်းရှိန်စော် အာနုဘော်တော်ကြောင့် နတ်တွေ ဘီလူးတွေဟာ ကြောက်မက်ဖွယ်ရာအဆင်းမျိုးစုံအာရုံတွေကို မပြနိုင်ကြလေကုန်။

"ယမှိစေဝါနုယုဉ္ဇန္တော၊"

ယမှိ၊ အကြင်မေတ္တသုတ်ပရိတ်တော်၌သာလျှင်။ ဒိဝါ စ၊ နေ့၌လည်းကောင်း၊ ရတ္တိံ စ၊ ညဥ့်၌လည်းကောင်း။ အတန္ဒိတော၊ ပျင်းရိခြင်းမရှိပါပဲလျက်။ အနုယုဉ္ဇန္တော၊ အဖန်တလဲလဲ ကျင့်ကြံကြိုးကုတ် အားထုတ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်။

"သုခံ သုပတိ သုတ္တော စ။"

သုခံ၊ ချမ်းချမ်းသာသာ။ သုပတိ စ၊ အိပ်မက်မက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သုတ္တော စ၊ အိပ်ပျော်သည်ရှိသော်လဲပဲ။ ပါပကံ၊ ယုတ်မာသောအိပ်မက်ဆိုးကို။ နပဿတိ၊ မမြင်မက်ရ။

ဝေမာပိဂုဏ္ဍုပေတာ၊ ဤသို့သောဂုဏ်အပေါင်းနှင့်ပြည့်စုံ၍နေပေထသော။ မေတ္တာ၊ မေတ္တာသုတ်ပရိတ်ကို။ ဟော၊ သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ကောင်းစွာမသွေ ရွတ်ပွားကြကုန်ရာသတည်း။

"သာဓု....သာဓု....သာဓုပေါဘုရား။"

(၃) ကရဏီယမတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

(၄) သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

(၅) န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(၆) ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

(၇) ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။

ဘူတာ ဝ သမ္ဘဝေသီ ဝါ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(၈) န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။
(၉) မာတာ ယထာ နိယံ ပုတ္တ၊
မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။
(၁၀) မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ’မသပတ္တံ။
(၁၁) တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ’မိဓ မာဟု။
(၁၂) ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
န ဟိ ဇာတု’ဂ္ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

"သဗ္ဗသင်္ဂါဟိက မေတ္တာဘာဝနာ"

၁။ (က) "ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"

"ဒုကမေတ္တာ ဘာဝနာ"

၂။ (က) "မြင်ဖူးမမြင်ဖူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "မြင်ဖူးမမြင်ဖူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"

၃။ (က) "မြင်အပ်မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "မြင်အပ်မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"

၄။ (က) "ဝေးနေနီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "ဝေးနေနီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"

၅။ (က) "ဘဝဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "ဘဝဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊
ဘယာဝေး၍ အေးပါစေ။"

၆။ (က) "ဖွားပြီးကိန်းနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "ဖွားပြီးကိန်းနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"
၇။ (က) "ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်ပြည့်ပါစေ။"
(ခ) "ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"

"တိကမေတ္တာဘာဝနာ"

၈။ (က) "ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"
၉။ (က) "ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"
၁၀။ (က) "ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"
(ခ) "ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"
၁၁။ (က) "ဝိုင်းသေးကြီးလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။"

(ခ) "ဝိုင်းသေးကြီးလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။"

*

(၁) "လူနှဲ့လူချင်း၊ လိမ်လည်ခြင်း၊ ကင်းရှင်းကြပါစေ။"

(၂) "လူနှဲ့လူချင်း၊ ကောက်ကျစ်ခြင်း၊ ကင်းရှင်းကြပါစေ။"

(၃) "လူနှဲ့လူချင်း၊ လှည့်စားခြင်း၊ ကင်းရှင်းကြပါစေ။"

(၄) "လူနှဲ့လူချင်း၊ ပုတ်ခတ်ခြင်း၊ ကင်းရှင်းကြပါစေ။"

(၅) "အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။"

(၆) နှိပ်စက်လိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။"

(၇) "ဒုက္ခလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။"

*

"မေတ္တာဝတ်လုံ၊ တူတူရုံ၊ ခြုံကြပါမှ တော်လိမ့်မည်။"
"လောဘဒေါသ၊မိုက်မောဟ၊ပယ်ကြပါမှ တော်လိမ့်မည်။"
"အရပ်ဒိသာ၊ ဆယ်မျက်နှာ၊ မေတ္တာဝေမှ သင့်ကြမည်။"
"ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။"
"တရားနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။"

*

## “တရားသိမ်းနိဂုံး ဆုတောင်း”

ပရေသံ ဟိတမိစ္ဆေယျံ၊ ဟိတံမေ ဣစ္ဆတံပရော။
နာညဿ ဒုက္ခမိစ္ဆေယျံ၊ မာ မေ ဒုက္ခံ ဣစ္ဆတံ ပရော။

အဟံ၊ ငါသည်။ ပရေသံ၊ သူတပါးတို့ရဲ့။ ဟိတံ။ အကျိုးစီးပွားကို။ ဣစ္ဆေယျံ၊ လိုလားနှစ်သက်ဆောင်ရွက်ပါရစေ။ ပရောစ၊ သူတပါးကလဲပဲ။ မေ၊ ငါ့ရဲ့။ ဟိတံ၊ အကျိုးစီးပွားကို။ ဣစ္ဆတံဣစ္ဆတု၊ လိုလားနှစ်သက် ဆောင်ရွက်နိုင်ပါစေသတည်း။

“သာဓု....သာဓု....သာဓုပါဘုရား။”

အဟံ၊ ငါသည်။ အညဿ၊ အခြားတပါးသောပုဂ္ဂိုလ်တို့ရဲ့။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲပင်ပန်းခြင်းကို။ မာဣစ္ဆေယျံ-မာဣစ္ဆေယျာမ၊ မလိုလား မနှစ်သက် မဆောင်ရွက်ပါရစေ။ ပရော စ၊ သူတပါးကလဲပဲ။ မေ၊ ငါ့ရဲ့။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို။ မာဣစ္ဆတံ-မာဣစ္ဆတု၊ မလိုလားမနှစ် သက်မဆောင်ရွက်ပါစေသတည်း။

“သာဓု....သာဓု....သာဓုပါဘုရား။”

နဟိံသေယျံပရံပါဏံ၊ မာမံ ဝိဟေသတံ ပရော။
နစ ဘဝေ အဟံ ဝေရီ၊ မာဝေရီ ဟောတု မေပရော။

အဟံ၊ ငါသည်။ ပရံ၊ တပါးသော။ ပါဏံ၊ သတ္တဝါကို။ နဟိံသေယျံ၊ မညှဉ်းဆဲ မနှိပ်စက်ပါရစေလို့။ ပရော စ၊ သူတပါးကလဲပဲ။ မံ၊ ငါ့ကို။ မာဝိဟေသတံ-မာဝိဟေသတု၊ မညှဉ်းဆဲ မနှိပ်စက်ပါစေသတည်း။

အဟံ၊ ငါသည်။ ပရေသံ၊ သူတပါးတို့ရဲ့။ ဝေရီ၊ ရန်သူသည်။ နဘဝေ၊ မဖြစ်ပါရစေလင့်။ ပရော စ၊ သူတပါးကလဲပဲ။ မေ၊ ငါ

ရှဲ။ ဝေရီ၊ ရန်သူသည်။ မာဟောတု၊ ဘယ်လိုနည်းနှင့်မျှ မဖြစ်ပါစေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

ကုမ္မဂ္ဂဥ္စဝိဝေဇ္ဇေတွာ၊ သုမဂ္ဂံယန္တု ပါဏိနော။
ဝက်ဥ္စာဟံ ဝိဝေဇ္ဇေတွာ၊ ဥဇုံ သုမဂ္ဂကော ဘဝေ။

သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ပေသော။ ပါဏိနော၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည်။ ကုမ္မဂ္ဂံ၊ နိဗ္ဗာန်ကိုမရောက်နိုင်တဲ့ အပါယ်သွားကြောင်းမကောင်းတဲ့လမ်းကောက်လမ်းယုတ် လမ်းညစ်လမ်းဆိုးကြီးကို။ ဝိဝေဇ္ဇေတွာ။ ရှောင်ရှား ဖယ်ကြဉ်၍။ သုမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို။ ယန္တု၊ ကောင်းစွာမသွေ လိုက်သွားနိုင်ကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

အဟံပိ။ ငါလဲပဲ။ ဝင်္ကံ၊ နိဗ္ဗာန်မရောက်နိုင်တဲ့လမ်းကောက်လမ်းညစ်လမ်းဆိုးကြီးကို။ ဝိဝေဇ္ဇေတွာ၊ ရှောင်ရှားဖယ်ကြဉ်၍။ ဥဇုံ၊ ဖြောင့်ဖြောင့်မတ်မတ်။ သုမဂ္ဂကော၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်း ဆိုတဲ့ မဂ္ဂင်ရှစ်တန်ခရီးမှန်ကို ကောင်းစွာမသွေ လိုက်သွားနိုင်တဲ့ပုဂ္ဂိုလ်သည်။ ဘဝေ ဘဝေယျံ၊ ကောင်းစွာမသွေ ဖြစ်ရပါစေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

သဒ္ဓိတံ မေ မဟာပုညံ။ ဓမ္မဒေသက သဒ္ဓိတံ။
တေန သဗ္ဗေ သုခါယန္တံ၊ ဇနာ ဣဋ္ဌ သမိဇ္ဈိနော။

မေမယာ၊ ဒေသကဖြစ်သော တရားဟောဆရာ ငါသည်။ ဓမ္မဒေသကသဠိတံ၊ မေတ္တာဘာဝနာ ကောင်းစွာဖော်ပြတဲ့ မန္တရားမဟုတ်ကြောင်း မေတ္တာဆိုတဲ့ နည်းလမ်းကောင်းကို ကောင်းစွာဖော်ပြတဲ့ ဓမ္မကထာဒေသနာကို ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော။ ယံမဟာပုညံ၊ အကြင်ဓမ္မဒါနတရားအလှူတည်းဟူသော ပုညကိရိယာကုသိုလ်ထူးကို။ သဠိတံ၊ တရားလိုလားတဲ့ အမျိုးသား အမျိုးသမီးများအတွက် ဆည်းပူးလိုက်ရပါပေပြီ။

တုမှေဟိပိ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင်သူတော်စင်ပရိသတ်အပေါင်းတို့သည်လည်း။ ယံမဟာပုညံ၊ အကြင်ဓမ္မသဝန တရားနာရတဲ့ ကောင်းမှု၊ မေတ္တာကမ္မဋ္ဌာန်းပွားများစီးဖြန်းရတဲ့ဘာဝနာကောင်းမှုဆိုတဲ့ ကုသိုလ်ကောင်းမှု အစုစုကို။ သဠိတံ၊ ကောင်းစွာမသေ့ ဆည်းပူးမိကြပေပြီ။

တေန၊ ထိုသို့ ဆည်းပူး ဓမ္မဒါန ဓမ္မသဝန ပုညကိရိယာ ကုသိုလ်ထူးကြောင့်။ သဗ္ဗေ၊ လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာ မကြွင်း ခပင်းဉဿံ အလုံးစုံကုန်သော။ ဇနာ၊ တရားနာပရိသတ်နှင့်တကွ သတ္တဝါဟူ နတ်လူဗြဟ္မာ ပေါင်းများစွာတို့သည်။ ဠဋ္ဌသမင်္ဂိနော၊ မိမိတို့ လိုလားတောင့်တအပ်သော ကောင်းကျိုးချမ်းသာ ဠဋ္ဌအထွေထွေ ကျက်သရေမင်္ဂလာအပေါင်းတို့နှ ပြည့်စုံကြကုန်သည်ဖြစ်၍။ သုခါယန္တု၊ ယနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း....

"သာဓု....သာဓု....သာဓုပါ ဘုရား။"

**မေတ္တာသုတ္တန်တရားတော် ပြီး၏။**

စာကြည့်တိုက်